# ပထမအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# ဒသမပုံမှန်

# အစည်းအဝေး

# ကျင်းပခြင်း

n marticar(14)

## ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ဒသမပုံမှန်အစည်းအဝေး

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | ဒသမပုံမှန်အစည်းအဝေး ပထမနေ့မှတ်တမ်း | |
| (၁) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| (၂) | ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၅ |
| (၄) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၆ |
| (၅) | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။ | ၆ |
| (၆) | ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။ | ၁၁ |
| (၇) | ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း။ | ၂၆ |

(ဃ) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွက် မှုခင်းရေးရာ အသုံးစရိတ်များအဖြစ် မည်ကဲ့သို့ ချမှတ်ပေးထားခြင်းနှင့် မှုခင်းရေးရာ အသုံးစရိတ်များ လုံလောက်စွာ ချထားပေးရန် အစီအစဉ်ရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၆

(ခ) ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "မိုင်းရှူးမြို့နယ်၊ မော်မေ့ကျေးရွာအုပ်စု၊ နားဟိုင်းကျေးရွာအနီး၊ နမ့်ငချောင်းတံတား အသစ်တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုကြောင်း" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၃၁

(ဂ) ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ "နောင်ချိုမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စုတွင် ရဲစခန်းအသစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၃

(ဃ) ဦးစိုင်းဘထွန်း၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "နောင်ချိုမြို့နယ်၊ ဟိုခို၊ ဒိုးပင်၊ သံဘိုကျေးရွာအုပ်စုများတွင် မိုဘိုင်းဖုန်းများ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၃၈

(င) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ " မိုးမိတ်-မိုးလိုလမ်းရှိ နမ့်မိတ်တံတား(၂)စင်းအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသည်"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၄၀

(စ) ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၏ "ကျောက်မဲ-နမ့်စော့-မိုင်းတင်း-ပြိန်းခါးလမ်းအပိုင်း ပြုပြင်ရာတွင် နမ့်စော့-မိုင်းတင်းအပိုင်းသာ ပြုပြင်ပြီး ကျောက်မဲ-နမ့်စော့နှင့် မိုင်းတင်း-ပြိန်းခါးလမ်းအပိုင်းကို အဘယ့်ကြောင့် ချန်ထားခဲ့သည်ကို သိရှိလိုပါသည်။"နှင့် စပ်လျဉ်းသည့်မိန့်ခွန်း။ ၄၂

ကန့်သတ်

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ စာရင်းအား ပြည်နယ်လွှတ်တော်သို့ တင်သွင်းခြင်း။ ၄၃

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေး လိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။ ၆၆

(၁၁) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ “ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ပစ္စည်း ချီးမြှင့်အပ်နှင်း ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၆၈

(၁၂) ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ရှမ်းပြည်နယ်ရေချို ငါးလုပ်ငန်း ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော် သို့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၇၄

(၁၃) နမ့်တူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး ၏ “ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် မျှစ်စို့များကို စီးပွားဖြစ်နယ်စပ်သို့တင်ပို့ထုတ်လုပ်ခြင်းကို ဥပဒေတစ်ရပ် အနေဖြင့် ပြဋ္ဌာန်း ပေးနိုင်ပါရန်” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ ၈၀

(၁၄) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေး ရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။ (သို့မဟုတ်) အဆိုကို လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။ ၈၇

(၁၅) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်သာယာရေး ဝန်ကြီးဌာန ပြည်နယ်စည်ပင်သာယာရေး ကော်မတီ၏ ပုဂ္ဂလိကလုပ်ငန်းရှင် ပူးပေါင်း ဆောင်ရွက်သည့် (Public Private Partnership) လုပ်ငန်း ရှင်းလင်းတင်ပြခြင်း။ ၈၈

(၁၆) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၁၀၃

(ခ) ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၀၄

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၀၅

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၀၆

ကန့်သတ်

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း၊ ၁၀၆

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်မာရီ၊ မက်မန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏“မက်မန်းခရိုင်တွင် တန်ဖိုးနည်းလက်ကိုင်ဖုန်း အသုံးပြုခွင့်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၀၉

(ခ) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) “မိုးမိတ်-မိုင်းငေါ့လမ်း၊ ဇလုတ်ကြီးချောင်းတွင် ချောင်းကူးတံတားအသစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၁

(၂) “မိုးမိတ်မြို့ သမိုင်းဝင်ရွှေမြင်တင်မြတ်စွာဘုရားသို့ သွားရာလမ်းကို အဆင့်မြှင့်တင်ပေးခြင်း ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၃

(ဂ) ဒေါ်နန်းခမ်းအေး၊ နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏“ ရှမ်းပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အဖြေလွှာများကို သက်ဆိုင်ရာဌာနများသို့မပို့မီ မြို့နယ်များတွင် လုံခြုံစွာ ထိန်းသိမ်းထားနိုင်ရန် ကိစ္စ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၄

(ဃ) ဦးစိုင်းလွင်၊လင်းခေးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) “ရှမ်းပြည်နယ်အတွင်းခရိုင်/ မြို့နယ်များတွင် အရန်သားဖွား သင်တန်းများနှစ်စဉ်ဖွင့်လှစ်ပေး ခြင်းကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ” နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၁၇

(၂) “ရှမ်းပြည်နယ်စည်ပင်သာယာ ရေးကော်မတီ၏ သားသတ် လုပ်ငန်းဈေးပြိုင်လေလံစနစ် ဖျက်သိမ်းပြီး အသားထုတ်လုပ် ရောင်းချခွင့်လက်မှတ်စနစ် ဆောင်ရွက်သည့်အစီအစဉ်နှင့် ပတ်သက်သည့်မေးခွန်း။ ”နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၂၃

ကန့်သတ်

( င) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) “တာချီလိတ်မြို့တွင် ကောက်ခံလျက် ရှိသော ကြက်သွန်ဖြူ အကောက်ခွန်နှင့်ပတ်သက်၍ မည်သည့်နေရာတွင် မည်ကဲ့သို့ ကောက်ခံခွင့်ရှိပြီး မည်ကဲ့သို့ သယ်ဆောင်ခွင့်ရှိသည်ကို သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့်မေးခွန်း ။ ၁၄၉

(၂) “တာချီလိတ်မြို့တံတား(၁)နယ်စပ်ဖြတ်ကျော်ဂိတ်တွင် ရှမ်းပြည်နယ်ရန်ပုံငွေအတွက် (၃)ရာခိုင်နှုန်း ကောက်ခံရာတွင် မည်ကဲ့သို့သော ပစ္စည်းများကို မည်ကဲ့သို့ သယ်ဆောင်ခွင့် ပြုသည်ကို သိရှိလိုပါသည်” နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၅

(၃) “တာချီလိတ်မြို့တံတား(၂) နယ်စပ်ဖြတ်ကျော်ဂိတ်တွင် ပြည်ထောင်စုရန်ပုံငွေအတွက် အခွန်ကောက်ခံပြီး တင်သွင်းခွင့်ပြုထားသော ပစ္စည်းများကို မည်ကဲ့သို့ကောက်ခံ၍ တင်သွင်းခွင့်ပြုပြီး မည်ကဲ့သို့ သယ်ဆောင်ခွင့်ပြုထားသည်ကို သိရှိလိုပါသည်” နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၅၆

ကန့်သတ်

(စ) ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) "မိုင်းရှူးမြို့နယ်၊မိုင်းအော့ကျေးရွာအုပ်စုနှင့်နားဝိုင်ကျေးရွာအုပ်စု ကျေးရွာချင်းဆက်(၄)မိုင် ကျောက်ချောလမ်းနှင့် တံတား (၂)စင်း ဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၈

(၂) "မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအုပ်စု၊ ကျိုင်းတောင်းရွာနှင့် တိုင်းတိုက်ကျေးရွာချင်းဆက် (၁)မိုင်(၀)ဖာလုံ ကျောက်ချောလမ်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၁၅၈

(ဆ) ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ " နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက်ကျေးလက်လမ်းနှင့်စာသင်ကျောင်းများ၊ အခြားလုပ်ငန်းများကို ဆောင်ရွက်ခွင့်ပေးခြင်းကိစ္စနှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၆၁

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း။ ၁၆၈

ကန့်သတ်

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၇၂

(၈) ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၁၉၀

(၉) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၁၉၁

(၁၀) ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၀၂

(၁၁) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားများစွာ နေထိုင်ပြီး လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နေရာတစ်နေရာနှင့်တစ်နေရာ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်း အစဉ်အလာများ မတူညီဘဲ ကွဲပြားနေပြီး ထူးခြားသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထိုသို့သောဓလေ့ထုံးစံများအကြားတွင် လက်ထက် ထိမ်းမြားခြင်းနှင့်ဆိုင်သော ကိစ္စများ၊ ဘိုးဘွားပိုင် ၂၀၄

ကန့်သတ်

မြေများ၊ အမွေကိစ္စများစွာရှိပါသည်၊ ထို့ကြောင့် ရှမ်းလူမျိုးနှင့် ရှမ်းပြည်နယ်တွင် နေထိုင်သော တိုင်းရင်းသားများ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ တစ်ခု ပြုစုပေးနိုင်ပါရန်" အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း။

(၁၂) အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။(သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။ ၂၀၆

(၁၃) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။ ၂၀၇

(၁၄) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၁၂

ကန့်သတ်

(ဂ) ဒသမပုံမှန်အစည်းအဝေး တတိယနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၁၄

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၁၄

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့အစီအစဉ် ကြေညာခြင်း။ ၂၁၅

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၂၁၅

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏“ နမ့်ခမ်းမြို့နယ်တွင် သောက်သုံးရေလုံလောက်စွာ ရရှိနေသည်ကလည်းကောင်း၊ ဆိုးကျိုးများရှိလာနိုင်သည်ဟု ယူဆသောကြောင့်လည်းကောင်း၊ ထို့ကြောင့်ရွှေလီမြစ်ရေတင်ပြီး နမ့်ခမ်းမြို့တွင်းသို့ ရေပေးဝေမည့် လသာသာ ရေပေးဝေရေးလုပ်ငန်းကို ပြည်သူများ ကန့်ကွက်နေကြရာ ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်နေသည်ကို သိရှိလိုသည်”နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၁၈

၃

(ခ) ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏" ကျိုင်းတုံမြို့၊ ကုတင်(၂၀၀) ဆံ့ပြည်သူ့ဆေးရုံကြီးအား (၂၄)နာရီ အချိန်ပြည့် လျှပ်စစ်မီးရရှိအောင် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၂၂

(ဂ) ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏ "မိုင်းခတ်မြို့နယ် လျှပ်စစ်မီး (၂၄)နာရီ ရရှိရေးအတွက် ကျိုင်းခေါင် (သို့မဟုတ်) မိုင်းနှုန်း(တပ်မိုင်)တွင် ရေအား လျှပ်စစ်ဓါတ်အားပေး စက်ရုံ(၁)ခုကို တည်ဆောက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုသည် " နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂၄

(ဃ) ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ " မိုင်းခတ်မှ (၂၂)မိုင်ဝေး သော မိုင်းညှင်း ကားလမ်းအား ရာသီ မရွေးသွားလာနိုင်သောကားလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၂၆

(င) ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏ "မိုးမိတ်မြို့နယ်ရှိ ကျေးရွာ (၁၆)ရွာကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုသည်"နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၂၂၉

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၂၃၀

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၄၃

(၈) ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားများစွာနေထိုင်ပြီး လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နေရာတစ်နေရာနှင့်တစ်နေရာ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်း အစဉ်အလာများ မတူညီဘဲ ကွဲပြားနေပြီး ထူးခြားသည့်ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထိုသို့သောဓလေ့ထုံးစံများအကြားတွင် လက်ထက် ထိမ်းမြားခြင်းနှင့်ဆိုင်သောကိစ္စများ၊ ဘိုးဘွားပိုင်မြေများ၊ အမွေကိစ္စများ၊ များစွာရှိပါသည်။ ထို့ကြောင့် ရှမ်းလူမျိုးနှင့် ရှမ်းပြည်နယ်တွင် နေထိုင်သော တိုင်းရင်းသားများ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေတစ်ခု ပြုစုပေးနိုင်ပါရန်” အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။ ၂၄၄

(၉) အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။ ၂၄၅

ကန့်သတ်

(၁၀) ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။ ၂၅၀

(ဃ) ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှတ်တမ်း

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၂၅၁

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၅၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၂၅၃

(၄) အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကခွင့်ပန်ကြားခြင်း။ ၂၅၃

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)၏

(၁) “နမ့်ခမ်းမြို့နယ်အတွင်းရှိ လယ်ယာခြံမြေများ၊ ဆည်များ၊ လမ်းများ၊ တံတားများ ပျက်စီးစေသည့်ကျောက်မျက်လုပ်ငန်းများကိစ္စ”နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၅၆

ကန့်သတ
တ

(၂) "နမ့်ခမ်းမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ မန်နား‌တွင် တည်ရှိသော ဘူမိဗေဒ လေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာနရုံးမြေနေရာကိစ္စ" နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၅၆

(၃) "နမ့်ခမ်းမြို့နယ်အတွင်း အများပိုင် စပါးအထူးအထွက်တိုးစခန်း အဆောက်အဦကိစ္စ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၆၃

(၄) "မြန်မာ-တရုတ်နယ်စပ် ဖြတ်သန်းသွားလာရာတွင် မြန်မာနိုင်ငံပြည်သူများအား တရုတ်နိုင်ငံ ရဲများက အထောက်အထား ခိုင်လုံမှု မရှိဘဲ အကြောင်းမဲ့ ဖမ်းဆီးသည့်ကိစ္စ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၇၂

(၅) "နမ့်ခမ်းမြို့တွင် တစ်ပတ်အတွင်း လူသတ်မှုနှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ခြင်း၊ လုယက်မှုများ ပိုမိုများပြားလာခြင်းကိစ္စ" နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၂၇၂

(ခ) ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)၏ " နမ့်ဆန်မြို့တွင် ပိုလျှံလျက်ရှိသည့်ဓါတ်အားများကို (၁၁)ကေဗွီအေလိုင်းအဖြစ် ကျေးလက်တောရွာအနှံ့ လျှပ်စစ်သွယ်တန်း ရရှိရေးကိစ္စ"နှင့် စပ်လျဉ်းသည့် မေးခွန်း။ ၂၈၃

ကန့်သတ်

(ဂ) ဦးစိုင်းမုန်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)၏" ဝမ်ခုတ်ကျေးရွာတွင် နမ့်လွေချောင်းကူးတံတားတစ်စင်း တည်ဆောက်ပေးရန်ကိစ္စ"နှင့် စပ်လျဉ်းသည့်မေးခွန်း ၂၈၇

(ဃ) ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏""ကျိုင်းတုံမြို့နယ်၊ တာပင်းကျေးရွာအုပ်စုနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၉၀

(င) ဒေါ်တင်မေထွန်း၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏" တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စုအား အုပ်စု (၁)ခုတည်းသတ်မှတ်ထားရာမှ အုပ်စု (၂)ခု အဖြစ် ခွဲ ခြားသတ်မှတ်ပေး၍ ရ/မရ" နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၉၃

(စ) ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ " နမ္မတူမြို့မှ ရဲစခန်းအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၉၈

(ဆ) ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏" မိုင်းပန်မြို့နယ် ပြည်သူများမြေငှားဂရန်ရရှိရေးအတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားရာတွင် အဘယ်ကြောင့် ကြန့်ကြာနေသည်ကို ၃၀၅

ကန့်သတ်

သိရှိလိုပါသည်”နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြ ထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များက ဆွေးနွေးခြင်း။ ၃၁၁

(၇) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ငွေစာရင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။ ၃၁၁

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော် လုပ်ငန်း ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။ ၃၁၃

ကန့်သတ်

| | | |
|---|---|---|
| (၉) | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဒသမပုံမှန် အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ပြီးဆုံးကြောင်း နှင့် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ | ၁၁၇ |
| - | ဆုံးဖြတ်ခြင်း | ၁၁၈ |
| - | မှတ်တမ်းတင်ခြင်း | ၁၂၀ |
| - | လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း | ၁၂၅ |
| - | ဥပဒေထုတ်ပြန်ခြင်း | ၁၂၇ |

# ရှမ်းပြည်နယ်

# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း

**၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၉)ရက်**

**၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ (၂) ရက်**

**[ အင်္ဂါနေ့ ]**

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်ရုံး အကြီးအမှူးက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။





ယခုဆိုရင် လွှတ်တော်သက်တမ်းဟာ (၃)နှစ်ခွဲကျော်ကာလသို့ရောက်ရှိနေပြီဖြစ်ပါတယ်။ ပါတီစုံ ဒီမိုကရေစီစနစ်ကို မြင်သာစွာအသွင်ကူးပြောင်းပြီးနောက် ပထမအကြိမ် လွှတ်တော်သက်တမ်းမှာ ပြည်သူတွေက ရွေးချယ်တာဝန်ပေးထားတဲ့ ကျွန်တော်တို့တွေဟာ လွှတ်တော်ရဲ့ Foundal ဖြစ်ပါတယ်။ ယနေ့အထိ ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး (၉)ကြိမ်နဲ့ အထူးအစည်းအဝေး (၂)ကြိမ် ကျင်းပရာမှာ လွှတ်တော် ကိုယ်စားလှယ်ပေါင်း (၅၅)ဦးက ကြယ်ပွင့်ပြမေးခွန်းပေါင်း(၃၀၈)ခု မေးမြန်းခဲ့ပြီး၊ မေးခွန်းအများဆုံး မေးမြန်း ခဲ့သူမှာ (၃၁)ခုအထိ မေးမြန်းကြောင်း မှတ်တမ်းများအရ သိရှိရပါတယ်။ ထို့အတူ ယနေ့လွှတ်တော် ကိုယ်စားလှယ်ပေါင်း (၂၉)ဦးက ကြယ်ပွင့်မပြသော မေးခွန်းပေါင်း(၁၆၂)ခုကို မေးမြန်းခဲ့ပြီး ကြယ်ပွင့်မပြ မေးခွန်းကို အများဆုံး မေးမြန်းတဲ့ ပုဂ္ဂိုလ်ဟာ (၂၄)ခုအထိ ရှိသည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်သို့ အဆိုတင်သွင်းတဲ့ ကိစ္စနှင့် စပ်လျဉ်းပြီး ယနေ့အထိ လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၁၉)ဦးက တင်သွင်းတဲ့အဆို စုစုပေါင်း (၃၄)ခု ဖြစ်ပါတယ်။ တင်သွင်းခဲ့သော အဆိုများအနက် အဆို(၂)ခုအား မေးခွန်းအဖြစ်ပြောင်းလဲခြင်း၊ အဆို(၁၀)ခုအား မှတ်တမ်းတင်ခြင်း၊ အဆို(၅)ခုအား ပြန်လည်ရုပ်သိမ်းကြောင်း သိရှိရပါတယ်။ ထို့အတူ ရှမ်းပြည်နယ် လွှတ်တော်သို့ ပြည်နယ်အဖွဲ့အစည်းဝင်များမှ ဥပဒေကြမ်း(၁၇)ခု တင်သွင်းခဲ့ရာ ယခု(၁၄)ခုကို အတည်ပြုပြီး ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- နိုင်ငံတော်မှာ ဥပဒေပြုရေးဟာ အရေးကြီးတဲ့ကဏ္ဍဖြစ်ပါကြောင်း၊ စနစ်ပြောင်းပြီး ဒီမိုကရေစီစနစ်ကို သွားနေတဲ့အချိန်မှာ လွှတ်တော်များဟာ ဥပဒေပြုရေးအတွက် ဦးဆောင်အဖွဲ့အစည်းဖြစ်ပါတယ်။ ကျွန်တော်တို့

ရှမ်းပြည်နယ်လွှတ်တော်ဟာ လွှတ်တော်အစည်းအဝေးမှာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၏ စီမံခန့်ခွဲရေးကိစ္စများနှင့် စပ်လျဉ်းပြီး တင်ပြခြင်း၊ ထောက်ပြခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးတို့မှာ အားကောင်းသလို မိမိဒေသအတွက် အမှန်တကယ်လိုအပ်ချက်များကိုလည်းပဲ တင်ပြဆွေးနွေးနိုင်ခဲ့ကြပါတယ်။ လွှတ်တော်ရဲ့ အဓိကတာဝန်(၂)ရပ်အနက် (Check & Balance)ကို အလေးပေး ပြီးတော့မှ ဆောင်ရွက်နိုင်သော်လည်း ဥပဒေပြုရေးတာဝန်မှာ နှေးကွေးမေးမှိန် နေသေးပါကြောင်း၊ ဥပဒေပြုစုရေးဆွဲနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များ အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ အပါအဝင် ကျွန်တော်ကိုယ်တိုင်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၏ တာဝန်ဖြစ်ပါတယ်။ ယနေ့အထိ ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပြီးဖြစ်သည့် ဥပဒေကြမ်း(၁၄)ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း နည်းဥပဒေများထုတ်ပြန်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့သည့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ၊ ဇယား(၁)ပါကဏ္ဍများမှ ဥပဒေပြုစာရင်းအချို့ကို ဇယား(၂)မှာလည်း ထည့်သွင်းပြီး တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်လွှတ်တော်၏ ဥပဒေပြုစာရင်းအဖြစ် ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်လွှတ်တော်မှ ဖွဲ့စည်းပေးထားသည့် ဥပဒေနှင့်ပတ်သက်သော လေ့လာသုံးသပ်ရေးကော်မရှင်မှ ပြင်ဆင်ရန်အကြံပြုချက်များကို မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့မှာ တင်ပြဆောင်ရွက်ခဲ့ပါတယ်။ဇယား(၁)၊(၂)နဲ့ (၅)ပါကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဇယား(၂)ပါ ကဏ္ဍကြီး(၈)ရပ်ကို နောက်ထပ်(၂)ခုတိုးပြီးမှ တင်ပြထားသလို တိုင်းဒေသကြီး





ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသောစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား ။

## ကတိသစ္စာမပြုရေးသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း။

ဥက္ကဋ္ဌ။ ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ကတိသစ္စာပြုရန်နှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ် ။

(ဥက္ကဋ္ဌမှ ကတိသစ္စာတိုင်ပေးပါသည်။ တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုပြီးနောက် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။)

ဥက္ကဋ္ဌ။ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်စကားအနည်းငယ်ပြောကြားလိုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလို လွှတ်တော်ကိုယ်စားလှယ်များ စုံစုံညီညီ ပြန်လည်ဆုံတွေ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

(သို့မဟုတ်)ပြည်နယ်လွှတ်တော်များက ကောက်ခံရမည့် အခွန်ကိုလည်း မူလပြဌာန်းချက်မှာ (၁၉)ခုရှိရာမှ (၃၈)ခုအထိ တိုးမြှင့်ဖော်ပြထားပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးအကောင်အထည်ဖော်မှုကော်မတီကို ပေးပို့ထားကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပြောကြားလိုပါတယ်။ ပြည်သူအားလုံး၏ အဓိကရည်မှန်းချက်ဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ နိုင်ငံသားများ၏လူမှုဘဝကုန်လုံပြည်စုံစေရေးတို့ဘဲ ဖြစ်ပါကြောင်း၊ဒီရည်မှန်းချက်များကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်အချုပ်အချာအာဏာရဲ့ ခက်မ(၃)ဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာကို တာဝန်ခံရတဲ့ လွှတ်တော်များ၊ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်အသုံးပြုရတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားစီရင် ရေးအာဏာကို တာဝန်ခံရတဲ့ တရားရုံးများဟာ ပြည်သူ၏ဘဝ ဆန္ဒနှင့်လိုအပ်ချက်များကို မျှတစွာရှိအောင် အခြေအနေပေးမှုအပေါ် မူတည်ပြီးတော့မှ ဝိုင်းဝန်းဆောင်ရွက်ကြဖို့တိုက်တွန်းရင်း ဒသမပုံမှန် အစည်းအဝေးမှာ တက်ညီလက်ညီ ဆွေးနွေးကြပါစို့လို့ ဆန္ဒပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်



D/real(wide) (3



သော်လည်းကောင်း ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ဒါကြောင့် ဒီကနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားနိုင်ရန် အတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက တင်ပြရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။ အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးကော်မတီ၊ အတွင်းရေးမှူး ဦးဇော်ဇော် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး(ပထမနေ့)သို့ အကြောင်းအမျိုးမျိုးဖြင့် တက်ရောက်နိုင်ခြင်းမရှိသည့် အောက်ပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း(၁၄)ဦးအား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ စိစစ် တွေ့ရှိတဲ့ အတွက် ကင်းလွှတ်ခွင့် ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှု အပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါတယ်-

(၁) လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းအိုက်အေး၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ်သည့် Seminar on Budgeting and Oversight for State and Region Parliaments ဆွေးနွေးပွဲသို့ တက်ရောက်ရန်ကိစ္စ၊ (၂-၉-၂၀၁၄ မှ ၃-၉-၂၀၁၄) ကိုလည်းကောင်း၊

(၂) ရှာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသိန်းထွန်း၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ်သည့် Seminar on Budgeting and Oversight for State and Region Parliaments ဆွေးနွေးပွဲ သို့ တက်ရောက်ရန်ကိစ္စ၊ (၂-၉-၂၀၁၄ မှ ၃-၉-၂၀၁၄) ကိုလည်းကောင်း၊

(၃) မန် တုံ မြို့ နယ် မဲ ဆန္ဒ နယ် အမှ တ် (၁)မှ ဦးမိုင်းအုဏ်းခိုင်၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ်သည့် Seminar on Budgeting and Oversight for State and Region Parliaments ဆွေးနွေးပွဲသို့ တက်ရောက်ရန်ကိစ္စ၊ (၂-၉-၂၀၁၄ မှ ၃-၉-၂၀၁၄) ကိုလည်းကောင်း၊

(၄) တန့် ယန်းမြို့ နယ် မဲ ဆန္ဒ နယ် အမှ တ် (၁)မှ ဦးစိုင်းဆန်စိန်၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ်သည့် Seminar on Budgeting and Oversight for State and Region Parliaments ဆွေးနွေးပွဲသို့ တက်ရောက်ရန်ကိစ္စ၊ (၂-၉-၂၀၁၄ မှ ၃-၉-၂၀၁၄) ကိုလည်းကောင်း၊

(၅) ကွမ်းလုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးထွန်းရင်၊ မန္တလေးမြို့တွင် ကျင်းပပြုလုပ်သည့် Seminar on Budgeting and Oversight for State and Region Parliaments ဆွေးနွေးပွဲ သို့ တက်ရောက်ရန်ကိစ္စ၊ (၂-၉-၂၀၁၄ မှ ၃-၉-၂၀၁၄) ကိုလည်းကောင်း၊

(၆) ကုန်းကြမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးဝေရှောက်ရင်၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂-၉-၂၀၁၄ မှ ၅-၉-၂၀၁၄) ကိုလည်းကောင်း၊



D/real(wide) (4



ပေါင်းဟာ (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့် ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၉၀ ဒသမ ၀၀ )ရာခိုင်နှုန်း တက်ရောက်ပြီး ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ထက် ကျော်လွန်တဲ့အတွက် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၃၆)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ (၃၄)၊ (ခ)အရ အစည်းအဝေး အထ မြောက်ကြောင်းနှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၅)၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့အစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုသည့် ကိုယ်စားလှယ် များသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော် ကိုယ်စားလှယ်က

(၇) လောက်ကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးပယ်စောက်ချိန်(ခ)ဦးဘေဆော်ချိန်၊ ကျန်းမာရေး မကောင်းပါသဖြင့်၊(၂-၉-၂၀၁၄ မှ ၅-၉-၂၀၁၄) ကိုလည်းကောင်း၊

(၈) ဟိုပန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးခွန်ထွန်းလူ၊ ကျန်းမာရေး မကောင်းပါသဖြင့်၊ (၂-၉-၂၀၁၄ မှ ၅-၉-၂၀၁၄) ကိုလည်းကောင်း၊

(၉) မိုင်းဖြတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးညွန့်ဝင်း၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂-၉-၂၀၁၄ မှ ၅-၉-၂၀၁၄) ကိုလည်းကောင်း၊

(၁၀) မိုင်းပြင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအီးရှာမွေ၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂-၉-၂၀၁၄ မှ ၅-၉-၂၀၁၄) ကိုလည်းကောင်း၊

(၁၁) မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းပိုင်း၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂-၉-၂၀၁၄ မှ ၅-၉-၂၀၁၄) ကိုလည်းကောင်း၊

(၁၂) မိုင်းရယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလောင်(ဝ်)ခမ်း၊ ကျန်းမာရေးမကောင်းပါ သဖြင့်၊ (၂-၉-၂၀၁၄မှ၅-၉-၂၀၁၄) ကိုလည်းကောင်း၊

(၁၃) လဲချားမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇေယျ၊ ကျန်းမာရေးမကောင်းပါသဖြင့်၊ (၂-၉-၂၀၁၄ မှ ၅-၉-၂၀၁၄) ကိုလည်း ကောင်း၊

(၁၄) ဗိုလ်မှူးမျိုးမင်းသူ၊ စစ်ဘက်ရေးရာသင်တန်းတက်ရောက်နေပါသဖြင့် (၂-၉-၂၀၁၄ မှ ၅-၉-၂၀၁၄)ရက်နေ့ထိကိုလည်းကောင်း၊

စုစုပေါင်း (၁၄)ဦး ဖြစ်ပါတယ်ခင်ဗျား။





၁၁

## ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း။

**ဥက္ကဋ္ဌ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အစီအစဉ်အရ ပြည်နယ်ဝန်ကြီးချုပ်မှ ရှမ်းပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြောကြားပေးပါရန် ဖိတ်ခေါ်ပါတယ်။**

**ဦး**စဝ်အောင်မြတ်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်။အားလုံး မင်္ဂလာပါ။ဒီကနေ့ကျင်းပတဲ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ဒသမပုံမှန်အစည်းအဝေး(ပထမနေ့)မှာ တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား-

ကျွန်တော်တို့ ဒီကနေ့ကျင်းပတဲ့ ဒသမအကြိမ် ပုံမှန်အစည်းအဝေးမှာ စကားပြောခွင့်ရတဲ့အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်-

ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကျန်ရှိတဲ့ကာလအတွင်း ဒီမိုကရေစီ နိုင်ငံသစ်ထူထောင်ရေးမှာ အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမယ့် တာဝန်နဲ့ ပြည်သူတို့ရဲ့လူမှုစီးပွားဦးစားပေး လိုအပ်ချက် တွေကို ဖြည့်ဆည်းပေးရမယ့် တာဝန်တို့ကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ မြန်မာ့လူ့အဖွဲ့အစည်းအတွက် ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ရှိအောင် ဆောင်ကြဉ်းပေးခဲ့သလို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူများ ရွေးချယ်တင်မြှောက်မှုကြောင့် လွှတ်တော်နှင့် အစိုးရအဖွဲ့တို့ဟာလည်း ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရေးတာဝန်ကို ပြည်သူတို့နှင့်အတူ လက်တွဲဆောင်ရွက်ဖို့ တာဝန်ရှိလာခဲ့ပါတယ်။

ဒီတာဝန်ရဲ့ ပထမဆုံးအဆင့် (First Wave) အဖြစ် ရင်ဆိုင်ကျော်ဖြတ်ရတာကတော့ ခေတ်ဟောင်း စနစ်ဟောင်း တစ်ခုမှ ခေတ်သစ်စနစ်သစ် တစ်ခုဖြစ်လာတဲ့ ပါတီစုံဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပေးခဲ့ရခြင်း ဖြစ်ပါတယ်။ တာဝန်ယူပြီး (၁)နှစ်ကျော်ကာလအတွင်းမှာလည်း လွှတ်တော်နဲ့နိုင်ငံရေးပါတီအသီးသီးရဲ့ ပူးပေါင်း ပါဝင်ဆောင်ရွက်မှု အမြော်အမြင်ကြီးမားတဲ့ ပြည်သူများရဲ့ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်း ပူးပေါင်းပါဝင်မှုတို့ကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ညင်သာချောမွေ့စွာပြောင်းလဲ ဆောင်ရွက် နိုင်ခဲ့ပါတယ်။ ယခုလို ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ မြန်မာနိုင်ငံရေး ဖြစ်ထွန်းတိုးတက်မှုအပေါ် နိုင်ငံတကာက အသိအမှတ်ပြု ချီးကျူးခဲ့ကြတဲ့အတွက် ကျွန်တော်တို့အစိုးရရဲ့စွမ်းဆောင်မှု မှတ်ကျောက်ဖြစ်သလို မြန်မာနိုင်ငံရဲ့ သမိုင်းမှတ်တိုင် တစ်ခုလည်း ဖြစ်ခဲ့ပါတယ်။

ညင်သာချောမွေ့တဲ့ အသွင်ကူးပြောင်းရေး ကာလ အတွင်းမှာပဲ လွှတ်တော်နှစ်ရပ် ဖွဲ့စည်းပြင်ဆင်မှု ပြည်ထောင်စု အစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ဖွဲ့စည်းပြင်ဆင်မှုစတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ ယန္တရားများကို





**ဥက္ကဋ္ဌ။** ယခုကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]**

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေငြာပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြု ချက်ရယူမှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ပထမနေ့ တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အချိန်ယူပြီး တည်ဆောက်ခဲ့ရပါတယ်။

လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းပြင်ဆင်မှု အသစ်ရေးဆွဲမှုများကိုလည်း အချိန်ယူ ဆောင်ရွက်ခဲ့တဲ့နေရာမှာ အချို့မှာ ပြီးစီးပြီး၊ အချို့ကိစ္စတွေမှာ ဆက်လက်ဆောင်ရွက်ဆဲဖြစ်တာတွေရှိရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေဟာ ဒီမိုကရေစီ ခေတ်သစ်စနစ်သစ်နဲ့ လိုက်လျောညီထွေရှိပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့ရဲ့ လူမှုစီးပွားတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တွေပဲဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတိုင်းကို လေ့လာကြည့်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် နိုင်ငံအတွက် လိုအပ်သည့် ဥပဒေတွေ ပြဋ္ဌာန်းပြီးတဲ့အခါ ကာလအတိုင်းအတာ တစ်ခုအထိ လက်တွေ့ကျင့်သုံးကြည့်ပြီးမှ အားသာချက်၊ အားနည်းချက်တွေကို အချိန်ယူပြန်လည်လေ့လာသုံးသပ်ပြီးမှ အမှားအယွင်းနည်းအောင် ရေရှည် မြော်မြင်ပြီး ပြင်ဆင်ဆောင်ရွက်လေ့ရှိကြတာ တွေ့ရပါတယ်။

လွှတ်တော်မှာလည်း လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက ဥပဒေပြုရေးတာဝန်အများအပြားကို ပြီးနိုင်သမျှပြီးစီးအောင် ကြိုးစားဆောင်ရွက်နေကြတာ တွေ့ရှိရသလို အချိန်မီ ဆက်လက်ပြုစု ပြဋ္ဌာန်းရန် ကိစ္စတွေ အများအပြား ကျန်ရှိနေတာတွေ့ရှိရပါတယ်။

လွှတ်တော်အတွင်း ဆွေးနွေးပြဋ္ဌာန်းလို့ပြီးနိုင်တဲ့ ဥပဒေ ရှိသလို တိုင်းရင်းသားလူမျိုးစုတွေရဲ့ အားလုံး ပါဝင်မှုနဲ့ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်ပြီးမှ အားလုံးပါဝင် ဆွေးနွေးညှိနှိုင်းသင့်တဲ့ ဥပဒေတွေ ရှိတာကို အလေး ဂရုပြုကြရမှာ ဖြစ်ပါတယ်။



D/real(wide) (7



ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် လိုအပ်တဲ့ လမ်းပြမြေပုံနဲ့ ဆွေးနွေးပွဲဆိုင်ရာ မူဘောင်များ ရေးဆွဲ သတ်မှတ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံလျက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးတို့ကို ဆက်လက်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများကို စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင် (Frame Work On Economic and Social Reform- FESR ) နဲ့အညီ ဘဏ္ဍာရေးနှင့်အခွန်စနစ် ပြုပြင်ပြောင်းလဲရေး ငွေကြေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလုပ်ငန်းတွေဟာ စီးပွားရေးလုပ်ငန်းများရဲ့ ဗဟိုချက်မသဖွယ်ဖြစ်ပြီး ပြည်သူတို့ရဲ့အလုပ်အကိုင် အခွင့်အလမ်းနဲ့ လုပ်ခဝင်ငွေရရှိရေးတို့အတွက်ပါ ဆက်စပ်နေတာကြောင့် တာဝန်ရှိတဲ့ ဌာနအဖွဲ့အစည်းများက ယခုထက်ပိုမိုအဆင်ပြေချောမွေ့အောင် စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူများ အခက်အခဲမရှိဘဲ စိတ်ကျေနပ်မှု ရတဲ့အထိ စေတနာအပြည့်အဝနဲ့ မြန်မြန်ဆန်ဆန်ကြိုးစားအကောင်အထည်ဖော် သွားကြရမှာဖြစ်ပါ တယ်။

မိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ်မှာလည်း သိသာထင်ရှားတဲ့ပြောင်းလဲမှုဟာ အနာဂတ်မှာ ပြည်သူများရဲ့ လူမှုရေး စီးပွားရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မယ့် အဆင့်ထိ ရောက်ရှိလာရင်းနဲ့(e- Government ) စနစ်ကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက်ကိုလည်း ဌာနတိုင်းက လ(၂၀)အစီအမံ

ရေးဆွဲပြီး လက်တွေ့ချိတ်ဆက် အသုံးပြုနိုင်တဲ့အထိ ဝန်ထမ်းများကိုပါ ဖွံ့စည်းလေ့ကျင့်ပြီး တစ်စိုက်မတ်မတ်တိုးတက်ရေး စီမံဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ သို့မှသာ ကျွန်တော်တို့ နိုင်ငံရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝ ဆက်နွယ်မှုတွေ လျင်မြန်ချောမွေ့လာမှာ ဖြစ်ပါတယ်။

ပြည်သူများရဲ့ လူမှုစီးပွားရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဦးစားပေးလုပ်ငန်းစဉ်(၇)ရပ် ချမှတ် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့တဲ့နေရာမှာ လျှပ်စစ်မီး၊ သောက်သုံးရေရရှိရေးတို့ကို အထိုက်အလျောက် တိုးတက် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ဖြစ်သော်လည်း ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ရန်ကျန်ရှိတဲ့ မြို့ရွာများကို ဦးစားပေးအစီအစဉ်အလိုက် ဖြည့်ဆည်းပေးနိုင်ရေး အတွက်ကိုလည်း ပြည်နယ်အစိုးရအနေနဲ့ ဆက်လက် အကောင် အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျေးလက်နေပြည်သူများနဲ့ မြို့ပြရှိဆင်းရဲသူများရဲ့ လူမှုစီးပွားဘဝတိုးတက်အောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရာမှာ -

- လယ်ယာသီးနှံများ အထွက်ကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရေးနှင့် စက်မှုလယ်ယာကူးပြောင်းရေးအရှိန်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။
- မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျတဲ့ မွေးမြူရေးအစာ စိုက်ပျိုးထုတ်လုပ်ပြီး သားငါးမွေးမြူထုတ်လုပ်မှု မြှင့်တင်ပြီးတော့ ပြည်တွင်းကုန်ဈေးနှုန်း ကျဆင်းရေးအတွက် သာမက ပြည်ပတိုးမြှင့်တင်ပို့နိုင်ရေးအတွက်ပါ မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။
- ကျေးလက်ဒေသအသေးစား ကုန်ထုတ် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမှာ လိုအပ်တဲ့ အရင်းအနှီးနဲ့ နည်းပညာများ





ကျွန်တော်တို့အစိုးရအနေနဲ့ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲစရာတွေ များပြားတာကြောင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနှင့်အတူ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အစိုးရအုပ်ချုပ်ရေးယန္တရား တိုးတက် ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုတို့ကို မဟာဗျူဟာလုပ်ငန်းစဉ်များ အဖြစ်ချမှတ်ပြီး ဒုတိယအဆင့် (Second Wave)အဖြစ် အရှိန်မြှင့်တင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက် ခဲ့ရာမှာ လွှတ်တော်၊ ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုသာမက နိုင်ငံတကာ မိတ်ဘက်အဖွဲ့အစည်းများကပါ နေပြည်တော် သဘောတူညီချက် Naypyitaw Accord နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်လာတာ အားရဖွယ် တွေ့ရှိခဲ့ရပါတယ်။ ပြုပြင်ပြောင်းလဲမှုမဟာဗျူဟာလုပ်ငန်း စဉ်(၄)ရပ်ထဲမှာ နိုင်ငံရေးပြုပြင် ပြောင်းလဲမှုဟာ အရေးကြီးဆုံးနဲ့ အသိမ်မွေ့ဆုံးဖြစ်ပါတယ်။နိုင်ငံရေးတည်ငြိမ်အေးချမ်းရေးနဲ့ ပြည်သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုအတွက် နိုင်ငံရေးအခြေအနေများ တည်ငြိမ်စွာဖြစ်ထွန်းတိုးတက်ဖို့ လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲဖို့ ကြိုးစား နေတဲ့နိုင်ငံအချို့မှာ ပြည်တွင်းပဋိပက္ခစစ်ပွဲများနဲ့ ပြည်သူတွေဒုက္ခရောက်ခဲ့ကြသလိုမဖြစ်ရအောင် ကျွန်တော်တို့အစိုးရနဲ့ ပြည်သူများ ပူးပေါင်းဆောင်ရွက်သွားကြဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံရေးသမိုင်းကြောင်းမှာ ပဋိပက္ခများနဲ့ အကျပ်အတည်းများကို အချိန်ကာလ ကြာမြင့်စွာ ဖြတ်သန်းခဲ့ရတဲ့အတွက် အခြားနိုင်ငံထက် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရတယ်ဆိုတာကို ကျွန်တော်တို့အားလုံး သင်ခန်းစာ ရခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် တည်ငြိမ်အေးချမ်းတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု တစ်ရပ်ကို နိုင်ငံရေးယဉ်ကျေးမှု တစ်ရပ်အဖြစ် နိုင်ငံရေးအင်အားစုများ အချင်းချင်းအကြားမှာ ထိပ်တိုက်ရင်ဆိုင်ရေး နည်းလမ်းများကို ရှောင်ရှားပြီး ကြုံတွေ့ရတဲ့ စိန်ခေါ်မှုများကို ဆွေးနွေးညှိနှိုင်း အဖြေရှာ ကြိုးပမ်း

ဖြည့်ဆည်းဆောင်ရွက်ခြင်းတို့အတွက် ဌာနအဖွဲ့အစည်းများ သမဝါယမအစုအဖွဲ့များနှင့် အသေးစားငွေချေး လုပ်ငန်းများက ကုန်သည်၊ လုပ်ငန်းရှင်များနဲ့ ပူးပေါင်းပြီး ဒေသတစ်ခုချင်း၊ မြို့နယ်တစ်ခုချင်း သိသိသာသာ တိုးတက်ဖြည့်ဆည်း ဆောင်ရွက်နိုင်အောင် ပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါတယ်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများ အထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ အစရှိတဲ့ လုပ်ငန်းများဟာ ပြည်သူများရဲ့ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်ရေးအတွက် တိုးချဲ့မြှင့်တင်ရမယ့် လုပ်ငန်းများ ဖြစ်တာကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့ ကုန်သွယ်ရေး မူဝါဒ တာဝန်ယူတဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်အတူ ပြည်သူဘဝ အနာဂတ်အာမခံမှုရှိတဲ့ အိမ်ရာစီမံကိန်းများ သွားလာမှု လွယ်ကူရေးအတွက် ပို့ဆောင်ရေးအစီအမံများကို အလေးအနက်ထား အကောင်အထည်ဖော်သွားကြရန် ဖြစ်ပါတယ်။

အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်းပြီး ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်တဲ့ သန့်ရှင်းသော အစိုးရဖြစ်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီးဖြစ်သော်လည်း အချို့ဌာနများသည် သိသာစွာ တိုးတက်ပြောင်းလဲကောင်းမွန်လာပြီး အချို့ဌာနများတွင် ရှေးယခင်က လုပ်နည်းလုပ်ဟန်အတိုင်း ဆက်လက်လုပ်ဆောင်နေခြင်း စွမ်းဆောင်မှုအရည်အချင်း ကျဆင်းနေခြင်းတို့ကြောင့် အောက်ခြေအဆင့်အထိ ပြန်လည်ကွင်းဆင်း လေ့လာသုံးသပ်ပြီး ဝန်ထမ်းများရဲ့ စိတ်ဓါတ်စည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝအောင် (Capac-





ပြည်ထောင်စုဝန်ကြီးဌာနများနှင့်တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများအကြား လုပ်ငန်းများခွဲဝေပိုင်းခြား ဆောင်ရွက် နိုင်အောင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၉၆)၊ဇယား(၁)နဲ့ ပုဒ်မ(၁၈၈) ဇယား(၂)တို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းပြီး လိုအပ်တဲ့ ဥပဒေပြင်ဆင်ဖြည့်စွက်မှုနဲ့ အသစ်ရေးဆွဲမှု၊ နည်းဥပဒေ ရေးဆွဲမှုတို့ကို လွှတ်တော်သို့ ဥပဒေကြမ်း အမြန်ဆုံးပေးပို့နိုင်ရန် ဆောင်ရွက်လျက် ရှိပါတယ်။

တစ်ဆက်တည်းမှာဘဲ အခြေခံကျတဲ့ မြို့နယ်အဆင့်များမှာ ပြည်သူကိုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်သော စီမံခန့်ခွဲအုပ်ချုပ်မှုစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရာမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများရဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပြည်သူများရဲ့ ဆန္ဒနဲ့ အမြင်ကို ရယူပြီး ပြည်သူများရဲ့ လိုအပ်ချက်များကို ပိုမို ဖြည့်ဆည်းပေးလာနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

သို့ရာတွင် အချို့သော မြို့နယ်ဒေသတွေမှာ အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းမှု အားနည်းနေခြင်းများကို ပြုပြင်ဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။

မြို့နယ်အဆင့် ကော်မတီအသီးသီးရဲ့ ဆွေးနွေးပွဲ အစည်းအဝေးတွေမှာလည်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များလည်း တက်ရောက်ချီးမြှင့်ပေးစေလိုကြောင်း မှာကြားလိုပါတယ်။ ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲ တိုးတက်ဖွံ့ဖြိုးရေး လုပ်ငန်းတွေဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာမက ပြည်သူတို့ရဲ့ လူမှုစီးပွားတိုးတက်ရေးအတွက်ပါ အဓိကကျပါတယ်။ ဒါ့ကြောင့် နိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း(၉၀)ရာခိုင်နှုန်းကျော်ဟာ ပုဂ္ဂလိကကဏ္ဍက

ဖြစ်ပြီး ပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းအများဆုံး ဖန်တီး ပေးနိုင်တဲ့ကဏ္ဍ ဖြစ်တာတွေ့ရမှာ ဖြစ်ပါတယ်။ အစိုးရဌာနများရဲ့ လုပ်ထုံးလုပ်နည်းများကို လုပ်သာကိုင်သာရှိအောင် ဖြေလျှော့ပေးခြင်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ခြင်း၊ ငွေကြေးဈေးကွက် ဖွံ့ဖြိုးရေးနှင့် ကုန်စည်ဈေးကွက် ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်း၊ အသက်မွေးဝမ်းကြောင်း နည်းပညာနဲ့ ကျွမ်းကျင်မှု နည်းပညာများ ဖွံ့ဖြိုးရေးဆောင်ရွက်ခြင်းနှင့် လျှပ်စစ်ဓါတ်အား အပါအဝင် အခြေခံအဆောက်အဦလိုအပ်ချက်များ ဖြည့်ဆည်းခြင်း စသည့်လုပ်ငန်းများကို အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အားဖြင့် - ကျွန်တော်တို့အစိုးရအတွက် တတိယအဆင့် အရှိန်အဟုန် မြှင့်တင်မှု (Third Wave) အဖြစ် ဒီမိုကရေစီနိုင်ငံတော်အသစ်ထူထောင်ဖို့အတွက် ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်မည့် အပိုင်းနဲ့ ပြည်သူတို့ရဲ့ လူမှုစီးပွားရေး ဦးစားပေးလိုအပ်ချက်တွေကို ချက်ချင်းဆောင်ရွက်ပေးရမယ့် အပိုင်းနှစ်ပိုင်းကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ရေရှည်အတွက် အခြေခံအုတ်မြစ် ချမှတ်ပေးရမယ့်အပိုင်းမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးကို ထိရောက်အောင် ဆောင်ရွက်ပြီး ဒီမိုကရေစီ အလေ့အကျင့် ရင့်သန်မှုဖြင့် ဒီမိုကရေစီ နိုင်ငံအသွင်ကူးပြောင်းမှု ချောမွေ့အောင်မြင်အောင် ဆောင်ရွက်ရေးနဲ့ လူမှုစီးပွားရေး တိုးတက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

လူမှုစီးပွားရေး တိုးတက်အောင်ဆောင်ရွက်ရမယ့် လုပ်ငန်းများကို အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (National



D/real(wide) (1



ity Building ) တည်ဆောက်ခြင်း၊ ယှဉ်ပြိုင်ကြိုးစားမှုဖြင့် ရာထူးအဆင့် တိုး၍ ချီးမြှင့်ခြင်း၊ အရေးယူသင့်သူကို အရေးယူခြင်းတို့ဖြင့် အုပ်ချုပ်ရေးယန္တရား စွမ်းဆောင်ရည် မြင့်မား တိုးတက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မိမိတို့ကိုယ်တိုင် အရည်အသွေးမြင့်မားရေးနဲ့ ကိုယ်ကျင့်တရား ကောင်းမွန်အောင် တစ်ဖက်က ကြိုးစားရင်း တစ်ဖက်မှာလည်း အောက်ခြေ အဆင့်ဆင့်အပေါ် ခေါင်းဆောင်မှု ကောင်းကောင်းနဲ့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားကြဖို့ လိုမှာဖြစ်ပါတယ်။

လာဘ်ပေးလာဘ်ယူ မှုပပျောက်ရေးကော်မရှင်အနေနဲ့လည်း လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေး အရေးယူနိုင်ရေးအတွက် ဥပဒေနှင့်အညီ ပေးအပ်ထားသောတာဝန်များကို လွတ်လပ်စွာ ရပ်တည်ပြီး ပီပြင်စွာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းသည် ပြည်ထောင်စုအဆင့်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံခန့်ခွဲမှု ပိုင်းခြားခွဲဝေ ဆောင်ရွက်နိုင်ရေးသည် အုပ်ချုပ်မှုယန္တရား တိုးတက်ကောင်းမွန်ရေးအတွက် အဓိကကျပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများက မူဝါဒနှင့် ဥပဒေမူဘောင်ကို အဓိကထား စီမံဆောင်ရွက်သလို ကျွန်တော်တို့ ပြည်နယ်အစိုးရမှလည်း လက်တွေ့မြေပြင်မှာ လုပ်ငန်းများ အောင်မြင်အောင် စီမံခန့်ခွဲလမ်းညွှန်ကြီးကြပ် စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။ ဒီနေရာမှာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း (Decentra lization)ကို ပီပီပြင်ပြင်ဖြစ်အောင် ခွဲဝေပိုင်းခြား ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

Comprehensive Development Plan )နဲ့ အညီ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကဏ္ဍအလိုက် လက်တွေ့ကျကျ အကောင်အထည်ဖော်ရမယ့် အစီအမံများကို ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် စီမံမည်ဖြစ်ပါတယ်။

ကဏ္ဍများစွာရှိသည့်အနက် အဓိကကဏ္ဍကြီး(၂)ခုကတော့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစီအမံပြုလုပ်ခြင်းနှင့်သဘာဝသံယံဇာတအရင်းအမြစ်များကို နောင်သားစဉ်မြေးဆက် စဉ်ဆက်မပြတ် သုံးစွဲနိုင်တဲ့ သံယံဇာတအရင်းအမြစ် ထုတ်ယူသုံးစွဲမှုနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် စီမံခန့်ခွဲ ခြင်းတို့ဖြစ်ပါတယ်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတို့ဟာ အခြေခံ အုတ်မြစ်ဖြစ်ပါတယ်။

ပညာရေးကဏ္ဍမှာ မူကြိုအဆင့်မှ အဆင့်မြင့်ပညာရေး အဆင့်အထိကို အရည်အသွေး၊ အရည်အချင်း မြင့်မားအောင် မြှင့်တင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကြမယ့် အသိပညာရှင်၊ အတတ်ပညာရှင်များ နည်းပညာကျွမ်းကျင်သူများနှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ် ပေးနိုင်မှသာလျှင် ခေတ်သစ်ရဲ့ ပညာအခြေပြု စီးပွားရေးနယ်ပယ်မှာ အခြားနိုင်ငံများနဲ့ ရင်ဘောင်တန်းပြီး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပညာရေးကဏ္ဍကို လာမည့်နှစ်မှာ ဘဏ္ဍာငွေကြေး ပိုမိုခွဲဝေသုံးစွဲပြီး အရှိန်အဟုန်မြှင့်တင်မှာဖြစ်လို့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက အဓိက စွမ်းဆောင်မယ့် ပုဂ္ဂိုလ်များဖြစ်ကြတဲ့ ဆရာ/ဆရာမများ၊ ကျောင်းသားများ၊ မိဘများ၊ ပညာရှင်များနဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ နီးနီးကပ်ကပ် ညှိနှိုင်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။





ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အလုပ်သမားများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်မှု၊ အလုပ်သမား၊ အလုပ်ရှင်၊ သဟဇာတဖြစ်ရေး ညှိနှိုင်းဖြေရှင်းမှုတို့ကိုလည်း ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် လူမှုရေးအကာအကွယ်ပေးမှုဆိုင်ရာ လုပ်ငန်းတွေကို သက်ဆိုင်ရာကော်မရှင်/အဖွဲ့အစည်းများနဲ့ ဌာနများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူမြန်ဆန်စွာ တိုးချဲ့ လုပ်ကိုင်နိုင်အောင် ကြိုးနီစနစ်တွေ လျှော့ချပြီး ကမ္ဘာ့ဘဏ် IFC ရဲ့ Doing Business Report မှာ ဖော်ပြပါရှိတဲ့ အတိုင်း အချိန်ကြန့်ကြာနှောင့်နှေးမှုမရှိရေး၊ မလိုအပ်သော ငွေကြေးကုန်ကျမရှိရေး၊ လုပ်ထုံးလုပ်နည်းများလွယ်ကူရှင်းလင်းရေးတို့အတွက် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သို့မှသာ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ လွယ်ကူအဆင်ပြေချောမွေ့စွာ တိုးချဲ့လုပ်ဆောင်လာနိုင်မှာဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ပိုမိုရရှိလာမှာ ဖြစ်ပါတယ်။

အထူးသဖြင့် ကုန်စည်အဝင်အထွက်များတဲ့ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ ပြည်သူတွေနဲ့အများဆုံးထိတွေ့ နေရတဲ့ရုံးဌာနအသီးသီးနဲ့ စည်ပင်သာယာရေးအဖွဲ့အစည်းတွေမှာ ပြည်သူတွေ မနှစ်မြို့မလိုလားတဲ့ ဆက်ဆံ ဆောင်ရွက်မှုတွေ ရှိနေခြင်းအပေါ် တာဝန်ရှိတဲ့ ဌာနဆိုင်ရာ အကြီးအကဲများ ဖြစ်တဲ့ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများ အနေဖြင့် မသိကျိုးကျွံ မနေဘဲ ပြည်သူတွေ ကျေနပ်မှု၊ ယုံကြည်မှုရရှိလာတဲ့အထိ ဝန်ဆောင်မှုတွေ လျင်မြန်တိုးတက်ကောင်းမွန်အောင် ဖိဖိစီးစီး ကြပ်မတ်ဆောင်ရွက်ပေးသွား

ကြရမှာ ဖြစ်ပါတယ်။

သဘာဝသယံဇာတအရင်းအမြစ်များကို နောင်သားစဉ်မြေးဆက်စဉ်ဆက်မပြတ်သုံးစွဲနိုင်အောင် သယံဇာတအရင်းအမြစ်ထုတ်ယူသုံးစွဲမှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စီမံခန့်ခွဲတဲ့နေရာမှာ ရေရှည်ဆောင်ရွက်ရမဲ့ မြေသယံဇာတစီမံခန့်ခွဲမှု၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ စွမ်းအင်စီမံခန့်ခွဲမှု၊ သစ်တောသယံဇာတ စီမံခန့်ခွဲမှု၊ သတ္တု၊ ကျောက်မျက်သယံဇာတစီမံခန့်ခွဲမှုတို့ကို သက်ဆိုင်ရာကော်မတီများနဲ့ ဌာနဆိုင်ရာများက ပညာရှင်များနှင့်ညှိနှိုင်းပြီး ဒေသ/မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း များနှင့်အညီ အစီအမံများရေးဆွဲချမှတ် ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုများကို ပြည်သူများရဲ့အလုပ်အကိုင်အခွင့် အလမ်း တိုးတက်ရရှိရေးအတွက် ဆောင်ရွက်ခွင့်ပြုသော်လည်း တာဝန်သိမှု၊ တာဝန်ယူမှုရှိပြီး သဘာဝ ပတ်ဝန်းကျင်နဲ့ဒေသခံ ပြည်သူများရဲ့ လူမှုစီးပွားမထိခိုက်အောင် စိစစ်ခွင့်ပြုကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်အစိုးရအနေနဲ့ မြေယာအသုံးချမှုမူဝါဒနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးအတွက် ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ Stake-holder များ ညှိနှိုင်းရေးဆွဲပြီး တိုးတက်လာသော လူဦးရေနှင့် မြေမဲ့ယာမဲ့ပြည်သူများ အတွက် သစ်တောမြေ၊ မြေလွတ်မြေရိုင်းနဲ့ ရွာမြေအခင်းအကျင်းများ ပြင်ဆင်စီမံချထားရေး၊ ရာသီဥတုပြောင်းလဲမှု နှင့် သောက်သုံးရေရှားပါးလာမှုအပေါ် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက်ကို သစ်တောပြုစုပျိုးထောင်မှု အစီအမံများကိုလည်း ဥပဒေနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သစ်တောမြေအဖြစ်မှ စွန့်လွှတ်လျက် ကျေးရွာပေါင်း (၁၂၁၃)ရွာကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုချထားပေးခဲ့ပြီး ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွား





ကျန်းမာရေးကဏ္ဍမှာ ပြည်သူများအနေနဲ့ အရေးကြုံလျှင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ ငွေကုန် ကြေးကျခံပြီး သွားရောက်ကုသနေရတဲ့ ဝန်ထုပ်ဝန်ပိုး လျှော့ချနိုင်အောင် တိုင်းဒေသကြီး/ပြည်နယ်မြို့ကြီးများမှာ ရန်ကုန် နှင့် မန္တလေးကဲ့သို့ အထူးကုဆရာဝန်ကြီးများနဲ့ ဆေးရုံသုံးခေတ်မီစက်ကိရိယာ ဆေးဝါးများ ဖြည့်ဆည်းဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြို့နယ်များအတွက် ဆေးရုံအဆင့်မြှင့်တင်ခြင်းနှင့် ကျေးလက်နေပြည်သူများအတွက် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများနဲ့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဖြည့်ဆည်းနိုင်ရေး စီမံသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူများရဲ့ မြေပြင်လိုအပ်ချက်ကို သိရှိတဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနဲ့ ကျန်းမာရေးဝန်ထမ်း ဆေးရုံသုံးကိရိယာများ၊ ဆေးဝါးလိုအပ်ချက် ဖြည့်ဆည်းပေးမယ့် ကျန်းမာရေးဝန်ကြီးဌာနတို့က ဒေသအလိုက် ကွင်းဆင်းတွက်ချက်ပြီး ပြည်သူ့ဘဏ္ဍာများကို အကျိုးရှိထိရောက်အောင် လိုအပ်တဲ့နေရာမှာ မြှင့်တင်သုံးစွဲနိုင်အောင် စီမံခန့်ခွဲမှုကော်မတီ အပါအဝင် ကော်မတီ အသီးသီးကလည်း ညှိနှိုင်းစီမံပေး သွားကြရမှာ ဖြစ်ပါတယ်။

မကြာမီက ကောက်ယူပြီးစီးခဲ့တဲ့ သန်းခေါင်စာရင်းမှာ ပြည်သူတို့ရဲ့ လူမှုစီးပွားဆိုင်ရာ အကြောင်း အရာတွေ ရရှိလာပြီ ဖြစ်တဲ့အတွက် သက်ဆိုင်ရာဌာနနဲ့ ကဏ္ဍအလိုက် လူမှုစီးပွားညွှန်ကိန်းတွေ တိုးတက်မှု ရှိ/မရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လိုအပ်ချက်တွေကို အစီအမံရေးဆွဲပြီး တိုးတက်မှုရှိအောင် ဆက်လက်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပြည်သူတို့ရဲ့ လူမှုစီးပွားလိုအပ်ချက်ထဲမှာ အဓိကအကျဆုံးဖြစ်တဲ့ အလုပ်လက်မဲ့စာရင်းများ ကောက်ယူပြီး အလုပ်အကိုင်နဲ့ဝင်ငွေရရှိနိုင်တဲ့ အခွင့်အလမ်းများ ဖန်တီးပေးရေး စီမံ

**ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**

လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ **မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ** ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရဲမှုခင်းဆိုင်ရာ အသုံးစရိတ်နှင့်ပတ်သက်ပြီးတော့ မေးခွန်းလေး တစ်ခုမေးမြန်းဖို့ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အတော်များများမှာ မူးယစ်ဆေးဝါးတွေကို လွယ်လင့်တကူ ဝယ်ယူသုံးစွဲနိုင်ကြတာကို တွေ့နေရပါတယ်။ ဒါ့ကိုကြည့်ခြင်း အားဖြင့် ကျွန်တော်တို့မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ အားနည်းချက်တွေကို ဖော်ညွှန်းပြသနေပါတယ်။ ဒီကိစ္စတွေကို ကျွန်တော်ရဲ့အရာရှိငယ် တစ်ယောက်နှင့် တိုင်ပင်ဆွေးနွေးခဲ့ပါတယ်။ သူကလည်း ကျွန်တော်တို့ ရဲဝန်ထမ်းတွေမှာလည်း အခက်အခဲပေါင်းများစွာ ကြုံတွေ့နေရပါတယ်။ မူးယစ်ဆေးဝါးဆိုတာ အမှုကြီးထဲမှာ ပါတဲ့အတွက် တရားခံကိုခရိုင်ကို ပို့ရပါတယ်။ တရားစီရင်ရာ မှာလည်း ခရိုင်တရားရုံးက စီရင်ရပါတယ်။ ယခင်ကလို ကျွန်တော် တို့မှာ ယာဉ်တွေကို ချောဆွဲလို့မရတော့ပါဘူး၊ တရားခံပို့ဖို့ မော်တော်ယာဉ်တွေကို ငှားရပါတယ်။ အမှုတစ်ခုကို ရုံးချိန်းက (၂)ခါလောက်သွားရပါတယ်။ ဒီအမှုတစ်ခုအတွက် ကျွန်တော် တို့မှာ လစာ(၂)လစာ လောက် ကုန်ကျရပါတယ်လို့ ပြောပါတယ်၊ ဒီကိစ္စကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ မူးယစ်ဆေးဝါး လျော့ပါးဖို့ ဆိုတာ အခွင့်အလမ်း အင်မတန်မှ နည်းပါးပါတယ်။ ဒါ့ကြောင့် ရှမ်းပြည်နယ်လွှတ်တော်မှာ





လိုအပ်ချက်များကို ဖြည့်ဆည်း ပေးဖို့လည်း စီမံလျက်ရှိတယ်။ ဆက်လက်၍ မြေလွတ်၊မြေရိုင်းများကို စိစစ်ပြီး ဥပဒေနှင့်အညီ ဒေသခံပြည်သူများရဲ့ လိုအပ်ချက်နှင့်အညီ မြေယာအခင်းအကျင်း များကိုလည်း စီမံဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် ဥပဒေမဲ့ ကျူးကျော်မှုများကို ဥပဒေအရအရေးယူ ဆောင်ရွက်ခြင်း၊ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်သူ မြေမဲ့ယာမဲ့များ အတွက် မြေယာချထားပေးခြင်းတို့ အပါအဝင် မမှန်မကန်ပြုလုပ်မှုများ မရှိရအောင် ပြည်ထောင်စုဝန်ကြီးဌာန များနဲ့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့က စိစစ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ သို့မှသာ မြေမဲ့ယာမဲ့များ အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာမှာဖြစ်သလို ဝင်ငွေများ လည်းတိုးတက်ရရှိပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

အထက်မှာ တင်ပြခဲ့တဲ့ ဆောင်ရွက်ရန်အချက်တွေဟာ ကျွန်တော်တို့အစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး မူဝါဒဖြစ်တဲ့၊ ပြည်သူအားလုံးရဲ့ဆန္ဒဖြစ်တဲ့ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေ စိုးမိုးရေးနဲ့ ပြည်သူတို့ရဲ့ လူမှု စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးတည် အကောင်အထည်ဖော်နေခြင်း ဖြစ်တဲ့အတွက် အစိုးရဌာနဆိုင်ရာအသီးသီးနဲ့ တာဝန်ရှိသူအားလုံးက တက်ညီ လက်ညီ အားသွန်ခွန်စိုက် တိုးတက်အောင်မြင်အောင် ကြိုးစား ဆောင်ရွက်သွားကြမှာ ဖြစ်သလို ဒီကနေ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့်လည်း မိမိတို့ ဒေသအသီးသီးမှာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွေမှာလည်း ဥပဒေနှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးသွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။



D/real(wide) (1

ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးပေးပါမယ်လို့ ကတိပေးခဲ့ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ မူးယစ်ဆေးဝါး လျော့နည်းသွားအောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း ရဲတာဝန်တွေကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်အောင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် မှုခင်းရေးရာ အသုံးစရိတ်များအဖြစ် မည်ကဲ့သို့ ချမှတ်ပေးထားခြင်းနှင့် မှုခင်းရေးရာ အသုံးစရိတ်များ လုံလောက်စွာ ချထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။**

**ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး၏ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် မှုခင်းရေးရာအသုံးစရိတ်များအဖြစ် အမှုစုံးစမ်းခြင်းအတွက် စရိတ်၊ သယ်ယူပို့ဆောင်ခစရိတ်၊ စက်ဆုံးဆီစရိတ်၊ တယ်လီဖုန်းစရိတ်၊ အချုပ်သားထမင်းကျွေးစရိတ်နှင့် တိရစ္ဆာန်အစားအစာနှင့် တိရစ္ဆာန်ဆေးဝါးစရိတ် ဟု (၆)မျိုးခွဲခြားသတ်မှတ်ထားပါသည်-

(က) အမှုစုံစမ်းခြင်းစရိတ်- ရဲစခန်းများအတွက် အမှုစုံစမ်းခြင်းဆိုင်ရာခရီးစရိတ်အဖြစ် အမှုတစ်မှုလျှင်(၅၀၀၀ိ/-) ထက်မပိုနှုန်းဖြင့် ယေဘူယျသက်မှတ်ပြီး သက်ဆိုင်ရာငွေထုတ်စာရင်းဌာနအလိုက်ခွဲဝေ/ခံစားခွင့်ရှိပါသည်။





## ပြည်နယ်ဝန်ကြီးချုပ်၏ မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသွားသော မိန့်ခွန်းကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၈)၊ ပုဒ်မခွဲ (ဂ)အရ ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

**ဥက္ကဋ္ဌ။ အစီအစဉ် (ဂ)ဖြစ်ပါတယ်။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ် လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ် (၆)ဦးက မေးမြန်းထားသည့် မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းမှ တာဝန်ရှိပုဂ္ဂိုလ်များမှ ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးမှ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

(ခ) သယ်ယူပို့ဆောင်ခ(တရားခံဖမ်းဆီးပို့ဆောင်ခ) စရိတ်- ရဲစခန်းများတွင် အမှုစုံစမ်းဖော်ထုတ် ဖမ်းဆီးပို့ဆောင်ရေး လုပ်ငန်းစဉ်များ၌ အသုံးပြုရန် အမှုအမျိုးအစားအလိုက် အောက်ပါနှုန်းထားများအတိုင်း ထုတ်ယူသုံးစွဲနိုင်ရေး အတွက် အကြမ်းဖျဉ်း သတ်မှတ်ပေးထားခဲ့ပြီး တပ်ဖွဲ့/ဌာနများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းစဉ်များအရ မြေပြင်တွင် လက်တွေ့ဆောင်ရွက် ရသည့် အမှုများ၏ အခြေအနေများ အပေါ်မူတည်၍ သယ်ယူ ပို့ဆောင်ခ ငွေစာရင်းခေါင်းစဉ်ပါအဓိပ္ပာယ် ဖွင့်ဆိုချက်နှင့်သက်ဆိုင် အကျုံးဝင်သည့် လုပ်ငန်း ဆောင်ရွက်မှုများအတွက် ထုတ်ယူ သုံးစွဲရန်ဖြစ်ပါသည်-

(၁) အမှုကြီး(၁၀)မျိုး အမှု(၁)မှုလျှင် ၅၀၀၀ဝိ/-နှုန်း
(၂) အခြားအမှု(၇)မျိုး အမှု(၁)မှုလျှင် ၃၀၀၀ဝိ/-နှုန်း
(၃) ကြိုတင်ကာကွယ်မှု(၁၀)မျိုး အမှု(၁)မှုလျှင် ၁၀၀၀ဝိ/-နှုန်း

(ဂ) စက်သုံးဆီစရိတ်- လစဉ်ပုံမှန်ခွဲတမ်းအပြင် ဖွင့်လှစ်ပြီး မြို့နယ်/မြို့မ/နယ်မြေ/ရဲကင်းစခန်း များအတွက် ဆိုင်ကယ်ဆီဖိုး အပါအဝင် အထွေထွေ လုပ်ငန်းသုံး ဆီဖိုးများကို စက်သုံးဆီ(၁)ဂါလံ ၃၃၅ဝိ/-နှုန်းဖြင့် ပြင်ပဝယ်ယူသုံးစွဲရန်၊ ရဲစခန်း(၁)ခု တစ်လစက်သုံးဆီ(၃၀)ဂါလံ နှုန်းဖြင့် လစဉ် ၁၀၀၅၀ဝိ/- ကျပ်တို့အားလည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကွပ်ကဲမှု အောက်ရှိ အချုပ်ယာဉ်များအတွက် (၁)ဂါလံ ၃၅၀ဝိ/-နှုန်းဖြင့် ပြင်ပမှ ဝယ်ယူသုံးစွဲနိုင်ရန် အချုပ်ယာဉ်(၁)စီး၊ (၁)လ(၃၀)ဂါလံနှုန်းဖြင့် လစဉ်ငွေ၁၀၅၀၀ဝိ/-ကျပ်နှုန်းတို့အားလည်း





အတွက် ဖုန်းအသုံးပြုခများ တရားဥပဒေအရ ချုပ်နှောင်ထားသော အချုပ်တရားခံများ၏ စားစရိတ်များ၊ တရားခံများ၊ ဖမ်းဆီး ပို့ဆောင်ခစရိတ်များ တပ်ဖွဲ့ဝင်များ မှုခင်းကိစ္စ ခရီးသွားလာရန် အတွက် စရိတ်များမှုခင်းဖော်ထုတ်ရာတွင် အသုံးပြုသည့် တိရစ္ဆာန် များ၏ အသုံးစရိတ်များ ယာဉ်/ဆိုင်ကယ်များဖြင့် သွားလာရာတွင် အသုံးပြုရန် သတ်မှတ်ဆီဂါလံဖိုးငွေများဖြင့် လစဉ်ထောက်ပံ့ ပေးလျက်ရှိပါကြောင်းနှင့် နောင်တွင်လည်း အသုံးစရိတ်များ လုံလောက်စွာချမှတ်နိုင်ဖွယ်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ် ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကံ မှ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။**လေးစား အပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ **မိုင်းရှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းကံ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းရှူးမြို့နယ်၊ မော်မေ့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း (၁၁)ရွာ၊ လူဦးရေစုစုပေါင်း(၇၃၅)ဦးကျော်တို့သည် နမ့်ငချောင်း အရှေ့ဘက်ခြမ်းတွင် နေထိုင်ကြပြီး မြို့သို့သွားရောက်လိုပါက ပြည်သူများ ကိုယ်ထူကိုယ်ထ ဆောက်လုပ်သော သစ်ဝါး တံတားငယ်များဖြင့်သာ သွားလာနိုင်ကြပြီး မိုးရာသီ၌ ရေတိုက်



D/real(wide) (1

စားသဖြင့် တံတား နှစ်စဉ်ရေမျောပါသွားသဖြင့် သွားလာဆက်သွယ်မှုများ ပြတ်တောက်ရပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါတံတားသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော တံတားတစ်စင်းဖြစ်ပြီး လူများ၊ ဆိုင်ကယ်များ၊ လှည်းများ၊ ထော်လာဂျီများနှင့် ကားများ ရာသီမရွေးသွားလာဖြတ်သန်းနိုင်သည့် အလျား(၁၈၀)ပေ၊ အနံ(၁၄)ပေ၊ အမြင့်(၁၅)ပေအတိုင်းအတာရှိသော တံတားအသစ်တစ်စင်း တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင်တည်ဆောက်ပေးသွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။**

**ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။** ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ် မဲဆန္ဒ နယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြား သွားမှာ ဖြစ်ပါတယ်။

မိုင်းရှူးမြို့နယ်၊ မော်မေ့ကျေးရွာအုပ်စု၊ နားဟိုင်းကျေးရွာအနီးရှိ နမ့်ငချောင်းကူးတံတား တည်ဆောက်ရန် လိုအပ်သောနေရာသည် မိုင်းရှူး-မော်မေ့-နားအော်-ဝမ်လွယ် လမ်းပေါ်တွင်တည်ရှိပြီး နမ့်ငချောင်းသည် ဆောင်းရာသီနှင့် နွေရာသီတွင်ရေစီးဆင်းမှုနည်းပါးသဖြင့် ဖြတ်သန်းသွားလာနိုင်သော်လည်းမိုးရာသီတွင် ရေစီးသန်သဖြင့် ဖြတ်သန်းသွားလာရန် ခက်ခဲပြီးအရှည်(၁၈၀)ပေ၊ အမြင့်(၁၅)ပေ တံတား(၁)စင်း တည်ဆောက်ရန်လိုအပ်မည်ဖြစ်ပါသည်။



D/real(wide) (1



ကောင်း ခံစားခွင့်ရှိပါသည်။

(ဃ) တယ်လီဖုန်းစရိတ်- သက်ဆိုင်ရာ ငွေထုတ်စာရင်းများအလိုက် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအတွက် စကားပြောခအဖြစ် ဖုန်းတစ်လုံး(၁)လ ၂၀၀၀၀ိ/-နှုန်းဖြင့် ခံစားခွင့်ရှိပြီး ဖွင့်လှစ်ပြီး မြို့နယ်/မြို့မ/နယ်မြေနှင့် ရဲကင်းစခန်းများရှိ မြို့နယ်မှူး/စခန်းမှူးများအတွက် အမှုစုံစမ်းခြင်းတွင် အသုံးပြုရန် တစ်ဦးကို (၁)လ ၅၀၀၀ိ/-နှုန်းဖြင့်လည်းကောင်း၊ လုံခြုံရေးတပ်ဖွဲ့ခွဲများရှိ တပ်ဖွဲ့ခွဲမှူးများအတွက် ရုံးလုပ်ငန်း အသုံးပြုရန် တစ်ဦးကို(၁)လ ၅၀၀၀ိ/-နှုန်းဖြင့် လည်းကောင်း ခံစားခွင့်ရှိပါသည်။

(င) အချုပ်သားထမင်းကျွေးစရိတ်- ရဲစခန်းများ၌ တရားဥပဒေအရ ချုပ်နှောင်ထားသော အချုပ်တရားခံများ၏ ထမင်းကျွေးစရိတ်အား (၁)ရက်နှစ်နပ် ၄၈၀ိ/၈၂ ါး နှုန်းဖြင့် တိုးမြှင့်ခွင့်ပြု ခံစားလျက်ရှိပါသည်။

(စ) တိရစ္ဆာန်အစားအစာနှင့်တိရစ္ဆာန်ဆေးဝါးစရိတ်- ငွေထုတ်စာရင်းဌာနများအလိုက် မွေးမြူထားသည့် မိုင်းရှာ/မူးယစ်အနံ့ခံခွေးများအတွက် ခွေး(၁)ကောင်(၁)ရက် ၁၀၀၀ိ/-နှုန်းဖြင့် လည်းကောင်း၊ ဆေးဝါးစရိတ်အတွက် ခွေး(၁)ကောင်(၁)လ ၁၀၀၀၀ိ/-နှုန်းဖြင့်လည်းကောင်းခံစားခွင့်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မှုခင်းရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး အမှုစုံစမ်းစစ်ဆေးခြင်း

မိုင်းရှူးမြို့နယ်၊ မော်မေ့ကျေးရွာအုပ်စု၊ နားဟိုင်းကျေးရွာအနီးရှိ နမ့်ငချောင်းကူးတံတား (၁၈၀'× ၁၄'× ၁၅') တံတားတစ်စင်းတည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ်(၉၀)သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြတောင်းခံ၍ ခွင့်ပြုငွေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်မြ က မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးကျော်မြ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒသမအစည်း အဝေးကို တက်ရောက်လာကြတဲ့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ကျွန်တော်ကတော့ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဒီကနေ့ ကျင်းပတဲ့ အစည်းအဝေးမှာ နောင်ချိုမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စု၊ တောင်ခြေကျေးရွာတွင် တရားဥပဒေစိုးမိုးရေး ဆောင်ရွက် နိုင်ဖို့အတွက် ရဲစခန်းအသစ်တစ်ခု ဖွင့်လှစ်ပေးရေးနှင့်ပတ်သက်ပြီး မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော- လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်ချိုမြို့နယ်မှာ နောင်ချိုမြို့နယ် မြို့မရဲစခန်းနှင့် မြို့နယ်၏မြောက်ဘက်ခြမ်းအတွက် နောင်ချိုမြို့နှင့်(၃၈)မိုင်





နောင်ချိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြ ၏ နောင်ချိုမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စုတွင် ရဲစခန်းအသစ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာဖြစ်ပါတယ်။

တောင်ရှည်ကျေးရွာအုပ်စု နယ်မြေအတွင်း ဒုဋ္ဌဝတီ (တာဖလန်း)တံတား လုံခြုံရေးရဲကင်း၊ ဒုဋ္ဌဝတီ (တာဖလန်း)တံတား လုံခြုံရေးကင်း၊ (ခလရ-၁၄၇)၊ အမှတ်(၉၀၂)အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အမှတ်(၃၅၄)အမြောက်တပ်ရင်း၊ အမှတ်(၄၀၆)အမြောက်တပ်ရင်းနှင့် အမှတ်(၂၀၆)အမြောက်တပ်ရင်းတို့မှ လုံခြုံရေးဆောင်ရွက်လျက်ရှိပါသည်။ ၎င်းရွာတွင် သောင်းကျန်းသူများ အခြေပြုလှုပ်ရှားမှုများ မရှိပါကြောင်းနှင့် ၎င်းကျေးရွာ၏ မြောက်ဘက်(၂၁)မိုင်ခန့်အကွာတွင် နောင်ချိုမြို့မရဲစခန်း (၂)မိုင်ခန့်အကွာတွင် အမှတ်(၉၀၂) အမြောက်စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အရှေ့မြောက်ဘက် (၁၈)မိုင်ခန့်အကွာတွင် ရွှေပြည်ညွန့်နယ်မြေရဲစခန်း၊ အရှေ့တောင်ဘက်(၃)မိုင်ခန့်အကွာတွင် ဒုဋ္ဌဝတီ(တာဖလန်း)တံတား လုံခြုံရေးရဲကင်းစခန်းနှင့် အရှေ့မြောက်ဘက် (၂၃)မိုင်ခန့်အကွာတွင် ဘန့်ဘွေးနယ်မြေရဲကင်းစခန်းများ တည်ရှိပြီး တောင်ရှည်ကျေးရွာအုပ်စု အင်အားအခြေ အနေအရ ရဲစခန်းအသစ်ဖွင့်လှစ်ရန် လတ်တလော ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒုဋ္ဌဝတီ(တာဖလန်း)တံတား လုံခြုံရေးရဲကင်းနှင့် တပ်မတော်တပ်ရင်း/တပ်ဖွဲ့ဌာနချုပ်များအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ် က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုးမိတ်မြို့နယ်အတွက် မဟာဓါတ်အားလိုင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်သည် အိမ်ခြေပေါင်း (၁၂၄၇၆)အိမ်၊ လူဦးရေ(၅၇၄၇၁)ဦး၊ မြို့ပေါ်အိမ်ခြေ(၃၀၀၀) ဝန်းကျင်ရှိပြီး၊ လယ်မြေဧက (၁၂၀၀၀)ကျော်ရှိပါတယ်။ ပြည်သူအများစုသည် တောင်သူလုပ်ငန်းများ လုပ်ကိုင်စားသောက်လျက်ရှိပါသည်။ မိုးမိတ်မြို့နယ်သည် မန္တလေးတိုင်းဒေသကြီးနှင့် နီးစပ်ပြီး နှစ်စဉ်လျှပ်စစ်ဦးစီးဌာနမှ မီစက်ကြီးဖြင့် တစ်ညလျှင် (၂)နာရီ အလှည့်ကျစနစ်ဖြင့် ပေးဆောင်ရွက်နေပါသည်။ သို့ဖြစ်ပါ၍ ခေတ်နှင့်အညီ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်ဆောင်ရွက်နေသည့် အချိန်ကာလနှင့်အညီ အခြားမြို့နယ်များ (၂၄)နာရီ မီးလင်းသလို မိုးမိတ်မြို့နယ်မှာလည်း မီးလင်းစေချင်ပါသည်။ ထို့ကြောင့် မိုးမိတ်မြို့နယ်မဟာဓါတ်အားလိုင်း ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်တွင် အစီအစဉ်ရှိသည်ကို ကြားသိရသော်လည်း ယနေ့အချိန်ထိ မည်သည့်လုပ်ငန်းမျှ ဆောင်ရွက်နေခြင်းကို မတွေ့ရှိရသေးပါသဖြင့် မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်အတွက် လျှပ်စစ်မီးအမှန်တကယ် လိုအပ်နေပါသဖြင့်





ကွာဝေးသည့် ဒိုးပင်ကျေးရွာမှာ ရဲစခန်းတစ်ခု ဖွင့်လှစ်ပေးထားရာ မြို့နယ်၏ တောင်ဘက်ခြမ်းတွင် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး အတွက် ရဲစခန်းတစ်ခု ထပ်မံဖွင့်လှစ်ပေးရန် လိုအပ်ရှိပါတယ်။ တောင်ခြေကျေးရွာအုပ်စုအတွင်း တောင်ခြေကျေးရွာနှင့် (၂)မိုင်အကွာမှာ အမှတ်(၉၀၂)အမြောက်စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ် တည်ရှိပြီး အမြောက်တပ်ရင်း (၃)ရင်းလည်း ရှိပါတယ်။ တောင်ခံဇေ တိုက်နယ်ဆေးရုံ နှင့် လုံတာ အထက်တန်းကျောင်းလည်း တည်ရှိသည့်အတွက် အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများအတွက် အရေးပါပြီး အချက်အချာကျတဲ့ နေရာဒေသလည်း ဖြစ်ပါတယ်။ တောင်ခြေကျေးရွာအုပ်စုအတွင်း ရဲစခန်းအသစ်တစ်ခု ဖွင့်လှစ်ပေးခြင်းအားဖြင့် တောင်ခြေ၊ အင်းဘို၊ ရေတွင်းကြီး၊ မဲဘုတ်၊ ရွှေမုဋ္ဌော၊ နောင်တောကျေးရွာအုပ်စုများအတွင်း ရွာပေါင်း(၃၆)ရွာ၊ လူဦးရေ(၂၅၀၀၀)ကျော် အတွက် အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ လက်လှမ်းမှီမှီ ဆောင်ရွက်ပေးလာမည် ဖြစ်တဲ့အတွက် နောင်ချိုမြို့နယ်တစ်ခုလုံးအတွက် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ အထောက်အကူပြု လှုပ်ရှားဆောင်ရွက်နိုင်မှာ ဖြစ်သည့်အတွက် နောင်ချိုမြို့နယ်၊ တောင်ခြေကျေးရွာအုပ်စုတွင် ရဲစခန်းအသစ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။

**ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးရန် ဖြစ်ပါတယ်။**

**ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

မဟာဓါတ်အားလိုင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုပါသည်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ၊ ကောင်းမွန်တဲ့လိုအင်ဆန္ဒများနှင့် ပြည့်ဝကြပါ စေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ်၏ မိုးမိတ်မြို့နယ်အတွက် မဟာဓါတ်အားလိုင်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုသည့် မေးခွန်းကို ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မိုးမိတ်မြို့သို့ ဓါတ်အားစနစ်မှ ဓါတ်အားဖြန့်ဖြူးပေးနိုင်ရန် အတွက် မိုးကုတ်-မိုးမိတ်(၆၆)ကေဗွီ ဓါတ်အားလိုင်း (၂၈)မိုင်တည်ဆောက်ခြင်းလုပ်ငန်းကို (AHG Co.,Ltd)မှ ဓါတ်အားလိုင်း Survey တိုင်းခြင်း လုပ်ငန်းကို (၉-၃-၂၀၁၄)ရက်နေ့မှ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မိုးမိတ်မြို့နယ် အတွက် မဟာဓါတ်အားလိုင်းမှ ဓါတ်အားရရှိရေးအတွက် မိုးကုတ်-မိုးမိတ်(၆၆)ကေဗွီဓါတ်အားလိုင်း



D/real(wide) (1



လစဉ် နိုင်ငံတော်အစိုးရမှ တန်းဖိုးနည်း Sim Card များ ကျေးရွာအထိ မဲစနစ်ဖြင့် ရောင်းချပေးနေခြင်းကြောင့် မိုဘိုင်းဖုန်းများ ဝယ်ယူအသုံးပြုနေကြသော်လည်း ဟိုခို၊ ဒိုးပင်၊ သံဘိုအုပ်စုတွေမှာ ပြောဆိုဆက်သွယ်ရေး မရနိုင်သေးပါ။ ရွာအတွင်း တစ်အိမ်၊ နှစ်အိမ်မှာတော့ အင်တာနာတပ်ဆင်အသုံးပြုပြီး ပြောဆိုနေရ ပါတယ်။ နောင်ချိုမြို့နယ်၊ ဟိုခို၊ ဒိုးပင်၊ သံဘိုကျေးရွာအုပ်စု ရွာသူရွာသားများ မိုဘိုင်းဖုန်းများကို ဆက်သွယ်အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်ကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာ မေးမြန်း အပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နောင်ချိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘထွန်း၏ နောင်ချိုမြို့နယ်၊ ဟိုခို၊ ဒိုးပင်၊ သံဘိုကျေးရွာအုပ်စု များတွင် မိုဘိုင်းဖုန်းများ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည် ဆိုသည့် မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာ ဖြစ်ပါတယ်။

နောင်ချိုမြို့နယ်အတွင်းမှာ ဦးစားပေးအစီအစဉ်အရ လူဦးရေ ၄၅၀၀ နှင့်အထက် ကျေးရွာအုပ်စုများ ဖြစ်သည့် ဘန့်ဘွေး၊ ဆမ့်ဆယ်၊ သုံးဆယ်၊ ကံကြီး၊ တောင်ရှည်၊ နောင်တော်ကျေးရွာ

များတွင် မိုဘိုင်းဖုန်းများ တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ၄င်းကျေးရွာများ ပြီးစီးပါက လူဦးရေ ၄၅၀၀ အောက်ရှိသည့် ကျေးရွာများဖြစ်သည့် ဟိုခို၊ဒိုးပင်၊သံဘိုကျေးရွာများအား ဦးစားပေး ဆောင်ရွက်ရန် စီစဉ်ထားပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ် က ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ကျွန်တော် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ်၏ ဒုတိယမေခွန်း ကတော့ မိုးမိတ်မှာ နမ့်မိတ်၊ နမ့်မောင်း ချောင်းကူးတံတား -တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော- လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား၊ မိုးမိတ်-မိုးလို တံတားအမှတ်(၃/၁)၊ တံတားအရှည် (၃၇၆)ပေ၊ တံတားအကျယ်(၁၂)ပေ၊ တံတားအမည်-နမ့်မိတ် တံတား၊ အမျိုးအစား-ဘေလီသစ်သားတံတားဖြစ်၍ မိုးမိတ် ကုန်းကပ်လမ်း တံတားအမှတ်စဉ်(၂/၁)၊ တံတားအရှည်(၁၈၀)ပေ၊ တံတားအကျယ်(၁၂)ပေ၊ တံတားအမည်- နမ့်မောင်းတံတား၊ တံတားအမျိုးအစား-ဘေလီသစ်သားတံတားအမျိုးအစားဖြစ်ပြီး မြို့ဝင်မြို့ထွက် မြို့တွင်းတံတားဖြစ်၍ နေ့စဉ် ကား၊ ဆိုင်ကယ်၊ လူအများအပြား ဖြတ်သန်းသွားလာသော တံတားဖြစ်၍ တံတားမှာကျဉ်းပြီး (၁၄)နှစ်ကျော်ကြာ တည်ဆောက်ထားသော တံတားဖြစ်သဖြင့် တံတားခိုင်ခံ့မှုမရှိတော့ပါ၊ နမ့်မိတ်၊ နမ့်မောင်း တံတားသည် ကွန်ကရစ်တံတားအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးရန် အမှန်တကယ် လိုအပ်နေပြီဖြစ်၍ နမ့်မိတ်တံတားနှင့် နမ့်မောင်းတံတား ကွန်ကရစ်တံတားအသစ် ပြန်လည်တည်ဆောက်



D/real(wide) (2



(၂၈)မိုင်နှင့် မိုးမိတ်မြို့တွင် (၆၆/၁၁)ကေဗွီဓါတ်အား ခွဲရုံ(၁)ရုံအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးမှ လျှပ်စစ် ဓာတ်အားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြေကြား အပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နောင်ချိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းဘထွန်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဘထွန်း ၊ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါ။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့တက်ရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ဌာနဆိုင်ရာဝန်ကြီးများအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်အားလုံးနဲ့ ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို ကျန်းမာ ရွှင်လန်းကြပါစေလို့ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော် ကတော့ နောင်ချိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘထွန်း ဖြစ်ပါတယ်။ နောင်ချို မြို့နယ်၊ ဟိုခို၊ ဒိုးပင်၊ သံဘိုကျေးရွာအုပ်စုများတွင် မိုဘိုင်းဖုန်းများ ဆက်သွယ်ပြောဆိုနိုင်ရေးဆိုတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်ချိုမြို့နယ်၊ ဟိုခိုကျေးရွာ အုပ်စုတွင် ရွာပေါင်း(၆)ရွာရှိပြီး လူဦးရေ (၂၇၉၂)ဦး နေထိုင်ပါတယ်။ ဒိုးပင်ကျေးရွာအုပ်စုမှာ ရွာပေါင်း(၁၀)ရွာ၊ လူဦးရေ(၄၂၆၇)ဦးရှိပြီး သံဘိုကျေးရွာအုပ်စု တွင် ရွာပေါင်း(၉)ရွာပါဝင်ကာ လူဦးရေ(၁၉၉၈)ဦး နေထိုင်တာဖြစ်ပါတယ်။လာမည့်နှစ် ဟိုခိုကျေးရွာ၊ နောင်ချိုမြို့နယ် ဆက်သွယ်ရေးတာဝါတိုင်နဲ့ (၃၂)မိုင်ကွာဝေးပြီး ဒိုးပင်ကျေးရွာအုပ်စုမှာ (၃၉)မိုင်၊ သံဘို ကျေးရွာအုပ်စုမှ (၃၈)မိုင် အသီးသီးကွာဝေးပါတယ်။

ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း လေးစားစွာဖြင့် မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

စိုင်းနော်ခမ်း(ခ)တင်ထွန်းအောင်၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ နှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ၊ ဖိတ်ကြားထားသောဧည့်သည် တော်များအားလုံး မင်္ဂလာပါ။ မိုးမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ် မေးမြန်းသည့်မေးခွန်းနှင့် ပတ်သက်ပြီး ၄င်းတံတားဟာ မန္တလေး-မိုးကုတ်-မိုးမိတ်-မဘိမ်း-ဆီဘူး-ဗန်းမော်လမ်းပေါ်မှာ တည်ရှိနေတဲ့ ပြည်ထောင်စုမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော လမ်းဖြစ်ပြီး ၄င်းလမ်းပေါ် မှာရှိပြီး စီမံကိန်းဝင်တံတားလည်းဖြစ်ပါတယ်။ ၄င်းလမ်းကို ရှမ်းပြည်နယ်အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့လမ်းအဖြစ် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မှာ လွှဲပြောင်းထားတာ ဖြစ်တဲ့အတွက် ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ၊ နေပြည်တော် (ရုံးချုပ်)မှ တံတားအင်ဂျင်နီယာချုပ်နှင့်အဖွဲ့ဟာ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၅)ရက်နေ့မှာ ရွှေလီမြစ်ကူးတံတား တည်ဆောက်ရေး စစ်ဆေးရန်အတွက် မိုးမိတ်မြို့ခရီးစဉ်ရောက်ရှိ နေသည့်အချိန် မိုးမိတ်မြို့၏ မြို့အဝင်နှင့်အထွက်ဖြစ်တဲ့ နမ့်မောင်းတံတားဘေလီ (၁၅၀)ပေ၊ သစ်သားတံတား (၁၈၀)ပေ၊ စုစုပေါင်းအရှည်(၃၃၀) ပေနှင့် နမ့်မိတ်တံတားဘေလီ(၁၅၀)ပေ၊ သစ်သားတံတား(၁၆၀)ပေ၊ စုစုပေါင်း အရှည်ပေ(၃၁၀)ပေ ၄င်းတံတား(၂)စင်းအား ကွင်းဆင်းစစ်ဆေး ကြုံခိုင်မှုအခြေအနေ စစ်ဆေးဆောင်ရွက်ရာမှာ ကြံ့ခိုင်





အခြေအနေအရ ကျွန်တော့်မေးခွန်းနဲ့ပတ်သက်သည့် လမ်းပိုင်းဟာဆိုရင် အတန်အသင့်ကောင်းမွန်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မေးမြန်းထားသည့် မေးခွန်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါလို့ လေးစားစွာ တင်ပြအပ် ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ
ရှမ်းပြည်နယ်ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော
ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်
ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့
တင်သွင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၉)ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်း များ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား ပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့ဝင်မှ ဝန်ကြီးမှ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်သိန်းမောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ။ အားလုံးပဲမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော် သားကိုယ်စားလှယ်များ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော် များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန် ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။**

ကျွန်တော့်အနေနဲ့ ၂၀၁၃-၂၀၁၄ခုနှစ်၊ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုတောင်းခံခြင်းကို ရှမ်းပြည်နယ် လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ဝန်ကြီးဌာန၊ ဦးစီးဌာနနဲ့ အဖွဲ့အစည်းများအားလုံး (၂၇)ဌာန ရှိပါတယ်။ ဒီထဲမှာ(၁၇)ဌာန တင်ပြတောင်းခံသွားတဲ့အကြောင်း ဦးစွာ တင်ပြလိုပါတယ်။ ဒီနေရာမှာလည်း လွှတ်တော်ကိုယ်စားလှယ် များအားလုံး အသေးစိတ်လေ့လာနိုင်ရန်အတွက် ဌာနတစ်ခုချင်း၏ တောင်းဆိုထားသည့် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ အသေးစိတ်ကို ဖော်ပြထားပြီး ဖြစ်ပါတယ်။ တင်ပြတဲ့ အခါမှာ မကျဉ်းမကျယ်တင်ပြ သွားမှာဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်(၂)မှာ ရှမ်းပြည်နယ်လွှတ်တော်မှ ၂၀၁၄ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ ဌာနအဖွဲ့အစည်းများသည် ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်တဲ့ နေရာမှာ အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်ဘောင် အတွင်း မိမိတို့နှင့်သက်ဆိုင်ရာ အခွန်၊အကောက်နှင့် အခြားရငွေများကို အပြည့်အဝရရှိစေရန် စီမံကြီးကြပ်ကောက်ခံရန် နှင့် အသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျသုံးစွဲကြရန် အဓိကတာဝန်ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း ကြီးကြပ် လမ်းညွှန်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ် အဆင့်ဌာန အဖွဲ့အစည်းများဟာ သာမန်အသုံးစရိတ်မှာ အကြောင်းအမျိုးမျိုးကြောင့် အရအသုံးခန့်မှန်းခြေငွေစာရင်းတွင်



D/real(wide) (2



တောင့်တင်းမှုရှိပြီး သုံးစွဲ၍ ဖြတ်သန်းသွားလာ၍ရကြောင်း မှတ်ချက်ပြုထားပါသည်။ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မှာ နမ့်မိတ် တံတားနှင့်နမ့်မောင်းတံတား ကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ် ဆက်လက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဘေလီတံတားအဆင့်မှ သံကူကွန်ကရစ်တံတားအဆင့်သို့ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် အတွက် ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေထဲမှ ၄င်းတံတား(၂)စင်းကို သံကူကွန်ကရစ်တံတား တိုးမြှင့်တည်ဆောက် နိုင်ရန်အတွက်အကြိုမြေစမ်းသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက် သွားမှာဖြစ်ပြီး၊ တံတားပုံစံထုတ်ခြင်းလုပ်ငန်းများကို လည်း ဆောင်ရွက် သွားမှာဖြစ်ကြောင်း၊ ၄င်းတံတား(၂)စင်းအနက်မှ ရှမ်းပြည်နယ်၏ ရန်ပုံငွေ ဂျီဒီပီအချိုးကို တွက်ဆပြီး တံတား(၂)စင်းလုံးသော် လည်းကောင်း၊ သို့တည်းမဟုတ် မန္တလေး-မိုးကုတ်မှအဝင်ဖြစ်သည့် မိုးမိတ်မြို့အဝင်တံတားကိုသော်လည်းကောင်း ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှာ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရန် အတွက် ရန်ပုံငွေထည့်သွင်းလျာထားသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းခမ်းကျော် က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းခမ်းကျော်၊ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအာလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းခမ်းကျော် ဖြစ်ပါတယ်။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ကျွန်တော့်မေးခွန်းဟာ ဆိုရင် ပြီးခဲ့တဲ့မတ်လတုန်းက တင်သွင်းခဲ့သော မေးခွန်းဖြစ်ပါတယ်။ အချိန်ကာလအားဖြင့် (၆)လခန့် ကြာခဲ့ပြီ ဖြစ်ပါတယ်။ ယခုလက်ရှိ

ခွင့်ပြုထားတဲ့ ရန်ပုံငွေနဲ့ မလုံလောက်တဲ့အတွက် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ၂၀၁၄-၂၀၁၅ ခုနှစ်၊ အမျိုးသားစီမံကိန်းဥပဒေမှာပါဝင်တဲ့ လုပ်ငန်းစီမံကိန်းများအတွက်ပါ ဖြည့်စွက်ခွင့်ပြု တောင်းခံရန် ပြည်ထောင်စုဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ(၃)ရက်နေ့ ရက်စွဲပါစာအမှတ်၊ဘခ - ၃/၂၀(၂၃၆၃)/ ၂၀၁၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏(၈-၈-၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၁၉၂၆/၃၄၉-ဖြည့်စွက် ၃-၈(၃/အဖရ ၂၀၀၄)ဖြင့် အကြောင်းကြားထားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ ဥပဒေ ပုဒ်မ(၂၅)အရ ဘဏ္ဍာရေးကော်မရှင်အဖွဲ့ဝင် ဖြစ်တဲ့ ဝန်ကြီးချုပ်ဟာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် မိမိတိုင်း ဒေသကြီး/ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက် (သို့မဟုတ်) နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရန် လျာထားချက်ကို သတ်မှတ်ချိန်အတွင်း ပြုစု၍ ဘဏ္ဍာရေးကော်မရှင်သို့ တင်ပြရမည်ဖြစ်သည့်အတွက်ကြောင့် ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုတောင်းခံတဲ့စာရင်းများကို (၂၉-၈-၂၀၁၄)ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁၆/၂၀၁၄)မှာ အတည်ပြုခဲ့ပြီး ဖြစ်ပါ၍ ပြည်နယ်လွှတ်တော်သို့ တင်သွင်းအပ် ပါတယ်။

၂၀၁၄-၂၀၁၅ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက် ခွင့်ပြုငွေတင်ပြတောင်းခံထားသည့် စာရင်းများ ဖြစ်ပါတယ်။ သာမန်အသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း (၃၇၃၂.၅၁၁)သန်း တင်ပြတောင်းခံထားပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ် အနေဖြင့် ကျပ်သန်းပေါင်း(၂၀၇၀၃.၄၁၂)သန်း တင်ပြတောင်းခံ ထားပါတယ်။ ကြွေးမြီအသုံးစရိတ်(၁၂၇၄.၇၇၁)သန်း တင်ပြ





ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေထဲမှာ ပါဝင်တဲ့ " ဝ" တိုင်းဦးစီးအဖွဲ့ အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်း မရှိဘဲ၊ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၂၆၈. ၁၀၀)သန်း တင်ပြတောင်းခံ ထားပါတယ်။ အသုံးပြုမည့် ကိစ္စရပ်မှာ ရုံးတည်ဆောက်ခြင်းအတွက်(၂၀)ရာခိုင်နှုန်း၊ မြို့တော် ခန်းမ၊ ကျောက်တိုင်ကွင်း တည်ဆောက်ခြင်းတွေမှာ အသုံးပြု သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဓနုဒေသဦးစီးအဖွဲ့ အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ၊ ငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၆၉. ၇၈၈)သန်း တင်ပြတောင်းခံထားပါတယ်။ အသုံးပြုမည့်လုပ်ငန်းများမှာ **Ground Tank, Fancing, R.C Culvert, Car Parking, VIP** ဧည့်ခန်းပြင်ဆင်ခြင်း နှင့် **VIP** အိမ်သာဆောက်လုပ်ခြင်းတို့မှာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။

ပအိုဝ်းဒေသဦးစီးအဖွဲ့ အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ၊ ငွေလုံး ငွေရင်းအသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၄၃. ၄၈၀)သန်း တင်ပြတောင်းခံထားပါတယ်။ အသုံးပြုမည့် လုပ်ငန်းများမှာ ကားဂိုဒေါင်ဆောက်လုပ်ခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် ပရိဘောဂများ ဝယ်ယူခြင်းမှာ အသုံးပြု သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပလောင်ဒေသဦးစီးအဖွဲ့ အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ၊ ငွေလုံး ငွေရင်း အသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၁၈. ၇၅၀)သန်း တင်ပြတောင်းခံထားပါတယ်။ ဆောင်ရွက်မည့်လုပ်ငန်းများမှာ ရုံးမျက်နှာကျက်ပြင်ဆင် ဆေးသုတ်ခြင်းလုပ်ငန်းမှာ ဆောင်ရွက်မှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေထဲမှာ ပါဝင်သည့် ဆည်မြောင်းဦးစီးဌာနမှာ သာမန်အသုံး စရိတ်အနေဖြင့် ကျပ်သန်းပေါင်း(၁၁၇၀. ၃၃၀)သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်သန်းပေါင်း (၁၃၆၈. ၄၄၅) ဖြစ်ပြီး၊ စုစုပေါင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၂၅၃၈. ၇၇၅)သန်း ဖြစ်ပါတယ်။ အသေးစိတ် စာရင်းကို ဖြန့်ဝေထားပြီး ဖြစ်ပါ၍ လေ့လာသုံးသပ်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေထဲမှာ ပါဝင်သည့် ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ် ရေးစီမံကိန်းရုံး ဖြစ်ပါတယ်။ သာမန်အသုံးစရိတ် (၁. ၀၀)သန်း တင်ပြတောင်းခံထားပါတယ်။ သုံးစွဲမည့် အနေအထားကတော့ ဝန်ထမ်းအိမ်ရာများ ပြင်ဆင်ရန် ဖြစ်ပါတယ်။ ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ၊ ငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း (၁၂၇၁. ၀၀) သန်း တင်ပြတောင်းခံထား ပါတယ်။ အသေးစိတ်စာရင်းကို ဖြန့်ဝေထားပြီး ဖြစ်ပါ၍ လေ့လာ နိုင်ကြောင်း တင်ပြ အပ်ပါတယ်။

စာရင်းရုံးများအတွက် သာမန်အသုံးစရိတ်မှာ ကျပ်သန်း ပေါင်း(၁၂. ၉၉၃)သန်း တင်ပြတောင်းခံထားပြီး၊ ငွေလုံးငွေရင်းအသုံး စရိတ် အနေဖြင့် (၁. ၅၃၆)သန်း တင်ပြတောင်းခံထားပြီး၊ စုစုပေါင်း အသုံးစရိတ်မှာ(၁၄. ၅၂၉)သန်း တင်ပြတောင်းခံထားပါတယ်။ အသုံးပြုမည့်ကိစ္စရပ်များ အနေဖြင့် သာမန်အသုံးစရိတ်မှာ ဝန်ထမ်း များ၏ လစာငွေများအတွက် အသုံးပြုမှာဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ်မှာ ကွန်ပျူတာ(၄)လုံး ဝယ်ယူရန် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အထွေထွေအုပ်ချုပ်ဦးစီးဌာန အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ၊ ငွေလုံးငွေရင်း အသုံးစရိတ်အနေနဲ့



D/real(wide) (2



တောင်းခံထားတဲ့အတွက် စုစုပေါင်း တင်ပြတောင်းခံငွေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ခွင့်ပြုတောင်းခံငွေသည် ကျပ်သန်းပေါင်း (၂၅၇၁၀. ၆၉၄)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဖော်ပြပါဇယားကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအတွက် ရှင်းလင်း ချက်ပဲဖြစ်ပါတယ်။ သာမန်အသုံးစရိတ်နှင့် ငွေလုံးအသုံးစရိတ် (၂)မျိုးလုံးပါဝင်ပါတယ်။ အမှတ်စဉ်(၁)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ အသုံးစရိတ်အဖြစ် ကျပ်သန်းပေါင်း(၁၄၄၆. ၈၈၀)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၁၁၁၆၇. ၅၈၅) သန်း တောင်းခံထားတဲ့အတွက် စုစုပေါင်း တင်ပြတောင်းခံထားတဲ့ ဖြည့်စွက်ခွင့်ပြုငွေသည် ကျပ်သန်းပေါင်း(၁၂၆၁၄. ၄၆၅)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် ပါဝင်တဲ့ အစိုးရအဖွဲ့အနေနဲ့ သာမန်အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၂၇၅. ၅၅၀)သန်း တင်ပြတောင်းခံထားပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၈၁၂၈. ၀၂၂)သန်း တင်ပြတောင်းခံ တဲ့အတွက် စုစုပေါင်းကျပ်သန်းပေါင်း(၈၄၀၃. ၅၇၂)သန်း တင်ပြ တောင်းခံထားပါတယ်။ သုံးစွဲမည့် ကိစ္စရပ်များအနေဖြင့် သာမန် အသုံးစရိတ်အတွက် အထောက်အကူပြုကော်မတီများအတွက် စရိတ်ချီးမြှင့်ငွေ၊ ရုံးသုံးပစ္စည်းများ၊ ဓါတ်ဆီ၊ စက်ဆီ၊ ချောဆီ၊ ADSL လိုင်းကြေးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဧည့်ခံကျွေးမွေးစရိတ်၊ နေ့ကြီး ရက်ကြီးများ ကျင်းပရေးမှာ အသုံးပြုရန်အတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်းမှာ ရုံးသုံး စက်ကိရိယာနှင့် ပရိဘောဂများ ဝယ်ယူရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရန်၊ မော်တော်ယာဉ်(၂၃)စီးကို အကြီးစားပြင်ဆင်ရန်အတွက် တင်ပြ တောင်းခံခြင်း ဖြစ်ပါတယ်။

ကျပ်သန်းပေါင်း (၉၄၇. ၁၃၃) သန်း တင်ပြတောင်းခံထားပါတယ်။ အသုံးပြုမည့် ကိစ္စရပ်များ အနေဖြင့် ဝန်ထမ်းနေအိမ်နှင့်ရုံးများ ဆောက်လုပ်ရန်၊ **e-Government** လုပ်ငန်းများ ဆောင်ရွက်ရန်၊ **ADSL** လိုင်း ချိတ်ဆက်အသုံးပြုရန် တင်ပြတောင်းခံမှုဖြစ်ပြီး၊ အသေးစိတ်စာရင်းကို လွှတ်တော်ကိုယ်စားလှယ်များအား ဖြန့်ဝေထားပြီး ဖြစ်ပါ၍ လေ့လာသုံးသပ်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ၊ ငွေလုံးငွေရင်း အသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း(၂၆. ၇၈၀)သန်း တင်ပြ တောင်းခံထားပါတယ်။ သုံးစွဲမည့် အနေအထားကတော့ (၆)ခန်းတွဲ(၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရန်(၁၀)ရာခိုင်နှုန်း၊ **EDMS** စနစ် ချိတ်ဆက် အသုံးပြုရန် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မီးသတ်ဦးစီးဌာန အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ၊ ငွေလုံးငွေရင်း အသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း (၁၆၅. ၁၀၀) သန်း တင်ပြတောင်းခံထားပါတယ်။ အသုံးပြုမည့် အနေအထားကတော့ မီးသတ်ယာဉ်၊ ရေသယ်ယာဉ် များ ဝယ်ယူရာတွင် ကျသင့်သည့် အခွန်အခများ ပေးဆောင်ရန် အတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။

သမဝါယမဦးစီးဌာန အနေဖြင့် သာမန်အသုံးစရိတ် အတွက်(၂၈. ၉၁၂)သန်း တင်ပြတောင်းခံထားပြီး၊ ငွေလုံးငွေရင်း အသုံးစရိတ်ကို တင်ပြတောင်းခံထားခြင်းမရှိကြောင်းနှင့် သုံးစွဲမည့်အနေအထားကတော့ ဝန်ထမ်း(၉၅)ဦး ထပ်မံ ခန့်ထားရန်အတွက် လစာ၊ စရိတ်ချီးမြှင့်ငွေ၊ ခရီးစရိတ်များနှင့် မော်တော်ယာဉ် ပြင်ဆင်စရိတ်များ အတွက် လိုအပ်ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။



D/real(wide) (2



အနေနဲ့ ကျပ်သန်းပေါင်း (၅၇၀၆. ၁၈၇) သန်း တင်ပြတောင်းခံထားပါတယ်။ သုံးစွဲမည့်အနေအထားမှာ လွှတ်တော်ကိုယ်စားလှယ်များအား အသေးစိတ် ဖြန့်ဝေထားပြီး ဖြစ်ပါ၍ လေ့လာသုံးသပ်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

အားကစားနှင့်ကာယပညာဦးစီးဌာန အနေဖြင့် သာမန်အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း (၉၂. ၁၄၄)သန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း (၆၈၀. ၂၀၀) သန်းဖြစ်ပြီး စုစုပေါင်းအသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၇၇၂. ၅၄၄)သန်း တင်ပြတောင်းခံထားပါတယ်။ သာမန်အသုံးစရိတ်အနေဖြင့် သုံးစွဲမှုကတော့ ပြည်နယ်/ခရိုင်/ မြို့နယ် အားကစားပြိုင်ပွဲများ လူရွေးချယ်ရေးပွဲများ၊ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပ ပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲစရိတ်များ လိုအပ်ခြင်းအတွက် တင်ပြ တောင်းခံထားပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်စာရင်းအသေးစိတ်ကို လွှတ်တော် ကိုယ်စားလှယ်များအား ဖြန့်ဝေ ထားပြီး ဖြစ်ပါ၍ လေ့လာသုံးသပ် နိုင်ကြောင်း တင်ပြအပ်ပါတယ်။

စီမံကိန်းရေးဆွဲရေးဦးစီးဌာန အနေဖြင့် သာမန်အသုံးစရိတ် အနေဖြင့် ကျပ်သန်းပေါင်း (၁၁၆. ၄၅၀)သန်း၊ ငွေလုံးငွေရင်းအသုံး စရိတ် တင်ပြတောင်းခံထားခြင်းမရှိဘဲ၊ သုံးစွဲမည့်အနေအထားမှာ လစာ၊ စရိတ်ချီးမြှင့်ငွေ၊ခရီးစရိတ် လုပ်အားခ၊ အခွန်အခ၊ သယ်ယူပို့ဆောင်စရိတ်၊ ရုံးအသုံးအဆောင်၊ ဓါတ်ဆီ၊ စက်ဆီ၊ လျှပ်စစ်ဓါတ်အားခနှင့် ကော်ပြာခများအတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် သာမန် အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း (၁၇. ၀၉၀)သန်း တင်ပြ

တောင်းခံထားပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြတောင်းခံထားခြင်းမရှိဘဲ၊ သုံးစွဲမည့်အနေအထားမှာ အစိုးရ နေအိမ်မရရှိသေးသော ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဒေသဦးစီးအဖွဲ့ဝင်များ၏ နေအိမ်ငှားရမ်းခအဖြစ် လစာ၏(၁၀)ရာခိုင်နှုန်းအား ပေးချေရန် ထပ်မံလိုအပ်ခြင်းအတွက် တင်ပြ တောင်းခံခြင်းဖြစ်ပါတယ်။

အဆောက်အဦ၊ လမ်းနှင့်တံတားပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း အနေဖြင့် သာမန်အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း (၁၅၂၄. ၄၄၅)သန်း တင်ပြတောင်းခံပြီး ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြတောင်းခံထားခြင်းမရှိဘဲ၊ သုံးစွဲမည့် အနေအထားမှာ နယ်မြေခံလူထုနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ တောင်းဆိုချက်အရ လည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ခရိုင်မြို့နယ်များနှင့် ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရန် ပြုပြင်ရန် လိုအပ်သော ပေ(၅၀)အောက် သစ်သားတံတားများနှင့် ပြွန်တံတားများအား အခိုင်အမာတံတားများအဖြစ် တည်ဆောက်ရန်၊ သဘာဝဘေးဒဏ်၊ မိုးဒဏ်ကြောင့် ပျက်စီးသွားသော လမ်းတံတားများ ပြုပြင်ရန် လမ်းညွှန်ချက် အရ ဒေသဖွံ့ဖြိုးရေး လမ်းများအတွက် လမ်းအဆင့်မြှင့်တင်ပေးခြင်း၊ လိုအပ်သော နေရာများအတွက် လမ်းရေရှည် တည်တံ့ခိုင်မြဲစေရန် မြေကာနံရံ တပ်ဆင်ပေးခြင်းတို့အတွက် လိုအပ်ခြင်းအတွက် တင်ပြ တောင်းခံခြင်း ဖြစ်ပါ တယ်။ အသေးစိတ်ကို လွှတ်တော် ကိုယ်စားလှယ်များအား ဖြန့်ဝေထားပြီး ဖြစ်ပါ၍ လေ့လာသုံးသပ်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး အနေဖြင့် သာမန် အသုံးစရိတ်အနေဖြင့် ကျပ်သန်းပေါင်း (၀. ၃၉၉)သန်း တင်ပြ



D/real(wide) (2



အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် သာမန် အသုံးစရိတ်အတွက် (၁၆. ၂၆၃)သန်း၊ ငွေလုံးငွေရင်းအသုံး စရိတ်အတွက် (၁၆. ၁၆၃)သန်း တင်ပြတောင်းခံခြင်း ဖြစ်တဲ့အတွက် စုစုပေါင်း(၃၂. ၄၂၆)သန်း ဖြစ်ပါတယ်။ သာမန်အသုံးစရိတ်အတွက် အသုံးပြုမှာကတော့ အထက်တန်းရက်ကန်းကျောင်းများ အဆင့် တိုးမြှင့်ခြင်း၊ ပြည်နယ်အတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ပြည်နယ်ရုံးဖွင့်လှစ်ခြင်းကြောင့် အသုံးစရိတ်များ လိုအပ်ခြင်း၊ ဖွဲ့စည်းပုံ တိုးချဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အသုံးစရိတ် အနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ရက်ကန်းကျောင်းအတွက် ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးပရိဘောဂများ လိုအပ်ခြင်းနှင့် ကျောက်မဲရက်ကန်းကျောင်းအတွက် ရက်ကန်းစင် (၁)စင် ဝယ်ယူရန်အတွက် ဖြစ်ပါတယ်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေဖြင့် သာမန် အသုံးစရိတ်အတွက်(၃. ၉၄၄)သန်း တင်ပြ တောင်းခံထားပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်ကို တင်ပြတောင်းခံထားခြင်းမရှိကြောင်းနှင့် သာမန် အသုံးစရိတ်အတွက် အသုံးပြုမှာကတော့ ဝန်ထမ်းများ အတွက် လစာ၊ စရိတ်ချီးမြှင့်ငွေနှင့် ခရီးစရိတ်များလိုအပ်ခြင်းတို့ အတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် သာမန်အသုံးစရိတ်အတွက် (၈. ၃၀၆)သန်း တင်ပြ တောင်းခံထားပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်ကို တင်ပြတောင်းခံထားခြင်းမရှိကြောင်းနှင့် သာမန်အသုံးစရိတ်အတွက် အသုံးပြုမည့် အနေအထားကတော့ ဝန်ထမ်းများ၏ လစာငွေများ လိုအပ်ခြင်း၊ တိုးမြှင့်ကောက်ခံသော အခွန်အခများ ပေးဆောင်ရန် လိုအပ်ခြင်းတို့အတွက် တင်ပြတောင်းခံခြင်းဖြစ်ပါတယ်။

လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း အနေဖြင့် သာမန်အသုံးစရိတ် တင်ပြတောင်းခံခြင်းမရှိဘဲ၊ ငွေလုံးငွေရင်း အသုံးစရိတ်

တောင်းခံထားပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ် တင်ပြတောင်းခံထားခြင်းမရှိဘဲ၊ သုံးစွဲမည့် အနေအထားမှာ ဝန်ထမ်းများအတွက် ခရီးစရိတ်နှင့် လူမှုဖူလုံရေးဥပဒေအရ ပေးသွင်းငွေများ ထပ်မံလိုအပ်ခြင်း အတွက် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။

စည်ပင်သာယာရေးဌာန အနေဖြင့် သာမန်အသုံးစရိတ် အနေဖြင့် ကျပ်သန်းပေါင်း (၄၆၄. ၄၈၅)သန်း တင်ပြတောင်းခံထားပြီး ငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့ ကျပ်သန်းပေါင်း (၁၉၉၂. ၇၂၈)သန်းဖြစ်ပြီး စုစုပေါင်း အသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၂၄၅၇. ၂၁၃)သန်းတင်ပြတောင်းခံထားပါတယ်။ သုံးစွဲမည့်အနေအထားမှာ သာမန်အသုံးစရိတ်အနေဖြင့် သုံးစွဲမှာကတော့ စရိတ်ချီးမြှင့်ငွေ၊ အခွန်အခ၊ လျှပ်စစ်ဓါတ်အားခနှင့် အဆောက်အဦနှင့် အခြားပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အစိုးရ ဝန်ထမ်းများအတွက် အကျိုးခံစားခွင့်များအတွက် တင်ပြတောင်းခံခြင်း ဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်ကို စည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်ရန် တင်ပြတောင်းခံခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် စုစုပေါင်း တင်ပြတောင်းခံသည့် သာမန်အသုံးစရိတ် သည် ကျပ်သန်း ပေါင်း (၃၇၃၂. ၅၁၁)သန်း၊ ငွေလုံးငွေရင်းအတွက် စုစုပေါင်း ကျပ်သန်းပေါင်း(၂၀၇၀၃. ၄၁၂)သန်းဖြစ်ပြီး၊ စုစုပေါင်း (၂၄၄၃၅. ၉၂၃)သန်း ဖြစ်ပါတယ်။

ဒါ့အပြင် နောက်ထပ်ကြွေးမြီစာရင်းမှာ ပါဝင်တင်ပြတောင်းခံမည့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အနေဖြင့် ကြွေးမြီအတွက်အသုံးစရိတ်ကို ကျပ်သန်းပေါင်း(၁၂၂၅. ၇၄၁)သန်းနှင့် အတိုးပေးချေရန်အတွက် ကျပ်သန်းပေါင်း(၄၉. ၀၃၀)သန်းဖြစ်တဲ့အတွက် စုစုပေါင်းတင်ပြတောင်းခံငွေသည် ကျပ်သန်းပေါင်း (၁၂၇၄. ၇၇၁)သန်း ဖြစ်ပါတယ်။ (၂)ခုပေါင်း တင်ပြတောင်းခံငွေစာရင်းအား ဖြန့်ဝေထားရှိပြီး စုစုပေါင်းကျပ်သန်းပေါင်း





များနှင့်ဝန်ဆောင်မှုပါဝင်မှာဖြစ်သလို ဓါတ်ဆီ၊ စက်ချောဆီ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ဧည့်ခံစရိတ်တွေပါဝင်သည် ဖြစ်ပါသည်။ စုစုပေါင်းကျပ်သန်းပေါင်း(၁၄၄၆. ၈၈၀)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အစိုးရအဖွဲ့၏ အသေးစိတ်စာရင်းများ ဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာန၏ ပြင်ဆင်ထိန်းသိမ်းစရိတ်မှာ ကျပ်သန်းပေါင်း (၁၁၇၀. ၃၃၀)သန်းတင်ပြတောင်းခံခြင်းဖြစ်ပြီး၊ သာမန်အသုံးစရိတ် ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ စာရင်းစစ်ရုံး၏ လစာအသုံးစရိတ်ဖြစ်ပါတယ်။ သမဝါယမဦးစီးဌာနမှာလည်း လစာအသုံးစရိတ်၊ ခရီးစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ် ပါဝင်မှာ ဖြစ်ပါတယ်။ အသေးစားစက်မှုလက်မှုမှာ လစာစရိတ်ချီးမြှင့် ငွေ၊ ခရီးစရိတ်၊ ပစ္စည်းများ၊ လုပ်အားခနှင့် ဆောင်ရွက်မှုပါဝင်မှာ ဖြစ်ပါတယ်။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှာ ပစ္စည်းလုပ်အားခ ဖြစ်ပါတယ်။ အဆောက်အဦ၊လမ်းတံတားမှာလည်း ပြင်ဆင်ထိန်းသိမ်းစရိတ်ဖြစ်ပါတယ်။ ပြည်တွင်းကုန်တင်ကုန်ချမှာလည်း ခရီးစရိတ်နှင့်လွှဲပြောင်းခြင်း အသေးစိတ်စာရင်းဖြစ်ပါတယ်။ ဒါကြောင့် သာမန် အသုံးစရိတ်မှာ ကျပ်သန်းပေါင်း(၃၇၃၂. ၅၁၁)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဘဏ်ငွေလုံးငွေရင်းအသုံးစရိတ်အသေးစိတ်စာရင်းဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်သန်းပေါင်း (၁၁၁၆၇. ၅၈၅)သန်းဖြစ်ပါတယ်။ အဲဒီအထဲမှာ အစိုးရအဖွဲ့၊ 'ဝ'တိုင်းဦးစီး၊ ဓနုဒေသဦးစီး၊ ပအိုဝ်းဒေသဦးစီး၊ ပလောင်ဒေသ ဦးစီး၊ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ဆည်မြောင်းစာရင်း တွေပါဝင်ပြီးတော့ လုပ်ငန်းတစ်ခုခြင်းအလိုက် တင်ပြ တောင်းခံထားတဲ့ အသေးစိတ်စာရင်းဖြစ်ပါတယ်။

အမှတ်စဉ်(၂)မှာတော့ စာရင်းစစ်ရုံးများဖြစ်ပါတယ်။ စက်ကိရိယာ ဝယ်ယူဖို့ တင်ပြသွားခြင်းဖြစ်ပါတယ်။ အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာနမှာ လုပ်ငန်းစီမံကိန်းသစ်များ၊ ဆောင်ရွက်ဆဲ ဖြည့်စွက်လုပ်ငန်းများနှင့် စက်ကိရိယာ တွေပါဝင်မှာ ဖြစ်ပါတယ်။ ထိုနည်းအတူ အထူးစုံစမ်းစစ်ဆေးရေးနှင့် မီးသတ်ဦးစီးတွေလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်ပါတယ်။ မီးသတ်ဦးစီးဌာနမှာ မူလ တင်ပြထားတဲ့ (၁၆၅. ၁)သန်းသည်လည်း အခွန်ပေးသွင်းရမည့် တန်ဖိုးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စုစုပေါင်း ငွေလုံးငွေရင်း အသုံးစရိတ်သည် ကျပ်သန်းပေါင်း(၂၇၃. ၄၁၂)သန်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဖော်ပြပါဇယားကတော့ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် ရငွေ တိုးလာခြင်းနှင့် လျော့ရတဲ့ အကြောင်းရင်းဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေနှင့် မူလခန့်မှန်းခြေမှာ ရငွေသည် ကျပ်သန်းပေါင်း(၉၉၈၄. ၈၀၈)သန်း လျာထားပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေမှာ ကျပ်သန်းပေါင်း(၁၇၆၈၂. ၄၆၃)သန်း လျာထားတာဖြစ်သည့်အတွက် ကျွန်တော်တို့ရဲ့ရငွေဟာ ပိုငွေအဖြစ် ရရှိပါတယ်။ ရှင်းလင်းချက်အနေဖြင့် နယ်စပ်တံတားဂိတ်မှ ဖြတ်သန်း၍ စီးပွားအဖြစ် သယ်ဆောင်လာတဲ့ တစ်ဆွဲတစ်နိုင်တစ်ပိုင် လူသုံးကုန်ပစ္စည်းများ အပေါ် ဖြတ်သန်းဝင်ဆောင်ခ(၃)ရာခိုင်နှုန်းနှင့် စီဗီဒီမူဆယ်မြေအသုံးချမှုတန်ဖိုးရငွေ၊ **FM Radio** အချိုးရငွေ ကနေ ပေးသွင်းခြင်းဖြစ်တာကြောင့် ရငွေပိုလာခြင်းဖြစ်ပါတယ်။ လွှတ်တော်ရုံးအနေနှင့် ကျွန်တော်တို့ပြုပြင်ပြီး ခန့်မှန်းခြေမှာ (၀. ၇၁၇)စာရင်းပိုလာပါတယ်။ ဒါကတော့ ကျွန်တော်တို့စာရင်း စစ်ဆေးတဲ့အခါမှာ စစ်ဆေးတွေ့ရှိချက်အရ ပြန်ပေးသွင်းရခြင်းဖြစ်ပါ တယ်။ တရားလွှတ်တော်ရုံး အနေနှင့် မူလခန့်မှန်းခြေမှာ (၃၅. ၀၀)သန်းဖြစ်ပြီးတော့ ပြုပြင်ပြီးခန့်မှန်းခြေမှာ (၁၁၅. ၈၅၆)သန်း ဖြစ်တဲ့အတွက် ပိုငွေ(၈၀. ၈၅၆)သန်းဟာ ပိုရငွေဖြစ်ပါတယ်။ ရှင်းလင်းချက်အနေဖြင့် ဘဏ္ဍာသိမ်းပစ္စည်းများ လေလံတင်





(၂၅၇၁၀. ၆၉၄)သန်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် (၂၅. ၇၁၀) ဘီလီယံ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တောင်းခံသော အတိုးပေးငွေမှာ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် အတွင်း ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ လိုငွေကို ဖြည့်ဆည်း ပေးသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ချေးငွေကျပ်(၁၂၂၅၇၄၁၂၄၅၂/-)အတွက် တစ်နှစ်လျှင် အတိုးနှုန်း (၄%)ဖြင့် ပေးချေးရမည့်အတိုး ကျပ်(၄၉၀၂၉၆၅၀/-)အား အတိုးစရိတ်အဖြစ် ထည့်သွင်း လျာထား သည့်အကြောင်း ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတွင် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် တောင်းခံသော ကြွေးမြီအသုံးစရိတ်မှာ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရငွေထက်ပိုသော အသုံးစရိတ်များအတွက် လိုငွေများအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ချေးယူရငွေအတွက် ပြန်လည် ပေးဆပ် ရမည့် အသုံးစရိတ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပြည်နယ်အဆင့်စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာ ရေးအဖွဲ့များမှာ ပါဝင်နေတဲ့ မြန်မာ့ရုပ်ရှင် လုပ်ငန်းနှင့် စည်ပင်သာယာ ရေးလုပ်ငန်းတွေမှာ ပိုငွေရှိပြီး မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွေမှာ အနည်းငယ်လိုငွေ ဖြစ်ပေါ်လာတဲ့အတွက် ချေးငွေ ရယူခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဖော်ပြပါဇယားကတော့ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်း(သာမန်အသုံးစရိတ်)၏ အသေးစိတ်စာရင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်နယ် အစိုးရအဖွဲ့မှာ လစာစရိတ်ချိုးမြှင့်ငွေ ပါဝင်ပြီး ပစ္စည်းများ၊ လုပ်အား

ရောင်းချခြင်းကြောင့် ရရှိလာတဲ့ ငွေများဖြစ်ပါတယ်။ ဥပဒေရုံး ကတော့ မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေ အပြောင်းအလဲမရှိပါဘူး၊ စာရင်းရုံးအနေနဲ့ မူလခန့်မှန်းခြေမှာ (၀. ၄၄၉)သန်း ဖြစ်ပြီးတော့ ပြုပြင်ပြီး ခန့်မှန်းခြေရငွေမှာ(၀. ၉၆၉)သန်းဖြစ်ပါတယ်။ ပိုငွေဖြစ်ပါတယ်။ ဒါကတော့ တင်ဒါလျှောက်လွှာရောင်းရငွေ၊ အိမ်လခရငွေ မှာ ပိုမိုရရှိလာခြင်းဖြစ်ပါတယ်။

အမှတ်စဉ်(၆)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ မူလ ခန့်မှန်းခြေ(၅၂၄. ၁၇၃)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေမှာ (၅၃၀. ၂၈၈)သန်းဖြစ်တဲ့အတွက် ပိုငွေပေါ်လာပါတယ်။ **MPA** သင်တန်းသားများမှ လျော်ကြေးငွေ ပေးသွင်းခြင်းမှ ရရှိခြင်း ဖြစ်ပါတယ်။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှတော့ ပြောင်းလဲခြင်းမရှိပါဘူး၊ မီးသတ်ဦးစီးဌာန အနေနှင့်မူလခန့်မှန်းခြေ ရငွေသည် (၂. ၃၁၅)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေသည် (၁၃. ၉၂၅)သန်း ဖြစ်တဲ့အတွက် ပိုငွေရရှိလာပါတယ်။ ရှင်းလင်းချက်အနေဖြင့် မီးသတ်လုံခြုံရေးစစ်ဆေးခြင်း၊ ဝန်ဆောင်ခ နှုန်းထားများ ပြောင်းလဲသတ်မှတ်လိုက်ခြင်းကြောင့် စစ်ဆေးခမှ ပိုမိုရရှိလာခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် တင်ဒါလျှောက်လွှာ ရောင်းရငွေများမှ ရရှိခြင်းဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်လုပ်ငန်းကတော့ အပြောင်းအလဲမရှိပါဘူး၊ သမဝါယမဦးစီးဌာန အနေနှင့်မူလခန့်မှန်းခြေ ရငွေမှာ(၂. ၄၇၁) သန်းဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေမှာ(၆. ၈၁၂)သန်းဖြစ်တဲ့အတွက် ငွေပိုမိုရရှိလာပါတယ်။ ဒါကတော့အသင်းမှတ်ပုံတင်ကြေး တိုးမြှင့်ကောက်ခံရရှိတဲ့အတွက် ဖြစ်ပါတယ်။ အမှတ်စဉ်(၁၁)မှာ အသေးစား စက်မှုလက်မှုလုပ်ငန်းမူလခန့်မှန်းခြေ(၀. ၆၉၀)သန်း ဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေမှာ(၃. ၀၆၂)သန်းဖြစ်ပါတယ်။





အမှတ်စဉ်(၂၂)မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဖြစ်ပါတယ်။ မူလခန့်မှန်းခြေရရှိငွေသည် (၁. ၄၇၄)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရငွေသည်(၃၈. ၈၇)သန်း ဖြစ်တဲ့အတွက် ပိုမိုရရှိလာပါတယ်။ ဒါကတော့ဝန်ထမ်းများထံမှ အိမ်ငှားရမ်းခ ရငွေဖြစ်ပါတယ်။ အဆောက်အဦ၊ လမ်း၊ တံတားနှင့် လမ်းနှင့် တံတား ပြင်ဆင်ထိန်းသိမ်းခြင်းမှာတော့ မူလခန့်မှန်းခြေရငွေနှင့် ပြုပြင်ပြီး ခန့်မှန်းခြေရငွေကတော့ အပြောင်းအလဲမရှိပါဘူး၊ အမှတ်စဉ်(၂၄)မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းဖြစ်ပါတယ်။ မူလခန့်မှန်း ခြေရငွေသည် ကျပ်သန်းပေါင်း(၁၂၅၆၉၇. ၇၇၅)သန်း ဖြစ်ပြီးပြုပြင်ပြီး ခန့်မှန်းခြေမှာ ကျပ်သန်းပေါင်း (၁၁၆၁၃၂. ၈၃၆) သန်း ဖြစ်တဲ့အတွက် ရငွေလျော့နည်းသွားပါတယ်။ ကျပ်သန်း ပေါင်း(၉၅၆၄. ၉၃၉)သန်း လျော့နည်းသွားပါတယ်။ ရှင်းလင်းချက် အနေနဲ့တော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ ဆောင်ရွက် နေတဲ့ ပြည်နယ်လမ်းတွေကို လမ်းတံတားလုပ်ငန်းအချို့တွေကို စီမံကိန်းအထူးအဖွဲ့ကို လုပ်ငန်းအပ်နှံလိုက်တဲ့အတွက် ကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဗဟိုပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးမှာလည်း အပြောင်းအလဲမရှိပါဘူး၊ အမှတ်စဉ်(၂၆)မှာ စည်ပင်သာယာရေးအဖွဲ့ရဲ့ မူလခန့်မှန်းခြေရငွေ သည် ကျပ်သန်းပေါင်း (၉၀၉၇. ၂၅)သန်းဖြစ်ပြီး၊ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေသည် ကျပ်သန်းပေါင်း(၁၁၉၀၅. ၃၃၃)သန်းဖြစ်တဲ့အတွက် ပိုငွေ ဖြစ်ပေါ်လာပါတယ်။ ဒါကတော့ အမြတ်အခွန်၊ဘီးခွန်၊ နယ်စပ်ဖြတ်သန်းခ(၁၀)ရာခိုင်နှုန်းရငွေဒဏ်ငွေများ၊ငှားရမ်းခ ရငွေများ၊ မတည်ပစ္စည်းရောင်းချရငွေများ ဖြစ်ကြောင်း ကျွန်တော်အနေဖြင့် တင်ပြအပ်ပါတယ်။ ဒါ့ကြောင့် ပြုပြင်ပြီး ခန့်မှန်းခြေရငွေသည် ကျပ်သန်းပေါင်း(၂၁၁၄. ၇၁၇)သန်း ပိုလာမှာဖြစ်ပါတယ်။ ကျေးမြို့ရငွေအနေနဲ့ ရသုံးမှန်းခြေငွေစာရင်း

ဒါလည်းပိုမို ရရှိလာခြင်းဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနှင့် အပြောင်း အလဲမရှိပါဘူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးမှာလည်း အပြောင်းအလဲမရှိပါဘူး၊ ငါးလုပ်ငန်းအနေနှင့် မူလခန့်မှန်းခြေ ရငွေသည်(၁၁. ၈၆၀)သန်းဖြစ်ပါသည်။ ပြုပြင်ပြီး ခန့်မှန်းခြေ ရရှိငွေဟာ(၁၄. ၇၄၈)သန်းဖြစ်တဲ့အတွက် ပိုငွေရရှိလာပါတယ်။ ဒါကတော့ အင်းလေလံကြေး ပိုမိုကောက်ခံခြင်း ကြောင့်ရရှိလာခြင်း ဖြစ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေး၊ သစ်တောမှာတော့ အပြောင်း အလဲမရှိပါဘူး၊ အမှတ်စဉ်(၁၈)မှာ အားကစားနှင့်ကာယပညာ ဦးစီးဌာန ဖြစ်ပါတယ်။ မူလခန့်မှန်းခြေရငွေသည် (၀. ၁)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရငွေသည် (၆၈. ၇၅၅)သန်း ဖြစ်တဲ့အတွက် ရရှိလာမယ့်ငွေ ပိုလာမှာ ဖြစ်ပါတယ်။ ဒါကတော့ ဆိုင်ခန်း ငှားရမ်းခရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေထဲသို့ ပေးသွင်း ခြင်းကြောင့် ဖြစ်ပါတယ်။ အမှတ်စဉ်(၁၉)ကတော့ မြန်မာ့ဆားလုပ်ငန်း ပါ။ အပြောင်းအလဲမရှိပါဘူး၊ အမှတ်စဉ်(၂၀)မှာ ရသုံးမှန်းခြေ ငွေစာရင်းရဲ့ မူလခန့်မှန်းခြေရငွေသည် ကျပ်သန်းပေါင်း (၁၁၄၅. ၁၇၁) သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေရငွေမှာ ကျပ်သန်းပေါင်း (၂၁၀၁. ၇၃၈)သန်း ဖြစ်တဲ့အတွက် ပိုငွေရရှိလာ ပါတယ်။ ဒါကတော့ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့ ထည့်ဝင်ငွေနှင့် တရားမဝင် ဖမ်းဆီးရမိတဲ့ပစ္စည်းများ၊ မိုဘိုင်းတင်း တွေကနေဖမ်းဆီးရမိတဲ့ ပစ္စည်းများကို လေလံတင်ရောင်းချရငွေ၏ (၅၀)ရာခိုင်နှုန်းရရှိလာတဲ့ အတွက်ကြောင့်မို့ ပိုငွေရရှိလာခြင်းဖြစ်ပါတယ်။ အမှတ်စဉ်(၂၁)မှာ စီမံကိန်းရေးဆွဲရေးဦးစီးဌာနဖြစ်ပါတယ်။ မူလခန့်မှန်းခြေရငွေသည် (၀. ၀၇၅)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေ သည်(၄. ၁၈၇)သန်း ဖြစ်တဲ့အတွက် ရငွေပိုလာပါတယ်။ဒါကတော့ ဒုဦးစီးမှူး တင်ဒါလျှောက်လွှာရောင်းရငွေကြောင့် ရရှိလာတဲ့ငွေ ဖြစ်ပါတယ်။





ဦးစီးဌာန မူလခန့်မှန်းခြေမှာ မရှိပါဘူး၊ ပြုပြင်ပြီး ခန့်မှန်းခြေမှာ ချေးငွေအဖြစ်နဲ့ ကျပ်သန်းပေါင်း(၁၂၂၅. ၇၄၁)သန်းဖြစ်တဲ့အတွက် ပိုငွေရမှာ ဖြစ်ပါတယ်။ ချေးယူရငွေဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ ဒါကတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေး နှစ်မှာ အခွန်ကောက်ခံရငွေစာရင်းဖြစ်ပါတယ်။ ပြည်နယ်အစိုးရ အဖွဲ့ကနေ ကောက်ခံတဲ့ အခွန်အမျိုးအစားတွေကတော့ ရေအခွန်နှင့် တာတမံအခွန်ဘဲ ဖြစ်ပါတယ်။ မူလခန့်မှန်းခြေမှာ (၂၈. ၁၈၀)သန်း ဖြစ်ပြီး၊ ပြုပြင်ပြီးခန့်မှန်းခြေမှာ ပြောင်းလဲခြင်းမရှိ ပါဘူး။ နောက်တစ်ခုကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကောက်ခံတဲ့ အခွန်ကောက်ရငွေ တွေကတော့ ယစ်မျိုးခွန်၊ မြေယာပေါ်မှာကောက်ခံတဲ့ ဓါတ်သတ္တုပစ္စည်းခွန်တွေ ပါဝင်မှာ ဖြစ်ပါတယ်။ စုစုပေါင်း ကောက်ခံမည့်အခွန်ငွေသည် ကျပ်သန်း (၅၂၇. ၄၅၄)သန်းဖြစ်ပါတယ်။ ပြန်ပေးငွေဆိုတာ ကျွန်တော်တို့ ထွေအုပ်ကနေ ကောက်ခံရရှိတဲ့ အခွန်ထဲကနေ တစ်ခြားဌာနတွေကို ပေးရမယ့်ပါဝင်နေတဲ့ငွေဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ ငါးလုပ်ငန်းအနေနဲ့ အင်းအိုင်ခွန် ကောက်ခံရရှိမှာ ဖြစ်ပြီးတော့ ကျွန်တော်တို့မူလ(၆. ၆၂၀)သန်း ဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေမှာ (၉. ၅၀၈)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သစ်တောဦးစီးဌာန အနေနဲ့ သစ်တောများမှ ပစ္စည်းများထုတ်ယူတဲ့အခွန်ဖြစ်ပါတယ်။ အပြောင်းအလဲမရှိပါဘူး၊ စည်ပင်သာယာရေးကနေ ကောက်ခံတဲ့ အခွန်ကတော့ ပစ္စည်းအခွန်၊ ဘီးခွန်၊ အမြတ်ခွန်ဆိုပြီးတော့ ပါဝင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ အခွန်ကောက်ရငွေဟာ မူလခန့်မှန်းခြေသည် ကျပ်သန်းပေါင်း (၂၂၁၅. ၃၈၄)သန်းဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေ ကောက်ခံရရှိမည့်ငွေဟာ ကျပ်သန်းပေါင်း(၂၂၃၇. ၀၇၀)သန်းဖြစ် ကြောင်းတင်ပြအပ်ပါတယ်။ ဖော်ပြပါဇယားကတော့ ၂၀၁၄-၂၀၁၅

ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက် မူလခန့်မှန်းခြေ ငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းကို နှိုင်းယှဉ်ဖော်ပြခြင်းဖြစ်ပါတယ်။ သာမန်ရငွေမှာ မူလခန့်မှန်းခြေ ကတော့ ကျပ်သန်းပေါင်း (၁၄၆၈၄၂. ၁၂၃)သန်းဖြစ်ပြီးတော့ ပြုပြင်ပြီး ခန့်မှန်းခြေရငွေ ကျပ်သန်းပေါင်း (၁၄၈၉၃၄. ၂၂၁)သန်း ဖြစ်ပါတယ်။ ငွေလုံးငွေရင်း အနေနဲ့ကတော့ ကျွန်တော်တို့မူလခန့်မှန်းခြေမှာ မရှိပါဘူး၊ ပြုပြင်ပြီးခန့်မှန်းခြေမှာ ကျပ်သန်းပေါင်း(၂၂. ၆၁၉)သန်းဖြစ်ပါတယ်။ ဒါစည်ပင်ကနေ ပေးသွင်းငွေဖြစ်ပါတယ်။ အရင်အဟောင်းတွေကို ရောင်းချရရှိခြင်း ဖြစ်ပါတယ်။ ကြွေးမြီရငွေအနေနဲ့ ကျပ်သန်းပေါင်း မူလခန့်မှန်းခြေမှာ မပါပါဘူး၊ ပြုပြင်ပြီးခန့်မှန်းခြေမှာ ကျပ်သန်း ပေါင်း(၁၂၂၅. ၇၄၁)သန်း ဖြစ်ပါတယ်။ ဒါကြောင့်မို့ စုစုပေါင်း မူလ ခန့်မှန်းခြေရငွေဟာ (၁၄၆၈၄၂. ၁၂၃)သန်းဖြစ်ပြီး၊ ပြုပြင်ပြီး ခန့်မှန်းခြေစုစုပေါင်းရငွေသည် ကျပ်သန်းပေါင်း (၁၅၀၁၈၂. ၅၈၁) သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အသုံးစရိတ်အနေနဲ့ မူလခန့်မှန်းခြေအသုံးစရိတ်အနေနဲ့ ကျပ်သန်းပေါင်း (၁၉၄၈၁၆. ၇၁၉)သန်းဖြစ်ပြီး၊ ပြုပြင်ပြီး ခန့်မှန်းခြေသာမန်အသုံးစရိတ်သည် ကျပ်သန်းပေါင်း (၁၉၄၈၁၆. ၁၀၇)သန်းဖြစ်ပါတယ်။ လျော့နည်း သွားရတဲ့ အကြောင်းအရင်းကတော့ စောစောက ပြောခဲ့သလိုပါပဲ ပြည်နယ်လမ်းကို လုပ်ငန်းအထူးစီမံကိန်းကို လွှဲပြောင်းတာဝန် ပေးလိုက်တဲ့အတွက် ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ် အနေနဲ့ မူလခန့်မှန်းခြေမှာ ကျပ်သန်းပေါင်း(၁၆၇၇၀၆. ၃၈)သန်း ဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေ ငွေလုံးအသုံးစရိတ်သည် ကျပ်သန်းပေါင်း(၁၈၈၄၀၉. ၄၅၀)သန်းဖြစ်ပါတယ်။ ကြွေးမြီ အသုံးစရိတ်အနေနဲ့ တင်ပြပါအတိုင်း ချေးငွေနှင့်အတိုး အပါအဝင် ကျပ်သန်းပေါင်း(၁၂၇၄. ၇၇၁)သန်းဖြစ်ကြောင်း တင်ပြ အပ်ပါသည်။ စုစုပေါင်းအသုံးစရိတ်အနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာ



D/real(wide) (3



ခန့်မှန်းခြေ ရငွေ/ သုံးငွေနှင့်ဝန်ကြီးဌာနဦးစီးဌာနရဲ့ လိုငွေသည် ကျပ်သန်း ပေါင်း (၁၇၁၄၂၈. ၄၀)သန်း ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။အမှတ်စဉ်(၃၈)မှာ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေး အဆင့်များ၏ မူလလျာထား ငွေ/ရငွေ/ သုံးငွေ/လိုငွေဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း အနေနဲ့ ကျပ်သန်းပေါင်း (၅၇၀၆. ၁၈၇)သန်း တင်ပြတောင်းခံသည့်အတွက် စုစုပေါင်း လိုငွေသည် ကျပ်သန်းပေါင်း (၆၉၅၆. ၂၃၀)သန်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စည်ပင်သာယာရေးအနေနဲ့ မူလလျာထားချက် လိုငွေ/သုံးငွေ/ရငွေဖြစ်ပါတယ်။ မူလလိုငွေ တုန်းကတော့ ကျပ်သန်းပေါင်း(၃၅၀. ၄၃၆)သန်းဖြစ်ပါတယ်။ ဖြည့်စွက် ခွင့်ပြုငွေတောင်းခံတဲ့နေရာမှာ ကျပ်သန်းပေါင်း (၂၄၅၇. ၂၁၃)သန်း တင်ပြတောင်းခံထားပါတယ်။ပြုပြင်ပြီး ခန့်မှန်းခြေ **Balance** ချိန်လိုက်တဲ့အခါမှာ လိုငွေသည် ကျပ်သန်းပေါင်း(၀. ၄၃၄)သန်းပဲ ပေါ်ပေါက်လာတော့မှာ ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ စုစုပေါင်း မူလလျာထားချက် ရငွေသည် ကျပ်သန်းပေါင်း (၁၄၆၈၄၂. ၁၂၃) သန်း ဖြစ်ပါတယ်။ တင်ပြပြီးဖြစ်တဲ့ သုံးမည့်ငွေသည် (၃၆၂. ၅၂၂)ဘီလီယံဖြစ်ပါတယ်။ ဒါကြောင့် မူလလျာထားချက် လိုငွေသည် (၂၁၅. ၆၈၀) ဘီလီယံဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေမှာ ကျွန်တော်တို့ တင်ပြတောင်းခံထားတာကတော့ (၂၅. ၇၁၀) ဘီလီယံဖြစ်တဲ့ အတွက် ရငွေ/သုံးငွေအနေနဲ့ ပြုပြင်ပြီးတဲ့အခါမှာ စုစုပေါင်း ကျွန်တော်တို့ရဲ့လိုငွေသည် (၂၂၈. ၈၈၆)ဘီလီယံ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သာမန်နှင့်ငွေလုံးငွေရင်း အသုံးစရိတ် ရငွေသုံးငွေတို့ကို အသေးစိတ် ဖော်ပြသွားခြင်းဘဲ ဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းမှာ ကျွန်တော်တို့ရဲ့ လိုငွေသည် ခုနတင်ပြ ထားတဲ့အတိုင်းဘဲ ကျပ်သန်းပေါင်း (၅၅၀၀၂. ၅၅၀)သန်း ဖြစ်

ပါတယ်။ အဲဒီအထဲမှာ ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားရုံးများ၊ ဥပဒေရုံးများ၊ စာရင်းစစ်ရုံးများ အားလုံး ပါဝင်မှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၂)မှာ ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ ဖြစ်ပါတယ်။ မူလလျာထားသည့် ရငွေ/သုံးငွေ/ လိုငွေ ဖြစ်ပြီးတော့ ဖြည့်စွက်ခွင့်ပြုငွေ ပြုပြင်ပြီး ခန့်မှန်းခြေ ရငွေ/သုံးငွေနှင့် လိုငွေဖြစ်ပါတယ်။ ဝန်ကြီးဌာန၊ ဦးစီးဌာန နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများရဲ့ လိုငွေဟာ ကျပ်သန်းပေါင်း (၁၇၈၃၃၅. ၆၀၁) သန်းဖြစ်မှာ ဖြစ်ပါတယ်။ အဲဒီအထဲမှာ ပြည်ထဲရေး၊ ပြန်ကြားရေး၊ သမဝါယမဝန်ကြီးဌာန အောက်မှာရှိနေတဲ့ ဦးစီးဌာနများ၊ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိနေတဲ့ ဦးစီး ဌာနများ၊ မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အောက်မှာရှိနေတဲ့ ဦးစီးဌာနများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့်သစ်တောရေးရာဝန်ကြီး ဌာန အောက်မှာရှိနေတဲ့ ဦးစီးဌာနများ၊ လျှပ်စစ်ဝန်ကြီးဌာန၊ အားကစား၊သတ္တုတွင်း၊ ဘဏ္ဍာရေး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး၊ ဆောက်လုပ်ရေး၊ အလုပ်သမား၊အလုပ်အကိုင် အောက်မှာရှိနေတဲ့ အဖွဲ့အစည်းတွေ၊ ဦးစီးဌာနတွေ ဖြစ်ပါတယ်။ ပြန်ပြီးတော့ ချုံ့ရမယ်ဆိုရင် ကျွန်တော်တို့ရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မူလလျာထားငွေသည် ရငွေအနေနဲ့ဖော်ပြပါအတိုင်း ကျပ်သန်းပေါင်း (၁၄၆၈၄၂. ၁၂၃)သန်း ဖြစ်ပြီး၊ သုံးငွေ အနေနဲ့(၃၆၂. ၅၂၂)ဘီလီယံ ဖြစ်ပါတယ်။ လိုငွေ(၂၁၅. ၆၈)ဘီလီယံ ဖြစ်ပြီးတော့ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံထားခြင်းသည် စုစုပေါင်း(၂၄. ၄၃၅)ဘီလီယံ ဖြစ်ပါတယ်။ ပြုပြင်ပြီး ခန့်မှန်းခြေရငွေအနေနှင့် ရှမ်းပြည်နယ်တစ်ခုလုံးရဲ့ ရငွေသည် ကျပ်သန်းပေါင်း(၁၄၈၉၅၆. ၈၄၀)သန်း ဖြစ်ပြီး သုံးစွဲမည့်ငွေသည် ကျပ်သန်းပေါင်း(၃၇၇၇၉၄. ၅၅၇)သန်းဖြစ်တဲ့ အတွက် လိုမည့်ငွေသည် ကျပ်သန်းပေါင်း (၂၂၈၈၃၇. ၇၁၇)





ရေးနှစ်မှာ မူလခန့်မှန်းခြေအသုံးစရိတ်သည် ကျပ်သန်းပေါင်း (၃၆၂၅၂၂. ၇၅၇)သန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေအသုံးပြုရမည့်ငွေသည် ကျပ်သန်းပေါင်း(၃၇၉၀၆၉. ၃၂)သန်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့မူလခန့်မှန်းခြေမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ သုံးစွဲရမည့်ငွေသည် ကျပ်သန်းပေါင်း(၃၆၂. ၅၂၂) ဘီလီယံ ဖြစ်ပြီးတော့ ဖြည့်စွက်ခွင့်ပြုငွေပါရှိပြီး ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းအနေနှင့် (၃၇၉. ၀၆၉)ဘီလီယံသုံးစွဲသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လိုငွေအနေနဲ့ မူလခန့်မှန်းခြေမှာ (၂၁၅. ၆၈၀) ဘီလီယံလိုမှာဖြစ်ပြီးတော့ ပြုပြင်ပြီးခန့်မှန်းခြေငွေမှာ(၂၂၈. ၈၈၆) ဘီလီယံဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ပိုလာတဲ့လိုငွေသည် (၁၃)ဘီလီယံကျော်ပဲ ပိုလာကြောင်း ကျွန်တော့်အနေနဲ့တင်ပြအပ်ပါတယ်။ ဖော်ပြပါဇယားကတော့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်ရငွေနှင့် အသုံးစရိတ်စာရင်း အစောနားက ကျွန်တော် တင်ပြပြီးထားဟာကို အသေးစိတ်ပြန်လည်တင်ပြခြင်းဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်းအနေနဲ့ ကျွန်တော်တို့ရဲ့ ရငွေ/သုံးငွေ/လိုငွေဖြစ်ပါတယ်။ ဒါမူလလျာထားချက်ဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေအနေဖြင့် ဗဟိုအဖွဲ့အစည်း မှာ စုစုပေါင်းကျပ်သန်းပေါင်း(၁၂၆၂၈. ၉၉၄)သန်း ဖြည့်စွက်ခွင့်ပြုငွေ တောင်းသည့်အတွက်ကြောင့် ကျွန်တော်တို့ရဲ့ ပြုပြင်ပြီးခန့်မှန်းခြေ နောက်ဆုံးရငွေပေါင်း(၁၇၈၀၀. ၈၃၅)သန်းနှင့် သုံးငွေအနေနဲ့ ကျပ်သန်းပေါင်း (၆၈၃၀၃. ၃၈၅) သန်းဖြစ်တဲ့အတွက် ဗဟိုအဖွဲ့အစည်းအနေနှင့် စုစုပေါင်းလိုငွေသည် ကျပ်သန်းပေါင်း (၅၀၅၀၂. ၅၅၀)သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဝန်ကြီးဌာန အနေနဲ့ ဦးစီးဌာနရဲ့ မူလရငွေ/သုံးငွေ မူလ လျာထားချက်မှာ လိုငွေဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေအနေနဲ့ ဝန်ကြီးဌာန၊ ဦးစီးဌာန စုစုပေါင်းတင်ပြတောင်းခံသည့်ဖြည့်စွက်ငွေ စုစုပေါင်းသည် ကျပ်သန်းပေါင်း(၄၉၁၈. ၃)သန်း ဖြစ်ပါတယ်။ ပြုပြင်ပြီး

ဖြစ်ပါတယ်။ ပြုပြင်ပြီးခန့်မှန်းခြေ ရငွေသည် ရှမ်းပြည်နယ်တစ်ခုလုံး သုံးစွဲမည့်ငွေသည် (၃၇၇. ၇၉၄)ဘီလီယံ ဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ အသေးစိတ်စာရင်း ဖြစ်ပါတယ်။ ခုနက ငွေလုံးငွေရင်းကိုကော၊ သာမန်ကိုကော ပေါင်းစပ်ထားတဲ့ ဟာကို ကျွန်တော်တို့သာမန်စာရင်းအနေနဲ့ တစ်ခုခြင်း ပြန်လည်ခွဲပြ ထားတာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ငွေလုံးငွေရင်း သီးသန့်စာရင်းဖြစ်ပါတယ်။ ခုနက အသေးစိတ်ကို ကျွန်တော်တို့ အသေးစိတ်ပြန်လည်ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဗဟိုအဖွဲ့အစည်း များ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ ပြည်ထဲရေး၊ပြန်ကြားရေးရဲ့ ငွေလုံးငွေရင်း အသုံးစရိတ်များဖြစ်ပါတယ်။ သမဝါယမ၊လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက် ဝန်ကြီး ဌာနအောက်မှာရှိနေတဲ့ ဦးစီးဌာနများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အစရှိသည်တို့ရဲ့ ငွေလုံး ငွေရင်းအသုံးစရိတ် ဖြစ်ပါတယ်။ စုစုပေါင်းငွေလုံးငွေရင်းရဲ့အသုံးစရိတ်မှာ သုံးမည့် ငွေသည် ကျပ်သန်း ပေါင်း (၁၈၈၄၀၉. ၄၅၀)သန်းဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံး စရိတ်မှာ လိုငွေသည် ကျပ်သန်းပေါင်း (၁၈၈၃၆၀. ၈၃၁)သန်း ဖြစ်ပါတယ်။ဒါဟာကြွေးမြီးစာရင်းဖြစ်ပါ တယ်။ဘဏ္ဍာရေးဝန်ကြီး ဌာနအောက်မှာပါဝင်တဲ့ ရသုံးမှန်းခြေငွေ စာရင်းဦးစီးဌာနမှ ဆောင်ရွက်တဲ့အနေအထားဖြစ်ပါတယ်။ ဖြည့်စွက်ခွင့်ပြုငွေအနေနဲ့ ချေးငွေ ဖြစ်ပါတယ်။ ပိုငွေ/လိုငွေအနေနဲ့ အတိုးပေး ရမည်ငွေ ဖြစ်ပါတယ်။ ဒါလိုငွေဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံသည့် ငွေရပ်သန်း ပေါင်း(၂၅၇၁၀. ၆၉၄)သန်း၊ တစ်နည်းအားဖြင့်(၂၅. ၇၁၀) ဘီလီယံအား ပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်တင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။



D/real(wide) (3



# ရှမ်းပြည်နယ်

## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

## ဒသမပုံမှန်အစည်းအဝေး (ပထမနေ့)မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၉)ရက်

## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ (၂) ရက်

## [ အင်္ဂါနေ့ ]

## နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ပထမနေ့)နေ့လည်ပိုင်း အစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာကော်မတီမှ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)” နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ**။အစီအစဉ်(၁၁)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ တင်သွင်းတဲ့ ဥပဒေကြမ်းတို့ကို ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၉၆)၊ ပုဒ်မခွဲ(ဂ) အရ ဥပဒေကို စိစစ်ဖို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီကို လွှဲပြောင်းပြီး ဖြစ်လို့ ဒီဥပဒေများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဆွေးနွေးရန် ရှိပါက ဆွေးနွေးမည့်အချက်များကို လွှတ်တော်သို့ (၃၀-၄-၂၀၁၄)ရက်နေ့အရောက် ပေးပို့ကြရန် အသိပေး ပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးရန် ပေးပို့ခြင်း မရှိတဲ့အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေးမှာ တင်သွင်းသည့် **ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ(မူကြမ်း)” နှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ (၁၃၉)ပုဒ်မခွဲ(ခ)အရ** ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ ကအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးရန် ဖိတ်ခေါ်ပါတယ်။





**ဥက္ကဋ္ဌ**။ အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ **ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ(၅)ရက်နေ့(သောကြာနေ့) မှာ ဆွေးနွေးမည် ဖြစ်ပါတယ်။ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးရပ်နားသည့် ဒီကနေ့ ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းရန် ဖြစ်ပါတယ်။ယခု နေ့လည်စာ သုံးဆောင်ရန်အတွက် အစည်းအဝေးကို ၁ နာရီ မိနစ်(၃၀)ခန့် ရပ်နားမှာဖြစ်ပါတယ်။**

**အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျာ။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်ပိုင်းအစည်းအဝေးကို (၁၃၃၀)အချိန်တွင် ပြန်လည်စတင်ကျင်းပမှာ ဖြစ်ပါတယ်ခင်ဗျာ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။**

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်း မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနု ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပထမအကြိမ်ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော "ရှမ်းပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)" အပေါ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေး ဆိုင်ရာကော်မတီက စိစစ်သုံးသပ်ပြီး ပြင်ဆင်ရန်အကြံပြုတင်ပြချက် အစီရင်ခံစာမှာ နိဒါန်းအပိုဒ်(၁)ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်နဝမပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၁၈၈)၊ ဇယား-၂၊ အပိုဒ်(၈) စီမံခန့်ခွဲရေးဆိုင်ရာကဏ္ဍအပိုဒ်(ဂ) ဖော်ပြပါ "ဂုဏ်ထူးဆောင် လက်မှတ် နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း"နှင့် စပ်လျဉ်းသည့် ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ် လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီက ရှမ်းပြည်နယ်လွှတ်တော်နည်းဥပဒေ ၆၅ အရ အစည်းအဝေးအမှတ်- ၇/၂၀၁၄(၉-၆-၂၀၁၄)မှ (၁၁-၆-၂၀၁၄)တွင် စိစစ်သုံးသပ်ဆွေးနွေးညှိနှိုင်းလျက် ပြင်ဆင်ရန် အကြံပြုချက်အစီရင်ခံစာ နည်းဥပဒေ ၆၆ နှင့်အညီ အစီရင်ခံ တင်ပြခြင်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက် အပိုဒ်(၂)ဥပဒေကြမ်းသည် ရှမ်းပြည်နယ်၏ အကျိုးစီးပွားဖြစ်ထွန်းမှုအတွက် စွမ်းစွမ်းတမံဆောင်ရွက် ခဲ့သူများကို စံပြနမူနာပြုလျက် အသိအမှတ် ဂုဏ်ပြုပေးခြင်းအားဖြင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားပြည်သူအများအကျိုး သယ်ပိုး ဆောင်ရွက်လိုသူ ပိုမို များပြားလာပြီး ဂုဏ်ယူဖွယ်နိုင်ငံတော်၏ နိုင်ငံသားကောင်းများ ရှမ်းပြည်နယ်မှ ပို၍ ထွက်ပေါ်လာစေရန်



D/real(wide) (3



(က) ဥပဒေပြဋ္ဌာန်းသည့် သက္ကရာဇ် ၁၃၇၄ ခုနှစ်အစား ၁၃၇၆ ခုနှစ်ဟု ပြင်ဆင်ရပါမည်။

(ခ) ဥပဒေကြမ်း၏ ပုဒ်မ(၂)တွင် ပုဒ်မခွဲ(က)မှ(ဆ)အထိ ဖော်ပြချက်တွင် ပုဒ်မခွဲအသစ်အဖြစ်(ဂ)လွှတ်တော် ဆိုသည်မှာ (ဃ) လွှတ်တော်ကိုယ်စားလှယ် ဆိုသည်မှာဟူသည့်စကားရပ်၊ အဓိပ္ပာယ် ရှင်းလင်းချက် ကိုလည်းကောင်း၊ ထို့နောက်မှ လက်ရှိတင်ပြထားသည့် ပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ(င) လက်ရှိ ပုဒ်မခွဲ(ဃ)ကို ပုဒ်မခွဲ(စ)အဖြစ် ပြင်ဆင်ထည့်သွင်းပြီး ပုဒ်မခွဲအသစ်(ဆ) ကော်မရှင်၊ ကော်မတီဆိုသည်မှာ ဟူသောစကားရပ်၏ ရှင်းလင်းချက်ကို ထည့်သွင်းပြီးမှ လက်ရှိပုဒ်မခွဲ (င)၊(စ)၊(ဆ)တို့ကို ပုဒ်မခွဲ(ဇ)၊(ဈ)၊(ည) အဖြစ်ထည့် သွင်းရမည်ဖြစ်ပါသည်။ပုဒ်မခွဲ(ည)ဖြစ်လာမည့် "စိစစ်ရေးကော်မတီဆိုသည်မှာ"၏ နောက်မှာ ပြည်နယ်အစိုးရအဖွဲ့က---ဟုဖော်ပြရန် မလိုအပ်ပါ။ပုဒ်မခွဲ(ဂ)လက်ရှိပြင်ဆင်ပုဒ်မခွဲ(င)၌ အစိုးရအဖွဲ့အဓိပ္ပာယ်ဖော်ပြထားရှိပါသည်။

(ဂ) ပုဒ်မ ၉(က)၌ စွမ်းစွမ်း(သ)မံဟု ပုံနှိပ်အမှားအား စွမ်းစွမ်း(တ)မံဟု ပြင်ဆင်ရပါမည်။ထို့အပြင် ပုဒ်မခွဲ ၉(င)နှင့် ၁၀(င)တွင် "ကိုယ်ကျင့်တရားကောင်းမွန် ပြည့်စုံခြင်း" နှင့် " ကိုယ်ကျင့်တရားကောင်းမွန်ပြည့်စုံ သူဖြစ်ခြင်း" ဟု နှစ်မျိုးခွဲခြားဖော်ပြချက်မှာ ပြည့်စုံသူအဖြစ် အရည်အချင်းသတ်မှတ်ချက်ကို ဖော်ညွှန်းနေပါသဖြင့် တစ်ပြေးညီဖြစ်စေရန်

"ကိုယ်ကျင့်တရားကောင်းမွန်ခြင်း" ဟု ပြင်ဆင်ဖော်ပြသင့်ပါသည်။

(ဃ) ပုဒ်မ ၁၅(ခ)၏ အစပိုင်း၌ အသစ်ဖြည့်စွက်လာမည့် ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့ရှိ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ယင်းတို့၌ ဖွဲ့စည်းထားသည့် ကော်မရှင်၊ ကော်မတီ၊ တာဝန်ပေးအပ်ခံရသူများကို ဖြည့်စွက်ရန် လိုအပ်ပါမည်။

(င) ပုဒ်မ၁၆၊ပုဒ်မခွဲ(ခ)တွင် ဖော်ပြသည့် လိုအပ်သည့် စာရွက်၊စာတမ်း"များနှင့်"ဟုလည်းကောင်း၊ နောက်မှဆက်၍ အထောက်အထားများ"ကို" တင်ပြစေခြင်းဟူ၍(များနှင့်/ကို)ဖြည့်စွက်သင့်ပါသည်။

(စ) ပုဒ်မ ၁၇ တွင် ပုဒ်မခွဲအသစ် (က) ကို အောက်ပါအတိုင်း ဖြည့်စွက်ပြီးလွှတ်တော်၊ အစိုးရအဖွဲ့၊ ကော်မရှင်၊ ကော်မတီများ၌ ရှမ်းပြည်နယ်အကျိုးသယ်ပိုးသူတို့အား ဂုဏ်ထူးလက်မှတ်/ဆုပစ္စည်းချီးမြှင့်ရေးစိစစ်ရန် ပြဋ္ဌာန်းမည့် ဖော်ပြချက်ကို ထည့်သွင်းသင့်ပါသည်။

"(က) လွှတ်တော်နှင့်အစိုးရအဖွဲ့ရှိ လွှတ်တော် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကော်မရှင်၊ကော်မတီများ၌ ရှမ်းပြည်နယ် အကျိုးစီးပွားအတွက် ကိုယ်ကျိုးမငဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်သူများကို သက်ဆိုင်ရာကော်မရှင်၊ ကော်မတီ၏ ဥက္ကဋ္ဌများကသတ်မှတ်ပုံစံ(၁)ဖြင့်





ရည်ညွှန်းပြီး ရှမ်းပြည်နယ်၏အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် အရပ်သားများ၏ ကြိုးပမ်းလုံ့လဝီရိယပြုမှုကို ဂုဏ်ပြုသည့် ဥပဒေကောင်းတစ်ရပ်ဖြစ်ပါသည်။

အပိုဒ်(၃)ဥပဒေကြမ်းတွင် အခန်းပေါင်း(၆)ခု၊ ပုဒ်မပေါင်း (၂၂)ခု ပါရှိပြီး ဤကော်မတီမှ စိစစ်လေ့လာ သုံးသပ်ရာတွင် အချက်အလက်ပေါင်း (၇)ရပ်နှင့် ဥပဒေ၏ ပုဒ်မ(၂)နှင့်ပုဒ်မ(၁၇)တို့တွင် ပုဒ်မခွဲအသစ်(၄)ရပ်ကို ဖြည့်စွက်ထည့်သွင်း သင့်ကြောင်း ကော်မတီဝင်များက သဘောတူညီ ဆုံးဖြတ်ကြသည့်အတွက် ဤအစီရင်ခံစာကို တင်သွင်းရပါသည်။

အပိုဒ်(၄)ဥပဒေကြမ်း၌ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဝန်ကြီးဌာန၊ ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ် စာရင်းစစ်ချုပ်ရုံး၊ တပ်မတော်သားများ၊ ပြင်ပပုဂ္ဂိုလ်(သို့မဟုတ်)အဖွဲ့အစည်းများ၌ တာဝန်ကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူများကို ချီးမြှင့်နိုင်ရေး ဖော်ညွှန်းထားရာ၌ ယခုအခါ ပြည်သူများ၏ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခံရသူ ပြည်သူ ကိုယ်စားလှယ်ကြီးများ၏ တာဝန်ထမ်းဆောင်လျက်ရှိသော ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ နှင့် ယင်းတို့၌ ဖွဲ့စည်းပေးထားသည့် ကော်မရှင်၊ ကော်မတီများတွင် ရှမ်းပြည်နယ်၏ အကျိုးစီးပွား ကောင်းမွန်ဖြစ်ထွန်းအောင် ကိုယ်အားဉာဏ်အားဖြင့် ကိုယ်ကျိုးမဖက် ပါဝင်ဆောင်ရွက်နေသူများ၊ ဆောင်ရွက်လာမည့်သူများ ပိုမိုများပြားပေါ်ထွန်းလာစေရေးအတွက် ကဏ္ဍတစ်ရပ်ကိုလည်း ထည့်သွင်းသင့်သည် ဟု အကြံပြုလိုပါသည်။

အပိုဒ်(၅)။ သို့ဖြစ်ပါ၍ အဆိုပါအခန်းကဏ္ဍအတွက် ဖော်ညွှန်းသည့် ပုဒ်မခွဲအသစ်(၄)ရပ်အပါအဝင် ပြင်ဆင်အကြံပြုဖြည့်စွက်ချက်(၇)ရပ်အား အောက်ပါအတိုင်း တင်ပြအပ်ပါသည်-

အကျိုးအကြောင်း ပြည့်စုံစွာ စိစစ်လျက် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်က တာဝန်ပေးအပ်သူထံသို့ ပေးပို့လျက် ထပ်မံစိစစ်ပြီး ၎င်း၏ သဘောထားမှတ်ချက်ဖြင့် စိစစ်ရေးကော်မတီသို့ ပေးပို့ရမည်။ စိစစ်ရေးကော်မတီက မိမိရရှိသော အထက်ဖော်ပြပါ စိစစ်ထောက်ခံချက်များကို စိစစ်ပြီးအစိုးရအဖွဲ့သို့ မိမိ၏ သဘောထားမှတ်ချက်ဖြင့် ကိစ္စရပ် တစ်ခုချင်းအလိုက် တင်ပြရမည်။”

- ဤသို့ဖြင့် ပုဒ်မ ၁၇ တွင် အထက်ပါ ပုဒ်မခွဲ(က) ထည့်သွင်းခြင်းကြောင့် မူလရှိ ပုဒ်မခွဲ(က)(ခ)(ဂ)(ဃ)တို့မှာ ပုဒ်မ(ခ)(ဂ)(ဃ)(င)ဟူ၍ ပုဒ်မခွဲပေါင်း(၅)ခုရှိလာပါမည်။

- မူလပုဒ်မခွဲ(ခ)ပြင်ဆင်ပုဒ်မခွဲ(ဂ)၏ စတုတ္ထစာကြောင်းရှိ စစ်ဆေးချက်အဖွဲ့သို့ မူလပုဒ်မခွဲ(ဆ) ပြင်ဆင်ပုဒ်မခွဲ(ဃ)နှင့်အညီ “စိစစ်ရေးကော်မတီ”ဟု ပြင်ဆင်ရပါမည်။

(ဆ) ပုဒ်မခွဲ ၁၇ ၌ ပုဒ်မခွဲ(က)အလို့ငှာ နောက်ဆက်တွဲပုံစံ(၁)အဖြစ်-“ ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသက်ဆိုင်ရာကော်မရှင်၊ ကော်မတီများမှ ပုဂ္ဂိုလ်များအတွက် ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဂုဏ်ထူးဆောင်ဆုပစ္စည်းများ





ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပထမ အကြိမ်ရှမ်းပြည်နယ် လွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးမှ တင်သွင်းခဲ့သော “ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)” အပေါ် ရှမ်းပြည်နယ် လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက စိစစ်သုံးသပ်ပြီး ပြင်ဆင်ရန် အကြံပြုတင်ပြချက် အစီရင်ခံစာ နိဒါန်း(၁)-

ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုး ရေးနှင့် မွေးမြူရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား -၂၊ အပိုဒ် -၃ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အပိုဒ်ခွဲ(စ)၌ဖော်ပြပါ ရေချိုငါးလုပ်ငန်းနှင့် စပ်လျဉ်းသည့်ဥပဒေမူကြမ်းကိုတင်သွင်းလာသဖြင့် ပြည်နယ် လွှတ်တော်နည်းဥပဒေ ၁၃၆(ခ)(၃)အရ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီသို့ လွှဲအပ်လာသဖြင့် နည်းဥပဒေ ၆၅ နှင့်အညီ အစည်းအဝေးအမှတ်-၇/၂၀၁၄ (၉. ၆. ၂၀၁၄ မှ ၁၁. ၆. ၂၀၁၄)တွင် စိစစ် သုံးသပ်ဆွေးနွေးညှိနှိုင်းကြပြီး ဤပြင်ဆင်ရန်အကြံပြုချက်အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြ အစီရင်ခံခြင်းဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်(၂)- ဥပဒေမှာ ကျေးလက်နေပြည်သူတို့၏ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန် ငါးလုပ်ငန်းလုပ်ကိုင်ရာ၌ ငါးပြုန်းတီးမှု၊ ငါးလုပ်ငန်းလုပ်ကွက်များပျက်စီးဆုံးရှုံးမှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် စည်းစနစ်ကျနစွာ စီမံဆောင်ရွက်



D/real(wide) (3

စခြေင်းဖြင့် ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရေးကိုရှေ့ရှုပြီး ပြည်သူတို့ဝင်ငွေ တိုးတက်လာသည်နှင့်အမျှ ရှမ်းပြည်နယ်၏ ငါးလုပ်ငန်းမှအခွန်များတိုးတက်ရရှိစေ၍ ပြည်နယ် ဘဏ္ဍာတိုးတက်စေပြီး စီးပွားရေးကဏ္ဍအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြဋ္ဌာန်းသောဥပဒေတစ်ရပ်ဖြစ်ပါသည်။

(၃)- ဥပဒေမူကြမ်းတွင် အခန်းပေါင်း (၁၃) ခန်း၊ ပုဒ်မပေါင်း (၅၉) ခုပါရှိပြီး ဤကော်မတီ၏စိစစ်လေ့လာသုံးသပ်ချက်အရ အသစ်ဖြည့်စွက်ရမည့်ပုဒ်မခွဲ (၁) ရပ်အပါအဝင် အချက်ပေါင်း (၁၃)ချက်တို့ကိုပြင်ဆင် သင့်ကြောင်း ကော်မတီဝင်အားလုံးက သဘောတူညီဆုံးဖြတ်ကြသည့်အလျောက် ဤအစီရင်ခံစာကို တင်သွင်းရခြင်းဖြစ်ပါသည်။

တင်ပြချက်(၄)-ဥပဒေမူကြမ်းအပေါ် ပြင်ဆင်ရန် အကြံပြုချက် (၁၃) ရပ်တို့မှာ -

(က) ဥပဒေ၏အမည်ခေါင်းစီး၌ ပုဒ်ထီးခြား၍ ရေးသားထားခြင်းကိုပြင်ဆင်ပြီး “ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ ” ဟုသာရေးသားရပါမည်။

(ခ) မြန်မာသက္ကရာဇ်ဖော်ပြချက် ၁၃၇၅ ခုနှစ် မဟုတ်ဘဲ ၁၃၇၆ ခုနှစ်ဟုပြင်ဆင်ဖော်ပြရပါမည်။

(ဂ) ဥပဒေအဖွင့်ရေးသားချက်၌ ဖွဲ့စည်းပုံအခြေခံဥပဒေကိုဖော်ညွှန်းရေးသားရန်မလိုအပ်ဘဲ “ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။ ” ဟုသာ ရေးသားရပါမည်။

(ဃ) ပုဒ်မ ၂ ပုဒ်မခွဲ (စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဎ၊ ဓ) တို့တွင် ( ကိုဆိုသည် / ယင်းစကားရပ်တွင်/ လည်းပါဝင်သည် )ဟုရေးသားဖော်ပြချက်များအစား





ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ” ကို ပုံစံအသစ်တစ်ခု ဖြည့်စွက်ထည့်သွင်းရပါမည်။ ပုံစံသစ်အား သီးခြားပူးတွဲဖော်ပြထားရှိပါသည်။

- သို့ဖြစ်ပါ၍ ဥပဒေကြမ်း၌ ပါရှိသော နောက်ဆက်တွဲပုံစံ(၁)(၂)(၃)တို့မှာ ပုံစံ(၂)(၃)(၄)အဖြစ်ပြင်ဆင်၍ နောက်ဆက်တွဲပုံစံ(၄)ခု ပါရှိလာပါမည်။ ယင်းပုံစံခေါင်းစီး၌ “ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ပစ္စည်းများ”ဟူသည့် အရေးအသားကို ဥပဒေ၏အမည်နှင့်ညီညွတ်စေရန် “ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ” ဟုရေးသားရပါမည် ဖြစ်ပါကြောင်း ဖြည့်စွက် အကြံပြုတင်ပြအပ်ပါသည်။

## ဦးမြတ်စိုး၊ ကလောမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)၏ “ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေ(မူကြမ်း)” နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (ဒုတိယနေ့)မှာတင်သွင်းသည့် **“ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေ(မူကြမ်း)” နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ(၁၃၉)ပုဒ်မခွဲ(ခ)အရ** ရှမ်းပြည်နယ်ဥပဒေပြုရေးဆိုင်ရာကော်မတီ ကအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။



D/real(wide) (3

လုပ်ငန်းတစ်ခုချင်းဖော်ပြချက်နောက်တွင် ( ၊ ) ပုဒ်ထီးခြားပြထားပြီးအဆုံးသတ်၌ " ကိုဆိုသည် " ဟုရေးသားပါက စကားရပ်ကို ပိုမိုရှင်းလင်းကျစ်လစ်စေပါမည်။ ဥပမာ -" ၂။ (စ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတွင်သော်လည်း ကောင်း ရေထဲတွင်နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များ၊ ရေတွင်ပေါက်ပွားသည့်အပင်များ၊ ယင်းတို့၏အပင်ပေါက်များနှင့် မျိုးစေ့များကိုဆိုသည်"ဟုရေးသားဖော်ပြသင့်ပါသည်။

(င) ပုဒ်မ ၂ ပုဒ်မခွဲ (ည) ရေးသားဖော်ပြချက်များအစား - " ၂။ (ည)**ငါးဖမ်း ရေယာဉ်ဆိုသည်မှာ** ငါးဖမ်းရေယာဉ်များ၊ ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များကိုဆိုသည်။ " ဟုပြင်ဆင်သင့်ပါသည်။

(စ) ပုဒ်မ ၂ ပုဒ်မခွဲ ( ဌ ) ရေးသားဖော်ပြချက်များအစား -" ၂။ ( ဌ ) **ပြုပြင်မွမ်းမံခြင်းဆိုသည်မှာ** ငါးများအား ကိုယ်တိုင်စားသုံးရန်မှတစ်ပါး မူလအခြေအနေမှ နည်းအမျိုးမျိုးအသုံးပြု၍ ပြုပြင်ပြောင်းလဲထုတ်လုပ်ဆောင်ရွက်သော ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုဇွန်ချဉ်၊ ငါးဆားနယ် ငါးကြပ်တိုက်ခြင်းစသည့်လုပ်ငန်းများကိုဆိုသည်။ " ဟုပြင်ဆင်သင့်ပါသည်။





(ည) ပုဒ်မ ၂၈ အား ပုဒ်မခွဲများဖြင့် အယူခံခြင်းကိစ္စများကိုဖော်ပြရာ၌ ရည်ညွှန်းအဖွင့်မူလပုဒ်မ၂၈ ၏ အချီးမပါရှိသည့်အတွက် ပုဒ်မ ၂၈ ၏အချီးစကားရပ်အဖြစ် -" ၂၈။ အထက်အခန်း ၈၊ ပုဒ်မ ၂၇ ပါ စစ်ဆေးခြင်း၊ အရေးယူခြင်းတို့နှင့် စပ်လျဉ်း၍အယူခံဝင်ရာတွင်" - ဟုဖော်ပြပြီးမှသာ အောက်တွင်ပုဒ်မခွဲ (က) မှ (စ) အထိ ဖော်ပြရေးသား သင့်ပါသည်။

(ဋ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) (ဂ) (င) တို့၌ ပါရှိသော ယင်းအမိန့် (သို့မဟုတ်) ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ) အစား -" ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း " ဟုပြင်ဆင်ရေးသားပါက ကာလစည်းကမ်း သတ်မှတ်ချက်ဥပဒေအသုံးအနှုန်းပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိပါမည်။

(ဌ) အထက်ဖော်ပြခဲ့သည့်ပုဒ်မ ၂၈ ကဲ့သို့ပင်အချီးစကားရပ် မပါရှိသည့်အတွက် ပုဒ်မ ၂၉ ၏အချီးစကားရပ်အဖြစ် -" ၂၉။ နှစ်ရှည်အငှားဂရန် သို့မဟုတ် နိုင်ငံခြားငွေဖြင့်လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေပုဒ်မ ၈(က)(ခ)နှင့် ၂၄(ဃ) အရဆောင်ရွက်ချက်အပေါ် အယူခံဝင်ရာတွင်- " ဟုဖွင့်ဆိုရေးသားပြီးမှ ပုဒ်မ ၂၉ ၏ပုဒ်မခွဲ (က) (ခ) (ဂ) တို့ကိုဆက်လက် ဖော်ပြသွားသင့်ပါသည်။

(၃) ပုဒ်မ ၂၉ (က) ၌ ဖော်ပြရေးသားချက်များအစား အောက်ပါအတိုင်းပြင်ဆင်ရေးသားသင့်ပါသည်-

“ ၂၉။ (က) ပြည်နယ်ဦးစီးဌာနမှူးက ဤဥပဒေ ပုဒ်မ၂၄(ဃ)အရ ချမှတ်သည့် နေ့မှရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။”

ဥက္ကဋ္ဌ၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ တောင်ကြီးမြို့နယ်

**ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်မဲဆန္ဒနယ်အမှတ် ၏(၂)၏ “ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် တင်ပို့ထုတ်လုပ်ခြင်းကို ဥပဒေတစ်ရပ် အနေဖြင့် ပြဋ္ဌာန်းပေးနိုင်ပါရန် ” အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။**အစီအစဉ်(၁၃)ဖြစ်ပါတယ်။ နမ္မတူမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး အဆိုကို အတည်ပြုရန် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော လူကြီးမင်း များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံတဲ့ အခါသမယဖြစ်ပါတယ်ရှင်။





(ဆ) ပုဒ်မ ၂ ပုဒ်မခွဲ ( ဖ )၌ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ ------------ တင်ဒါလိုင်စင်၏ နောက်တွင် ( ၊ ) ထည့်ရန်နှင့် အအေးခန်းစက်ရုံတည်ထောင် လုပ်ကိုင်ခွင့်လိုင်စင်၏နောက်တွင်လည်း ( ၊ ) ထည့်သွင်းပြီး (သို့မဟုတ်-ဟူသည့် စကားလုံး အားဖြုတ်၍) ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းဟု တစ်ဆက်တစ်စပ်တည်း ပြင်ဆင်ရေးသား သင့်ပါသည်။

(ဇ) မူလပုဒ်မ ၂ တွင် ပုဒ်မခွဲ (က) မှ (ဗ) အထိ ပုဒ်မခွဲပေါင်း (၂၂) ခုသာပါရှိပြီး ဤဥပဒေမူကြမ်း၏ ပုဒ်မ ၂၇ (က)၌ ဘေးမဲ့အင်း ၏နောက်တွင် (တင်ဒါချက်) ဟူသည့်အသုံးအနှုန်းပါရှိပါသည်။ ထိုစကားရပ်သည် ငါးလုပ်ငန်းဌာနသုံး ဝေါဟာရ ဖြစ်သည့်အတွက် ယင်းတို့ကို ဤပုဒ်မ ၂ ၌ ထပ်မံ ဖြည့်စွက်ရမည့် ပုဒ်မခွဲ (မ) အဖြစ်စကားရပ်အဓိပ္ပါယ် ရှင်းလင်း ထားရန်လိုအပ်ပါသဖြင့် အောက်ပါ အတိုင်း ဖြည့်စွက်ရေးသားရပါမည် -

“ ၂။ (မ) **တင်ဒါချက်** ဆိုသည်မှာ ငါးလုပ်ငန်း ဌာနမှ ငါးဖမ်းလုပ်ကိုင်ရန် ခွင့်ပြုသော ပိုက်တန်းခွင့်ရှိသည့် ပိုက်ချက် နေရာလုပ်ကွက်ကိုဆိုသည်။”

(ဈ) ပုဒ်မ ၂၂ (က) ဤဥပဒေပုဒ်မ -၂ ပါရည်ရွယ်ချက် များဟုဖော်ညွှန်းသည့်ပုဒ်မမှာ မှားယွင်းနေသည့် အတွက် ဤဥပဒေပုဒ်မ - ၃ ဟုပြင်ဆင်ရပါမည်။

ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ပထမပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့သော "ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုတက်ရေး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက် မျှစ်စို့များကို စီးပွားဖြစ်နယ်စပ်သို့ တင်ပို့ပြုလုပ်ခြင်းကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းပေးရေး အဆိုကို တင်သွင်းမှာ ဖြစ်ပါတယ်ရှင်။

နိုင်ငံခြားကို တင်ပို့တဲ့ မျှစ်ခြောက်ပြုလုပ်မှုနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်နည်းအားဖြင့် တပ်မတော်သားကိုယ်စားလှယ်များ သိရှိရန် အနည်းငယ် တင်ပြလိုပါတယ်။ မျှစ်ခြောက်ပြုလုပ်နည်းနှင့်ပတ်သက်ပြီး Power Point သုံးစွဲခွင့်ပြုပါသော လွှတ်တော်ဥက္ကဋ္ဌကြီးအား ကျေးဇူးအထူးပဲ တင်ရှိပါတယ်။ စိုက်ပျိုးရေးလုပ်ကိုင်နေသည့် ပြည်သူတွေ မျိုးစေ့ချပြီးတဲ့အချိန်၊ အလုပ်အားနေသည့်အချိန် ငွေခမ်းနေတဲ့အချိန် ဖြစ်ပါတယ်။ အဲဒီအချိန်မှာဆိုရင် မျှစ်တွေဟာ လှိုင်လှိုင်ပေါ်နေပါပြီ။ မျှစ်တွေကို မျှစ်ဖိုလုပ်ပြီး သယ်ပို့ ရောင်းချနေကြပါတယ်။ အဆိုပါမျှစ်တွေကို ထော်လာဂျီ၊ လှည်း၊ ဆိုင်ကယ်၊ တစ်နိုင်တစ်ပိုင်၊ ပလိုင်းများဖြင့် သယ်ပို့နေတာ တွေ့ရှိရပါတယ်။ ပလိုင်းတွေနှင့် သယ်လာသည့် မျှစ်တွေကို (၁)ခေါက်လျှင်(၁၆)ပိဿာသယ်နိုင်တာကို တွေ့ရှိရပြီး၊ တစ်ရက်လျှင် (၂)ခေါက်သယ်နိုင်သည့်အတွက်ကြောင့် အဲဒီကလေးတွေရဲ့ဝင်ငွေဟာ (၁)ရက်လျှင်ငွေ (၁၀၀၀၀ိ/-)ကျော် ရှာနိုင်တာ ကိုတွေ့ရပါကြောင်း၊ မျှစ်ဟာ မိမိတို့မြို့နယ်အတွက် ဂျီဒီပီတိုးတက်အောင် လုပ်သလိုဖြစ်နေပါတယ်။



D/real(wide) (4



မျှစ်စို့များကို စီးပွားဖြစ်နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန် (၂-၁၁-၂၀၁၁)ရက် နေ့တွင် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုထားပြီး ဖြစ်ပါတယ်။ အတည်ပြုပြီးနောက် သစ်တောဝန်ကြီးက ခရိုင်သစ်တောကို ရောက်ရှိပြီး မျှစ်ထုတ်လုပ်မှုအား ဒေသခံများကို ဦးစားပေး ထုတ်လုပ်စေဖို့ နယ်မြေကိုပိုင်းခြားပြီး အလှည့်ကျ ထုတ်လုပ်စေဖို့ အကြံပြုချက် ပေးခဲ့ပါတယ်၊ ဝန်ကြီး၏ လမ်းညွှန်ချက်အတိုင်းပဲ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် စမ်းသပ်ကျင့်သုံးရာမှာ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့်အညီ အခန်း(၁)၊ ပုဒ်မ(၃၁)အရ နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့ နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်။ ပုဒ်မ(၄၅)တွင် နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဆိုတဲ့အချက်တွေကို လိုက်နာစောင့်ထိန်းနိုင်ခဲ့သလို ရှမ်းပြည်နယ်အတွက် ဘဏ္ဍာငွေတွေကို ရရှိခဲ့တာ တွေ့ရှိခဲ့ရပါတယ်။ ဒါပေမယ့် ၂၀၁၄ ခုနှစ်၊ နမ္မတူမြို့နယ်ရဲ့ နမ္မတူ-လားရှိုးလမ်းအပိုင်းကို မျှစ်ထုတ်ခွင့်နယ်မြေအဖြစ် သတ်မှတ်ထားပါတယ်။ အဲဒါကို သိတဲ့အတွက်ကြောင့် မျှစ်ထုတ်လုပ်ချင်တဲ့သူ စီးပွားရေးသမားတွေက သစ်တောရုံးကို တရားဝင်ခွင့်ပြုမိန့် ရရှိရန် လျှောက်လွှာများ တင်ထားကြသလို တချို့လျှောက်လွှာမတင်သူများ လုပ်ငန်းရှင်များလည်း တွေ့ရှိရပါတယ်။ လျှောက်လွှာတင်ထားသူ(၅)ဦးရှိတဲ့အနက် (၂)ဦး၏ လျှောက်လွှာသာ ရှမ်းပြည်နယ် သစ်တောဝန်ကြီးဌာနအထိ ရောက်လာတာကို တွေ့ရှိခဲ့ရပါတယ်။ (၂)ဦးထဲမှ (၁)ဦးသာ ဘောင်ဝင်တဲ့ ကန့်သတ်ချက်တွေကို ဘောင်ဝင်အောင် လျှောက်တင်ထားတာကို တွေ့ရှိရပါတယ်။ မျှစ်ရာသီရောက်ပေမဲ့ တရားဝင်ခွင့်ပြုမိန့် မချသေးတာကို အခွင့်ကောင်း ယူပြီး လျှောက်လွှာ တင်ကြတဲ့ သူကော၊ မတင်သူကော မျှစ်ကို အလုအယက်

ဝယ်ယူထုတ်လုပ်နေတာကို တွေ့ရှိရပါတယ်။(၁၆-၈-၂၀၁၄) ရက်နေ့မှာ အုဒါန်းအမည်နှင့် (၂၁)အရွယ်ရှိသူသည် နမ့်တော်ကုန်း အုပ်စု၊ လွယ်ဝေးကျေးရွာအနီးမှာ မျှစ်ခုတ်နေချိန် သေနတ် ဒဏ်ရာဖြင့် လဲကျသေဆုံး နေသည်ကို တွေ့ရှိရပါသည်။ ၄င်းအနီးတွင် မျှစ်တစ်ချောင်း ခုတ်ရင် ဒဏ်ငွေ(၁၀၀၀ိ/-) ကန့်သတ်နယ်မြေဆိုတဲ့စာကို ချိတ်ဆွဲထား တာကို ကြည့်ခြင်းအားဖြင့် ၄င်းသေဆုံးမှုဟာ မျှစ်နှင့်ပတ်သက်၍ သေဆုံးတာဖြစ်ကြောင်း ကောက်ချက် ဆွဲရမလို ဖြစ်နေပါကြောင်း၊ မျှစ်နှင့်ပတ်သက်ပြီး သီးသန့်ပြဋ္ဌာန်းချက်ရှိ/မရှိ သစ်တောရုံးတွေကို သွားရောက် စုံစမ်းတဲ့အခါ မျှစ်နှင့်ပတ်သက်ပြီး ပြဋ္ဌာန်းချက်သီးသန့် မရှိကြောင်း၊ ဒါပေမယ့် သစ်တောထွက်ပစ္စည်းထုတ်ယူရန် ပြဋ္ဌာန်းခွင့်၊ ပြဋ္ဌာန်းချက်များ ရှိနေပါတယ်။ ကောင်းပါပြီ။ ဥပဒေရှိပါလျက်နဲ့ ယခုလိုလက်လွတ်စပါယ်လုပ်နေခြင်းဟာ ဥပဒေသည် အသက်မဝင်မလိုဖြစ်နေပါကြောင်း စဉ်းစားရမလို ဖြစ်နေပါတယ်။ သစ်တောရေးရာဝန်ကြီးဌာနမှ ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာ(၁)ရက်မှာ စတင်ကျင့်သုံးခဲ့သည့် သစ်တောနည်းဥပဒေမှာ သစ်တောထွက် ပစ္စည်းထုတ်ယူခွင့်၊ သစ်တောထွက် ပစ္စည်းသယ်ယူ ရွှေ့ပြောင်းခွင့်နှင့် အခန်း(၁၂)ပြစ်မှုနှင့်ပြစ်ဒဏ်များ သစ်ထုတ်လုပ်မှုအတွက်သာ အဓိကပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ စီးပွားဖြစ် ထုတ်လုပ်သောမျှစ်၊ တနည်းအားဖြင့် ခေတ်အချိန်အခါနှင့် ကိုက်ညီတဲ့ ဥပဒေအဖြစ် ရှိနေတာကို မတွေ့ခဲ့ရပါကြောင်း၊ နည်းဥပဒေ(၃၂)အရ မျှစ်ထုတ်လုပ်မှုနှင့်ပတ်သက်ပြီး သစ်တောအရာရှိက အရေးယူမည် ဆိုပါက စီးပွားရေးအလို့ငှာ တားမြစ်သစ်ပင်မဟုတ်သည့် သစ်ပင်များကို ထင်း၊ မီးသွေးအလို့ငှာ ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်းမပြုရ (သို့မဟုတ်)ခွဲစိတ်ခြင်း မပြုရဆိုသည့် ပါရှိထားတဲ့ ဥပဒေအရ အရေးယူနိုင်တာကို တွေ့ရှိခဲ့ရပါတယ်။ ထို့ပြင် နည်းဥပဒေ ၅၈ မှာ သစ်တောထွက်ပစ္စည်းများဟာ သစ်တောအရာရှိ၏ ခွင့်ပြုချက်





မျှစ်များကို ကန့်နှင့်မီးသွေးကိုရောပြီး (၂)ညနှင့်(၁)ရက် အပူပေးရပါတယ်။ အပူပေးတဲ့နေရာမှာ ပလပ်စတစ် တွေနဲ့ဖုံးပြီး အပူပေးရသည့်အတွက် အချို့နေရာများတွင် ပလပ်စတစ်များပေါက်ပြဲ နေသည်အတွက်ကြောင့် ကန့်၏ အနံ့များ စူးရှစွာ ထွက်ပေါ်လာသည့် အတွက် ဘေးပတ်ဝန်းကျင်ရှိ အပင်များ ခန်းခြောက်ပျက်စီးလာတာကို တွေ့ရှိရပါတယ်။ (၂)ညနှင့် (၁)ရက်အပူပေးထားသည့် မျှစ်များကို ရေဖြင့် ပြန်လည်ဆေးကြောရပါတယ်။ ရေဖြင့်ပြန်လည်ဆေးကြော ရခြင်းကြောင့် ရေဖြုန်းတီးရာရောက်ပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းတာကိုလည်း တွေ့ရှိရတယ်။ ဆေးပြီးတဲ့ မျှစ်တွေကို (၁)ခုစီယူ၍ နေလှန်းထားရပါတယ်။ နေလှန်းပြီးမျှစ်များကို ခြင်းအသုံးပြုပြီး (၂၄)နာရီအပူပေးရပါကြောင်း၊ အဲဒီနေရာမှာ မျှစ်ဖို(၁)ဖိုဟာ (၁)ရက်လျှင်မျှစ်(၁၄)တန် ထုတ်လုပ်နိုင်ပါတယ်။ ၂၀၁၄ ခုနှစ်၌ နမ္မတူမြို့နယ်တွင် မျှစ်ဖို (၇)ဖို ရှိတဲ့အတွက်ကြောင့် (၁)ရက်ကို မျှစ်(၉၈)တန် ထွက်ရှိနေတာကို တွေ့ရှိရပါတယ်။ (၂)လအတွင်းမှာ နမ္မတူမြို့နယ်အတွက် မျှစ်(၅၈၈၀)တန် ကုန်ကျမည်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ အခြားမြို့များမှာလည်း အဲဒီလိုခွင့်ပြု ခဲ့မည်ဆိုလျှင် ဆုံးရှုံးမှုပမာဏကိုလည်း ခန့်မှန်းနိုင်မှာ ဖြစ်ပါတယ်။ အမှတ်စဉ်(၆)အနေနဲ့ နိုင်ငံခြားအဆင့် တင်ပို့နိုင်မည့် မျှစ်ခြောက်များကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ နံပါတ်(၇)ကတော့ မျှစ်ခြောက်လုပ်တဲ့ ကန့်ကြောင့် ဘေးပတ်ဝန်းကျင်မှာ ရှိနေတဲ့အပင်တွေ ညှိုးနွမ်းပျက်စီး နေတာ တွေ့မြင်ရခြင်းပဲဖြစ်ပါတယ်။ အမှတ်(၈)အနေနဲ့ မျှစ်တွေ သယ်ဆောင်နေတာကြောင့် လမ်းတွေပျက်စီးနေကြတာ ဖြစ်ပါ တယ်ရှင်။ ဒါ့ကြောင့် မျှစ်ခြောက်နှင့် ပတ်သက်ပြီး ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုတက်ရေး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာငွေအတွက်

မရရှိဘဲ နေဝင်ချိန်မှ နေထွက်ချိန်အတွင်း သစ်တောကင်းရုံးများကို ဖြတ်ကျော်ပြီး သယ်ယူရွှေ့ပြောင်းခြင်း မပြုရဆိုပြီး ပြဋ္ဌာန်းထားပါကြောင်း၊ ဒီဥပဒေကြည့်ရင် နေဝင်ချိန်မှ နေထွက်ချိန်အတွင်း ဖြစ်တဲ့ညမှာ ဖြတ်ကျော်ပြီး သယ်ယူခြင်းမပြုရဆိုသည့် အမိပ္ပာယ်သည် နေ့တွင် သယ်ယူခွင့်ပြုထားသည့် အဓိပ္ပာယ် သက်ရောက်နေပါကြောင်း၊ ပြီးတော့ သစ်တောကင်းရုံးများမှာ မြို့နယ်တိုင်းမှာ မရှိပါကြောင်း၊ ထို့ကြောင့် သစ်တောထွက်ပစ္စည်းကို ထုတ်ယူသယ်ယူခွင့်နှင့် ပတ်သက်ပြီး ခေတ်အခြေအနေနှင့် ကိုက်ညီတဲ့ ဥပဒေအနေနဲ့ပြန်လည်ပြုပြင်ပြောင်းလဲဖို့ လိုအပ်နေပါ ကြောင်း၊ မျှစ်တွေခုတ်တိုင်းဝါးတွေ ပေါ်ထွက်နေပါတယ်ဆိုတဲ့ ဆိုပေမယ့် အကန့်အသတ်မရှိခွင့်ပေးမယ် ဆိုရင် ဝါးများပြုန်းတီး နိုင်ပါကြောင်း၊ ဒ့ါအပြင် ထင်းအတွက် အပင်ကြီးတွေကိုသာ ရွေးယူခုတ်ယူအသုံးပြုပြီး ကိုင်းဖြားကိုင်းနားတွေကို လုံးဝအသုံးပြုခြင်းမရှိတဲ့အတွက်ကြောင့် တောတွေထဲမှာ ကိုင်းဖြားကိုင်းနားတွေ ပြန့်ကြဲပြီး ဆုံးရှုံးမှုတွေ အများကြီးရှိနေတာကို တွေ့ရှိရပါတယ်။ ဒ့ါကြောင့် မျှစ်ထုတ်လုပ်မှုဟာ ရာသီဥတုဖောက်ပြန်မှုတွေ ဖြစ်ပေါ် နိုင်သလို သဘာဝဘေးအန္တရာယ်ကျရောက်စေနိုင်ပါတယ်။ ရေရှည်အဖြစ်မျှစ်ထုတ်လုပ်မည် ဆိုပါက သဘာဝဘေးအန္တရာယ်ကို ဖြစ်ပေါ်စေပါတယ်။ဒါပေမယ့် မျှစ်နှင့်ပတ်သက်ပြီး သီးသန့်ဥပဒေရပ်တွေအနေနဲ့ ထုတ်ပြန်ဖို့ဆိုရင် ပြဋ္ဌာန်း ထားချက်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်ခြင်းမရှိပါကြောင်း၊ ဒါပေမယ့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ လူမှုရေးကဏ္ဍမှာ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် ဥပဒေခွင့်ပြုထားတာ ပါဝင်ထားပါတယ်။ ဒ့ါအပြင် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်လွှတ်တော် ဆိုင်ရာအခန်း(၁၀) ဥပဒေပြုခြင်း၏ ပုဒ်မ ၅၆ တွင် လွှတ်တော်သည် ဖွဲ့စည်းပုံ



D/real(wide) (4



ပြုပြင်အတည်ပြုပြဋ္ဌာန်း ပေးနိုင်ရင်တောင် လက်တွေ့ကျင့်သုံးမှုအားနည်းသည့်အတွက်ကြောင့် လွှတ်တော်၏ဂုဏ်သိက္ခာကိုလည်း ညှိုးနွမ်း စေသည်ကို တွေ့ရှိရပါတယ်။ ဒ့ါအပြင် ငွေရှိရင်အရာရာကို လုပ်နိုင်တယ်ဆိုတဲ့ လုပ်ငန်းရှင်များကိုလည်း အားပေးရာ ရောက်စေနိုင်တာကို သုံးသပ်ကြည့်မိသည့်အတွက်ကြောင့် ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် မျှစ်များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ခြင်းကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းပေးနိုင်ပါရန်ဆိုတဲ့ အဆိုကို ပြန်လည်ရုပ်သိမ်းကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အဆိုကို ထောက်ခံဆွေးနွေးမည့်ကိုယ်စားလှယ်ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကိုလက်ခံဆွေးနွေးရန် မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း ။(သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။**

၄င်းအဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ ]**

**ဥက္ကဋ္ဌ။** ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ရဲ့ ပထမပုံမှန်အစည်းအဝေးတွင် နမ္မတူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ

တင်သွင်းခဲ့သော "ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုတက်ရေး သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် မျှစ်စို့များကို စီးပွားဖြစ်နယ်စပ်သို့ တင်ပို့ခြင်းအား နှစ်အကန့်အသတ်ဖြင့် လုပ်ကိုင်ခွင့်ပြုနိုင်ရန် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရေး အဆိုကိုသဘောတူ ထောက်ခံမည့် သူမရှိကြောင်း တွေ့ရှိရပါသဖြင့် ယင်းအဆိုအား ရုပ်သိမ်းကြောင်းလွှတ်တော်မှဆုံးဖြတ်ပါသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ပုဂ္ဂလိကလုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်သည့် (Public Private Partnership) လုပ်ငန်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ **ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီးဌာန ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ပုဂ္ဂလိကလုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်သည့် (Public Private Partnership)** လုပ်ငန်းအား **လွှတ်တော်သို့** ရှင်းလင်း တင်ပြ ပေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းလှဝင်း။ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်း ဆက်သပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ **Public Private Partnership** လုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေ



D/real(wide) (4



အခြေခံဥပဒေဇယား(၂)တွင် ဖော်ပြထားသည့် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်ဥပဒေစာရင်းပါကိစ္စရပ်နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုလုံး အတွက်သော်လည်းကောင်း၊ သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာ သက်ရောက်စေရန် ဥပဒေ ပြုခွင့်ရှိကြောင်း ပါရှိထားပါကြောင်း၊ ဒ့ါကြောင့် မျှစ်ထုတ်လုပ်မှုကို သဘာဝ ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု အတွက် ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းပေးနိုင်မည်ဆိုလျှင် ပိုမိုသင့်တော်မည်ဟု ထင်ပါကြောင်း၊ ဒါမှမဟုတ် ရှိရင်းဥပဒေသစ်တောထွက်ပစ္စည်းများကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြဋ္ဌာန်းပေးရန် လိုအပ်နေပါတယ်။ လွှတ်တော်၌ အတည်ပြုပြီးသည့် အဆိုတိုင်းဟာ ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းရမှာ ဆိုရင်မဟုတ်ဘူးဆိုတာ အားလုံးနားလည်လက်ခံထားပြီး ဖြစ်ပါတယ်။ ဒါပေမယ့် လွှတ်တော်က အတည်ပြုပြီးတဲ့ ကိစ္စရပ်တွေကိုတော့ အုပ်ချုပ်ရေးအပိုင်းက လိုက်နာကျင့်သုံးဖို့လို အပ်ပါကြောင်း၊ သို့မှသာ တရားစီရင်ရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်တို့ရဲ့ အချင်းချင်း အပြန်အလှန်စစ်မှန်တဲ့ ထိန်းကျောင်းမှုကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ ယင်းအဆိုကို ၂၀၁၄ ခုနှစ် မျှစ်ရာသီမပေါ်ခင်မှာ စတင်တင်သွင်းခဲ့ပါကြောင်း၊ ဒါပေမယ့်လွှတ်တော် အစည်းအဝေး မစခင်မှာ မျှစ်ထုတ်လုပ်မှုကို ပြန်လည်သုံးသပ်ကြည့်မည်ဆိုလျှင် (e-Library),(e-Government) အသုံးပြုနေသည့်ခေတ်တွင် ရှမ်းပြည်နယ်အစိုးရထံ တရားဝင် ခွင့်ပြုမိန့်ရရှိရန် တင်ထားသည့်စာများ လိုအပ်သည်ထက် အချိန်ပိုပြီး ကြာမြင့်နေပါတယ်။ ပြည်နယ်အစိုးရထံမှ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ အောက်ခြေဝန်ထမ်းများ၏ မသိကျေးကျွံပြုပြီး လုပ်ကိုင်ခွင့်ပြုထားခြင်း၊ အုပ်ချုပ်ရေးပိုင်းမှာလည်း ပြည်နယ်အစိုးရ၏ လမ်းညွှန်မှုများကို လိုက်နာ ကျင့်သုံးမှုအားနည်းခြင်းတို့ကြောင့် မျှစ်နှင့်ပတ်သက်သော ဥပဒေကို ခေတ်စနစ်နှင့်အညီ

များကို ကျွန်တော် အစိုးရအဖွဲ့ဝင် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းလှဝင်း မှ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်များနှင့် စည်ပင်သာယာရေးပူးပေါင်း ဆောင်ရွက်တဲ့ လုပ်ငန်းများမှာ ဆိုရင် ရှမ်းပြည်နယ်အတွင်းမှာ စုစုပေါင်း လုပ်ငန်း(၁၃)ခုရှိပြီး လုပ်ငန်းတစ်ခုချင်း အလိုက် အသေးစိတ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဦးစွာ တောင်ကြီးမြို့၊ မြို့မဈေးအပိုင်း(၄) အပေါ်ထပ်တွင် **(Super Market)** ဆောက်လုပ်ခြင်း၊ ငှားရမ်းခြင်း လုပ်ငန်းကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်သည့် ကုမ္ပဏီမှာ ပေါင်းစည်းမြန်မာအစုအဖွဲ့ ကမ္ဘာကုမ္ပဏီလီမိတက်ဖြစ်ပါတယ်။ တည်နေရာဟာ မြို့မဈေးအပိုင်း (၄)အပေါ်ထပ်(ဒုတိယထပ်) ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံခဲ့သည်ငွေမှာ ကျပ်(၆၃၀၂. ၇၈)သိန်းဖြစ်ပြီး၊ တည်ဆောက်ရေးကာလမှာ (၇)လဖြစ်ပါတယ်။ အာမခံက တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ်(၄၅)၊ မြေကွက်အမှတ် (၂၈၄/၄၅၅)၊ ဦးပိုင်အမှတ်(၂၃၄-က)၊ ဧရိယာ(၀. ၀၄၀)ဧကရှိ မြေဂရန် ဖြစ်ပါတယ်။ စာချုပ်ချုပ်ဆိုသည့်ရက်စွဲမှာ ၂၀၁၂ ခုနှစ်၊ မတ် လ (၂၈)ရက်နေ့ ဖြစ်ပါတယ်။ ငှားရမ်းခပေးသွင်းမှုမှာ ဆိုင်ခန်း (၇၅)ခန်းအား တစ်လအတွက် (၁)ခန်းလျှင် ကျပ်(၃၀၀၀၀/-)နှုန်းဖြင့် ကောက်ခံ၍ တောင်ကြီးမြို့နယ် စည်ပင် သာယာရေးကော်မတီသို့ ပေးသွင်းပါတယ်။ ကုမ္ပဏီမှ အကျိုးခံစားခွင့်မှာ ဆိုင်ခန်း(၇၅) ခန်းအား လွတ်လပ်စွာ ရောင်းချခွင့်နှင့် **(Super Market)** ဖွင့်လှစ်ရန်အတွက် ဆိုင်ခန်းငှားရမ်းချထားခွင့်ကို ကုမ္ပဏီမှ အကျိုးခံစားခွင့် ရရှိပါသည်။ စည်ပင်သာယာရေးမှ အကျိုးခံစားခွင့်မှာ ဆိုင်ခန်း(၇၅)ခန်း၏ ငှားရမ်းလုပ်ကိုင်ခွင့်အတွက် ကနဦး ငွေကျပ်သိန်း(၇၇၀)အား တောင်ကြီး မြို့နယ်စည်ပင်သာယာရေး



D/real(wide) (4



မှုပေးသွင်း ငွေကျပ်သိန်း(၁၂၀၀)သိန်းနှင့် နှစ်စဉ်သတ်မှတ်မြေငှားရမ်းခကျပ်(၇၈)သိန်းရရှိမည် ။ နှစ်(၃၀)ပြည့်ပါက ဟိုတယ်နှင့်သက်ဆိုင်သော အဆောက်အဦများအားလုံးနှင့် လုပ်ငန်းအားလုံး ပြန်လည်လွှဲပြောင်းလက်ခံရရှိမည် ဖြစ်ပါသည်။ လုပ်သားအင်အား (၈၀)ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်ပြီး တောင်ကြီးမြို့၊ ကုန်ခြောက်သားငါးဈေးအား တောင်ကြီးရှော့ပင်းစင်တာအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်းဖြစ်ပါတယ်။ ဆောင်ရွက်သည့် ကုမ္ပဏီ ကတော့ သီဟဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက်ဖြစ်ပါတယ်။ မြေဧရိယာ (၁. ၄၁၁)ဧက၊ ရင်းနှီးမြှုပ်နှံသည့်ငွေကျပ်(၁၃၉၄၀. ၆၇)သန်း၊ တည်ဆောက်ရေးစီမံကိန်းကာလမှာ အခြေခံအုတ်မြစ်စီ ကွန်ကရစ်စတင်လောင်းသည်နေ့မှ (၃)နှစ်တာကာလစပြီး၊ တည်ဆောက်ရေး(၂)နှစ်စီမံကိန်းအပိုင်း(၁)- (က)စည်ပင်သာယာရေး ဆိုင်ရာလုပ်ငန်းများမှာ (၁)ပင်မရေနှုတ်မြောင်းလုပ်ငန်း ၊(၂)ကတ္တရာခင်းခြင်းလုပ်ငန်း၊ (၃)လူသွားစင်္ကြံပြုလုပ်ခြင်းလုပ်ငန်း၊ (၄)ယာယီဈေး၊ ယာယီဈေးခန်း နှင့်အခြားလုပ်ငန်းများ၊ (၅)ရေ၊ မီးလ္လာ၊ လျှပ်စစ်၊လုံခြုံရေးစနစ်၊ မီးသတ်စနစ်အစရှိသည့် **Infra-structure** လုပ်ငန်းများ၊ (ခ)မြေအောက်ထပ် (၁)တည်ဆောက်ခြင်းလုပ်ငန်း၊ (ဂ)မြေအောက်ထပ်(၂)တည်ဆောက်ခြင်းလုပ်ငန်း၊ (ဃ)မြေညီထပ်တည်ဆောက်ခြင်းလုပ်ငန်း၊ (င)ပထမထပ်မှ စတုတ္ထထပ်ထိ တည်ဆောက်ခြင်းလုပ်ငန်း၊ (စ)တည်ဆောက်ရေးစီမံကိန်းအပိုင်း(၂)မှာ(၁)နှစ်ဖြစ်ပြီး၊ ပဥ္စမထပ် တည်ဆောက်ခြင်းလုပ်ငန်း၊(၁)ဆဋ္ဌမထပ်တည်ဆောက်ခြင်းလုပ်ငန်း၊(၂)သတ္တမထပ်တည်ဆောက်ခြင်းလုပ်ငန်း၊(၃)အဋ္ဌမထပ်တည်ဆောက်ခြင်းလုပ်ငန်း၊(၄) နဝမထပ် တည်ဆောက် ခြင်းလုပ်ငန်း၊ (၅)ဒသမထပ် တည်ဆောက်ခြင်းလုပ်ငန်း၊ (၆)ရေ၊ မီးလ္လာ၊ လျှပ်စစ်၊လုံခြုံရေးစနစ်၊

မီးသတ်စနစ်အစရှိသည့် **Infrastructure**ကျန်လုပ်ငန်းများ၊ စာချုပ်သက်တမ်းကာလမှာ (၅၀+၅+၅+၅)နှစ်ဖြစ်ပြီး၊ အကျိုးအမြတ်ခွဲဝေမှု (အပိုင်း-၁)မှာ ရှမ်းပြည်နယ်အစိုးအဖွဲ့ (၅)ရာခိုင်နှုန်း ဖြစ်ပြီး ကျပ်(၄၈၄. ၅၅)သန်း၊ စည်ပင်မှ (၄၀)ရာခိုင်နှုန်း ဖြစ်ပြီး ကျပ်(၃၈၇၆. ၄၁)သန်း၊ကုမ္ပဏီမှ(၅၅)ရာခိုင်နှုန်းဖြစ်ပြီး ကျပ်(၅၃၃၀. ၀၆)သန်းဖြစ်ပါတယ်။ အကျိုးအမြတ် ခွဲဝေမှု အပိုင်း(၂)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့(၅)ရာခိုင်နှုန်းဖြစ်ပြီး ကျပ်သန်းပေါင်း(၂၁၂. ၄၈)သန်း၊စည်ပင်မှ(၂၀)ရာခိုင်နှုန်းဖြစ်ပြီး ကျပ်သန်းပေါင်း(၈၄၉. ၄၃)သန်း၊ကုမ္ပဏီမှ(၇၅)ရာခိုင်နှုန်းဖြစ်ပြီး ကျပ်သန်းပေါင်း(၃၁၈၇. ၂၄)သန်းဖြစ်ပါတယ်။ ဆောင်ရွက်ပြီးစီးမှုမှာ လုပ်ငန်း အားလုံးပေါင်း(၁၅)ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပြီး၊ လုပ်သားအင်အား(၁၆၀)ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ဆက်လက်ပြီး လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနနှင့် ပုဂ္ဂလိကအကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများ လားရှိုးမြို့အဝေးပြေးယာဉ်ရပ်နားစခန်း(နားမခေါ်)တည်ဆောက်ခြင်း လုပ်ငန်းကို အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့မှာ **Shinning Myanmar Co.,Ltd** ဖြစ်ပြီး စာချုပ်ချုပ်သည့်နေ့မှာ (၁၄-၁၁-၂၀၁၂)၊ မြေဧရိယာ(၁၀. ၃၃)ဧကဖြစ်ပါတယ်။ တည်ဆောက်ရေး ကာလမှာ(၃)နှစ်(၆)လ၊ (၁၄-၁၁-၂၀၁၂ မှ ၁၄-၅-၂၀၁၆) အထိ ဖြစ်ပြီး လုပ်ငန်းပြီးစီးမည့်ကာလမှာ (၂၀၁၆)ခုနှစ် မေလ(၁၄) ရက်ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံငွေ ကျပ်သိန်း(၄၃၈၀၀) ဖြစ်ပါတယ်။ အာမခံပေးသွင်းငွေမှာ ကျပ်သိန်း(၅၀၀)၊ မြေအသုံးချမှု တန်ဖိုးပေးသွင်းငွေ ကျပ်သိန်း(၁၂၀၀)၊ လုပ်ငန်းပြီးစီးချိန်တွင် အာမခံငွေကျပ်သိန်း(၅၀၀)အား ခုနှိမ်၍ ကျန်ငွေကျပ်သိန်း (၇၀၀) ပေးသွင်းရပါမည်။ တည်ဆောက်မည့် အဆောက်အဦမှာ



D/real(wide) (4



ကော်မတီမှ ရရှိပါသည်။ တောင်ကြီးမြို့၊ မြို့မဈေး အပိုင်း(၄) အပေါ်ထပ် **(Super Market)**ဆိုင်ခန်းများ ဖွင့်လှစ်ထားရှိတဲ့ မှတ်တမ်းပုံများ ဖြစ်ပါတယ်။

ဆက်လက်ပြီး တောင်ကြီးမြို့၊ **Hotel Convention** တည်ဆောက်ခြင်းလုပ်ငန်း ဖြစ်ပါတယ်။ ဆောင် ရွက်သည့်ကုမ္ပဏီမှာ **C.E.O** ကုမ္ပဏီလီမိတက် ဖြစ်ပါတယ်။ မြေဧရိယာမှာ(၁. ၃၃)ဧက ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံ သည့်ငွေမှာ ကျပ်(၂၀၀၅၆)သိန်း ဖြစ်ပါတယ်။ စာချုပ်သက်တမ်းကာလမှာ လုပ်ကိုင်ဆောင်ရွက်ခွင့် (၃၀)နှစ်၊ တည်ဆောက်ရေးကာလမှာ (၁)နှစ်(၆)လ၊ တည်ဆောက်ပြီးစီးသည့် ရက်မှာ (၂၀-၈-၂၀၁၄)၊ စာချုပ်ချုပ်ဆိုသည့် ရက်စွဲမှာ(၂၀-၂-၂၀၁၃)ရက်ဖြစ်ပါတယ်။ မြေအသုံးချခ ပေးသွင်းငွေမှာ ကျပ်သိန်း (၁၂၀၀)၊ စာချုပ်ချုပ်ဆိုသည့်နေ့တွင် အာမခံငွေသိန်း(၅၀၀)ပေးသွင်းပြီး ကျန်ငွေအား တည်ဆောက်ရေးလုပ်ငန်း ပြီးစီးချိန်တွင် ပေးသွင်းရမည်။ အာမခံပေးသွင်းမှုမှာ ကျပ်သိန်း(၅၀၀)ဖြစ်ပြီး၊ ငှားရမ်းခပေးသွင်းမည့် ငွေမှာ စတုရန်း(၁)ပေလျှင်(၁၅၀/-)နှုန်းဖြင့် (၅၈၀၀)စတုရန်း ပေအတွက် မြေငှားရမ်းခ ကျပ်(၇၈)သိန်း နှစ်စဉ်ပေးသွင်းရမည် ဖြစ်ပြီး လုပ်ငန်းစတင်ချိန်မှ စ၍ (၃)နှစ်အတွင်း ကင်းလွတ်ခွင့်ရှိရမည် ဖြစ်ပါသည်။ တည်ဆောက်မည့် အဆောက်အဦမှာ (၅)ထပ်ဟိုတယ် အဆောက်အဦ(၁)လုံး၊ အခြားဆက်စပ်အဆောက်အဦများ၊ အသုံးအဆောင်များနှင့် ဆက်စပ်လုပ်ငန်းများမှာ ကုမ္ပဏီမှ အကျိုးခံစားခွင့် ဟိုတယ်မြေနေရာအား နှစ်(၃၀)ငှားရမ်းခွင့်နှင့် လုပ်ငန်းများ ဆောင်ရွက်ခွင့်၊ နှစ်(၃၀) ပြည့်၍ ဟိုတယ်အဆောက်အဦနှင့် မြေနေရာပြန်လည်အပ်နှံပြီးနောက် စည်းကမ်းနှင့်အညီ နှစ်(၃၀)(၁၅+၁၅)နှစ် ငှားရမ်းလုပ်ကိုင်ခွင့်ရရှိ၍ အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်နှင့်မြို့နယ်စည်ပင်တို့အဆင့်ဆင့် တင်ပြခွင့်ပြုချက် ရယူရမည်။ စည်ပင်သာယာရေးမှအကျိုးခံစားခွင့်မှာ မြေအသုံးချ

မော်တော်ယာဉ်ဂိတ်နှင့်ပွဲရုံ (၆၈)ခန်း၊ ဈေးဆိုင်ခန်းနှင့် စားသောက်ဆိုင်(၄၆)ခန်း၊ စက်သုံးဆီအရောင်းဆိုင်(၁)ဆိုင်၊ (၃)ထပ်တည်းခိုဆောင်(၁)ဆောင်၊ ယာဉ်ပြုပြင် အလုပ်ရုံ(၆)ခန်း၊ ကားရေဆေးခုံ (၁)ခုံ၊ အုပ်ချုပ်ရေးရုံး(၁)ရုံး၊ သန့်စင်ခန်းနှင့် ရေချိုးခန်းတွဲလျက်(၂)ခန်း၊ သန့်စင်ခန်း (၆)ခန်း၊ လျှပ်စစ်မီး၊ ရေ၊ မိလ္လာ၊ ဆက်သွယ်မှုလုပ်ငန်းများ၊ (လျှပ်စစ်ထိန်းချုပ်မှု အခန်းအပါအဝင်)၊ လုပ်သား အင်အား(၂၅၀)ဦးဖြင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ လုပ်ငန်းအားလုံး၏ (၇၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။ ကုမ္ပဏီအကျိုးခံစားခွင့်မှာ တည်ဆောက်ပြီးသည့် မော်တော် ယာဉ်ဂိတ်၊ ဈေးဆိုင်ခန်း၊ စားသောက်ဆိုင်ခန်း၊ ဝပ်ရှော့ခန်း၊ ကားရေဆေးခုံ၊ စက်သုံးဆီအရောင်းဆိုင်နှင့် တည်းခိုခန်းများကို ကုမ္ပဏီအစီအစဉ်ဖြင့် လွတ်လပ်စွာ ရောင်းချခွင့်ရရှိမည် ဖြစ်ပြီး၊ ယာဉ်ရပ်နားစခန်းဝင်ကြေး၊ ညအိပ်ရပ်နားခ၊ ရေချိုးခန်းနှင့် သန့်စင်ခန်းခ၊ ကောက်ခံခွင့်လိုင်စင်ကို နှစ်(၃၀)ဆောင်ရွက်ခွင့် ရရှိမည် ဖြစ်ပါသည်။ စည်ပင်သာယာ ရေးအကျိုးခံစားခွင့်မှာ မြေအသုံးချခွင့် တန်ဖိုးကျပ်သိန်း(၁၂၀၀)ကို မြို့ပြစနစ်စည်ပင် သာယာရေးရန်ပုံငွေအဖြစ် ရရှိမည် ဖြစ်ပြီး၊ ကုမ္ပဏီမှ ရောင်းချပြီးသော ယာဉ်ရပ်နားစခန်းရှိ (၃)ထပ်တည်းခိုခန်း၊ စက်သုံးဆီအရောင်းဆိုင်၊ စားသောက်ဆိုင်ခန်းများ၊ မော်တော်ယာဉ်ဂိတ်ခန်းများ၊ ဈေးဆိုင်ခန်းများ၊ ယာဉ်ပြင်ဆင် ခန်းများနှင့် ရေဆေးခုံစသည့် လုပ်ငန်းများကို လွှဲပြောင်းရရှိပြီး စည်ပင်သာယာရေးဆိုင်ရာအခွန်အခနှင့် လိုင်စင်ခများရရှိမည်။

ဆက်လက်ပြီး လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများ၊





ဆောင် (လားရှိုး)ဝန်ဆောင်မှုကုမ္ပဏီလီမိတက်ဖြစ်ပါသည်။ ရင်းနှီး မြှုပ်နှံငွေမှာ ကျပ်(၁၈၀၀)သိန်း၊ စာချုပ် သက်တမ်းကာလမှာ နှစ်(၃၀)၊ အာမခံမှာ လားရှိုးမြို့ (၁၂)ရပ်ကွက်၊ နယ်မြေ(၁၃)ရှိ ဦးစိုင်းခမ်းသီ ပိုင်ဆိုင်သော မြေနှင့် အာစီ(၂)ထပ် အဆောက် အဦ(၁)နှစ် ကျန်ကာလကျပ်သိန်း(၅၀၀)၊ စည်ပင်သာယာရေးသို့ ပေးသွင်းငွေမှာလစဉ်(၂၆)သိန်း၊ ကုမ္ပဏီမှအကျိုးခံစားခွင့်မှာ လားရှိုးမြို့(၁၂)ရပ်ကွက် အိမ်သုံးအမှိုက်သိမ်းဆည်း ခြင်း၊စီးပွားဖြစ် လုပ်ငန်းများအမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းများအား သတ်မှတ်နှုန်း ထားများနှင့်အညီ ကောက်ခံခြင်း၊ စည်ပင် သာယာရေးမှ အကျိုးခံစားခွင့်မှာ လစဉ်ကျပ်(၂၆)သိန်းရရှိခြင်း၊ စာချုပ်ချုပ်ဆိုသည့် ရက်စွဲမှာ (၄-၇-၂၀၁၃)ဖြစ်ပါသည်။

ဆက်လက်ပြီး မူဆယ်မြို့ အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်းကို အကျိုးတူပူးပေါင်း ဆောင်ရွက် သည့်အဖွဲ့မှာ သိန်းသန်းချီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဖြစ်ပြီး၊ စာချုပ်ချုပ်ဆိုသည့်နေ့မှာ (၁၄-၁၁-၂၀၁၂)၊ မြေဧရိယာမှာ(၁၂. ၁၄) ဧက၊ တည်ဆောက်ရေးကာလမှာ (၁)နှစ်(၆)လ(၁၄-၁၁-၂၀၁၂ မှ ၁၄-၅-၂၀၁၄)အထိ၊ ထပ်မံတိုးမြှင့်သတ်မှတ်သည့်တည်ဆောက် ရေးကာလမှာ (၅)လနှင့်(၁၇)ရက်၊ လုပ်ငန်းပြီးစီးမည့် ရက်မှာ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ(၃၁)ရက်၊ ပြင်ဆင်ချက်စာချုပ်ချုပ်ဆိုရက်စွဲမှာ (၂၂-၈-၂၀၁၄)၊ ရင်းနှီးမြှုပ်နှံငွေမှာ ကျပ်သန်း(၂၉၂၆၅. ၆၈၅) ဖြစ် ပါတယ်။ အာမခံပေးသွင်းငွေမှာကျပ်သိန်း(၈၀၀)၊ မြေအသုံးချမှု တန်ဖိုး ပေးသွင်းငွေမှာ လုပ်ငန်းပြီးစီးသည့်ရက်တွင် ကျပ်သိန်း (၂၃၀၀)ပေးသွင်းရမည်။ တည်ဆောက်မည့် အဆောက်အဦများမှာ ကွန်ကရစ်လမ်း(၃၉၀၀ပေ×၁၁၀ပေ)၊ ယာဉ်ရပ်နားကွင်း (၃၃၈၂ပေ×၁၉ပေ)၊ ဧရိယာ(၁. ၇၅)ဧက၊ လူနေဆိုင်ခန်း၊ ဂိတ်ခန်း(၂၀၂)ခန်း ပါဝင်သည့် (၁၊၂၊၃၊ ၄၊၅၊၆၊၇)ခန်းတွဲ အဆောက်

အဦ(၄၄)လုံး၊ စားသောက်ဆိုင်နှင့် တည်းခိုခန်း (၂)လုံး၊ ယာဉ်ပြုပြင်အလုပ်ရုံ(၂)ရုံ၊ မီးသတ်နှင့်အုပ်ချုပ်ရေးရုံး အဆောက်အဦ(၂)ခု၊ အဝီစိစက်ရေတွင်း(၁)တွင်းနှင့် ရေလှောင် ကန်(၁)လုံး၊အများသုံးသန့်စင်ခန်းနှင့် မိလ္လာကန်(၂)လုံး၊ (၁၆ ခန်းတွဲ)၊ မိလ္လာကန်(၇၁)လုံး (၁၆)လက်မ မိလ္လာရေဆိုးထုတ် ပိုက်လိုင်းသွယ်တန်းခြင်း၊ (၁၂)လက်မရေပေးဝေရေးပိုက်လိုင်းသွယ်တန်းခြင်း၊ (၄)လက်မ မိလ္လာရေဆိုးပိုက်လိုင်းသွယ်တန်းခြင်း၊ ရေဆိုးသန့်စင် စက်(၂)လုံး၊ ရေမြောင်း၊ ရေမြောင်းဖုံး(၃၄၀၀ပေ× ၃ပေ× ၂. ၅ပေ)၊ ၂၀၀/၄၀၀ ကေဗွီအေ ထရန်စဖော်မာ(၂)လုံး၊ ခြံစည်းရိုးကာရန်ခြင်း (၁၃၅၀)ပေ၊ လျှပ်စစ်မီး၊ ရေပေးကန်၊ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ လုပ်ငန်းအားလုံး၏(၉၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပြီး၊ လုပ်သားအင်အား(၅၃၇)ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီအကျိုးခံစားခွင့်မှာ တည်ဆောက်ပြီးလူနေဆိုင်ခန်း၊ ဂိုတ်ခန်းများအနက် (၅)ခန်းတွဲ လူနေဆိုင်ခန်း၊ ဂိုတ်ခန်း(၂)ထပ် အဆောက်အဦရှိ အခန်းများအား တစ်ခန်းလျှင် ကျပ်သိန်း(၂၅၀)ဖြင့် ရောင်းချ၍ ကျန်အခန်းများကို ကုမ္ပဏီ အစီအစဉ်ဖြင့် ရရှိမည် ဖြစ်ပြီး၊ အဝေးပြေးယာဉ်ရပ်နား စခန်း၏ ယာဉ်ဝင်ခနှင့် ယာဉ်ညအိပ်ရပ်နားခွန် ကောက်ခံခြင်းလုပ်ငန်း၊ သန့်စင်ခန်း၊ ရေချိုးခန်းလုပ်ငန်းများအား နှစ်အလိုက် လိုင်စင်ကြေးသတ်မှတ်၍ နှစ်(၃၀)လုပ်ကိုင်ခွင့် ရရှိမည် ဖြစ်ပါသည်။ စည်ပင်သာယာရေးမှအကျိုးခံစားခွင့်မှာ (က)မြေအသုံးချခွင့်တန်ဖိုးကျပ်သိန်း(၂၃၀၀)ရရှိမည် ဖြစ်ပြီး၊ (ခ)ကုမ္ပဏီမှ ရောင်းချပြီးသော လူနေဆိုင်ခန်း/ဂိုတ်ခန်းများ နှင့် အများသုံးသန့်စင်ခန်းများကို စည်ပင်မှ လွှဲပြောင်းရရှိမည်။ (ဂ)ယာဉ်ရပ်နားစခန်းရှိ တည်းခိုခန်း၊ စားသောက်ဆိုင်ခန်းများ၊ မော်တော်ယာဉ်ဂိုတ်ခန်းများ၊ ယာဉ်ပြင်အလုပ်ရုံ လုပ်ငန်းများမှ စည်ပင်သာယာရေးဆိုင်ရာအခွန်အခ၊



D/real(wide) (4



မန်ဆူဈေး(ဒုတိယအဆင့်)အဆင့်မြင့်တည်ဆောက်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့်အဖွဲ့မှာ တာမိုးညဲပြည်သူ့စစ်ကြီးကြပ်မှုကော်မတီဖြစ်ပြီး၊ စာချုပ်ချုပ်ဆိုသည့်နေ့မှာ (၁၄-၁၁-၂၀၁၂)၊ မြေဧရိယာမှာ(၂. ၄၇)ဧက၊ တည်ဆောက်ရေးကာလမှာ (၃)နှစ်(၁၄-၁၁-၂၀၁၂ မှ ၁၄-၁၁-၂၀၁၅)အထိ၊ လုပ်ငန်းပြီးစီးမည့်ကာလမှာ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ(၁၄)ရက်၊ ရင်းနှီးမြှုပ်နှံငွေမှာ ကျပ်သိန်း(၄၀၀၀၀)၊ အာမခံ ပေးသွင်းငွေမှာ ကျပ်သိန်း(၅၀၀)၊ လုပ်ငန်းဆောင်ရွက်ခွင့်အတွက် ပေးသွင်းငွေသည် ကျပ်သိန်း(၁၀၀၀)၊ တည်ဆောက်မည့် အဆောက်အဦများမှာ (၃)ထပ်(၄)ခန်းတွဲ၊ ဈေးဆိုင်လူနေအိမ်(၉)လုံး၊ (၁)ထပ်ဈေးရုံ(ဒီ)ရုံ၊ သန့်စင်ခန်း(၂၀)ခန်း၊ သားငါးဈေးရုံ(၁)ရုံ၊ ဟင်းသီးဟင်းရွက်ဈေးရုံ(၁)ရုံ၊ လျှပ်စစ်မီး၊ ရေ၊ မိလ္လာ၊ ဆက်သွယ်မှု လုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ လုပ်ငန်းအားလုံး၏ (၃၅)ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါသည်။ လုပ်သား အင်အား (၁၅၂)ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကုမ္ပဏီအကျိုးခံစားခွင့်မှာ တည်ဆောက်ပြီး အဆောက်အဦ ဆိုင်ခန်းများ ရောင်းချရာတွင် ကန်ထရိုက်စနစ်အရ ကုန်ကျငွေ (၂)ရာခိုင်နှုန်းကို နိုင်ငံတော် အခွန်ငွေဖြင့်ပေးသွင်းပြီး ကျန်ငွေအား အကျိုးခံစားခွင့် ရရှိမည်ဖြစ်ပြီး၊ (၈)ထပ်ဟိုတယ်ဆောက်လုပ်ပြီးပါက စည်ပင်သို့ လွှဲပြောင်းပေးအပ်ပြီး နှစ်(၃၀)ငှားရမ်းလုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ စည်ပင်သာယာရေး အကျိုးခံစားခွင့်မှာ လုပ်ငန်းဆောင်ရွက်ခွင့် အတွက် ပေးသွင်း ငွေကျပ်သိန်း(၁၀၀၀)ရရှိမည်ဖြစ်ပြီး၊ သားငါးဈေးရုံ၊ ဟင်းရွက်ဈေးရုံ၊ သန့်စင်ခန်းနှင့် ဟိုတယ် တို့ကို လွှဲပြောင်းလက်ခံရရှိကာ၊ ဈေးဆိုင်ခန်း၊ သန့်စင်ခန်းနှင့် ဟိုတယ်တို့မှ စည်ပင်သာယာရေးဆိုင်ရာ လိုင်စင်ခနှင့်အခွန်အခများ ရရှိမည်ဖြစ်ပါသည်။

ဆက်လက်ပြီး လားရှိုးမြို့ပေါ်(၁၂)ရပ်ကွက် အမှိုက်သိမ်းဆည်းရေးလုပ်ငန်းကိုဆောင်ရွက်သည့် ကုမ္ပဏီမှာ မြို့ဂုဏ်

လိုင်စင်ခများ နှစ်စဉ်ရရှိမည်။ ယာဉ်ဝင်ခနှင့် ယာဉ်ညအိပ် ရပ်နားခွန်ကောက်ခံခြင်းလုပ်ငန်းအား သတ်မှတ်လိုင်စင်ကြေးများဖြင့် နှစ်စဉ်ရရှိမည်။

ဆက်လက်ပြီး မူဆယ်မြို့ စည်ပင်သာယာရေးကော်မတီနှင့် ပုဂ္ဂလိကအကျိုးတူပူးပေါင်း ဆောင်ရွက်သည့် မူဆယ်မြို့၊ မြို့ပတ်လမ်း(၂)မိုင်(၃)ဖာလုံကွန်ကရစ်လမ်း အဆင့်မြှင့်တည်ဆောက်ခြင်း လုပ်ငန်း၏ အကျိုးတူ ပူးပေါင်းဆောင်ရွက်သောအဖွဲ့မှာ သိန်းသန်းချိဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဖြစ်ပြီး၊ စာချုပ်ချုပ် ဆိုသည့်နေ့မှာ(၄-၄-၂၀၁၂)၊ တည်ဆောက်ရေးကာလမှာ(၆)လ၊(၄-၄-၂၀၁၂ မှ ၄-၁၀-၂၀၁၂)အထိ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံငွေမှာ ကျပ်သိန်း(၁၄၀၄၈. ၇၈)ဖြစ်ပြီး၊ အာမခံပေးသွင်းငွေမှာ ကျပ်သိန်း(၃၀၀)(နှစ်စဉ် ပေးသွင်းရမည့် ငွေကျပ်သိန်း(၆၀) အား (၅)နှစ်စာကြိုတင်ပေးသွင်းခြင်း)ဖြစ်ပါသည်။ ကုမ္ပဏီမှ အကျိုးခံစားခွင့်မှာ လမ်းအသုံးပြုခ ကောက်ခံခွင့်(၁၀)နှစ်လုပ်ကိုင်ခွင့် ရရှိမည် ဖြစ်ပါသည်။စည်ပင်သာယာရေးမှအကျိုးခံစားခွင့်မှာ လမ်းအသုံးပြုခနှင့် လိုင်စင်ကြေးနှစ်စဉ်ကျပ်သိန်း(၆၀)ရရှိမည် ဖြစ်ပါသည်။ ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ လုပ်ငန်းအားလုံး (၁၀၀%)ဆောင်ရွက်ပြီး ဖြစ်ပါသည်။

ဆက်လက်ပြီး ကျိုင်းတုံမြို့၊ မြို့ပေါ်(၅)ရပ်ကွက် အမှိုက်သိမ်းဆည်းရေးလုပ်ငန်းကို ဆောင်ရွက်သည့် ကုမ္ပဏီမှာ စိန်ရေကန်ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးဝန်ဆောင်မှုလုပ်ငန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သိန်း(၁၅၀၅)သိန်း၊ စာချုပ်သက်တမ်းကာလမှာ-နှစ်(၃၀)+(၁၅)+(၁၅)နှစ် ဖြစ်ပါတယ်။ အာမခံပစ္စည်းမှာ ကျပ်သိန်း(၅၀၀)တန်ဖိုးရှိ ကျိုင်းတုံမြို့၊ အမှတ်(၂)ရပ်ကွက်၊ (၀. ၁၃၉)ဧကရှိမြေနှင့် (၁၈၀ပေ×၄၀ပေ)၊အာစီနှစ်ထပ် အဆောက်





ကျပ်မှာ(၁၆၁၆. ၉)သန်းဖြစ်ပါတယ်။ အာမခံပေးသွင်းမှုမှာ-ကျပ်သိန်း(၅၀၀)ဖြစ်ပြီး၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေမှာ-လုပ်ငန်းအားလုံးပေါင်း(၅၉)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပြီး၊ လုပ်သားအင်အား(၁၅၀)ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်း ဆောင်ရွက်ခွင့်အတွက် ပေးသွင်းငွေမှာ ကျပ်(၈၀၈. ၄၅) သိန်းဖြစ်ပါသည်။ ကုမ္ပဏီ၏အကျိုးခံစားခွင့်မှာ- မူလဆိုင်ခန်းရှင်များအား (၁၀)ပေပတ်လည် (၁)ခန်းလျှင်(၄၁. ၄)သိန်း၊ (၁၂)ပေပတ်လည်(၁)ခန်းလျှင် (၅၉. ၂)သိန်း၊ ပျံကျဈေးခုံ(၁)ခုံလျှင် ကျပ်(၁၀)သိန်းနှုန်းဖြင့် ရောင်းချပြီး ကျန်နေရာနှင့် ဆိုင်ခန်းလွတ်များကို လွတ်လပ်စွာရောင်းဝယ်ခွင့်ရရှိမည် ဖြစ်ပါသည်။ ဈေးကောက်၊ အများသုံးရေအိမ်နှင့် ရေချိုးခန်းလုပ်ငန်း လိုင်စင်ယာဉ် ရပ်နားခလိုင်စင်များကို သတ်မှတ် လိုင်စင်ကြေးများအတိုင်း လုပ်ကိုင်ခွင့်ရရှိမည် ဖြစ်ပါသည်။ စည်ပင်သာယာရေးဌာနမှ အကျိုးခံစားခွင့်မှာ- ဈေးတည်ဆောက်ပြီးပါက ဆိုင်ခန်းများအား လွှဲပြောင်း လက်ခံရရှိမည်ဖြစ်ပြီး လစဉ်ဆိုင်ခန်းခများ ကောက်ခံရရှိမည် ဖြစ်ပါ သည်။ ဈေးကောက်၊ အများသုံး ရေအိမ်နှင့်ရေချိုးခန်းလုပ်ငန်း လိုင်စင်ယာဉ်ရပ်နားခလိုင်စင်များ၏ နှစ်စဉ် သတ်မှတ် လိုင်စင်ခများရရှိမည် ဖြစ်ပါသည်။

ဆက်လက်ပြီး တာချီလိတ်မြို့၊ ပါဆတ်ခေတ်မီ ကားလေးကွင်း ဆောက်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက် သည့်ကုမ္ပဏီမှာ မင်းခေတ်သစ်ကုမ္ပဏီလီမိတက် ဖြစ်ပါသည်။ တည်နေရာမှာ-တာချီလိတ်မြို့၊ ဟောင်လိတ် ကျေးရွာအုပ်စု၊ ဗိုလ်ချုပ်လမ်း၊ အကျယ်အဝန်းဧရိယာမှာ(၁. ၀၈)ဧကဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုသည့် ရက်စွဲမှာ-(၄-၇-၂၀၁၃)ရက် ဖြစ်ပါသည်။ မူလဂိတ်ခန်းပေါင်းမှာ-ဂိတ်ခန်း(၁၆)ခန်း၊ စားသောက်ဆိုင်ခန်း(၁၆)ခန်း၊ စုစုပေါင်း (၃၂)ခန်း ဖြစ်ပါသည်။ လုပ်ငန်းစတင်ဖြစ်ပေါ်လာပုံမှာ- မင်းခေတ်သစ်ကုမ္ပဏီ

မှ (၅-၁၂-၂၀၁၁)ရက်စွဲပါ ပါဆတ် ကားကွင်းအား ခေတ်မီကားကွင်း အဖြစ် ဆောက်လုပ်ခွင့်ပြုပါရန် တင်ပြလာခြင်းဖြစ်ပါသည်။ တည်ဆောက်ရေးကာလမှာ (၁)နှစ် (၆)လ (၄-၇-၂၀၁၃ မှ ၄-၁-၂၀၁၅ အထိ)ဖြစ်ပြီး စာချုပ်သက်တမ်းကာလမှာ လုပ်ကိုင်ဆောင်ရွက်ခွင့်ကာလနှစ်(၃၀) ဖြစ်ပါသည်။ အာမခံပေးသွင်းငွေမှာ ကျပ်သိန်း(၁၀၀၀)ဖြစ်ပါသည်။ အသစ် တည်ဆောက် သည့်ပုံစံမှာ- သံကူ ကွန်ကရစ်(၃)ထပ်(၂)လုံး+သံကူ ကွန်ကရစ်(၂)ထပ်(၃)လုံး ဖြစ်ပြီး၊ အခန်းပေါင်း သံကူကွန်ကရစ် (၃)ထပ်(၁၅)ခန်း + သံကူကွန်ကရစ်(၂)ထပ်(၄၃)ခန်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ-ခန့်မှန်းကုန်ကျငွေကျပ်(၂၀၂၃၇)သိန်း ဖြစ်ပါသည်။ မြေငှားရမ်းခပေးသွင်းမှုမှာ- နှစ်စဉ်အကျိုးအမြတ်၏ (၁၀)ရာခိုင်နှုန်းဖြစ်သည့် (၃)သိန်း+မြေငှားရမ်းခ (၅၁. ၁၅)သိန်း၊ စုစုပေါင်း(၅၄. ၁၅)သိန်း ဖြစ်ပါသည်။ လုပ်ငန်းပြီးစီးပါက စည်ပင်မှ လစဉ်ရရှိမည့် ဆိုင်ခန်းခမှာ (၁၀×၂၄)ပေ(၄၃×၁၀၀၀၀ဝိ/-)(၄. ၃)သိန်း၊ (၁၃×၃၂)ပေ(၁၅×၁၅၀၀ဝိ/-)(၂. ၂၅)သိန်း၊စုစုပေါင်း (၆. ၅၅)သိန်းဖြစ်ပါတယ်။ (၁)နှစ်ရရှိမည့် ဆိုင်ခန်းခမှာ-(၇၈. ၆)သိန်း ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ- လုပ်ငန်း၏ (၅၀)ရာခိုင်နှုန်းဆောင်ရွက်ပြီး ဖြစ်ပါသည်။ လုပ်သားအင်အား (၁၅၀)ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ကုမ္ပဏီ၏ အကျိုး ခံစားခွင့်မှာ- ယာဉ်ဝင်ခနှင့်ယာဉ်ညအိပ်ရပ်နားခွန် ကောက်ခံခြင်း လုပ်ငန်းလိုင်စင်ကို နှစ်(၃၀) ဆောင်ရွက်ခွင့် ရရှိမည်။ ရေချိုးခန်း၊ သန့်စင်ခန်းကောက်ခံခြင်းလုပ်ငန်းကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက် ခွင့်ရရှိမည် ဖြစ်ပါသည်။ မူလဆိုင်ခန်းရှင်များအား သတ်မှတ်နှုန်းထား ဘတ်ငွေ(၆. ၅)သိန်းဖြင့် ပြန်လည်ရောင်းချ၍ ကျန်ဆိုင်ခန်းများနှင့် ယာဉ်ရပ်နားရန် နေရာများအား လွတ်လပ်စွာ ရောင်းချပိုင်ခွင့်ရှိပါသည်။ စည်ပင်သာယာရေးဌာနမှ



D/real(wide) (5



အညီဖြစ်ပါသည်။ စည်ပင်သို့ပေးသွင်းငွေမှာ တစ်နှစ်လျှင်ကျပ်သိန်း (၆၀)၊ ကုမ္ပဏီမှအကျိုးခံစားခွင့်မှာ နှစ်စဉ်ကျပ်သိန်း(၆၀)ပေးသွင်းပြီး ကျန်ငွေအား လုပ်ငန်းလက်ခံသူမှ အကျိုးခံစားခွင့်ရရှိမည် ဖြစ်ပါသည်။ မိလ္လာ သိမ်းဆည်းခြင်းလုပ်ငန်းအား တစ်ခေါက်လျှင်ကျပ်(၃၀၀၀၀)နှုန်း ကောက်ခံ၍ လုပ်ငန်းအပ်နှံသူသို့ တစ်ခေါက်လျှင် ကျပ်(၁၀၀၀၀)နှုန်း ပေးသွင်းရမည်။ စည်ပင်မှ အကျိုးခံစားခွင့်မှာ ကျပ်သိန်း(၆၀) ပေးသွင်းပြီး လစဉ်ကောက်ခံသည့် အမှိုက်သိမ်းဆည်းခမှ ရရှိသည့် အမြတ်အစွန်းပေါ်မူတည်၍ တိုးမြှင့်ပေးသွင်းရမည့်ငွေအား လုပ်ငန်းအပ်နှံသူမှ အကျိုးခံစားခွင့်ရရှိမည်။ လုပ်ငန်းစတင်သည့် လုပ်ငန်းမှစ၍ တစ်လလျှင်ကျပ်(၅)သိန်းရရှိမည် ဖြစ်ပါသည်။

ဆက်လက်ပြီး တာချီလိတ်မြို့၊ ဝမ်ကောင်းမြို့နယ် အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းလုပ်ငန်းကို မင်းခေတ်သစ် ကုမ္ပဏီလီမီတက်မှ ဆောင်ရွက်ပါသည်။ မူလဈေးတည်နေရာမှာ တာချီလိတ်မြို့၊ဝမ်းကောင်း ရပ်ကွက်တွင် တည်ရှိပြီး၊ အကျယ်အဝန်း မြေဧရိယာမှာ(၀. ၉၂၁)ဧကဖြစ်ပါသည်။ မူလဈေး အဆောက်အဦ ပုံစံမှာ-(၁)ထပ်သစ်သား အဆောက်အဦ၊ဈေးဆိုင်းခန်းမှာ(၁၃၆)ခန်း၊ ပျံကျခုံ(၇၅)ခုံရှိပါသည်။ လုပ်ငန်းစတင် ဖြစ်ပေါ် လာပုံမှာ- (၁၃-၇-၂၀၁၂)ရက်နေ့ တွင် တာချီလိတ်စည်ပင်သာယာရေးဌာနမှ မြို့မဈေး၊ အဆင့်မြှင့်ဈေး ဆောက်လုပ် မည့်တင်ဒါခေါ်ယူခဲ့ပါသည်။ တင်ဒါစည်းကမ်းပါအချက်များနှင့်ကိုက်ညီပြီး ဈေးသူဈေးသားများ၏ ထောက်ခံမှု မဲအများဆုံးရရှိသည့် မင်းခေတ်သစ်ကုမ္ပဏီအား ရွေးချယ်ခဲ့ပါသည်။ တည်ဆောက်ရေးကာလမှာ-(၁)နှစ်နှင့် (၆)လ၊(၄-၇-၂၀၁၃ မှ ၄-၁-၂၀၁၅)အထိ ဖြစ်ပါသည်။ ဈေးတည်ဆောက်မည့် ပုံစံမှာ- (၂)ထပ်သံကူ ကွန်ကရစ် အဆောက်အဦ ဖြစ်ပါသည်။ ဆိုင်ခန်းပေါင်းမှာ- မြေညီထပ်(၁၈၅)ခန်း၊ပထမထပ်(၁၄၃)ခန်း၊ ပျံကျခုံ(၈၆)ခုံ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ခန့်မှန်း ကုန်ကျငွေ

အကျိုးခံစားခွင့်မှာ - ရေချိုးခန်းနှင့်သန့်စင်ခန်းကောက်ခံခြင်း လုပ်ငန်းများ အတွက်နှစ်စဉ်သတ်မှတ်လိုင်စင် ကြေးရရှိမည် ဖြစ်ပြီး ကုမ္ပဏီမှ ဆိုင်ခန်းများ ရောင်းချပြီးပါက လွှဲပြောင်းရရှိပြီး လစဉ် ဆိုင်ခန်းခ ရရှိမည်ဖြစ်ပါသည်။ ကုမ္ပဏီမှ ရောင်းချနိုင်ခြင်းမရှိသော ဆိုင်ခန်းများအား လစဉ်ငှားရမ်းခငွေ၏ (၂၅)ရာခိုင်နှုန်းကို ရရှိမည် ဖြစ်ပါသည်။

ဆက်လက်ပြီး တာချီလိတ်မြို့ မြို့ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်သည့် ကုမ္ပဏီမှာ ဟိန်းလင်းစံ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ဖြစ်ပါသည်။ လုပ်ငန်းစတင်ဖြစ်ပေါ်လာပုံမှာ- (၁၈-၁၂-၂၀၁၁)ရက်စွဲပါ ဟိန်းလင်းစံကုမ္ပဏီ၏ တာချီလိတ်မြို့အား ရေပေးဝေသည့်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် တင်ပြခြင်း ဖြစ်ပါသည်။ တည်ဆောက်ရေးကာလမှာ-(၃)နှစ်ဖြစ်ပြီး(၂၀-၂-၂၀၁၃ မှ ၂၀-၂-၂၀၁၆)အထိ ဖြစ်ပါသည်။ စာချုပ် သက်တမ်း ကာလမှာ လုပ်ငန်းဆောင်ရွက်ခွင့်ကာလနှစ်(၃၀) ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ-ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း (၄၃၇၆. ၆)သန်းဖြစ်ပြီး၊ လုပ်ငန်းဆောင်ရွက်သည့်တည်နေရာမှာ တာချီလိတ်မြို့အနောက် တောင်ဘက်(၁၀)မိုင်အကွာ၊ မယ်ဆိုင်နွဲ့ ချောင်းဖျားတွင် ရေကျော်ဆည်**(Wire)**တည်ဆောက်ပြီး လွယ်တော်ခန်း ပူးပေါင်းဂိတ်အနီးရှိ မြေနေရာတွင် ရေစစ်ကန်များ တည်ဆောက်၍ ရေဖြန့်ဝေပေးခြင်း ဖြစ်ပါသည်။ လုပ်ငန်း ဆောင်ရွက်ခွင့်အတွက် ပေးသွင်းငွေမှာ-ကျပ်(၄၃. ၇၆၆)သန်း (ရင်းနှီးမြှုပ်နှံငွေ ၁ ရာခိုင်နှုန်း)၊ အာမခံပေးသွင်းမှု(ပစ္စည်း)မှာ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်၊စိန်ပန်းလမ်း၊အမှတ်(၁/၃)တွင် သိန်း(၃၀၀)ကျပ် တန်ဖိုးရှိ မြေနှင့်အဆောက်အဦ၊ကျပ်သိန်း(၂၀၀) တန်ဖိုးရှိ ရာဘာစိုက်ခင်း(တာချီလိတ်မြို့၊ဟောင်လိတ်ကျေးရွာ၊ မြို့ရှောင်လမ်းအနီး)၊ စာချုပ်ချုပ်ဆိုသည့်ရက်စွဲမှာ(၂၀-၂-၂၀၁၃)



D/real(wide) (5



## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ပထမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးဒုတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ ၃ ရက်နေ့ ဗုဒ္ဓဟူးနေ့ နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# ဒသမပုံမှန်အစည်းအဝေး (ဒုတိယနေ့) မှတ်တမ်း
# ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်
# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ (၃) ရက်
# [ ဗုဒ္ဓဟူးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန် အစည်းအဝေး(ဒုတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအကဲက ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။



D/real(wide) (5



ဖြစ် ပါသည်။ ဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ-လုပ်ငန်းအားလုံး (၆၆)ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ပြီး ဖြစ်ပါသည်။လုပ်သားအင်အား (၄၅)ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ စည်ပင်သာယာရေးဌာနမှ အကျိုးခံစားခွင့်မှာ သတ်မှတ်သည့် (၁၇)နှစ်ကာလအတွင်း ရေသုံးစွဲသူများထံမှ ကောက်ခံရရှိသည့် ရေသုံးစွဲခဝင်ငွေ၏(၅)ရာခိုင်နှုန်း၊ အရင်းကြေကာလကုန်ဆုံးပြီး (၁၃)နှစ်ကာလအတွင်း ရေသုံးစွဲသူများထံမှ ကောက်ခံရရှိသည့် ရေသုံးစွဲခဝင်ငွေ၏ (၁၀)ရာခိုင်နှုန်း ရရှိမည် ဖြစ်ပါသည်။ ကုမ္ပဏီမှ အကျိုးခံစားခွင့်မှာ- ရေမီတာ(၁)လုံးလျှင် ကျပ်(၇၅၀၀၀/-)နှင့် အသုံးပြုရေယူနစ်(၂၂၀) ဂါလန် (သို့မဟုတ်)(၈၈၀)လီတာအား ကျပ်(၃၀၀)နှုန်းဖြင့် (ရေသုံးစွဲနှုန်းကို ညှိနှိုင်းပြီး သင့်လျော်သလို ပြင်ဆင်သတ်မှတ်သွားမည်)ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာ ယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်း အဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၀)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၂၄)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၈ ဒသမ ၅၇ )ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က) နှင့်ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၄)၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ (ဂ)၊ တို့အရအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။





လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော် ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး(ဒုတိယနေ့)သို့ အကြောင်းအမျိုးမျိုးနဲ့ တက်ရောက် နိုင်ခြင်းမရှိတဲ့ အောက်ပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း(၂)ဦးအား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီမှ စိစစ်တွေ့ရှိတဲ့အတွက် ကင်းလွှတ်ခွင့် ပြုပေးနိုင်ပါရန် လျှောက်ထား တင်ပြလာမှုအပေါ်တွင် ခွင့်ယူသူအားလုံးရဲ့ကိုယ်စား အဖြစ် တင်ပြတောင်းခံအပ်ပါတယ်။

(၁) ဦးရှာမွေလရှုံ၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး၊ ကျန်းမာရေး အခြေအနေ မကောင်းပါသဖြင့်

(၂) ဦးစိုင်းထွန်းမြင့်၊ မိုင်းရှူးမဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး အခြေအနေမကောင်းပါသဖြင့်

စုစုပေါင်း(၂)ဦး ရှိပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက် များကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည် )

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ (၁၄၀)ဦး၊ ယခင် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦး၊ ယနေ့

ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၆)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ၊ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒုတိယနေ့ တက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို အတည်ပြုပါသလားခင်ဗျား။(သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူပါသည် )

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းပြီး သက်ဆိုင်ရာ ပြည်နယ်အဖွဲ့ အစည်းဝင်များက ဖြေကြားမှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို ယခု လွှတ်တော်ကိုယ်စားလှယ် (၇)ဦးက မေးမြန်းတဲ့ မေးခွန်းများကို



D/real(wide) (5



## ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေ(၄)၊ နည်းဥပဒေခွဲ(ခ)အရ ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ ပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက် ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က) အရ ခွင့်ပန်ကြားလိုတဲ့ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော် လည်း ကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်း အဝေး မတက်ရောက်နိုင်တဲ့အတွက်လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးဇော်ဇော်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။အားလုံး မင်္ဂလာပါ။**လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်

သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များမှ တာဝန်ရှိ ပုဂ္ဂိုလ်က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဒေါ်မာရီက မေးခွန်းကိုမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်မာရီ၊ မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။အားလုံး မင်္ဂလာပါရှင်၊ လေးစားအပ်တဲ့ ရှမ်းပြည်နယ် ဒုတိယဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပြီး လိုအင်ဆန္ဒ တလုံးတဝကြီး ပြည့်ဝကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာရီ ဖြစ်ပါတယ်။ မက်မန်း ခရိုင်တွင် တန်ဖိုးနည်း လက်ကိုင်ဖုန်း အသုံးပြုခွင့် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက် ပေးမည်ကို မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မက်မန်းခရိုင်တွင် လူဦးရေပေါင်း (၂၃၇၂၇)ဦးရှိပါတယ်။ အုပ်စု တစ်ခုနှင့် တစ်ခု၊ ကျေးရွာနဲ့တစ်ရွာ ဝေးလံခေါင်းပါးပြီး လမ်းပန်း ဆက်သွယ်ရေးလည်း လွန်စွာခက်ခဲလှ ပါတယ်။ မက်မန်းခရိုင်၏ လူနေမှုအဆင့်အတန်း တိုးတက်ရန်အတွက် ပြည်သူများမှ မည်မျှပင် ကြိုးပမ်းသော်လည်း ဆက်သွယ်ရေး အဆင်မပြေမှု ကြောင့် တိုးတက်မှုများ လွန်စွာနှောက်နှေးလျက်ရှိ နေပါတယ်။ ယခုပြောင်းလဲ တိုးတက်လာသောစနစ်နှင့်အညီ မက်မန်းမြို့နယ် ရှိသော ပြည်သူလူထု၏ လူနေမှုစနစ် ဖွံ့ဖြိုးတိုးတက်ပြီး ဆက်သွယ်မှု လွယ်ကူစေရန် မိုဘိုင်းဖုန်းတာဝါတိုင်နှင့် တန်ဖိုးနည်းသော လက်ကိုင်ဖုန်း အသုံးပြုနိုင်ရေးအတွက်မည်ကဲ့သို့ ဆောင်ရွက် ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။



D/real(wide) (5



မြေနေရာအသုံးပြုခွင့်ရရှိပြီးပါက ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ ဗဟုသုတအနေနဲ့ မိုဘိုင်းဆက်သွယ်ရေးနှင့်ပတ်သက်လို့ ဆက်သွယ်ရေးသတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေနှင့်တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်တဲ့ ကာတာနိုင်ငံအခြေစိုက်တဲ့ အော်ရီဒူး၊ နော်ဝေး အခြေစိုက်တဲ့ တယ်လီနောကုမ္ပဏီ၊ ဆူမူတိုမို ကုမ္ပဏီ တို့နှင့် ပေါင်းစပ်ပြီး MPTအနေနှင့် ကုမ္ပဏီတစ်ခု ရတနာပုံ တယ်လီပို့စ် အနေနှင့်ကုမ္ပဏီတစ်ခု တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း တင်ပြ အပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ်က တစ်ဆက်တစ်ဆက်တည်း မေးခွန်း(၂)ခုကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစား အပ်တဲ့ ရှမ်းပြည်နယ်ဥက္ကဋ္ဌနဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် ဖြစ်ပါတယ်။ ပထမမေးခွန်းသည် နောက်ကျနေသည့်အတွက် ပြန်လည်မေးမြန်းခြင်း ဖြစ်တဲ့အတွက်ကြောင့် ဇလုတ်ကြီးချောင်း မှာ ဘယ်နှစ်ဘယ်ခါမှ မတည်ဆောက်ထားသော ချောင်းခြောက်ကြီး ဖြစ်၍ မိုးတွင်းကာလမှာ သွားရေးလာရေး ခက်ခဲပြီး အကျယ်ပေ (၁၀၀)ရှိပါတယ်။လွှတ်တော်တွင် မဆွေးနွေးရသော်လည်း သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြဆွေးနွေးပြီး သက်ဆိုင်ရာ အဆင့်ဆင့်လည်း ယင်းတံတားကို တည်ဆောက်ခြင်းမှာ ပြီးစီးတော့မည်ဖြစ်ပါသဖြင့် ဒီမေးခွန်းကို အရေးတကြီး ထားပြီး ဘယ်ခေတ်ဘယ်ခါမှ မတည်ဆောက်ပေးတဲ့

တံတား ယခုအစိုးရသစ်လက်ထက်မှ တည်ဆောက်ပေးသည်ကို ကျေးဇူးတင်ပါတယ်။ ယခုအခါ ဇလုတ်ကြီးချောင်း တံတားမှာ တည်ဆောက်နေပြီ ဖြစ်ပါသဖြင့် ၄င်းမေးခွန်းကို ဖြေကြားရန် မလိုသည့်အတွက် ပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်။

ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်၏ ဒုတိယမေးခွန်းကတော့ မိုးမိတ်မြို့၊ သမိုင်းဝင် ရွှေမြင်တင်မြတ်စွာဘုရားသည် မိုးမိတ်- မန်တုံလမ်းဘေးတွင်ရှိပြီး မိုးမိတ်မြို့မှ (၁)မိုင် (၅)ဖာလုံကွာဝေးပါသည်။ နှစ်စဉ်နှစ်တိုင်း တပေါင်းပွဲတော်ကိုလည်း စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပါသည်။ နှစ်စဉ်နှစ်တိုင်း ကျင်းပသောပွဲတော်ကြီးဖြစ်ပါသဖြင့် ရွှေမြင်တင် မြတ်စွာဘုရားသို့ သွားရာလမ်းကို လမ်းများတိုးချဲ့ခြင်း၊ ကတ္တရာလမ်းများအဖြစ် တိုးမြှင့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနော်လမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၏ ပထမမေးခွန်းအား ဖြေကြားသွားမည် ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်သော မိုးမိတ်-





**ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးရန် ဖြစ်ပါတယ်။**

**ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မက်မန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာရီ၏ မေးခွန်းကို ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူက ဖြေကြားသွားမှာဖြစ်ပါတယ်။

မက်မန်းမြို့နယ်တွင် GSM မိုဘိုင်းဆက်သွယ်ရေးစနစ် တည်ဆောက်ပေးနိုင်ရေးအတွက် အဝေးဆက်သွယ်မှုစနစ်ရရှိမှု အခြေအနေနှင့် မြေနေရာရရှိမှုတို့အပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်မည့် မိုဘိုင်းတယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းများတွင် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

မက်မန်းမြို့တွင်GSM မိုဘိုင်းဆက်သွယ်ရေးစနစ် တည်ဆောက်ပေးနိုင်ရေးအတွက် (၃-၄-၂၀၁၄) ရက်နေ့တွင် ပြည်နယ်မန်နေဂျာ ကိုယ်တိုင် ကွင်းဆင်းတိုင်းထွာ၍ Site Survey ပြုလုပ်ခဲ့ပြီး မက်မန်းမြို့ မင်းရန်အောင်စေတီကုန်း အနောက်ဘက် စာတိုက်/ကြေးနန်းရုံးအနီးရှိ မြေကွက်လပ်အား ရွေးချယ်သတ်မှတ် ခဲ့ပြီးဖြစ်ပါသည်။

မြေနေရာရရှိရေးအတွက် ပြည်နယ်မန်နေဂျာ၊ ရှမ်း(ရှေ့)၊ ကျိုင်းတုံမြို့မှ (၇-၄-၂၀၁၄)ရက်စွဲပါ စာအမှတ်၊ မိုဘိုင်း- စမက/မြေနေရာ/၂၀၁၄-၂၀၁၅/၇၃၄ဖြင့် ပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့သို့ တင်ပြဆောင်ရွက် ထားပြီးဖြစ်ပါသည်။

မိုင်းငေါ့လမ်းပေါ်ရှိ မိုင်(၄/၂)တွင် တည်ရှိသော ဇလုတ်ကြီး ချောင်းကူးတံတား အသစ်တည်ဆောက်ပေးရန် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေး ဘတ်ဂျက်နှစ်တွင် သာမန်အသုံးစရိတ်ဖြင့် (၃၀)ပေအရှည်ရေနိမ့် တံတားဆောက်လုပ်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၅၈၊ ပုဒ်မခွဲ(ခ)အရ ပြည်နယ်လွှတ်တော်သို့ အစဉ်အမြဲ အစီရင်ခံတင်ပြထားပြီး ဖြစ်ပါတယ်။

ဆက်လက်၍ မေးခွန်းနံပါတ်(၂)ဖြစ်သော မိုးမိတ်မြို့မှ (၁)မိုင် (၅)ဖာလုံကွာဝေးသော ရွှေမြင်တင်ဘုရားသို့ သွားသည့်လမ်းသည် မိုးမိတ်-မန်တုံလမ်းပေါ်တွင် တည်ရှိပြီး ပြည်နယ်မှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော လမ်းဖြစ်ပါသည်။ ၎င်းလမ်းမှာ လမ်းဘေးဝဲယာ တစ်ဘက်တစ်ချက်၌ လယ်ကွင်းများရှိခြင်းကြောင့် လမ်းတာမှာ နိမ့်ကျနေပါသဖြင့် ရေကင်းလွတ်ရန် အနည်းဆုံး ၃ပေအမြင့် တာဘောင်တင်ပြီး လမ်းခွဲ့မှသာ စံချိန်စံညွှန်းနှင့် ပြည့်မီတဲ့ လမ်းအင်္ဂါရပ်နှင့်ပြည့်မီတဲ့ ကတ္တရာလမ်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရေကင်း လွတ်နိုင်ရန်အတွက် လမ်းတာဘောင်အမြင့် ၃ပေကိုတင်ပြီးတော့မှ မြေရရှိနိုင်ရန်အတွက်ကိုလည်း အနီးစပ်ဆုံး မြေတောင်တွေမှာ မြေဖျက်ခြင်း၊ မြေသယ်ယူခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပြီးတော့မှ ကျောက်လမ်းကို ပထမဆုံး ဆောင်ရွက်မှာဖြစ်ပါတယ်။ ကျောက်လမ်းပြီးမှသာ ကတ္တရာလမ်း အဆင့်သို့ တိုးမြှင့်ဆောင်ရွက် သွားရမှာဖြစ်ပြီး ပြည်နယ်လမ်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန မှ လမ်းနယ်နိမိတ်အကျယ် (၇၅)ပေကို လမ်းခွဲ့ခဲ့မည်ဆိုပါက လမ်းနယ်အတွင်းရှိ စိုက်ပျိုးလျက်ရှိသော လယ်မြေများ၏ မြေဧရိယာ အချို့ အသုံးပြုရမည်ဖြစ်ပါသဖြင့် ဒေသခံတောင်သူများနှင့် လယ်သမာများပူးပေါင်းပါဝင်ဖို့ မိမိတို့



D/real(wide) (5



ငွေတိုက်၍ ထားရှိပါတယ်။ နမ္မတူစာစစ်ဌာနထဲမှာရှိတဲ့ နမ္မတူမြို့နှင့် (၁၄)မိုင်ဝေးတဲ့ ဘော်တွင်းမှာ မေးခွန်းတွေကို နေ့စဉ် သယ်ယူဖို့ ဆိုတာ အခြေနေအရပ်ရပ်ကြောင့် မေးခွန်းတွေကို ကြိုတင်ပြီးတော့ (၃)ရက်ကြာထားရပါတယ်။ မေးခွန်းတွေထားရသည့် ဘော်တွင်းမှာ ရှိတဲ့ ရဲကင်းမှာ အလျား(၁၀)ပေ၊ အနံ(၁၀)ပေ၊ အမြင့် (၆)ပေ သာရှိပြီးတော့ ရဲသား(၇)ယောက်နှင့်အတူ လက်နက်တွေ ထားသိုတဲ့ အခန်းကျဉ်းလေးဖြစ်ပါတယ်။ အဲဒီအခန်းဟာ လေးတစ်သစ်သားများဖြင့်သာ ကာရံထားပြီး သစ်သားတစ်ခုနှင့် တစ်ခုကြားတွင် လက်လျှိုဝင်ပေါက်များ ဖြစ်နေပါတယ်။ စိတ်ကို ပြောင်းလဲစေနိုင်သော ဆေးဝါးများပေါများနေတဲ့ ခေတ်မှာ အဆိုပါ အခန်းဟာ လုံးဝလုံခြုံမှု ကင်းမဲ့နေပါတယ်။ အခု နမ္မတူ-ဘော်တွင်း လိုဘဲ အခြားမြို့တွေဟာလည်းဘဲ တစ်ခြားသော စာစစ်ဌာန တွေမှာလည်း အဆင်မပြေမှု လေးတွေ၊ လိုအပ်ချက်တွေ ဧကန် ရှိနေမှာဖြစ်ပါတယ်။ ရဲစခန်းတွေမှာ လက်နက်နှင့်အတူ ရာပြီး ထားရှိရသည့်အတွက်ကြောင့် လက်နက်များ မတော်တဆ ပေါက်ကွဲမှုအတွက်လည်း ကြိုတင်ပြီးတော့ ပြင်ဆင်စဉ်းစားသင့်ပါတယ်။ နိုင်ငံအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် အောင် မျိုးဆက်သစ် လူငယ်တွေအတွက် ပိုမိုကောင်းမွန်အောင် အနာဂါတ်ကိုဖန်တီးနိုင်ရန် ပညာရေးကဏ္ဍမှာ ဘတ်ဂျက်ဘဏ္ဍာရေးအတွက် ပိုမိုသုံးစွဲလာတာကို တွေ့ရှိရပါတယ်။ မေးမည့် မေးခွန်းကတော့ မြို့နယ်တိုင်းတွင် စာမေးပွဲမေးခွန်းလွှာနှင့် အဖြေလွှာများ သိမ်းဆည်းထားနိုင်ရန် လုံခြုံစိတ်ချရသော အဆောက်အဦ သီးသန့်ဟု ဆိုလိုထားပါတယ်။ ဖြေဆိုပေးမည့်ဝန်ကြီး အနေဖြင့် လက်ရှိအဖြေလွှာနှင့် မေးခွန်းလွှာတွေ သိမ်းဆည်းထားတဲ့ အဆောက်အအုံဟာ လုံခြုံမှုအပြည့် ရှိနေတဲ့အတွက် သီးသန့်ဆောက်ပေးရန် မလိုအပ်ဘူးဟု ဖြေကောင်းဖြေပါလိမ့်မည်။ ဒါမှမဟုတ် ပညာရေး

အသုံးစရိတ် ရန်ပုံငွေ တိုးတက်ရရှိလာပါက ဦးစားပေးဆောင်ရွက်ပါ့မည်ဟုဆိုပြီး ဖြေရင်ဖြေပါလိမ့်မည်။ ပညာရေးဝန်ကြီးဌာနကို ဆက်လက်တင်ပြပြီး ဆောင်ရွက် သွားမည်ဟု ဖြေကောင်းဖြေပါလိမ့်မည်။ ဒါပေမဲ့ ကောင်းမွန်တဲ့ အနာဂါတ်ကို ဖန်တီးနိုင်ဖို့အတွက် ပညာရေးနှင့်ပတ်သက်တဲ့ နိုင်ငံအတွက် လူငယ်တွေကို တစ်ဆစ်ချိုးပြုစုပျိုးတောင်လျက်ရှိတဲ့ (၁၀)တန်းစာမေးပွဲအတွက် မေးခွန်းလွှာနှင့် အဖြေလွှာများကို မြို့နယ်တိုင်းတွင် စာမေးပွဲမေးခွန်းလွှာများ၊ အဖြေလွှာများ သိမ်းဆည်းထားနိုင်ရန် လုံခြုံစိတ်ချရသော အဆောက်အအုံ သီးသန့်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း တကယ်လည်း ပေးအပ်လိမ့်မည်ဖြစ်ကြောင်း ယုံကြည်စွာဖြင့် မေးမြန်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၏ ရှမ်းပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်း (၁၀)တန်းစာမေးပွဲအဖြေလွှာများကို သက်ဆိုင်ရာ ဌာနများသို့ မပို့မီ မြို့နယ်များတွင် လုံခြုံစွာထိန်းသိမ်းထားနိုင်ရန်အတွက် မြို့နယ်တိုင်းတွင် စာမေးပွဲအဖြေလွှာများ သိမ်းဆည်းထားနိုင်ရန် လုံခြုံစိတ်ချရသော အဆောက်အဦသီးသန့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်



D/real(wide) (5



လမ်းချဲ့ခြင်းမှာ အများပြည်သူအတွက် ကောင်းစွာဆောင်ရွက်ပေးခြင်းဖြစ်တဲ့အတွက် ပါဝင်နိုင်ဖို့ကိုလည်း လွှတ်တော်ကိုယ်စားလှယ်မှ စည်းရုံးပေးနိုင်ဖို့အတွက်ကို ပြန်လည်အကူအညီတောင်းရင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းခမ်းအေးက မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက်လာကြသော လူကြီးမင်းများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါသမယဖြစ်ပါစေရှင်။ ကျွန်မ ကတော့ နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေးဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ပညာရေးနှင့်ပတ်သက်တဲ့ မေးခွန်းတစ်ခုကို မေးမြန်းမှာဖြစ်ပါတယ်။ ဒီမေးခွန်းမမေးခင်မှာ ကျွန်မဆိုလိုရင်းက ရှမ်းပြည်နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းလွှာနှင့် အဖြေလွှာ များ ဆိုပြီး ဆိုလိုခြင်းဖြစ်ပါတယ်။ လွှတ်တော်သို့ တင်ပြထားသည့်အထဲတွင် မေးခွန်းလွှာဆိုသည့် စကားလုံးကျ နေပါကြောင်း ဦးစွာပြောကြား လိုပါတယ်။ ကျွန်မတို့နိုင်ငံမှာ (၁၀)တန်း မေးခွန်းလွှာနှင့် အဖြေလွှာ တွေကို သံသေတ္တာထဲ သော့ခတ်၊ ချိတ်ပိတ်ပြီး ငွေတိုက်ရှိတဲ့မြို့နယ်များမှာဆိုလျှင် ငွေတိုက်မှာသော်လည်းကောင်း၊ ငွေတိုက်မရှိသော မြို့နယ်ဆိုလျှင် စခန်းတွေမှာ ထားရသည်ဟု သိရှိရပါတယ်။ ရဲစခန်းတွေမှာ ထားရပါတယ်။ နမ္မတူမြို့နယ်တွင်လည်း ထိုနည်းတူပင်ဖြစ်ပါသည်။ မေးခွန်းလွှာတွေကို နမ္မတူမြို့နယ်တွင် ရှိသည့်

မေးမည်ကို သိရှိလိုပါကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး၊ ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများသိမ်းရန်နှင့် ပတ်သက်၍ (၁)တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများသိမ်းရန်၊ (က)မြန်မာ့စီးပွားရေးဘဏ်/ဘဏ်ခွဲများရှိငွေတိုက်၊(ခ)မြန်မာ့စီးပွားရေး ဘဏ်မရှိက မြန်မာနိုင်ငံ ပြည်သူ့ရဲတပ်ဖွဲ့/ တပ်မတော် စခန်းရုံးရှိ ၄င်းတို့ စီစဉ်ပေးသည့် လုံခြုံမှုရှိသည့် နေရာတွင် ထားရှိပါသည်။ (၂)တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန လျှောက်ထားပါက သက်ဆိုင်ရာ ရဲစခန်းတွင် ရပ်မိရပ်ဖများက မေးခွန်းထားရှိရန် ငွေတိုက်(သို့မဟုတ်) လုံခြုံသည့်အခန်းတစ်ခု တည်ဆောက်ပြီး ကြောင်း တင်ပြနိုင်မှသာ စာစစ်ဌာနခွင့်ပြုပေးခြင်းဖြစ်ပါသည်။

စာမေးပွဲအဖြေလွှာများကိုလည်း လုံခြုံစွာထုတ်ပိုးပြီး ချိတ်တံဆိပ်ရိုက်နှိပ်၍ သက်ဆိုင်ရာ မြန်မာ့စီးပွားရေး ဘဏ် ငွေတိုက်(သို့) ရဲစခန်းငွေတိုက်တွင် ထားရှိပြီး သတ်မှတ်ရက်တွင် လုံခြုံရေး အစောင့်အရှောက်ဖြင့် သက်ဆိုင်ရာ တက္ကသိုလ်သို့ ပေးပို့ရပါသည်။ သို့ဖြစ်ပါ၍ စာမေးပွဲအဖြေလွှာများ သိမ်းဆည်းရန် သီးသန့် အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးလင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က ပထမမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးသို့ တက်ရောက်လာတဲ့ ရှမ်းပြည်နယ်





နိုင်ပေမဲ့ ခန့်ထားမှုမရှိကြောင်း မွေးထုတ်ပေးနိုင်တဲ့ တစ်နိုင်ငံလုံးမှာ သားဖွားဆရာမ(၂၀၀၀၀)မှာ (၉၀၀၀)လောက်သာလုပ်ငန်းခွင် ဝင်ရောက်ပြီးတော့မှ ၂၀၁၁ စာရင်းထုတ်ပြန်ချက်အရ ကလေး အရှင်မွေးနှုန်း တစ်သိန်းမှာ မိခင် နှစ်ရာသေဆုံးမှုရှိပြီး လမ်းပန်း ဆက်သွယ်ရေး ခက်ခဲသော နေရာများတွင်များပြားကြောင်း သတင်းထုတ်ပြန်ချက်အရ လေ့လာသိရှိ ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လက်ရှိ ရှမ်းပြည်နယ် အတွင်း မှာ ကျေးရွာပေါင်း (၁၄၀၀၀)ကျော်ရှိပြီးတော့မှ အချို့ကျေးရွာများတွင် တရားမဝင်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင် နေတဲ့ လူများရှိသလို အချို့ကျေးရွာများမှာ ပြည်သူများအနေနှင့်လည်း နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှမ်းဝေး၍ နီးစပ် ရာကို အားကိုးအားထားပြုပြီး မလိုလားအပ်တဲ့ ဆေးဝါးကုသမှု အန္တရာယ်၊ အသက်အန္တရာယ်ကြုံတွေ့ နေရတာကို တွေ့မြင်နေရပါ တယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့်လည်း ကျေးရွာများ အရောက် ကျေးလက်ကျန်းမာရေးဆရာမများ၊ ကျေးလက်ဆေးပေး ခန်းများ ဖွင့်လှစ်ကာ ကျန်းမာရေးဝန်ထမ်းများခန့်ထားစေလွှတ်ခြင်း ရှိပါသော်လည်း ဒေသအနှံ့ရာနှုန်းပြည့်လွှမ်းခြုံနိုင်မှုဟာ များစွာ အလှမ်းကွာဝေးဆဲ ရှိနေဆဲဆိုတာ ငြင်းပယ်လို့ မရတဲ့အချက်အဖြစ် တွေ့မြင်နေရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- အရန် သားဖွားသင်တန်းများဖွင့်လှစ်ပေးခြင်းအားဖြင့် ဒေသတွင်း ဆေးပညာနှင့်ပတ်သက်ပြီး စိတ်ပါဝင်စားသူများ တက်ရောက် အောင်မြင်နိုင်ပြီးတဲ့နောက် သူတို့ရဲ့ ကျေးရွာမှာ ထိုက်သင့်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မှာဖြစ်

ပါတယ်။ နိုင်ငံတော်ကအသိအမှတ်ပြုလက်မှတ်ရရှိထားသူရဲ့ ကျန်းမာရေး စောင့်ရှောက်မှုဟာ ပိုမိုစိတ်ချလုံခြုံမှုရှိမည်ဟုလည်း ယူဆပါတယ်။ ကျန်းမာရေးအသိပညာနှင့်ပတ်သက်ပြီးတော့မှ အသိအမြင်ဖြန့်ဖြူးနိုင်ရန် အရန်သားဖွားဆရာများ ရှိနေပါက သာမန်ရောဂါများကို ကုသပေးနိုင်မည့်အပြင် အရေးပေါ်အခြေအနေများကိုလည်းဖြစ်ပွားလာသည့်တိုင် ရှေးဦးသူနာပြုစုမှုများ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ကလေး၊ မိခင်များ၊ ကျေးရွာနေလူထုများအတွက် မလိုလားအပ်သော အသက်ဆုံးရှုံးမှုများ ကာကွယ်ရာ ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ လှိုင်လင်ခရိုင်ကုတင် (၂၀၀)ဆံ့ဆေးရုံမှာ လင်းခေး၊လှိုင်လင်ခရိုင်ရှိ မြို့နယ်များရှိ ကျေးရွာများမှာ ဆေးလာရောက်ကုသတဲ့ လူနာများကို တွေ့ရတဲ့အခါမှာ ကျန်းမာရေး အသိပညာနည်းပါးတဲ့ ကျေးရွာမှလူနာများအချို့ဟာ HIV ရောဂါဖြစ်နေတာတွေ့ရှိရပါတယ်။ အဲဒီကျေးရွာသားများဟာ ဆိုရင် တစ်ဖက်နိုင်ငံကိုလည်း မသွားဘူး၊ အခြားသောရောဂါပြုမူလုပ်ဆောင်နိုင်စရာ ဆောင်ရွက်ချက်တွေ မရှိဘဲနဲ့၊ အဲဒီတောသူတောင်သားတွေမှာ HIV ရောဂါပိုးရှိနေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ကျန်းမာရေးဆိုင်ရာ အသိပညာနည်းပါးမှုနှင့် ခုနက ကျွန်တော်တင်ပြတဲ့အချက်အလက်များကြောင့်လို့ပဲ အကြမ်းဖျင်း သုံးသပ်နိုင်ပါတယ်။ ဒါ့အပြင် ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ဆေးပေးခန်း စတဲ့ နိုင်ငံတော်က ဖွင့်လှစ်ထားတဲ့ ဌာနတွေဟာ အကြောင်းအမျိုးမျိုးကြောင့် ဝန်ထမ်းများ မရှိခြင်း၊ ကျေးလက်ဒေသသို့ သွားရောက်၍ တာဝန်ထမ်းဆောင်မှုမရှိခြင်း အခြေအနေမှာ ကျန်းမာရေးဝန်ကြီး ဌာနအနေဖြင့် လက်လှမ်းမမီသေးသောအခြေအနေမှာ သက်ဆိုင်ရာ ကျေးရွာ၊ နီးစပ်ရာကျေးရွာ များမှာ ကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်ပြည့်ထမ်းဆောင်နိုင်မည့် ပြည်သူတွေရဲ့



D/real(wide) (6



လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ရှမ်းပြည်နယ် အတွင်း ခရိုင်၊ မြို့နယ်များတွင် အရန်သားဖွားသင်တန်းများ နှစ်စဉ် ဖွင့်လှစ်ပေးခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းလေးဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ယခင်နိုင်ငံတော်အစိုးရလက်ထက်က ခရိုင်၊ မြို့နယ်များတွင် အရန် သားဖွား (၆)လ၊ (၈)လ သင်တန်းများဖွင့်လှစ်သင်ကြားလေ့ကျင့် ပေးခဲ့တာဟာ လွန်ခဲ့သည့် ၁၉၇၀ပြည့်နှစ် ကစပြီးတော့ ၂၀၁၀ပြည့်နှစ်များ အထိဆောင်ရွက်ခဲ့တာကို လေ့လာ မှတ်သားမိပါတယ်။ ကမ္ဘာပေါ်တွင် မိခင်နှင့် ကလေးများအခြေအနေဟာ အန္တရာယ် ကြီးမားနေကြောင်း နိုင်ငံတကာအကူအညီပေးရေးအဖွဲ့ ( Save the children) က အစီရင်ခံစာထုတ်ပြန်ထားရာတွင် မိခင်အရည်အသွေးဖော်ပြရာ၌ ဖင်လန်နိုင်ငံကထိပ်ဆုံး၊ ကွန်ဂရိ နိုင်ငံကအဆိုးဆုံးဖြစ်ပြီးတော့ နိုင်ငံပေါင်း(၁၇၆)ကို သုံးသပ်ရာမှာ ထိုင်းနိုင်ငံက အဆင့်(၈၀)၊ ဘင်္ဂါလီက(၁၃၆)၊ မြန်မာနိုင်ငံရဲ့အဆင့်ဟာ (၁၅၂)နှင့် အောက်ပိုင်းမှာရှိကြောင်း၊ မြန်မာနိုင်ငံရဲ့ အောက်မှာ အာဖရိက နိုင်ငံအများစုရှိကြောင်း လေ့လာသိရှိရပါပြီ။ မြန်မာနိုင်ငံသည် အောက်ဆုံးအခြေအနေတွင် တည်ရှိနေကြောင်း သိရှိမှတ်သားရပါသည်။ မြန်မာနိုင်ငံမိခင်နှင့် ကလေး သေဆုံးမှုလျော့ကျရေး အတွက် သားဖွားဆရာမများသည် အဓိကကျပြီး လုံလောက်မှု မရှိကြောင်း ကျန်းမာရေးဌာနက တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာပေါင်း (၆၀၀၀၀)မှာ သားဖွား တစ်ဦးစီ လိုအပ်နေကြောင်း၊ မွေးထုတ်ပေး

အသက်အန္တရာယ်ကို တစ်စိတ် တစ်ဒေသ ကာကွယ်နိုင်မည့် အရန်သားဖွားများရှိနေနိုင်ဖို့ လိုအပ်ပြီ ဖြစ်ပါတယ်။ နိုင်ငံတော်၏ အနေအထားအရ သားဖွားဆရာမများကို မွေးထုတ်ပြီးတော့မှ ကျေးရွာအနှံ့ တာဝန်ယူဆောင်ရွက် ရောက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့ အခြေအနေမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ပြည်နယ်၏ ကျန်းမာရေး စောင့်ရှောက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာကျေးရွာမှာ အရန်သားဖွားသင်တန်းဆင်း (၁)ဦးစီရှိနေဖို့ စီမံချက်ရေးဆွဲဆောင်ရွက်သင့်နေပါကြောင်း အကြံပြုတင်ပြအပ်ပါ တယ်။ ဒါကြောင့် ယခင်က ဖွင့်လှစ်သင်ကြားပို့ချဖူးခဲ့သော အရန်သားဖွားသင်တန်းများဟာ နိုင်ငံတော်အတွက်ကော ပြည်သူ လူထုအတွက်ပါ အကျိုးကျေးဇူးများစွာရရှိနိုင်မှာဖြစ်တဲ့အပြင် မြို့နယ်ကြီးတွေမှာပဲ ဖွင့်လှစ်သလိုမျိုး ယခင်ကလို လွိုင်လင်ခရိုင်၊ လွိုင်လင်မြို့နယ်မှာ ဖွင့်လှစ်ခဲ့သလို အခြားသော ခရိုင်၊ မြို့နယ် များမှာ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ပါက ပြည်နယ်အတွင်း ဒေသအနှံ့၊ ခရိုင်/မြို့နယ်ဒေသအနှံ့မှာ အရန်သားဖွား သင်တန်းဆင်းများ ပေါ်ထွက် လာနိုင်မှာဖြစ်တဲ့ အပြင် နိုင်ငံတော်ကနေ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအနက် ကျေးလက်လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေး ကိုလည်းအထောက်အကူပြုမည် ဖြစ်ပါကြောင်းနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ဆောင်ရွက်ပေးနိုင်သည့် အနေအထားရှိသည့်အတွက် ဖွင့်လှစ် ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြု တင်ပြချက်ကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို သိရှိလိုပါကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။





လင်းခေး၊ မိုင်းပန်၊ ကျေးသီး၊ မိုင်းကိုင်မြို့နယ်များတွင် အရန်သားဖွားများ အသစ်မွေးထုတ်ခြင်း၊ မွမ်းမံသင်တန်း ပေးခြင်းတို့ကို ဆောင်ရွက်ရန် ပြင်ဆင်ထားပြီးဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ၏(Third Wave)လုပ်ငန်းလမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ သက်ဆိုင်ရာမြို့နယ်များတွင် လိုအပ်နေသော အရန်သားဖွား အရေအတွက် ပြည့်မီစေရေး သင်တန်းဖွင့်လှစ်ရန် စီမံချက်များ ရေးဆွဲစေခဲ့ပြီး သင်တန်းကုန်ကျစရိတ်ငွေများကို တွက်ချက်တင်ပြစေခဲ့ရာ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များမှ တင်ပြလာသော သင်တန်း ကုန်ကျစရိတ်များကို ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ သဘောထားမှတ်ချက်ဖြင့် (၂၇-၆-၂၀၁၄) ရက်နေ့တွင် ကျန်းမာရေး ဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြပြီးဖြစ်ပါသည်။ သက်ဆိုင်ရာမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများထံသို့လည်း မည်သည့်အထောက်အပံ့ဖြင့် မိမိမြို့နယ်တွင် အရန်သားဖွားသင်တန်း ပြုလုပ်ပြီးစေကာမူ ၂၀၁၄ခုနှစ်တွင် အရန်သားဖွားသင်တန်းကို ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ထပ်မံ၍ တစ်မြို့နယ်လျှင် (၁၀)ဦးမှ(၁၅)ဦးစီဖြင့် နှစ်ကြိမ်ရအောင် ဖွင့်လှစ်သင်ကြားပေးရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းလွင်က ဒုတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်၏ ဒုတိယမေးခွန်းကတော့ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ သားသတ်လုပ်ငန်း



D/real(wide) (6

ဈေးပြိုင် လေလံစနစ်ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ် ဆောင်ရွက်တဲ့ အစီအစဉ်နှင့် ပတ်သက်သည့် မေးခွန်းလေးဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ယခုနှစ်ကစပြီး ဆောင်ရွက်ခဲ့သည့် သားသတ်လုပ်ငန်း ခေါင်းခွန်စနစ်နှင့် ရောင်းချခွင့်လက်မှတ်ပေးခြင်းဖြင့် ဖြစ်ပေါ်လာတဲ့အခြေအနေတွေကို ပြည်သူတွေကြားထဲက ဖြစ်ပေါ်နေတဲ့ ဆန္ဒများအသံများကို ပြန်လည်ထင်ဟပ်တဲ့ မေးခွန်းဖြစ်ပါကြောင်း ဦးစွာပထမအလေးထား တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူသူများအကျိုးအမြတ်ရရှိစေဖို့အတွက် စားသုံးသူများဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးရည်ရွယ်ချက်နှင့် သားသတ်လိုင်စင်စနစ်အား ဖျက်သိမ်းပြီးတော့မှ သင့်တော်တဲ့စနစ်ချမှတ်ဖို့ မူဝါဒချခဲ့ခြင်းရှိပါတယ်။ မွေးမြူရေးလုပ်ငန်းကို ပြည်သူတွေအနေဖြင့် လွတ်လွတ်လပ်လပ်မွေးမြူပြီး လွတ်လွတ်လပ်လပ်ရောင်းဝယ်နိုင်ဖို့အတွက် ခွင့်ပြုပေးတဲ့ ပြုပြင်ပြောင်းလဲမှုတစ်ရပ်အနေဖြင့် တွေ့မြင်ရတာဖြစ်ပါတယ်။ ဒ့ါပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒလိုက်နာဆောင်ရွက်နိုင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ် စည်ပင်သာယာရေး ကော်မတီက ၂၀၁၄-၂၀၁၅ခုနှစ် သားသတ်လုပ်ငန်းလိုင်စင် ဖျက်သိမ်းပြီးတော့မှ အသား ထုတ်လုပ် ရောင်းချခွင့်လက်မှတ်နဲ့ဆောင်ရွက်သည့် အစီအစဉ်ကို ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်ပြထားခဲ့ပါတယ်။ စနစ်၏ရည်ရွယ်ချက်(၆)ခုနှင့် အကြမ်းဖျင်း စီမံချက်(၁၀)ခု တွေ့ရှိရပါတယ်။ လက်ရှိမှာ အကြမ်းဖျင်းစီမံချက်ပါ စည်းကမ်းများ အတိုင်းမြို့နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဟု ယူဆရပါတယ်။ အဲဒီထဲက ရည်ရွယ်ချက်(၆)ခုကို ပြန်လည်ဖော်ပြ





ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား- လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၊ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းလွင်၏ ရှမ်းပြည်နယ်အတွင်း ခရိုင်၊ မြို့နယ်များတွင် အရန်သားဖွားသင်တန်းများနှစ်စဉ် ဖွင့်လှစ် ပေးခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ကြီးကြပ်မှု၊ ရှမ်းပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ပံ့ပိုးမှု ရှမ်းပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် အရန်သားဖွားသင်တန်းများကို ၂၀၁၄ခုနှစ် တောင်ကြီး ဒေသတွင် ဖယ်ခုံ၊ ရပ်စောက်၊ မောက်မယ်၊ ကွန်ဟိန်း၊ မိုင်းကိုင်၊ မိုင်းရှူးမြို့နယ်တို့တွင်လည်းကောင်း၊ လားရှိုးဒေသတွင် တန့်ယန်း၊ နောင်ချို၊ ကွတ်ခိုင်၊ ကွမ်းလုံ၊ ဟိုပန်မြို့နယ်များတို့တွင်လည်းကောင်း၊ ကျိုင်းတုံ ဒေသတွင် မိုင်းယန်း၊ မိုင်းဆတ်၊ မိုင်းခတ်မြို့နယ်များတွင် သက်ဆိုင်ရာမြို့နယ်များရှိ ကော်မတီ(၃)ရပ်နှင့် ညှိနှိုင်းပြီး အရန် သားဖွားသင်တန်းများကို စေတနာရှင်အလှူရှင်များ၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်သင်ကြား ပေးခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၃ခုနှစ်အတွင်း ညောင်ရွှေ၊ ပင်လောင်း၊ ဟိုပုန်း၊ လွိုင်လင်မြို့နယ်များတွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနစီမံမှုဖြင့်( GAVI HSS ) စီမံချက်လုပ်ငန်းအထောက် အပံ့ဖြင့် အရန်သားဖွားအသစ်များ မွေးထုတ်ခြင်း၊ မွမ်းမံသင်တန်း ပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့ပါသည်။ ၂၀၁၄ခုနှစ်တွင်လည်း အဆိုပါစီမံချက် အထောက်အပံ့ဖြင့်ထပ်မံ၍ ဖယ်ခုံ၊ မောက်မယ်၊

ရမည်ဆိုလျှင် (၁) ပြည်သူလူထုနှင့် လွှတ်တော် ကိုယ်စားလှယ်များမှ သားသတ်လုပ်ငန်းများကို လေလံလိုင်စင်စနစ်မဟုတ်ဘဲ လွတ်လပ်စွာ မွေးမြူရောင်းချခွင့် တောင်းဆိုလာသဖြင့် ပြည်သူတို့၏ ဆန္ဒအတိုင်းဖော်ဆောင်ပေးနိုင်ရန် (၂) နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေးအဆင့်နှင့် လျော်ညီစွာဖြစ်စေရန် ပြည်ထောင်စုအစိုးရ၏ မူဝါဒများကို လိုက်နာဆောင်ရွက်ရန် (၃) သားသတ် လိုင်စင်စနစ်သည် အောင်နိုင်သူ တစ်ဦးတည်းမှ အသားထုတ်လုပ် ရောင်းချခွင့်ရှိသဖြင့် ဈေးကွက်တစ်ဦးတည်း လွှမ်းမိုးချုပ်ကိုင်ခြင်းကြောင့် မွေးမြူထုတ်လုပ်သူများ၏ နစ်နာမှုများကို ဖြေလျော့ပေးရန်၊ (၄) စည်ပင်သို့ လေလံကြေးပေးသွင်းရခြင်း မြင့်မားမှုကြောင့် ပြည်သူများ စားသုံးရန် အသားဈေးနှုန်းကြီးမြင့်မှုအား ချေဖျက်ရန်၊ (၅)ရောဂါသန့်ရှင်းပြီး သန့်ရှင်းလတ်ဆတ်တဲ့ အသားများကို စည်ပင်သာယာရေးဈေး၌ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချရန် (၆)အသားထုတ်လုပ်မှု ရောင်းချမှုစနစ်ကို ဆောင်ရွက်ခြင်းဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ သားသတ်လုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်ဆိုတဲ့ ကောင်းမြတ်တဲ့ ဦးတည်ချက်များကို တွေ့မြင်ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျာ။ ရည်ရွယ်ချက်ဆိုတာကတော့ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး မျှော်မှန်းပြီး တည်ဆဲဥပဒေနှင့်အညီ ပြည်နယ်အစိုးရ၏ မူဝါဒများကို ဖော်ပြထားခြင်းလို့ မှတ်ယူနိုင်ပြီး တစ်နည်းအားဖြင့် လုပ်ငန်းပန်းတိုင်ဖြစ်ပါတယ်။ အကြမ်းဖျဉ်းစီမံချက်ဆိုတာကတော့ ရည်ရွယ်ချက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အလို့ငှာ ချမှတ်ထားတဲ့လုပ်နည်းလုပ်ဟန်များဖြစ်ပြီတော့ ဦးတည်ချက်၊ ရည်မှန်းချက် လမ်းကြောင်းပေါ်ရောက်ရှိအောင် ဦးဆောင်တွန်းပေးရမည့် တွန်းအားများဖြစ်ပါ





ကိုလည်း တွေ့ရှိရပါတယ်။ ဒီအတွက်ကြောင့် တစ်နိုင်တစ်ပိုင် မွေးမြူသူများကို ကိုယ်တိုင် အသားထုတ် လုပ်ရောင်းချ နိုင်တဲ့ အခွင့်အရေး ပိတ်ပင်ထားသလို ဖြစ်နေတဲ့အတွက် ပြည်နယ်စည်ပင်ကော်မတီရဲ့ လွတ်လပ်စွာ မွေးမြူထုတ်လုပ်ရောင်းချခွင့် ပြည်သူများအတိုင်း၊ ဆန္ဒအတိုင်း ဖော်ဆောင်ပေးရန်ဆိုတဲ့ ရည်ရွယ်ချက်နှင့် သော်လည်းကောင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူသူများအကျိုး အမြတ်ရရှိရန်နှင့် စားသုံးသူများ ဈေးသက်သာသော စားနှုန်းစားသုံးနိုင်စေရန်ဆိုတဲ့ ပြည်ထောင်စုအစိုးရ၏ မူဝါဒနှင့်လည်းကောင်း၊ လေလံအောင်နိုင်သူ တစ်ဦးတည်းက အသားထုတ်လုပ်ရောင်းချခွင့် ရရှိသဖြင့် ဈေးကွက်ကို တစ်ဦးတည်းလွှမ်းမိုးချုပ်ကိုင်ခြင်းကြောင့် မွေးမြူထုတ်လုပ် သူများနစ်နာဖြေလျော့မှုကို လျော့ပေးနိုင်ရန်ဆိုတဲ့ အမှတ်(၃) ရည်ရွယ်ချက်နှင့်လည်းကောင်း ဆန့်ကျင်ကွဲလွဲမှု ဖြစ်နေကြောင်းကိုလည်း သုံးသပ်တင်ပြလိုပါတယ်။ ဒါကြောင့်မို့ မြို့နယ်များက သတ်မှတ်ကြတဲ့ အာမခံစပေါ် ငွေကြေးများဟာ သာမန် တစ်နိုင်တစ်ပိုင် မွေးမြူသူများအတွက် သင့်တော်တဲ့ အနေအထား ဖြစ်မဖြစ် စိစစ်ရန် လိုအပ်ကြောင်း ပထမအချက်အနေဖြင့် အကြံပြု တင်ပြလိုပါတယ်။

ဆက်လက်ပြီးတော့မှ အမှတ်(၃)ပါစည်းကမ်းချက်ဖြစ်တဲ့ သားသတ်ကောင်ရေအတိုင်း စည်ပင်မှ ခေါင်းခွန်ကောက်ခံရမည်။ ခေါင်းခွန်အား ကော်မတီ(၃)ရပ်မှ ပူးပေါင်းသတ်မှတ်ရန်ဆိုပြီးတော့မှ စည်းကမ်းချက် သတ်မှတ်ထားတာရှိပါတယ်။ ယခုနှစ်မှ အစဆောင်ရွက်တဲ့နှစ်ဖြစ်ပြီးတော့မှ ယခင်နှစ်လိုင်စင်စီတွေမှ အပ သားသတ်လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ကြခြင်း မရှိကြ သေးပါဘူး။ အပြိုင်အဆိုင်ဈေးကွက်စနစ် ပီပီပြင်ပြင် မဖြစ်ပေါ် လာနိုင်သေးလို့ အချို့မြို့နယ်တွေမှာတော့ စည်ပင်ရဲ့ ဝင်ငွေများကို လျော့နည်းမှာဆိုးလို့ ခေါင်းခွန်ကို (၅)ရက် တစ်ဈေး



D/real(wide) (6

ဘယ်နှခေါင်း ဆိုပြီးတော့ ပုံသေသတ်မှတ်ထားတာ တွေ့ရှိရပါတယ်။ စည်ပင်ကော်မတီများရဲ့ အခွန်ဝင်ငွေ ဒါမှမဟုတ် ရငွေဟာဆိုရင် ခေါင်းခွန် ကောက်ခံခြင်းလုပ်ငန်းကို နေ့စဉ်နှင့် အမျှ စိစစ်ခြင်း၊ ခေါင်းခွန်များကို ကောက်ခံခြင်းများ ဆောင်ရွက်နိုင်ပါမှ မြို့နယ်ဝင်ငွေများပိုမို ရရှိလာမှာ ဖြစ်ပါတယ်။ တတိယအချက် အနေနှင့် အရေး အကြီးဆုံးဖြစ်တဲ့ အမှတ်(၇)ပါစည်းကမ်းဖြစ်တဲ့ ပြည်သူများအပေါ် အမြင့်ဆုံးရောင်းချနိုင်တဲ့ အသားဈေးနှုန်းကို စည်းကမ်းသတ်မှတ်ပြီး ယင်းဈေးနှုန်းအောက်တွင်သာ အသား ထုတ်လုပ် ရောင်းချသူများကို အပြိုင်ဈေးလျှော့ရောင်းချစေရမည်။ အမြင့်ဆုံးအသားဈေးနှုန်းကို ကော်မတီ (၃)ရပ်မှ ပူးပေါင်း သတ်မှတ်ရန် ဆိုပြီးတော့မှ အမှတ်(၇)စည်းကမ်းချက်ကို ထုတ်ပြန်ထားတာ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခင်ဈေးပြိုင်လေလံစနစ်ဖြင့် ဆောင်ရွက်ခဲ့ရာမှာ အသားဈေးနှုန်းများကြီးမြင့်မှုများ ရှိခဲ့ပေမယ့်လည်း တစ်နှစ် နှင့် တစ်နှစ် အသားဈေးနှုန်းကွာဟချက် သိပ်မရှိတာကို သိရပါတယ်။ ယခုဖွဲ့စည်းလိုက်တဲ့ ကော်မတီ(၃)ရပ်က ပူးပေါင်းသတ်မှတ်တဲ့ ဈေးနှုန်းများဟာ ယခင်လေလံစနစ်က ရောင်းချခဲ့တဲ့ဈေးနှုန်းများထက် လျှော့နည်းသတ်မှတ်တဲ့ မြို့နယ်များဟာ အင်မတန်နည်းပါပြီး ယခင်စနစ်ကထက်ဈေးနှုန်း ပိုမိုမြင့်တက်လာတဲ့ မြို့နယ်များစွာရှိနေတာကို လေ့လာသိရှိရပါတယ်။ ကော်မတီ(၃)ရပ်အနေဖြင့် လုပ်ငန်း၏ရည်ရွယ်ချက်ကို နားလည်မှုလွဲမှားစွာနဲ့ဘဲလား ယခင်နှစ်များထက်အသားနှုန်း ဈေးနှုန်းလျှော့သတ်မှတ်တဲ့မြို့နယ်ဟာ မရှိသလောက် ဖြစ်နေတာကို တွေ့ရှိရပါတယ်။ ယခင်လေလံကြေးများစွာကို ပေးသွင်းရမှု မရှိတော့ဘဲ ခေါင်းခွန်၊ အသားခွန် ၊ အသား ရောင်းခွန်ခသာ





တယ်။ အဲဒီရည်ရွယ်ချက်များ အောင်မြင်အောင်ဖော်ဆောင်နိုင်ဖို့ အတွက် ကန့်သတ် သတ်မှတ်ထားပေးသော စည်းမျဉ်းစည်းကမ်းတွေဟာ ရည်မှန်းချက်အောင်မြင်အောင်ဖော်ဆောင်ရေးကို ဦးတည်ရမှာဖြစ်သလို ရည်မှန်းချက်လွဲချော်တိမ်းစောင်းခြင်း မဖြစ်စေရပါဘူးဟု ယူဆပါတယ်။ စည်းကမ်းချက်များနှင့်အညီ ယခုနှစ်ကစပြီး အသားထုတ်လုပ်မှုရောင်းချခွင့်စနစ် ကျင့်သုံး ဆောင်ရွက်မှုဖြစ်ပေါ်လာတဲ့ အခြေအနေကို သုံးသပ်လိုပါတယ်။ စည်းကမ်းချက် အပိုဒ်(၁)မှာ အမဲ၊ ဝက်၊ ဆိတ်၊ အသားထုတ်လုပ် ရောင်းချသူသည် စည်ပင်တွင် အာမခံတင်၍ အသားထုတ်လုပ်ခွင့် လက်မှတ်ရယူရမည်။ အာမခံစပေါ်ငွေကို ကော်မတီ(၃)ရပ်မှ စုပေါင်းသတ်မှတ်ရန်ဆိုတဲ့ စည်းကမ်းချက်အရ လုပ်ငန်းဆောင်ရွက်နိုင်ဖို့ စပေါ်ငွေတင်တယ်ဆိုတာ လုပ်ငန်းဆောင်ရွက်တဲ့သူအပေါ် ထိန်းညှိထားရန် အတွက် ရည်ရွယ်ထားခြင်းဖြစ်တယ် ဆိုတယ်လို့ဘဲ နားလည်မိပါတယ်။ ဒါပေမဲ့ မြို့နယ်အတော်များများမှာ နှစ်စဉ် သားသတ်လိုင်စင်လုပ်ငန်း လုပ်ကိုင်ခဲ့သူများသာ ဒီလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ကြတဲ့ အနေအထားရှိတဲ့အတွက် အာမခံ စပေါ်ငွေတင်တဲ့အခါမှာ ယခင်လိုင်စင်စီကြေးနီးပါး ဒါမှမဟုတ် ထက်ဝက်နီးပါးလောက်ကို လုပ်ငန်းရှင်များအနေဖြင့် စပေါ် တင်လိုကြပါတယ်။ စပေါ်ငွေဆိုတာ စည်းကမ်းချက်များ မဖောက်ဖျက်ရင် နှစ်ကုန်တဲ့အခါ ပြန်လည်ထုတ်ယူနိုင်တာမို့ မူလလိုင်စင်စီ လုပ်ငန်းရှင်များကတော့ ပြိုင်ဘက်တွေ ဝင်မလာနိုင်အောင် စပေါ်ငွေကိုများများသတ်မှတ်ချင် ပြီးတော့မှ ကျပ်သိန်းပေါင်းများစွာ စပေါ်တင်လိုတာ သဘာဝကျပါတယ်။ ဒါပေမဲ့ ကော်မတီ(၃)ရပ်က ပူးပေါင်းသတ်မှတ်ကြတဲ့ စပေါ်ငွေသတ်မှတ်ချက်ဟာ တစ်နိုင်တစ်ပိုင်မွေးမြူမည့်သူများအတွက် ဝင်ရောက်လုပ်ကိုင်နိုင်တဲ့ အခြေအနေမရှိအောင် လုပ်ငန်းရှင်များအကြိုက် လေလံကြေး ထက်ဝက်နီးပါး သတ်မှတ်ပေးထားတဲ့ မြို့နယ်များ



D/real(wide) (6

ပေးရတဲ့အတွက် ကုန်ကျစရိတ်များစွာလျှော့နည်းလာပြီး ဈေးနှုန်း ကျဆင်းမှုမရှိတာဟာ ကော်မတီများရဲ့ အသားဈေးနှုန်း သတ်မှတ်မှုမှားယွင်းနေတာကို ဖော်ပြနေပါတယ်။ ဒါ့အပြင် ၂၀၁၄ခုနှစ် မတ်လ ၁၄ရက်နေ့က ပြည်ထောင်စုလွှတ်တော် အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ပြည်ထောင်စုအခွန် အကောက်ဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (စ)ပါ အခွန်မကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းထဲမှာ သားသတ်လိုင်စင် ရယူဆောင်ရွက်သည့် လုပ်ငန်းများကို ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်တဲ့အတွက် လုပ်ငန်းရှင်များဟာ ဆိုရင်လည်း ကုန်သွယ်လုပ်ငန်းခွန်အနေဖြင့် နိုင်ငံတော်ကို အခွန်အခ ပေးဆောင်ရန် မလိုတော့တဲ့အတွက် သက်သာတဲ့ ဈေးနှုန်းနဲ့ ရောင်းချနိုင်ပါလျက်နဲ့ ဈေးနှုန်းကျဆင်းမှုမရှိဘဲ ဈေးနှုန်းမြင့်တက်နေတာဟာ ရည်ရွယ်ချက်(၄)ဖြစ်တဲ့ စည်ပင်သို့ လေလံကြေးငွေပေးသွင်းရမှုကြောင့် ပြည်သူများစားသုံးရန် အသားဈေးနှုန်းကြီးမြင့်မှုအား ချေဖျက်ရန်ဆိုတာလေးနဲ့ ဆန့်ကျင်ကွဲလွဲနေပါကြောင်း တင်ပြလိုပါတယ်။ ဒါဟာလုပ်ငန်းအကောင်အထည်ဖော်တဲ့ လုပ်ငန်းစဉ်ပါ စည်းကမ်းချက် ဒါမှမဟုတ် အကောင်အထည်မှုစနစ်မှားယွင်းနေတာဆိုတာကို ငြင်းကွယ်လို့ မရတာဖြစ်နေ ပါတယ်။ ဒီအချက်ကို မပြင်ဆင်မသုံးသပ်နိုင်ဘူးဆိုရင် အစဉ်အဆက် ဖြစ်သွားနိုင်တဲ့ အတွက်ကြောင့် လွှတ်တော်မှာကော အစိုးရအဖွဲ့မှာ ကော အားလုံးတာဝန်ရှိလာမှာ ဖြစ်ပါတယ်။ စည်းကမ်းချက်(၉)မှာ တရားမဝင် သားသတ်ကုန်ကြမ်းနှင့် အသား သယ်ဆောင်ခြင်း၊ တရားမဝင်သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းအား စည်ပင်သာယာ+ဌာနနှင့် အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်ကိုင်ဆောင်သူတို့ ပူးပေါင်း၍ ဥပဒေအရ အရေးယူ ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ တရားမဝင် သားသတ်လုပ်ငန်း လုပ်ကိုင်ခွင့်ကို စည်ပင်နှင့် ဌာနဆိုင်ရာများကို





မွေးမြူထုတ်လုပ်သူများကို လွတ်လွတ်လပ်လပ်မွေးမြူပြီး လွတ်လပ်စွာရောင်းဝယ်ထုတ်လုပ်စေလိုတဲ့ ရည်မှန်းချက်ရှိတဲ့ အတွက် သားသတ်လိုင်စင်စနစ်ကို ဖျက်သိမ်း စေခဲ့တာဖြစ်ပါတယ်။ သားသတ်တိရစ္ဆာန်များကို မွေးမြူသူများအတွက် လိုရာ ဈေးကွက် ကို တင်ပို့ရာမှာ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်စီမံခန့်ခွဲရေး ကော်မတီတွေက စိစစ်တင်ပြချက်နှင့် ပြည်နယ်အစိုးရအထိ ခွင့်ပြုချက် ရယူဆောင်ရွက်နေရမယ်ဆိုရင် ကျယ်ပြန့်လှတဲ့ ရှမ်းပြည်နယ်ဒေသ၊ ခရီးကွာဝေးတဲ့ဒေသတွေမှာ တစ်နိုင်တစ်ပိုင် မွေးမြူသူဟာ မြို့နယ်ခြား ဒါမှမဟုတ် ပြည်နယ်ခြားများ သယ်ဆောင်ရောင်းဝယ်ဖောက်ကား ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်း နည်းပါးသွားမှာ ဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာ သော်လည်းကောင်း၊ တိုင်းဒေသ နှင့် ပြည်နယ်အချင်းချင်း မွေးမြူရေး၊ ကုန်ထုတ် ဖြတ်သန်းသယ်ဆောင်ရာမှာ ဆန့်ကျင်ဘက် သဘော အခြေအနေမျိုး သက်ရောက်မှု ရှိ/မရှိ ဆိုတာကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီးတော့မှ သယ်ဆောင်မှုများအတွက် သင့်တော်တဲ့ နှုန်းထားတစ်ခုသတ်မှတ်၊ အခွန်တစ်ခုသတ်မှတ်ပြီးတော့မှ ဆောင်ရွက်ကောက်ခံခြင်းမှသာ မြို့နယ်အတွက် ပြည်နယ်အတွက် လူထုအတွက် အကျိုးဖြစ်ထွန်းမှုကို ပေးစွမ်းနိုင်မယ်လို့ အကြံပြုလိုပါတယ်။

ဒါကြောင့် အထက်ပါ တင်ပြချက်များအရ မေးမြန်းချင်တဲ့ မေးခွန်းလေးကတော့ လေလံအောင်နိုင်သူ တစ်ဦးတည်းက အသားထုတ်လုပ်ရောင်းချခွင့်ရှိသဖြင့် ဈေးကွက်ကို တစ်ဦးတည်းလွှမ်းမိုးချုပ်ကိုင် ထားခြင်းကြောင့် မွေးမြူထုတ်လုပ်သူများ နစ်နာမှုကို ဖြေလျှော့ပေးနိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်(၃)ကို ဖော်ဆောင်ပေးရာရောက်နိုင်ဖို့အတွက်နှင့် အပြိုင် အဆိုင်ဈေးကွက်စနစ် ပေါ်ထွန်းလာဖို့အတွက် ဒီဘဏ္ဍာနှစ်ကစပြီး စပေါ်တင်ရောင်းချ

သူဟာ တစ်နှစ်တာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိသလိုမဖြစ်စေဘဲ ဘဏ္ဍာနှစ်အတွင်း မည်သည့်အချိန်အခါမဆို မည်သူမဆို လုပ်ငန်းများ ဆောင်ရွက် လိုပါက လွတ်လပ်စွာစတင်ဝင်ရောက် လုပ်ကိုင် ဆောင်ရွက်နိုင်တဲ့ စည်းကမ်းချက်မျိုး ထုတ်ပြန် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ အာမခံ စပေါ်ငွေ သတ်မှတ်ခြင်းကိစ္စ၊ ခေါင်းခွန် သတ်မှတ်ခြင်း ကိစ္စ၊ အသားဈေးနှုန်းသတ်မှတ်ခြင်းကိစ္စ၊ တရားမဝင် ထုတ်လုပ်ခြင်းအား အရေးယူခြင်းကိစ္စ၊ ကုန်ကြမ်းအသား သယ်ဆောင်ခွင့်ပြုခြင်းကိစ္စနှင့် ပတ်သက်ပြီး မူလ၏ ရည်ရွယ်ချက်နှင့် လွဲချော်နေတဲ့အနေထားကနေ ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့ ပြုမူပြောင်းလဲဆောင်ရွက်သွားမည်ကို သိရှိလိုတဲ့ ဒီမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် မေးမြန်းတင်ပြလိုက်ရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အဖွဲ့အစည်းဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ စည်ပင်သာယာရေးဝန်ကြီး။ မဲဆန္ဒနယ်အမှတ်(၂)နှင့် ပတ်သက်ပြီးတော့ ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးမှ ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ ခင်ဗျား- မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေလို ပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလွင်မှ မေးမြန်းလာသည့် ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၏ သားသတ်လုပ်ငန်းဈေးပြိုင်လေလံစနစ်ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်





တာဝန် ပေးအပ်စေတာဟာ စည်ပင်ဥပဒေနှင့် ညီညွတ်မှုရှိပေမယ့် အသားထုတ်လုပ် ရောင်းချခွင့်လက်မှတ်ကိုင် ဆောင်သူကိုပါ တာဝန်ပေးအပ်ထားတာဟာလည်း အခြားသော လက်မှတ်ရရှိထားသူ တစ်ဦး(သို့မဟုတ်) တရားမဝင်ဆောင်ရွက်မှုကို သွားရောက်စိစစ်ခွင့် ပေးထားသလိုဖြစ်နေပါတယ်။ အဲဒီကနေတစ်ဆင့် တရားဝင် လက်မှတ် ကိုင်ဆောင်ထားသူ အနေနဲ့ တရားမဝင်ဆောင်ရွက်သူတို့ အပေါ် နားလည်မှု ရယူပြီးတော့မှ တရားမဝင်ထပ်ဆင့် ခေါင်းခွန် ကောက်ခံနိုင်တဲ့ အခြေအနေမျိုး ဖန်တီး ထားပေးသလိုဖြစ်နေ ပါတယ်။ တကယ့် လက်တွေ့ အခြေအနေဖြစ်ပါတယ်။ ရောင်းချခွင့် လက်မှတ်ကိုင်ဆောင် ထားသူဟာ သတ်မှတ်ခေါင်းခွန် ပေးသွင်း ပြီးတော့ သတ်မှတ်နေရာမှာ ရောင်းချရမယ့် တာဝန် သက်သက်သာ ရှိသင့်ပါတယ်။ အခြားသော စီမံ အုပ်ချုပ်ခွင့်ကိစ္စကို ခွင့်ပြုပေးရန် မသင့်ပါဘူး။ ရောင်းချခွင့် လက်မှတ်ရသူဟာ တစ်မြို့နယ်လုံးအတွက် ဒါမှမဟုတ် တစ်နှစ်တာအတွက် လုပ်ပိုင်ခွင့် ရရှိထားသူ မဟုတ်တဲ့ အတွက် တာဝန်ရှိ စည်ပင်ကော်မတီနှင့် ဌာနတို့သာ အောက်ခြေ အုပ်ချုပ်ရေး အဖွဲ့ဖြစ်တဲ့ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းပြီးတော့မှ တရားမဝင်ဆောင်ရွက်မှုများကို ရှာဖွေတားမြစ် ပြီးတော့ တရားဝင် လုပ်ငန်းအဖြစ် ရရှိအောင် ဆောင်ရွက်ပေးခြင်း အားဖြင့် အခွန်ငွေတိုးတက် ရရှိလာမှာဖြစ်ကြောင်း သုံးသပ် ဆွေးနွေး တင်ပြလိုပါတယ်။

နောက်ဆုံးစည်းကမ်းချက်(၁၀)ဖြစ်တဲ့ သားသတ်တိရစ္ဆာန်များကို နယ်မြေကျော်လွန် သယ်ဆောင်ခွင့်နှင့် ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စိစစ်တင်ပြ ချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုဆောင်ရွက်သွားရန်ဟု ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒီစည်းကမ်းချက်နှင့် ပတ်သက်ပြီး တင်ပြရမည် ဆိုလျှင် နိုင်ငံတော်အစိုးရအနေနဲ့ မိမိတို့ နိုင်ငံတော်အတွင်းမှာ

စနစ်ဆောင်ရွက်သည့် အစီအစဉ်နှင့် ပတ်သက်သည့်မေးခွန်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းများကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒါပေမဲ့ ပထမဦးစွာ တင်ပြခွင့်ပြုပါ။ ကျွန်တော့်ဆီရောက်တာတဲ့ မေးခွန်းကတော့ တိုတိုတုတ်တုတ်ဖြစ်ပါတယ်။ ရောက်လာ သည့် မေးခွန်းအရ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ သားသတ်လုပ်ငန်းဈေးပြိုင်စနစ်၊ လေလံစနစ် ဖျက်သိမ်းပြီး အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ်ဆောင်ရွက်တဲ့ အစီစဉ်ဆိုတဲ့ မေးခွန်းနဲ့ဘဲ ပတ်သက်သည့် အတွက်ကြောင့် ယခုလို စေ့စေ့စုံစုံ ဘက်စုံထောင့်စုံကနေပြီးတော့ သုံးသပ်ပေးလာတဲ့ မေးခွန်းကို ကျွန်တော်လုံး၀ မရရှိခဲ့ပါ။ အဲဒါကြောင့် ယခုအနေ အထားအရ မေးမြန်းထားတဲ့ မေးခွန်းအရဘဲ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နောင်တွင် ဒီထက်မကမေးထားတဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းတဲ့ကိစ္စနှင့်ပတ်သက်ပြီး စေ့စေ့စုံစုံ သိရှိ နိုင်အောင် စည်ပင်သာယာရေးဝန်ကြီးရုံးခန်းမှာ လာရောက်ပြီး တွေ့ဆုံနိုင်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန် မှာကြားချက် အရ လေလံစနစ်ကိုဖျက်သိမ်းပြီး အခြားစနစ် တစ်ခုကို ဆောင်ရွက်ဖို့ဆိုတဲ့ စည်ပင်သာယာရေးဌာနကိုလမ်းညွှန် မှာကြားချက်အရ (၁)လအတွင်းမှာ ၂၀၁၄-၂၀၁၅ ဘတ်ဂျက် အတွင်းမှာ အချိန်မီအောင်လုံးပမ်းခဲ့ရပါကြောင်း၊ (၁)လအတွင်းမှာ ပီပီပြင်ပြင် ၂၀၁၄-၂၀၁၅မှာ သက်ဆိုင်ရာ ပြည်နယ်အတွင်းမှာရှိတဲ့ ဒေသအသီးသီးမှာရှိတဲ့ မြို့နယ်စည်ပင်သာယာရေးကော်တီ သားသတ်လုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ရမလဲဆိုတာ လုံးပမ်း ဆောင်ရွက်ခဲ့ရပါတယ်။ ဆက်စပ်တဲ့ အစိုးရဌာနဖြစ်တဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ တိရစ္ဆာန်နှင့်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ





ကျေးဇူးတင်ရှိကြောင်းနှင့် ဆက်လက်ပြီး တင်ပြ အချက်အလက် များကို ဖတ်ကြားရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

(၁) ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ခင်တဲ့ အစိုးရအဖွဲ့ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရတိုင်းဒေသအဖွဲ့ဦးစီးဥက္ကဋ္ဌ၊ သားသတ်လုပ်ငန်း နှင့်သက်ဆိုင်တဲ့ ဌာနဖြစ်တဲ့ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ ပြည်နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစရှိသော ပြည်နယ် အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်(၁၃)ခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ရှမ်းပြည်နယ်စည်ပင် သာယာရေးကော်မတီ၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရှိ မြို့နယ်စည်ပင်သာယာရေး ကော်မတီ များ တက်ရောက်ခဲ့ကြသော (၃-၃-၂၀၁၄)ရက်နေ့ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ ဒုတိယ(၆)လပတ်စည်ပင်သာယာရေး ကော်မတီ လုပ်ငန်းများနှင့် သားသတ်လုပ်ငန်းစဉ်များ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ် စည်ပင် သာယာရေးကော်မတီ အတွင်းရေးမှူး ရှမ်းပြည် နယ်အဆင့် ဌာနညွှန်ကြားရေးမှူးမှ အသားငါး ထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်ဖြင့် ဆောင်ရွက်မည့်အစီအစဉ်များဖြင့် စပ်လျဉ်း၍ အောက်ပါအချက်များအတိုင်း တင်ပြခဲ့ပါတယ်-

(က) အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ်ပြောင်းလဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်

(၁) ပြည်သူလူထုနှင့် လွှတ်တော်ကိုယ်စားလှယ်များမှ သားသတ်လုပ်ငန်းကို လေလံလိုင်စင်မဟုတ်ဘဲ လွတ်လပ်စွာ မွေးမြူထုတ်လုပ်ရောင်းချခွင့် တောင်းဆိုလာသဖြင့် ပြည်သူ့ဆန္ဒအတိုင်း ဖော်ဆောင်ပေးနိုင်ရန်၊

(၂) နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးအဆင့်များနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်နှင့် ပြည်ထောင်စု အစိုးရ၏ မူပိုင်းဆိုင်ရာများ လိုက်နာဆောင်ရွက်ရန်၊

(၃) သားသတ်လေလံလိုင်စင်စီ စနစ်သည် လေလံအောင်နိုင်သူ တစ်ဦးတည်းမှ အသား ထုတ်လုပ် ရောင်းချခွင့်ရရှိသဖြင့် ဈေးကွက်ကို တစ်ဦးတည်း လွှမ်းမိုးချုပ်ကိုင်ခြင်းကြောင့် မွေးမြူထုတ်လုပ်သူများ၏ နစ်နာမှုကို ဖြေလျော့ပေးနိုင်ရန်၊

(၄) စည်ပင်သို့ လေလံကြေးငွေ ပေးသွင်းရခြင်း မြင့်မားမှုကြောင့် ပြည်သူများစားသုံးရန် အသားဈေးနှုန်း ကြီးမြင့်ခြင်းဖြစ်မှုအား ချေဖျက်စေရန်၊





ရဲတပ်ဖွဲ့အစရှိတဲ့ ပြည်နယ်အဆင့် ဌာနဆိုင်ရာ ပုဂ္ဂိုလ်များကို အကြိမ်ကြိမ်အဖန်ဖန် သားသတ်လုပ်ငန်းကို ထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ်ကို အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်း ပြီးတော့မှ အကောင်အထည် ဖော်ဆောင်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။ သက်ဆိုင်ရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအားဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်နယ်ဥပဒေချုပ်အားဖြင့်လည်းကောင်း၊ အထူးသီးသန့် ဖိတ်ကြားပြီးတော့ ဒီစနစ်ကို ပီပီပြင်ပြင်ဖြစ်အောင် ဖိတ်ကြားပြီးတော့ သုံးသပ်ဆွေးနွေး တင်ပြခြင်းဖြစ်တဲ့အညီ အကောင်းဆုံးစနစ်ဖြစ်မှာ ယုံကြည်ပါတယ်။ အပြီးသတ်(၃-၃-၂၀၁၄)ခုနှစ်မှာ အားလုံးသက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ သက်ဆိုင်ရာ ပြည်နယ်ဌာနပုဂ္ဂိုလ်များ အားလုံးနဲ့ သက်ဆိုင်ရာခရိုင်(၁၃)အုပ်ချုပ်မှု ဌာနကိုအားလုံးဖိတ်ပါတယ်။ ပြည်နယ်စည်ပင်သာယာရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အသီးသီးကို ဖိတ်ကြားပြီးတော့မှ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သော (၆)လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းအားသာချက်၊ အားနည်းချက်များကို ပွင့်လင်းမြင်သာစွာ ချပြ ရှင်းလင်းဆွေးနွေးခဲ့ပြီး အားလုံးလက်ခံ သဘောတူပြီးမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ Cabinet အစည်းအဝေးတွင် တင်ပြခဲ့ပြီး အစိုးရအဖွဲ့မှ အတည်ပြုပြီးမှသာလျှင် စည်ပင်ဝန်ကြီးဌာနအနေနဲ့ စာကိုတရားဝင် ထုတ်ပြန်ပြီးတော့ ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ စည်ပင်သာယာရေး အသားထုတ်လုပ်ရောင်းချမှုလက်မှတ်စနစ် ဆောင်ရွက်တဲ့ အစီအစဉ်ကို ထုတ်ပြန်ကြေညာပြီးတော့ ဆောင်ရွက်စေခြင်းဖြစ်ပါတယ် ဆိုတာကို ပဏာမဦးစွာ တင်ပြလို ပါတယ်။ လက်ရှိဆောင်ရွက်နေတဲ့ ဒီစနစ်ကို အားလုံးပွင့်လင်း မြင်သာစွာဖြင့် သိရှိနိုင်အောင် Power Point ဖြင့် ရှင်းလင်း တင်ပြခွင့် ပေးတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း



D/real(wide) (6

(၅) ရောဂါကင်းရှင်းပြီး သန့်ရှင်းလတ်ဆတ်သော အသားများကို စည်ပင်သာယာရေး ဈေးများ၌ ချိုသာသော ဈေးနှုန်းဖြင့် ပြည်သူလူထုမှ ဝယ်ယူ စားသုံးနိုင်ရန်၊

(၆) အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်စနစ်၊ (သားသတ်လုပ်ငန်းဆောင်ရွက်ခွင့်+ အသား ထုတ်လုပ် ပြီးရောင်းချခွင့်)ကို ဆောင်ရွက်ခြင်းအားဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သားသတ်လုပ်ငန်းအား စနစ်တကျ ကြီးကြပ်ဆောင်ရွက်စေနိုင်ရန် ဖြစ်ပါတယ်။

(ခ) ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေတွင် သားသတ်လုပ်ငန်းနှင့်ပတ်သက်၍ပြဋ္ဌာန်းချက်များ

(၁) အခန်း(၁၁) ပုဒ်မ ၄၆။ မြို့နယ်ကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်နှင့် ဝက်တို့ကို အများ ပြည်သူစားသုံးရန် အလို့ငှာ စည်ပင်သာယာရေးဌာနပိုင် သားသတ်ရုံများတွင် စည်းကမ်းချက်များနှင့်အညီ သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းနှင့် ကြက်၊ ဘဲ၊ ငါးတို့ကို စည်းကမ်းချက်များနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်ပါသည်။





တရားဆွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း (သို့မဟုတ်) လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင် ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော (သို့မဟုတ်) အခြား အကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

(၆) ပုဒ်မ ၈၇။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆို တင်ပို့သော ပြစ်မှုတစ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှု ထင်ရှားတွေ့ရှိလျှင် ပြစ်မှုအတွက် ချမှတ်သည့် ပြစ်ဒဏ်အပြင် ပြစ်မှုနှင့် စပ်လျဉ်းသော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းသော အမိန့်ကို ချမှတ်နိုင်သည်။

(၇) ပုဒ်မ ၈၈။ မြို့နယ်ကော်မတီ(သို့မဟုတ်) မြို့နယ်ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်သည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ပစ္စည်းမှာလည်း တရားရုံးရှေ့တင်ပို့ရန် ပျက်စီးလွယ်သည့် (သို့မဟုတ်)ပုပ်သိုးလွယ်သည့် ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းအပေါ် စီမံခန့်ခွဲသည့် အမိန့် ချမှတ်နိုင်သည်။ ယင်းကဲ့သို့ စီမံခန့်ခွဲသည့် အမိန့်ချမှတ်



D/real(wide) (6

ကြောင်း တရားရုံးသို့ အစီရင်ခံစာ တင်ပြရမည်။

(ဂ) အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ်(သားသတ်လုပ်ငန်းဆောင်ရွက်ခွင့်+ ထုတ်လုပ်ပြီး အသားကိုပြည်သူသို့ဖြန့်ဖြူးရောင်းချခွင့်) အကြမ်းဖျဉ်းစီမံချက်-

(၁) အမဲ၊ ဝက်၊ ဆိတ်၊ အသားထုတ်လုပ်ရောင်းချလိုသူသည် စည်ပင်တွင် အာမခံစပေါ်ငွေတင်၍ အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်ရယူရမည်။(အာမခံစပေါ်ငွေအား ကော်မတီ(၃)ရပ် ပူးပေါင်းသတ်မှတ်ရန်)ဆိုတဲ့ ပွင့်လင်းမြင်သာစွာ ရေးသားပြီး ဖြစ်သည်။

(၂) စည်ပင်မှသတ်မှတ်ထားသည့် သားသတ်ရုံတွင်သာသတ်မှတ်ထားသော စည်းကမ်း (Bye-Laws) နှင့်အညီ သားသတ်လုပ်ငန်းဆောင်ရွက်ရမည်။(ထွေ/အုပ်၊ ရဲ၊ တိကု၊ ကျန်းမာရေး ဌာနများမှ စာရွက်စာတမ်းများ ပါရှိရမည်။

(၃) သားသတ်ကောင်ရေအတိုင်း စည်ပင်မှ ခေါင်းခွန်ကောက်ခံရမည်။(ခေါင်းခွန် အားကော်မတီ(၃)ရပ် ပူးပေါင်း သတ်မှတ်ရန်ဖြစ်ပါတယ်။ ဒါကလည်း ပြည်သူကိုဗဟိုပြု ပြည်သူလူထုရဲ့ သဘောထားဆန္ဒမှန်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လေးစားစွာ တင်ပြလိုပါတယ်။





(၂) ပုဒ်မ ၄၇။ မြို့နယ်ကော်မတီသည် ကျွဲ၊ နွား၊ တိရစ္ဆာန်သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

(၃) ပုဒ်မ ၄၈။ ပြည်နယ်ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သားသတ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သော စည်းကမ်းချက်များကို ထုတ်ပြန်နိုင်သည်။

(၄) ပုဒ်မ ၄၉။ ပုဒ်မ ၄၆အရ ခွင့်ပြုချက်ရရှိသူသည် ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့် သားရေကို လက်ဝယ်ထားရှိခြင်းပြု နိုင်သည်။ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း အသားရောင်းချခြင်းနှင့် ကြက်၊ ဘဲ၊ ငါး တို့၏ အသားများ ရောင်းချခြင်း ပြုနိုင်သည်။

(၅) အခန်း(၁၉) ပုဒ်မ ၈၂(က) ။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ခြင်းကြောင့် (သို့မဟုတ်)ကျွဲ၊ နွား၏ အသား (သို့မဟုတ်)သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည်ထောင်ဒဏ် အနည်းဆုံး(၆)လမှ အများဆုံး(၃)နှစ် အထိ ချမှတ်ခြင်းခံရမည့်အပြင် ကျပ်(၅၀၀၀၀၀)သိန်းထက်မပိုသော ဒဏ်ငွေလည်းချမှတ်နိုင်သည်။ ဤပုဒ်မအရ

(၄) သားသတ်ရုံမှ ထုတ်လုပ်ပြီး အသားများကို ရောင်းချရန်နေရာသို့ သတ်မှတ်သော အသားသယ်ယာဉ်ဖြင့် လုံခြုံစွာ သယ်ဆောင်ရမည်။

(၅) အသားများကို စည်ပင်မှ သတ်မှတ်ဈေးများ အတွင်းသာ ရောင်းချရမည်။ ဒါနဲ့ ပတ်သက် ပြီးတော့စည်ပင်မှာလည်း အခွန်ရရှိအောင်ဆိုတဲ့သဘောနဲ့ ချမှတ်ထားတာဖြစ်ပါ တယ်။

(၆) အသားရောင်းဆိုင်ခုံခ စည်ပင်မှ ကောက်ခံရမည်။(အသားရောင်းဆိုင်ခုံခအား ကော်မတီ(၃)ရပ်မှ ပူးပေါင်းသတ်မှတ်ရန်။ ဒါကလည်း ပွင့်လင်းမြင်သာစွာဖြင့် သက်ဆိုင်ရာပြည်သူကိုဗဟိုပြုတဲ့ ပြည်သူလူထုထဲက ဆုံးဖြတ်ခြင်း ဖြစ်ပါတယ်။)

(၇) ပြည်သူ့အပေါ် အမြင့်ဆုံးရောင်းချနိုင်သည့် အသားရောင်းဈေးနှုန်းကို စည်းကမ်း သတ်မှတ်ပြီး ယင်းဈေးနှုန်း၏ အောက်တွင် သာ အသားထုတ်လုပ်ရောင်းချသူများကို အပြိုင်ဈေးလျှော့ရောင်းချစေရမည်။(အမြင့်ဆုံး အသားရောင်းဈေးနှုန်းကို ကော်မတီ(၃)ရပ်ပူးပေါင်းသတ်မှတ်ရန်။ ဒါကို သက်ဆိုင်ရာ ကျွန်တော်ထင်တာ လွှတ်တော်ကိုယ်စားလှယ် ပါပါတယ်။ ဒါကို ပေါင်းစပ်





ဆိုပြီးတော့ အစည်းအဝေးမှာ ဆုံးဖြတ်ချက်အရ ပြန်ပြီးတော့ သုံးသပ်လို့ရပါတယ် ဆိုတဲ့အကြောင်း လေးစားစွာ တင်ပြလိုပါတယ်။

(၁၀) သားသတ်ရန်ကိရစ္ဆာန်များ နယ်မြေကျော်လွန် သယ်ဆောင်ခွင့်နှင့် ပတ်သက်၍ ခရိုင်/ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စိစစ် တင်ပြချက်ဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုဆောင်ရွက် သွားမည် ဆိုတဲ့ အချက်ဟာလည်း နယ်မြေလုံခြုံရေး အရလည်း တစ်ပိုင်း ပါဝင်ပါတယ်။ ကိုယ့် ကျွဲ၊ နွားတွေရဲ့ အနေအထားကို ပွင့်လင်းမြင်သာစွာပြောရမယ် ဆိုရင် တစ်ဖက်နိုင်ငံ ကို မတရားမှောင်ခို သွင်းခဲ့တာအများကြီး ရှိနေပါတယ်။ ဒါကို မထိန်းကွပ်ရင် ရှမ်းပြည်နယ်အတွင်းမှာ ရှိနေတဲ့ တိရစ္ဆာန်တွေဟာ ကုန်သလောက်ဖြစ်နေပါပြီဖြစ်တဲ့အကြောင်း ဒါကိုထည့်သွင်းပြီးတော့ လုပ်ထုံးလုပ်နည်းအရ စည်းကမ်းတကျ ဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက်ကြောင့် ခရိုင်၊မြို့နယ် စိစစ်ရေးကော်မတီက စိစစ် တင်ပြပြီးတော့ ရှမ်းပြည်နယ်အစိုးရ ခွင့်ပြုမှသာလျှင်ဆောင်ရွက်သွားမည်ဟု ထည့်သွင်းခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လေးစားစွာ



D/real(wide) (7

ကန့်သတ်



သဘောပေါက် နားလည်ဖို့ တင်ပြခြင်းဖြစ်ပါတယ်။

(ဃ) (၂၈-၂-၂၀၁၄)ရက်နေ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် သားသတ်လုပ်ငန်းဆိုင်ရာ အကြိုညှိနှိုင်းအစည်းအဝေးတွင်ပြည်နယ်ဥပဒေချုပ်မှ အကြံပြုချက်(၂)ချက်-

(၁) ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လုပ်ပိုင်ခွင့်၊ တာဝန်များ၊ ဥပဒေပုဒ်မ(၁၃)၊ ပုဒ်မခွဲ (ဆ)အရ ပြပွဲ၊ ပြိုင်ပွဲ၊ ရိုးရာဓလေ့ပွဲများ ကျင်းပပြုလုပ်ခွင့်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးများမှ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးထံ သဘောထားမှတ်ချက်တင်ပြခြင်း၊ ကျင်းပခွင့် မရှိဘဲဖြစ်စေ၊ သတ်မှတ်စည်းကမ်းချက် မလိုက်နာဘဲဖြစ်စေ အခမ်းအနားကိစ္စ အပါအဝင် ပွဲကျင်းပပါက အရေးယူတင်ပြခြင်း၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (န)အရ တိရစ္ဆာန်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေး မှူးများမှ စည်းကမ်းတကျသတ်မှတ်ခြင်း၊ မွေးမြူရန် သတ်မှတ်ခြင်း၊ သတ်ဖြတ်ခွင့်မရှိဘဲ ဖြစ်စေ၊ စည်းကမ်း နှင့်မညီဘဲဖြစ်စေ ကျွဲ၊ နွား သတ်ဖြတ်ခြင်းကို တားမြစ်ခြင်း၊ မလိုက်

ကန့်သတ်

ကန့်သတ်



ညှိနှိုင်းပေးပါလို့ အထူးပဲမေတ္တာ ရပ်ခံပါတယ်။ ကိုယ့်ဒေသနေရာမှာ ပြန်ရောက်ရင် သက်ဆိုင်ရာကော်မတီတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးပါလို့ အနူးအညွတ် မေတ္တာရပ်ခံအပ်ပါတယ်။

(၈) သတ်မှတ်ထားသည့် စည်းကမ်း၊ လုပ်နည်း၊ ဈေးနှုန်းများ ဖောက်ဖျက်ပါက ဥပဒေစည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူပါမည်။

(၉) တရားမဝင် သားသတ်ကုန်ကြမ်းနှင့် အသားသယ်ဆောင်ခြင်း၊ တရားမဝင် သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းများအား စည်ပင်၊ ဌာနဆိုင်ရာ၊ အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်ကိုင်ဆောင်သူတို့ပူးပေါင်း၍ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်ဆိုတဲ့နေရာမှာ ခုနက သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ရဲ့ အသားထုတ်လုပ် ရောင်းချခွင့် လက်မှတ်ကိုင်ဆောင်သူဆိုတာဟာလည်း ကျွန်တော် တို့ပွင့်လင်းမြင်သာမှု ရှိစွာဖြင့် သက်ဆိုင်ရာထုတ်လုပ်ရောင်းချသူလည်း အခွင့်အရေးတစ်ရပ်အနေနဲ့ ပေးထားခြင်း ဖြစ်ပါတယ်။ ဒါကို ပေါင်းစပ်ညှိနှိုင်းမယ်ဆိုလည်း မိမိရဲ့ဒေသဈေးနှုန်းဟာ သူလည်း တစ်ပိုင်းတစ်စ ပါဝင်ဆောင်ရွက်ခွင့် ပြုသင့်တယ်

ကန့်သတ်

နာပါက သက်ဆိုင်ရာသို့ အရေးယူရန် အသိပေးအကြောင်းကြားခြင်း၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ခ)အရ ရပ်ကွက်/ကျေးရွာ အတွင်း နေထိုင်သူများ၊ ဘာသာရေး ဆိုင်ရာကိစ္စဆောင်ရွက်ခွင့်နှင့် ပတ်သက်၍ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဥပဒေတွင် ဖော်ပြပါရှိသည့် ဘာသာရေး ဆိုင်ရာ အခမ်းအနားများ ဆောင်ရွက်ခြင်းနှင့် ဆက်နွယ်သော ကိစ္စများ ဆောင်ရွက်ခြင်းများကို အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှသာ စီမံ ဆောင်ရွက်ခွင့်ရှိသဖြင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးဌာနတို့ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

(၂) သားသတ်လုပ်ငန်းကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ် ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနများ အနေဖြင့် ပါဝင် ဆောင်ရွက်မှုသာ သားသတ်လုပ်ငန်း များအား စည်းကမ်း၊ ဥပဒေများနှင့်အညီ သက်ဆိုင်ရာဌာန များ မှ ပါဝင်ဆောင်ရွက် နိုင်ရေး အမိန့် ညွှန်ကြားချက်များ ကြပ်မတ်ရမည့် စည်းကမ်းများတွင် ထည့်သွင်း ရေးဆွဲရန် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်





ကြီးကြပ်ဆောင်ရွက်နိုင်ရန် အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ဖြစ်သည့် မြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနများ ပါဝင်သည့် သားသတ်လုပ်ငန်း ကြီးကြပ်စစ်ဆေးရေး အဖွဲ့အား ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း အမိန့်အား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၁၅-၅-၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၅၉၇၁/၆-၃၃၂/အစရ(ရှမ်း)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ အမိန့်တွင် သားသတ် လုပ်ငန်းကြီးကြပ် စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ အသေးစိတ် ညွှန်ကြားထားပါသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် တင်ပြခဲ့သော အသား ထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ် လုပ်ငန်းအကြမ်းဖျဉ်းစီမံချက်တွင် စပေါ်ငွေ၊ ခေါင်းခွန်၊ အသားရောင်းဆိုင်ခွန်ခ၊ အသားရောင်းဈေးနှုန်းများ သတ်မှတ်ရာတွင် သက်ဆိုင်ရာ မြို့နယ်များမှကော်မတီ(၃)ရပ်ဖြင့် ပူးပေါင်းသတ်မှတ်ရန် လျာထားသတ်မှတ်ပြီး ဖြစ်ပါသည်။ အဲဒါကြောင့် ကျွန်တော်ပြည်သူကို ဗဟိုပြုဆိုတဲ့ စာကိုအမြဲ ထည့်ထည့်ပြီးတော့ ဖော်ပြခဲ့ပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား- အဲဒါပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမယ်ဆိုရင် အားသာ ချက်၊ အားနည်းချက်များပေါ် ပေါ်ကောင်းပေါ်ပါမည်။

မိမိ ကိုယ်တိုင် လည်း ပေါင်းစပ်ညှိနှိုင်းပါလို့ အနူးအညွတ်မေတ္တာရပ်ခံပါတယ်။ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများသည် မြို့နယ်အလိုက်ပြည်သူဗဟိုပြု ပြည်သူအကျိုးပြုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ပြည်သူ့ဆန္ဒနှင့်အညီဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိက၊ အရပ်ဘက် ပုဂ္ဂိုလ်များ ပေါင်းစပ် ညှိနှိုင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြစ်ပါသည်။ ကော်မတီ (၃)ရပ်မှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် သားသတ်လုပ်ငန်း၏ စပေါ်ငွေ၊ ခေါင်းခွန်၊ အသားရောင်းဆိုင်ခုံခ၊ အသား ရောင်းဈေးနှုန်းများသည် ပြည်သူ့ဆန္ဒနှင့်ကိုက်ညီသော အခွန်အခ၊ ဈေးနှုန်းများဖြစ်စေနိုင် ပါသည်။ ညွှန်ကြားချက် အကြမ်းဖျဉ်း စီမံချက်များထုတ်ပြန်ရာ တွင်လည်း ခေတ်အဆက်ဆက်က ဆောင်ရွက်လျက်ရှိသော သားသတ်လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို အခြေခံလျက် စည်ပင်သာယာရေးဌာန အရာထမ်းများမှ လုပ်ငန်းအတွေ့အကြုံများ စုစည်းပြီး ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ အထက် တင်ပြခဲ့သည့်အတိုင်း သားသတ်ထုတ်လုပ်ခွင့်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများချမှတ်ရာတွင် ယခင်အဆက်ဆက်က ဥပဒေများ အရလည်းကောင်း၊ ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီစေရန်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ အသားထုတ်လုပ်လိုသူတိုင်းက ဥပဒေနှင့်အညီ ထုတ်လုပ်ခွင့်ပြုထားသည့် နည်းလမ်းလည်းဖြစ်ပါသည်။ သားသတ်ထုတ်လုပ်လိုသူများအား ဟန့်တားမှုမဖြစ်ပေါ်စေသော စပေါ်ငွေသတ်မှတ်ရန် စားသုံးသူသက်သာမှုရှိစေမည့် အသားဈေးနှုန်းသတ်မှတ်ရန် အသားဈေးလျှော့ကျစေရေးအတွက် အသားထုတ်လုပ်သူ သက်သာစေသော သားသတ်ခေါင်းခွန်ဖြစ်စေရန်တို့ကို သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ



D/real(wide) (7



သာယာရေးကော်မတီ၏ ဒုတိယ(၆)လပတ် စည်ပင်သာယာရေးလုပ်ငန်းများနှင့် သားသတ်လုပ်ငန်းစနစ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတည်ပြု ချက် အရ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ် စနစ်ဖြင့် ဆောင်ရွက်မည့် သားသတ်လုပ်ငန်းညွှန်ကြားချက်အား ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီမှ (၁၁-၃-၂၀၁၄) ရက်နေ့တွင် စာအမှတ်၊ ၀၉၃၆/ဃ-၂/ရပစ(၀၂၀)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ညွှန်ကြားချက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ သားသတ်လုပ်ငန်းစနစ်နှင့် စပ်လျဉ်း၍ အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းတာဝန်များ အသေးစိတ် ရေးဆွဲညွှန်ကြားထားပါသည်။

(၃) ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၏ ဒုတိယ(၆)လပတ် စည်ပင်သာယာရေးလုပ်ငန်းများနှင့် သားသတ်လုပ်ငန်းစနစ်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတည်ပြုချက်အရ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ် စည်ပင်သာယာရေးကော်မတီများမှ သားသတ်လုပ်ငန်းများအားဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် အညီ

ကော်မတီ(၃)ရပ်က ညှိနှိုင်း စိစစ်သတ်မှတ်ခဲ့ခြင်းသာဖြစ်ပါသည်။ ထိုသို့ သတ်မှတ်ခဲ့သည့် နှုန်းထားများမှာ မိမိ မြို့နယ်၏ ဝင်ငွေလျော့နည်းမှုမရှိစေရေးကို ဦးစားပေးမှုဖြင့် နှုန်းထားများ မြင့်မားမှုလည်းရှိနိုင်ပါသည်။ ထိုသို့သောနှုန်းထားများမှာ ဒေသနှင့်ကိုက်ညီမှုမရှိခြင်း၊ သားသတ်ထုတ်လုပ်ခွင့်စနစ်၏ မူလရည်ရွယ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်း များဖြစ်နေပါက သက်ဆိုင်ရာကော်မတီများ(၃)ရပ်ဖြင့် ပြန်လည်စိစစ် သတ်မှတ်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ထိုသို့ညွှန်ကြားချက်များ ထုတ်ပြန်လျက် သားသတ်လုပ်ငန်းဆိုင်ရာ ဥပဒေ၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ သားသတ်လုပ်ငန်းအား ကြီးကြပ်ဆောင်ရွက်လျက်ရှိနေစဉ် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလွင်မှ သားသတ်လုပ်ငန်းစနစ်နှင့်စပ်လျဉ်း၍ အကြံပြုချက်များ မေးမြန်းလာပါသဖြင့် မေးမြန်းဆွေးနွေးအကြံပြုချက်များအရ သားသတ် လုပ်ငန်းအား အသားထုတ်လုပ်ရောင်းချခွင့်လက်မှတ်စနစ်ဖြင့် ဆောင်ရွက်နေမှုများ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီတို့မှ ပြန်လည်စိစစ်သုံးသပ်လျက် လုပ်ငန်းများပိုမိုထိရောက်အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များပြန်လည်ပြင်ဆင်ဖြည့်စွက်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးက မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်တဲ့ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ



D/real(wide) (7



တာချီလိတ်အဝင်မှာ Custom Duty တွေကောက်ခံလာတဲ့အတွက် ညမှာခိုးပြီး ဖြတ်တဲ့ကားတွေလည်းရှိလာပါတယ်။ သက်ဆိုင်ရာဂိတ်စောင့်တဲ့ အဖွဲ့တွေကို ပိုက်ဆံပေးပြီးတော့ ဖြတ်သန်းလာကြပါပြီ။ ဒါကြောင့် မလိုလားအပ်တဲ့ အဂတိလိုက်စားမှုတွေလည်း များစွာပေါ်ပေါက်လာကြပါပြီ။ ပြည်သူတွေ နားလည်ထားတာကတော့ Custom Duty ဆိုတာ တစ်ဖက်နိုင်ငံဖြတ်သန်းမှုလုပ်တဲ့ အချိန်မှသာလိုအပ်ပါတယ်။ အခုကျတော့ ပြည်သူတွေက တာချီလိတ်အဝင်မှာ ဆောင်နေရတော့ သက်ဆိုင်ရာ အခွန်ဆောင်ထားတဲ့ ကုမ္ပဏီတွေက အခွန်ဆောင်စရာမလိုဘဲ တစ်ဖက်နိုင်ငံကို သွင်းနေရသလိုဖြစ်နေပါတယ်။ သူတို့က နိုင်ငံခြားဝင်ငွေတွေကို ပိုက်ဆံမကုန်ဘဲ စာရင်းသွင်း နေကြရပါတယ်။ ဒါကြောင့် Custom Duty တွေကို နယ်စပ်ဖြတ်ကျော်ဂိတ်မှာသာ ကောက်ခံသင့်ပြီး တာချီလိတ်အဝင်မှာ မကောက်ခံသင့်ပါဘူး။ နောက်တစ်ခုက ရှမ်းပြည်နယ်ရန်ပုံငွေအတွက် ၃ ရာခိုင်နှုန်း ကောက်နေတဲ့ တံတား(၂)မှာပါ။ တာချီလိတ်တံတား(၂)မှာ ပြည်သူတွေဟာ ရှမ်းပြည်နယ်အစိုးရအတွက် ၃ ရာခိုင်နှုန်း အခွန်ပေးဆောင်ပြီး တွန်းလှည်းများ၊ စက်ဘီးများ၊ သုံးဘီးများ၊ ကိုယ်ပိုင်မော်တော်ယာဉ် များ၊ မှန်လုံယာဉ်ငယ်များနှင့် နေ့စဉ် မနက် ၆ နာရီကနေ ည ၆နာရီအထိ သယ်ယူနေ ကြရပါတယ်။ သက်ဆိုင်ရာဂိတ်စောင့်နေတဲ့ ဝန်ထမ်းတွေကို ၃ ရာခိုင်နှုန်း Custom Duty ဆောင်ပြီးတော့ ဝင်လာကြတာဖြစ်ပါတယ်။ ဒါပေမယ့် တာချီလိတ်မြို့အဝင်မှာ Custom ၃ ရာခိုင်နှုန်း ရှမ်းပြည်နယ်အတွက် ပေးဆောင်ပြီးဖြစ်သော်လည်း ထွက်ဖို့က အများကြီးခက်ခဲ နေကြရပါတယ်။ ၃ ရာခိုင်နှုန်းဆောင်ပြီးသား ပစ္စည်းတွေဟာ တစ်ဖာထက်ပိုပြီး တာချီလိတ်က သယ်ဆောင်ခွင့်မရှိပါဘူး။ ကျွန်တော့်ရှေ့မှာတင်

တာချီလိတ်ကုန်သည် တစ်ယောက်က ဒီပစ္စည်းတွေကို ဘယ်မှာ Custom Duty သွားဆောင်ရမှာလဲ မေးတော့ သက်ဆိုင်ရာ Mobile အဖွဲ့တွေကမဖြေကြားနိုင်ပါဘူး။ ဒါဆိုရင် သိကြားမင်း သွားမေးရမှာလားလို့ ကျွန်တော့် ရှေ့မှာ မေးတာကြား ရပါတယ်။ ပြည်သူတွေဟာ တာချီလိတ်မှာ ပစ္စည်းဝယ်ကြတာပါ။ ယိုးဒယား တစ်ဖက်နိုင်ငံမှာ သွားဝယ်တာ မဟုတ်ပါဘူး။ ပစ္စည်းတွေ တာချီလိတ် အထွက်မှာ ဖမ်းဆီးတဲ့အတွက် တာချီလိတ်မှာရှိတဲ့ ပစ္စည်းတွေ အားလုံးကိုလည်း ဖမ်းဖို့ လိုအပ်လာမှာဖြစ်ပါတယ်။ တာချီလိတ် ဟာ နိုင်ငံက Custom Duty ကင်းမဲ့ဇုန် သတ်မှတ်ထားတဲ့ မြို့မဟုတ်ပါဘူး။ မြန်မာနိုင်ငံအတွင်း ဝယ်တဲ့ပစ္စည်းဟာ မြန်မာနိုင်ငံအတွင်း ကြိုက်တဲ့နေရာမှာ လွတ်လပ်စွာ သယ်ယူပို့ဆောင်ခွင့် ရှိရမှာဖြစ်ပါတယ်။ တာချီလိတ် မှာဝယ်တာတောင်မှ ကိုယ်သွားချင် တဲ့နေရာကို သယ်ဆောင်ခွင့် မရှိတော့ပါဘူး။ ဖိနပ်တစ်ရံကို တာချီလိတ် ဝယ်ဈေးက ၁၅ဘတ်ဘဲ ရှိပါတယ်။ Custom Duty ဆောင်ဖို့က ၁၀ ဘတ်လောက်တောင်းနေတယ်လို့ကြားရပါတယ်။ အဲဒါဆိုရင် ကုန်ဈေးနှုန်းကြီးမြင့်မှု တွေလည်း အများကြီး ပေါ်ပေါက် လာမှာပါ။ အခုဆိုရင် မိုင်းဆတ်ခရိုင်မှာ ကုန်စည်ပြတ်လပ်မှုတွေ အများကြီး ဖြစ်နေပါတယ်။ ပြည်သူတွေက ဆန္ဒပြဖို့ အထိတောင် ကြိုးစားနေကြပါတယ်။ မလိုလားအပ်တဲ့ ပြဿနာတွေ ပေါ်ပေါက် လာနိုင်ပါတယ်။ ဒါကြောင့် Mobile အဖွဲ့ တွေကိုလည်း သက်ဆိုင်ရာ နယ်စပ်ဖြတ်ကျော်ဂိတ် တွေမှာဘဲ ထားရှိသင့်ပါတယ်။ Custom Duty ဆောင်ပြီး ပစ္စည်းတွေကို Custom Duty ဆောင်ပြီးကြောင်း တံဆိပ်ရိုက်နှိပ်ပေးပြီး Mobileအဖွဲ့တွေ ဟာလည်း စစ်ဆေးပြီးရင် စစ်ဆေးပြီးကြောင်း တံဆိပ်ရိုက်နှိပ်ပြီးရင် မြန်မာနိုင်ငံအတွင်းမှာ လွတ်လပ်စွာ သယ်ယူပို့ဆောင်ခွင့်ရှိရမှာ ဖြစ်ပါတယ်။ တစ်ချို့သော ပစ္စည်း





ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မှာ ကောက်ခံနေတဲ့ Custom Duty နှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်ကြတဲ့ လဲချား၊ မိုးနဲ၊ မိုင်းပန်၊ မိုင်းတုံနှင့် ပုံပါကျင်မြို့တို့ဟာ ကြက်သွန်စိုက်ပျိုးခြင်းနဲ့ အဓိက အသက်မွေးကြရပါတယ်။ ၄င်းကြက်သွန် တွေကို တာချီလိတ်မြို့မှ တစ်ဆင့် တစ်ဖက်နိုင်ငံ ထိုင်းနိုင်ငံကို တင်ပို့ရောင်းချကြရပါတယ်။ နှစ်စဉ် ကြက်သွန်တန်ချိန် တစ်သိန်းအထက်မှာ ထွက်ရှိကြပါတယ်။ ယခင်နှစ်တွေက တာချီလိတ်မြို့ကို သယ်ဆောင်ရာမှာ အခက်အခဲ သိပ်မရှိခဲ့ပေမယ့် ဒီနှစ်မှာ အင်မတန်မှ ခက်ခဲခဲ့ကြရပါတယ်။ တာချီလိတ်မြို့ဟာ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ မြို့တစ်မြို့ဖြစ်ပေမယ့် တာချီလိတ်မြို့အဝင်မှာ သက်ဆိုင်ရာ Custom Duty တွေကို ဆောင်ထားတဲ့ ကုမ္ပဏီတွေရဲ့ ထောက်ခံချက်ပါမှ တာချီလိတ်မြို့ကို ဝင်ခွင့်ရကြရပါတယ်။ (၁၀)ဘီးကားတစ်စီးကို အစပိုင်းမှာ ကျပ်တစ်သိန်းလောက် Dutyအသုံးပြုခအတွက် ပေးဆောင်ရပြီး နောက်ပိုင်းတွင် ကျပ်(၃)သိန်းအထိ ပေးဆောင်ပြီးမှသာ တာချီလိတ်မြို့ကို ဝင်ခွင့်ရကြရပါတယ်။ ကြက်သွန်ဖြူတောင် နိုင်ငံအတွင်းမှာ လွတ်လွတ်လပ်လပ် သယ်ယူရောင်းချခွင့်မရရင် ဘိန်းဘဲစိုက်ဖို့ရှိတယ်လို့ တစ်ချို့ပြည်သူတွေက ကျွန်တော့်ကို ပြောလာကြပါတယ်။ တာချီလိတ်မြို့ဟာ မြန်မာနိုင်ငံအတွင်း မှာရှိတဲ့ မြို့ဖြစ်ပေမဲ့ အခုတော့ တစ်ဖက်နိုင်ငံကို လွှဲပြောင်း ပေးလိုက်ပြီလားလို့ မေးလာတဲ့ သူတွေလည်းရှိပါတယ်။ အခုလို

တွေဟာ တစ်နှစ်လုံးနေမှ ၅ ဖာအပြင် ရောင်းချနိုင်ဖို့မရှိပါ ဘူး။ အသုံးနည်းတဲ့ ပစ္စည်းတွေဟာ တံတား ၂ မှာ Custom Duty ဆောင်ပြီး တင်သွင်းဖို့ဆိုရင် ၁၀ ဘီးကားနဲ့ တင်သွင်းမှ သွင်းလို့ ရတယ်လို့ သိရပါတယ်။ ဒီလို အခက်အခဲပေါင်း များစွာရှိတဲ့ အတွက် မေးခွန်း (၃)ခုကို မေးမြန်းချင်ပါတယ်။

တာချီလိတ်မြို့တွင် ကောက်ခံလျက်ရှိသော ကြက်သွန်ဖြူ အကောက်ခွန်နှင့်ပတ်သက်၍ မည်သည့် နေရာတွင် မည်ကဲ့သို့ ကောက်ခံခွင့်ရှိပြီး မည်ကဲ့သို့ သယ်ဆောင်ခွင့်ရှိသည်ကို သိရှိလိုပါတယ်။(၂)တာချီလိတ်မြို့ တံတား(၁) နယ်စပ်ဖြတ်ကျော်ဂိတ်တွင် ရှမ်းပြည်နယ်ရန်ပုံငွေအတွက် ၃ ရာခိုင်နှုန်းကောက်ခံရာတွင် မည်ကဲ့သို့သော ပစ္စည်းများကို မည်ကဲ့သို့ ကောက်ခံပြီး မည်ကဲ့သို့ သယ်ဆောင်ခွင့်ပြုသည်ကို သိရှိလိုပါသည်။ (၃) တာချီလိတ်မြို့ တံတား(၂)နယ်စပ်ဖြတ်ကျော်ဂိတ်တွင် ပြည်ထောင်စုရန်ပုံငွေအတွက် အခွန်ကောက်ခံပြီး တင်သွင်းခွင့်ပြု ထားသော ပစ္စည်းများကို မည်ကဲ့သို့ ကောက်ခံ၍ တင်သွင်းခွင့်ပြုပြီး မည်ကဲ့သို့ သယ်ဆောင် ခွင့်ပြုထားသည်ကို သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးအောင်ကျော်ညွန့်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဌ နှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ်



D/real(wide) (7



ဒါကြောင့်မို့ မေးခွန်း(ခ)နှင့်ပတ်သက် ပြီးတော့ တံတားအမှတ်(၁)လို့ ကျွန်တော့်အနေနဲ့သတ်မှတ်ထားတာဖြစ်ပါတယ်။ တာချီလိတ်မြို့ တံတား အမှတ်(၁) နယ်စပ်ဖြတ်ကျော်ဂိတ်တွင် ရှမ်းပြည်နယ် ရန်ပုံငွေအတွက် ၃ ရာခိုင်နှုန်း ကောက်ခံရာတွင် မည်ကဲ့သို့ သော ပစ္စည်းများကို မည်ကဲ့သို့ ကောက်ခံပြီး မည်ကဲ့သို့ သယ်ဆောင် ခွင့်ပြုသည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းကို ရှင်းလင်းပေး သွားမှာဖြစ်ပါတယ်။

တာချီလိတ်မြို့၊ အမှတ်(၁)ချစ်ကြည်ရေးတံတား၊ နယ်စပ်ဖြတ်ကျော်ဂိတ်တွင် နယ်စပ်ဒေသရှိပြည်သူများ စားသုံးခြင်း၊ သုံးစွဲခြင်းအတွက် လူတစ်ဦးချင်း တစ်ပိုင်တစ်နိုင် ပစ္စည်းသယ်ယူမှု ဆောင်ရွက်နိုင်ရန် ၂၀၁၂ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၃)တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ ဘဏ္ဍာရေးဝန်ကြီးများ၊ သက်ဆိုင်ရာဦးစီး ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များဖြင့် နယ်စပ်ဒေသများတွင် ဒေသသုံးပစ္စည်းများအား တစ်ပိုင်တစ်နိုင် တင်သွင်း/တင်ပို့မှုများ အပါအဝင် တရားဝင်ကုန်စီးဆင်းရေး၊ အခွန် အကောက်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ ပါသည်။ အဆိုပါ အစည်းအဝေးမှ ဆုံးဖြတ်ချက်(၁၃)ချက်ကို ချမှတ်ခဲ့ပါသည်။အစည်းအဝေးဆုံးဖြတ်ချက်နှင့် အညီ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏(၂၇-၃-၂၀၁၂)ရက်စွဲပါစာအမှတ်၊ (၂၅၉၅)/၁-၁၈၁/အစရ(ရှမ်း)ဖြင့် နယ်စပ်တံတား/ဂိတ်မှ ဖြတ်သန်း၍စီးပွားဖြစ် သယ်ဆောင်သည့် လူတစ်ဦး ကျပ် (၁၀)သိန်းထက် မကျော်လွန်သည့် တစ်ဆွဲ၊ တစ်ပိုင်၊ တစ်နိုင်

လူသုံးကုန်ပစ္စည်းများအပေါ် ပစ္စည်းတန်ဖိုး၏ ၃ ရာခိုင်နှုန်း ဖြတ်သန်းခ၊ ဝန်ဆောင်ခ ကောက်ခံရေးအတွက် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့ကို စနစ်တကျဖွဲ့စည်းပြီး တာချီလိတ်မြို့နှင့် မိုင်းဆတ်မြို့အတွင်း စားသုံးရန်အတွက် ခွင့်ပြုထားရှိပါသည်။ ၃ ရာခိုင်နှုန်းအဖွဲ့ အနေဖြင့်(၁-၄-၂၀၁၂)ရက်နေ့မှ စတင်၍ တစ်ဖက်နိုင်ငံမှ တင်သွင်းလာသော လူသုံးကုန်ပစ္စည်းများ၊ (ဆေးဝါးပစ္စည်းမပါ)၊ အိမ်သုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများသာ ခွင့်ပြုပြီး ကန့်သတ်ကုန်ပစ္စည်းများနှင့် တားမြစ်ကုန်ပစ္စည်းများအား သယ်ဆောင်ခွင့် မပြုပါကြောင်း၊ လူတစ်ဦးလျှင် တစ်ကြိမ်အတွက် ခွင့်ပြုသည့် အများဆုံး တန်ဖိုးပမာဏမှာ ကျပ်(၁၀)သိန်းဖိုး အထိသာဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်ရေးစခန်းများအား ဖြတ်သန်း၍ပြည်တွင်းဒေသ အသီးသီးသို့ တင်သွင်းသယ်ဆောင်ရောင်းဝယ်မည့် ကုန်ပစ္စည်းများအား ပုံမှန် ကုန်သွယ်မှုစနစ်အရ ကုမ္ပဏီများအတွက် လိုင်စင်ထုတ်ပေးခြင်း၊ လူပုဂ္ဂိုလ် တစ်ဦးချင်းစီအတွက် ပါမစ်ထုတ်ပေးခြင်းများ ပြုလုပ်၍ ပုံမှန်ကုန်သွယ်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဒုတိယမေးခွန်းကို ဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းအနေဖြင့် တာချီလိတ်မြို့ တံတားအမှတ် (၂) နယ်စပ်ဖြတ်ကျော်ဂိတ်တွင် ပြည်ထောင်စုရန်ပုံငွေအတွက် အခွန်ကောက်ခံပြီး တင်သွင်းခွင့်ပြုထားသော ပစ္စည်းများကို မည်ကဲ့သို့ ကောက်ခံ၍ တင်သွင်းခွင့်ပြုပြီး မည်ကဲ့သို သယ်ဆောင်ခွင့်ပြုထားသည်ကို သိရှိလိုပါသည်ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ တာချီလိတ်မြို့ အမှတ်(၂) ချစ်ကြည်ရေးတံတား နယ်စပ်ဖြတ်ကျော်ဂိတ်တွင် ပြည်ထောင်စုရန်ပုံငွေသို့ အခွန်ဆောင်ရသည့် တစ်ဖက်နိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့ခြင်း၊ တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်း တင်သွင်းခြင်းတို့အားအကောက်ခွန်ဦးစီးဌာနမှ စစ်ဆေး ဆောင်ရွက်လျက်





ဦးစိုင်းဝင်းမြတ်ဦး ၏ ပထမဦးဆုံးမေးခွန်းအနေနဲ့တာချီလိတ်မြို့တွင် ကောက်ခံလျက် ရှိသော ကြက်သွန်ဖြူ အကောက်ခွန်နှင့်ပတ်သက်၍ မည်သည့် နေရာတွင် မည်ကဲ့သို့ကောက်ခံခွင့်ရှိပြီး မည်ကဲ့သို့သယ်ဆောင်ခွင့် ရှိသည်ကို သိရှိလိုပါတယ် မေးခွန်းကို ကျွန်တော် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ဦးအောင်ကျော်ညွန့်မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တာချီလိတ်မြို့တွင် ကြက်သွန်ဖြူ တစ်ဖက်နိုင်ငံသို့ တင်ပို့ရန်အတွက် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူ ရေးရာ ဦးစီးဌာနမှ ပို့ကုန်လိုင်စင်ထုတ်ပေးလျက်ရှိပြီး မြို့နယ်အကောက်ခွန် ဦးစီးဌာနမှ တစ်ဖက်နိုင်ငံသို့ တင်ပို့ရန် ပို့ကုန်ကြေညာလွှာ ဆောင်ရွက်ပေးခြင်း ရှိသည့်အပြင် ၄င်းပို့ကုန်ကြေညာလွှာပေါ် မြို့နယ်ပြည်တွင်းအခွန် ဦးစီးဌာနတွင် ကြိုတင်ဝင်ငွေခွန် တင်ပို့မည့် တန်ဖိုး၏ ၂ ရာခိုင်နှုန်း ပေးဆောင်ရပါသည်။ တာချီလိတ်မြို့သို့ ဝင်ရောက်လာသော ကြက်သွန်ဖြူများ တစ်ဖက်နိုင်ငံသို့ တင်ပို့မှု မှန်ကန်မှုရှိစေရန် မြို့အဝင်စစ်ဆေးရေးနေရာများ ဖြစ်သည့် မယ်ယန်း၊ လွယ်တော်ခမ်း၊ ဟွေရဲဂိတ်များတွင် ကြက်သွန်ဖြူ တင်ပို့မည့်သူများမှ ပို့ကုန်လိုင်စင် လာရောက်ပြသစေ၍ လိုင်စင်တွင် မြို့တွင်း ဝင်ရောက်မှုအတွက် မှတ်တမ်းတင်ခြင်း၊ မြို့တွင်းမှ ကြက်သွန်ဖြူ ဝယ်သူ၏ လိပ်စာရယူထားခြင်းတို့ကို Mobile Team အဖွဲ့ဝင်၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ပထမမေးခွန်းနှင့်ပတ်သက်၍ ဖြေကြားပေးခြင်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းမှာ တာချီလိတ်မြို့ တံတားအမှတ်(၂) ဆိုတာက ၃ ရာခိုင်နှုန်းနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကောက်ခံတာက တံတားအမှတ်(၁)ဖြစ်ပါတယ်။

ရှိပါသည်။ တစ်ဖက်နိုင်ငံမှ တင်သွင်း လာသော ကုန်ပစ္စည်းများ သယ်ဆောင် လာသည့် ကုန်တင်ယာဉ်နှင့်အတူ အကောက်ခွန်ဦးစီး ဌာန၏ ကုန်ပစ္စည်းကြေညာလွှာ Manifest မူရင်း၊ သွင်းကုန် လိုင်စင်မိတ္တူ၊ သွင်းကုန်ကြေညာလွှာ ID မူရင်း တို့နှင့် ID မူရင်း ပေါ်တွင် သက်ဆိုင်ရာ နယ်စပ်ဖြတ်ကျော်သည့် နေရာရှိ အကောက်ခွန်စစ်ဆေးရေးဝန်ထမ်းများ၏ အမှန်တင်သွင်း ထားမှုအတွက် စစ်ဆေးပြီးကြောင်း ဖော်ပြချက်ပါရှိရမည် ဖြစ်ပါသည်။ တာချီလိတ်မြို့မှ ကျိုင်းတုံမြို့သို့ ကုန်ပစ္စည်း သယ်ဆောင်ခြင်းအတွက် မယ်ယန်းစစ်ဆေးရေးစခန်း၌ လည်းကောင်း၊ တာချီလိတ်မြို့မှ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပန်မြို့များသို့ ကုန်ပစ္စည်း သယ်ဆောင်ခြင်းအတွက် ဟွေ့ရဲစစ်ဆေးရေးစခန်း နေရာနှင့် လွယ်ဆော်ခမ်းစစ်ဆေးရေးနေရာတို့၌လည်းကောင်း၊ ဝမ်ပုံ ဘက်သို့ ကုန်ပစ္စည်းသယ်ဆောင်ခြင်းများအတွက် ဝေ့လေလန် စစ်ဆေးရေးနေရာတို့၌လည်းကောင်း၊ တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီမှ တိုက်ရိုက် ကွပ်ကဲသည့် Mobile Team အဖွဲ့မှ သယ်ဆောင် လာသည့် ကုန်တင်ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများသည် စာရွက်စာတမ်းပါအမှန် တင်သွင်းထားသည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ အရေအတွက် ထုတ်လုပ်သည့် နိုင်ငံတူညီကြောင်း စစ်ဆေး တွေ့ရှိပါက ဆက်လက် သယ်ဆောင် ခွင့်ပြုပါကြောင်း ဖြေကြား အပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကံ က မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစိုင်းကံ၊ မိုင်းရှူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်





ပေးပါက ဒေသခံပြည်သူများ၊ ကျောင်းသူ ကျောင်းသားများ လွယ်ကူချောမွေ့စွာသွားလာ နိုင်မှာဖြစ်ပါသဖြင့် အဆိုပါလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးသွား မည်ကို သိရှိလိုပါသောကြောင့် ဤမေးခွန်းများ မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလုဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ မေးတဲ့ မေးခွန်း(၁)ကို ဖြေကြားပါမည်။

မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအုပ်စုနှင့် နားဝိုင် ကျေးရွာအုပ်စု(၂)အုပ်စုကို ဆက်သွယ်သောလမ်းအား မိုင်းအော့ ကျေးရွာအုပ်စု၊ ကောင်းအိုက်ကျေးရွာနှင့် နားဝိုင်းကျေးရွာအုပ်စု၊ နားဝိုင်းကျေးရွာ(၂)ရွာကို ဆက်သွယ်သော အရှည်(၄.၄)မိုင်ရှိ လမ်းအား မြေသားလမ်းဖောက်လုပ်ခြင်း၊ ကျောက်ချောလမ်းခင်း ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး မြေသားလမ်း ဖောက်လုပ်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၆၇.၅)သန်း၊ ကျောက်ချောလမ်းခင်းခြင်း တံတား(၂)စင်းအတွက် ခန့်မှန်း ကုန်ကျစရိတ်ငွေကျပ်(၂၅၉.၅၂)၊ စုစုပေါင်း (၃၂၇.၀၁၅)သန်း ကုန်ကျမည်ဖြစ်ပါသည်။လွှတ်တော်ကိုယ်စား



D/real(wide) (7

လှယ်မှ အဆိုပြုတင်ပြသော ကျေးရွာချင်း ဆက်လမ်းအား ဆောင်ရွက်ပြီးစီးပါက ကျေးရွာ(၁၂)ရွာ၊ အိမ်ခြေ(၆၃၃)အိမ်၊ လူဦးရေ(၃၃၇၄)ဦးအား အကျိုးပြု နိုင်မည်ဖြစ်ပြီး အဆိုပါလမ်းအား ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေး နိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ် (၃၂၇. ၀၂)သန်းအား ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြ၍ ရန်ပုံငွေရရှိမှု အပေါ် မူတည်ပြီး ဘဏ္ဍာရေးနှစ်အလိုက် အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ် ပါသည်။

ဆက်လက်ပြီး ဦးစိုင်းကံ ဒုတိယမေးခွန်းကို ဖြေကြားပါမည်။ မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအုပ်စု၊ ကျိုင်းတောင်းရွာနှင့် တိုင်းတိုက်ကျေးရွာချင်းဆက်လမ်း အရှည်(၁/၀)မိုင် ကျောက်ချော လမ်းခင်းခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်ငွေကျပ်(၅၇. ၆၇)သန်း ကုန်ကျမည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြု တင်ပြသော ကျေးရွာချင်းဆက်လမ်းအား ဆောင်ရွက်ပြီးစီးပါက ကျေးရွာ(၂)ရွာ၊အိမ်ခြေ(၁၉၇)အိမ်၊ လူဦးရေ(၁၀၅၃)ဦးအား အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါလမ်းအား ၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး အတွက် ခန့်မှန်းကုန်ကျငွေများကို ခွင့်ပြုပေးပါရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြစေပြီး ရန်ပုံငွေရရှိမှု အပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ် ပါသည်။ ကျေးဇူးတင်ပါတယ်။



D/real(wide) (8



လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်း မေတ္တာ ပို့သ အပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းရှူးမြို့နယ်၊မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကံ ဖြစ်ပါ တယ်။ ကျွန်တော့်ရဲ့မေးခွန်း(၂)ခုကို တစ်ဆက် တည်းမေးမြန်း သွားမှာ ဖြစ်ပါတယ်။ မေးခွန်း(၁)မိုင်းရှူးမြို့နယ်၊ မိုင်းအော့ကျေးရွာအုပ်စု၊ အိမ်ခြေပေါင်း(၄၈၁)အိမ် လူဦးရေစုစုပေါင်း(၂၃၈၉)ဦးနှင့် နားဝိုင် ကျေးရွာအုပ်စု၊ အိမ်ခြေပေါင်း(၃၈၂)အိမ်၊ လူဦးရေစုစုပေါင်း (၂၀၂၃)ဦး တို့ နေထိုင်ကြပါတယ်။ အဆိုပါကျေးရွာအုပ်စုနှစ်စုတွင် နမ့်ခုတ် ချောင်းတွင် လယ်ကွင်းကြီးများခြားထားသော ကျေးရွာအုပ်စု တို့ဖြစ်ကြပါတယ်။ မိုးတွင်းကာလများ၌ သွားလာဆက်သွယ်ရာတွင် လူသွားလမ်းသာ အဖြောင့်သွားနိုင်ပြီး မော်တော်ကား၊ ထော်လာ ဂျီများ၊ နွားလှည်းများ သွားလာဆက်သွယ်လိုပါက ခက်ခဲသော ပတ်ကွင်းလမ်း ၁ မိုင် ၄ ဖာလုံ ကွာဝေးပြီး ခရီးကို ၄ မိုင်ခန့် ခက်ခဲစွာ သွားလာရပါတယ်။ ၄ မိုင်ခန့်ဆိုသည့် ခရီးသည် လည်း တစ်ခါတစ်လေ ၄ နာရီသွားရပါတယ်။ ၄ မိုင်ခန့် ရှည်လျားတဲ့ ကျောက်ချောလမ်းနှင့် တံတားနှစ်စင်း ဆောက်လုပ် ပေးပါက နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ပြည်သူများလွယ်လင့်တကူ သွားလာ နိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါ ကျေးရွာအုပ်စုချင်းဆက် တံတား(၂)စင်းနှင့် ကျောက်ချောလမ်းဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ဆောက်လုပ် ပေးသွားမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် မိုင်းအော့ကျေးရွာ အုပ်စု တုံဟူးရွာတွင် ၅ ရက်ဈေးတစ်ခု၊ အခြေခံပညာအလယ်တန်း ကျောင်းခွဲ(၁)ကျောင်း၊ တိုက်နယ်ဆေးပေးခန်း(၁)ခုရှိပါတယ်။ သို့ဖြစ်ပါသဖြင့် မိုင်းအော့ကျေးရွာအုပ်စု၊ တုံဟူးရွာနှင့် တိုင်းတိုက် ရွာချင်းဆက် ၁ မိုင်အကွာအဝေး ရှိလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောက်လုပ်

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းပန်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းပန်၊ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာနှင့် ရင်ဘောင်တန်းနိုင်ဖို့ ဒေသအသီးသီးမှာ ဖွံ့ဖြိုးရေးလုပ်ငန်း များကို စီမံကိန်းတွေချမှတ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ကျေးရွာချင်း ဆက်လမ်းများ၊ စာသင်ကျောင်းများ၊ အခြား လုပ်ငန်းများစွာ ကိုလည်း ငွေကုန်ကြေးကျများစွာနဲ့ ဆောက်လုပ် ဆောင်ရွက် နေပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ၊ စာသင်ကျောင်း များနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း ကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ဒေသမှာ ဆောက်လုပ်ရေးကုမ္ပဏီများရဲ့ လုပ်ငန်းများဆောင်ရွက်မှုဟာ ကျေနပ်အားရစရာမရှိဘဲ အသုံးမပြုရသေးခင်ကပင် ပျက်စီးနေ ပါတယ်။ စာသင်ကျောင်းများဆိုရင် မိုးယိုခြင်း၊ ကျောင်းနံရံများ အက်ကွဲခြင်း၊ ကြမ်းခင်းများ ပေါက်ပြဲခြင်း စတဲ့ ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်နေရပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူ အဆင့်ဆင့်ကို တင်ပြပါသော်လည်း ကျေနပ်အောင်ပြန်လည်ပြုပြင်ပေးပါမည် ဟုသာ ဖြေကြားခဲ့ပြီး မည်ကဲ့သို့ လုပ်လိုက်သည် မသိ ဆိုသလိုဘဲ ဒီအတိုင်း ဒီတိုင်းဘဲ ပြီးသွားတာကို တွေ့ရပါတယ်။ လွန်ခဲ့သည့် နှစ်(၅၀) ကျော်က ဆောက်လုပ်ခဲ့သည့် အဆောက်အဦပင် ကြံ့ခိုင်



D/real(wide) (8



ပျက်စီးစပြုနေပြီ ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်သည့် မည်ကဲ့သို့သော အဖွဲ့အစည်းကုမ္ပဏီများသည် ဆောက်လုပ်မှု စံချိန်စံညွှန်းများကို မည်သူကတာဝန်ယူ၊ တာဝန်ခံခြင်း၊ စီမံဆောင်ရွက်ခြင်းတို့ကို ပြည်သူများမှ သိရှိလိုသည် ဟူသောမေးခွန်းနှင့် စပ်လျဉ်း၍ စာသင်ကျောင်းဆိုင်ရာများကို ကျွန်တော် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဒေါက်တာမျိုးထွန်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား- အခြေခံပညာ စာသင်ကျောင်းများတွင် ဘဏ္ဍာရေးနှစ်အလိုက် ကျောင်းများ၏ လိုအပ်ချက်များဖြစ်သော ကျောင်းဥပဓိရုပ် မကောင်းခြင်း၊ ကျောင်းသားဦးရေအရ စာသင်ခန်း ကျဉ်းကျပ်လိုအပ်ခြင်း၊ အသုံးပြု၍မရသော အန္တရာယ်ကျောင်း ဆောင်များဖြစ်ခြင်းစသော လိုအပ်ချက်များကို ကျောင်းများအလိုက်၊ မြို့နယ်အလိုက် စာရင်းပြုစု၍ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ် ပြည်နယ်တစ်ဆင့်စုစည်း၍ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြသွားရပါသည်။ အခြေခံပညာဦးစီးမှ ပညာရေးဝန်ကြီး ဌာနသို့ စုစည်းတင်ပြပြီး အတည်ပြုချက်များရရှိလာသည့်အခါ အမှတ်(၂) အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် များသို့ တည်ဆောက်ရေးငွေလုံးငွေရင်း ရန်ပုံငွေများ ခွဲဝေချထား ပေးပါသည်။ တည်ဆောက်ရေးငွေလုံးငွေရင်း ရန်ပုံငွေများ ခွဲဝေ ခွင့်ပြုချက် ရရှိလာသည့်အခါ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ် တည်ဆောက်ရေးဦးစီးကော်မတီ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းကော် မတီ၊ တင်ဒါစိစစ် ရွေးချယ်ရေးကော်မတီ၊ ကြမ်းခင်း ဈေးတွက်ချက် ရေးကော်မတီနှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေး ကော်မတီ များကို ဖွဲ့စည်းပေးပြီး ကော်မတီများဖွဲ့စည်းတာဝန် ပေးအပ်လိုက် သည့်အခါ တင်ဒါခေါ်ယူ ရေးလုပ်ငန်းကော်မတီ မှ သတင်းစာတွင်

ထည့်သွင်းကြော်ငြာ၍ တင်ဒါခေါ်ယူရပါသည်။ ဈေးပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူ၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီနှင့် ကြမ်းခင်းဈေး တွက်ချက်ရေးလုပ်ငန်း ကော်မတီများမှ သတ်မှတ်ထားသော အရည်အသွေး၊ အချက်အလက်များနှင့် ကိုက်ညီသည့် ကုမ္ပဏီများ ကို စိစစ်ရွေးချယ်၍ ဆောင်ရွက် ခွင့်ပေးခြင်းနှင့် တင်ဒါအောင်မြင် သည့် ကုမ္ပဏီနှင့် ပြည်နယ်ပညာရေးမှူးတို့မှ လုပ်ငန်းစာချုပ်ချုပ် သည့်အခါ ပညာရေးဌာနမှ ထုတ်ပြန်ထားသော စံချိန်စံညွှန်းပါ အချက်အလက်များကို လိုက်နာဆောင်ရွက်ရန် လုပ်ငန်းစာချုပ်တွင် ကတိပြု လက်မှတ်ရေးထိုးစေပါသည်။ တည်ဆောက်ရေးလုပ်ငန်း များကို မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ မြို့နယ်အရည်အသွေး စစ်ဆေးရေးကော်မတီများမှ အနီးကပ်ကြီးကြပ်စေခြင်း၊ အခါ အားလျော်စွာ ပြည်နယ်တည်ဆောက်ရေးဦးစီးကော်မတီမှ ကွင်းဆင်းစစ်ဆေးခြင်းနှင့် အမှတ်(၂)အခြေခံပညာဦးစီးဌာန (ရုံးချုပ်) မှ တာဝန်ရှိ အင်ဂျင်နီယာများ ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည် များကို ပြန်လည် ဆောင်ရွက်စေပါသည်။ ကျောင်းအဆင့် ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီမှလည်း အနီးကပ် ကြီးကြပ်၍ စံချိန်စံညွှန်းများနှင့် မကိုက်ညီပါက စာချုပ်ပါ စည်းကမ်းများနှင့်အညီ ကုမ္ပဏီမှ တာဝန်ယူ၊ တာဝန်ခံ ပြုပြင် ဆောင်ရွက်ပေးရမည် ဖြစ် ကြောင်း ဖြေကြားအပ်ပါသည်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး။ ဥက္ကဋ္ဌကြီးခင်ဗျာ- လမ်းအပိုင်းနှင့်ပတ်သက်ပြီး ဖြေကြားခွင့်ပြုပါ။ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းပန်၏ အချို့လမ်းများ ပျက်စီးနေမှုနှင့် ပတ်သက်ပြီး ကျွန်တော်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူမှ ဖြေကြား ပေးသွားမှာဖြစ်ပါတယ်။



D/real(wide) (8



ခိုင်ခံ့ ကောင်းမွန်မှုမရှိပါဘူး၊ စံချိန်စံညွှန်းနှင့်အညီ အစိုးရမှ တွက်ချက်၍ ဘတ်ဂျက် ရန်ပုံငွေများချပေးမည်မှာ အမှန်ပင် ဖြစ်ပါတယ်။ ယခု ဖြစ်ပျက်နေတဲ့ ကိစ္စများဟာ နိုင်ငံတော်မှလည်း များစွာနစ်နာဆုံးရှုံး ရသလို ပြည်သူများလည်း ထိုက်တန်တဲ့ အကျိုးခံစားခွင့် မရသည့် အတွက် များစွာနစ်နာရပါတယ်။ ဖြစ်သလို ဆောက်လုပ်ထားတဲ့ ကျေးလက်လမ်းတစ်ခုရဲ့ လုပ်ငန်းပြီးစီး ဆောင်ရွက်မှု ကောက်ခံခြင်း လက်မှတ်ကို ငိုယိုပြီးမှ မြို့နယ် အထောက်အကူပြုကော်မတီဝင်အား လက်မှတ်ရေးထိုးခိုင်းတဲ့ ကိစ္စကို ကြုံတွေ့ဖူးပါတယ်။ ယင်းအဖြစ် အပျက်များဟာ တာဝန်ရှိသူများ အားလုံး သိက္ခာကျဆင်းစေပါတယ်။ ထို့ကြောင့် ယခု ဆောက်လုပ်ပြီးခဲ့သော ကျေးလက်လမ်းများ၊ စာသင် ကျောင်းများ ပျက်စီးယိုယွင်းမှု နှင့်ပတ်သက်၍ မည်သူက မည်ကဲ့သို့ တာဝန်ခံ ဆောင်ရွက်ပေးမည်ကို လည်းကောင်း၊ နောက်နောင်တွင် ယခုကဲ့သို့ အဖြစ်အပျက်များ မဖြစ်ပေါ်စေရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့အနေဖြင့် မည်ကဲ့သို့ အရေးယူ ဆောင်ရွက်ပေးမည်ကို သိရှိ လိုပါသည်ဆိုတဲ့ မေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း၊ လူမှုရေးဝန်ကြီး။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။ မိုင်းကိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းပန်၏ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်းများ၊ စာသင်ကျောင်းများ၊ အခြားလုပ်ငန်းများကို အကုန်အကျများစွာနှင့် ဆောင်ရွက် ပေးလျက်ရှိပါတယ်။ သို့သော် အသစ်ဆောက်လုပ်ထားသော အချို့လမ်းများ၊ စာသင်ကျောင်းများသည် အသုံးမပြုခင်ကပင်

ကျေးလက်လမ်းတွေဟာ ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်လမ်းများဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဝန်ကြီးဌာနနဲ့ လွှဲအပ်ချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းညွှန်မှုဖြင့် တင်ဒါခေါ်ယူဆောင် ရွက်ခြင်းဖြစ်ပါတယ်။ ထိုသို့ တင်ဒါခေါ်ယူ ဆောင်ရွက်ရွေးချယ်ရာတွင် ပြည်ထောင်စု အစိုးရအဖွဲ့မှ ထုတ်ပြန်သော တင်ဒါခေါ်ယူရွေးချယ်ရေးဆိုင်ရာ အချက်လက်များကို အခြေခံ၍ ရွေးချယ်ပြီး ဒေသခံဖြစ်သော ကုမ္ပဏီများအား ဦးစားပေး ရွေးချယ်ဆောင်ရွက်စေခြင်းဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ရွေးချယ်ထားတဲ့ကုမ္ပဏီများ အတည်ပြုပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြပြီး အတည်ပြုချက်ရရှိမှသာ တင်ဒါအောင်ကုမ္ပဏီများနှင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနဲ့ လုပ်ငန်းအပ်နှံ စာချုပ်ချုပ်ဆိုရပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများကို လုပ်ငန်းအပ်နှံ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းချုပ်ဆိုထားရှိပါတယ်-

အပိုဒ်(၁)။ လုပ်ငန်းကာလသတ်မှတ်ခြင်းအား စာချုပ်ချုပ်ဆိုသည့်နေ့မှ သတ်မှတ်ဘဏ္ဍာရေးနှစ်၏ ဧပြီလ (၃၁)ရက်နေ့ထိ တည်ဆောက်ရေး လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရန်၊

အပိုဒ်(၂)။ လုပ်ငန်းအရည်အသွေးစံချိန်စံညွှန်းနှင့် ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) မှ သတ်မှတ် ထားသော စံချိန်စံညွှန်းများနှင့်



D/real(wide) (8



ကြောင့် ပျက်စီးဆုံးရှုံးမှုနှင့် သက်ဆိုင်ခြင်း မရှိစေရ။)

လုပ်ငန်းပြီးစီးရန် သတ်မှတ်သည့် ဘဏ္ဍာရေးနှစ်၏ ဧပြီလ(၃၁)ရက်နေ့တွင် လုပ်ငန်းပြီးစီးမှုမရှိပါက ဆက်လက်ဆောင်ရွက်ရန် ကာလတစ်ခုသတ်မှတ်၍ ဒဏ်ကြေးငွေအဖြစ် လုပ်ငန်းလက်ခံသူမှ ဆောင်ရွက်ခွင့်ရသော လုပ်ငန်းတန်ဖိုးအလိုက် သတ်မှတ်ထားသော ဒဏ်ကြေး တပ်ရိုက်ခြင်း ခံရမည်။

ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုခွင့်ပြုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာ၊ အိမ်သာလုပ်ငန်းများအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရာတွင် ကုမ္ပဏီမှ တင်ဒါဆွဲဝယ် ဆောင်ရွက်ခွင့် ရရှိခဲ့ပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးတို့အတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူ အဆင့်ဆင့်မှ စစ်ဆေးကြပ်မတ်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်းနှင့် တင်ဒါစိစစ် ရွေးချယ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ တင်ဒါစိစစ်ရွေးချယ်ရေး ဆိုင်ရာအချက်များပေါ် မူတည်၍ လိုက်နာဆောင်ရွက် ရွေးချယ်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

## ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ “ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေ(မူကြမ်း)” နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ**။အစီအစဉ်(၆)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး (တတိယနေ့)မှာ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)**နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၃၉) ပုဒ်မခွဲ(ခ)အရ** ရှမ်းပြည်နယ် ဥပဒေပြုရေး ဆိုင်ရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

အားလုံးမင်္ဂလာပါခင်ဗျာ။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် နဝမအကြိမ် ပထမ ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းနုဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော “ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)”အပေါ် ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ



D/real(wide) (8



တွက်ချက်ထားတာ ခန့်မှန်းခြေစာရင်းများအား တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီမှ အတည်ပြုပြီး လုပ်ငန်းများအတိုင်း ဖြစ်ရမည်။

အပိုဒ်(၃)။ သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီစေရေးအတွက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းအပ်နှံသူမှ တာဝန်ပေးအပ်သူ(သို့)ဌာနအင်ဂျင်နီယာမှ အမြဲစစ်ဆေး မည်ဖြစ်ပြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ သတ်မှတ်ထားသော ပုံစံနှင့် မကိုက်ညီသော ပစ္စည်းများအသုံးပြုမှု တွေ့ရှိလျှင် အသစ်ပြန်လည်ပြုလုပ်စေခြင်း၊ ပစ္စည်းလဲလှယ်စေခြင်းတို့ကို ညွှန်ကြားပါက လုပ်ငန်း လက်ခံသူမှ မိမိစရိတ်ဖြင့် လိုက်နာဆောင်ရွက်ရမည်။

အပိုဒ်(၄)။ လုပ်ငန်းလွှဲပြောင်း/လက်ခံပြီးသည့်မှ စ၍ ကျေးလက်ကတ္တရာလမ်း၊ ကျောက် လမ်း၊ မြေသားလမ်းနှင့် တံတားများအား (၃)နှစ်အတွင်း ကျေးလက် မီးလင်းရေး (ဆိုလာ/ရေအားလျှပ်စစ်) လုပ်ငန်းများအား (၁)နှစ်အတွင်း ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်လာပါက လုပ်ငန်းလက်ခံ သူမှ မိမိစရိတ်ဖြင့် ပြန်လည်ပြုပြင် ပေးရမည်။ (သို့သော်လည်း သဘာဝ ဘေးအန္တရာယ်

ကော်မတီရဲ့ စိစစ်တွေ့ရှိ အကြံပြုတင်ပြချက် အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

နိဒါန်း(၁)-ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် နဝမအကြိမ်အစည်းအဝေး၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား -၂၊ အပိုဒ် - ၇ အရ လူမှုရေးကဏ္ဍ အပိုဒ်ခွဲ(ဃ) ပါ ကုန်တင်ကုန်ချလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဥပဒေမူကြမ်းကို တင်သွင်းထားရှိသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်နည်းဥပဒေ ၁၃၆(ခ)(၃) အရလွှဲအပ်ပေးလာသဖြင့် ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီက နည်းဥပဒေ ၆၅ နှင့်အညီအစည်းအဝေးအမှတ်-၇/၂၀၁၄ (၉. ၆. ၂၀၁၄ မှ ၁၁. ၆. ၂၀၁၄) တွင် စိစစ်သုံးသပ်ဆွေးနွေးညှိနှိုင်းကြပြီး ဤပြင်ဆင်ရန်အကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစုတင်ပြအစီရင်ခံခြင်း ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်(၂)-ရှမ်းပြည်နယ်တွင် စီးပွားရေးကဏ္ဍ အသီးသီး၌ ကာယလုပ်အားအသုံးပြုပြီး ကုန်တင်ကုန်ချခြင်းကို ဆောင်ရွက်လျက်ရှိသောအလုပ်သမားများ ဥပဒေနှင့်အညီအဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ လုပ်အားခများ သတ်မှတ်ပေးခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရာတွင် ဥပဒေနှင့်အညီ ရပိုင်ခွင့် နှင့် တာဝန် ဝတ္တရားများ ပြည့်စုံစွာဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်းပြီး စနစ်တကျဖြစ်စေရေးအတွက် အလုပ်သမားဥပဒေများနှင့်အညီ ပြုစုရေးဆွဲလာသော ဥပဒေတစ်ရပ်ဖြစ်သည်ကို တွေ့ရှိရပါသည်။

လေ့လာတွေ့ရှိချက်(၃)- ဥပဒေမူကြမ်းတွင် အခန်းပေါင်း (၁၁) ခန်း၊ ပုဒ်မပေါင်း (၃၉) ခုပါရှိပြီး ဤကော်မတီမှ စိစစ်လေ့လာသုံးသပ်ရာတွင် သတ်ပုံနှင့် စာအရေးအသားချို့ယွင်းမှုအချက်ပေါင်း



D/real(wide) (8



# ရှမ်းပြည်နယ်
# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
# ဒသမပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှတ်တမ်း
# ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်
# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ (၃) ရက်
# [ ဗုဒ္ဓဟူးနေ့ ]
# နေ့လည်ပိုင်း

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်းမှာ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (ဒုတိယနေ့)နေ့လည်ပိုင်း အစီအစဉ် ပြန်လည်စတင်မှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား ။အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် န၀မပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်း၍ ဥပဒေမူကြမ်းပါဖော်ပြချက်နှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်အကြံပြုချက်များအား တစ်ခုချင်း လွှတ်တော်၏ ဆန္ဒရယူသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကန့်လန့်ဖြတ်ဇယားကို ကိုင်ထားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၁)။ ၁၃၇၆ခုနှစ်၊ ၂၀၁၄ခုနှစ်ဟု ပြင်ဆင်ဖော်ပြပါရှိပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ပြောပါ။ သဘောမတူဘူးဆိုရင် မတူဘူးလို့ ပြောပါ။ **လွှတ်တော်က (သဘောတူပါသလားခင်ဗျား) (၃ ကြိမ်တိုင်တိုင် မေးပါသည်။လွှတ်တော်က သဘောတူပါသည်။)(သဘောမတူတဲ့သူရှိပါသလား။ မရှိပါဘူး)။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။



D/real(wide) (8



( ၁၇ )ချက်ကို ပြင်ဆင်အကြံပြုချက်အဖြစ် တင်ပြရန် ကော်မတီဝင်များက ဆုံးဖြတ်ကြသည့်အလျောက် ဤအစီရင်ခံစာကိုတင်သွင်းရခြင်းဖြစ်ပါသည်။

တင်ပြချက်(၄)-ယင်းဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များမှ ကျယ်ပြန့်စွာ လေ့လာသိရှိနိုင်ရန်အတွက် ပြင်ဆင်ရန် သင့်တော်သော အချက်(၁၇)ချက်ကို ဇယားများဖြင့် ဖော်ပြထားရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ ယခုနေ့လည်စာသုံးဆောင်ဖို့ အစည်းအဝေးကို ၁နာရီ နှင့် မိနစ် ၃၀ ရပ်နားပါသည်။

အခမ်းအနားမှူး။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား နေ့လည်ပိုင်း အစည်းအဝေးကို နေ့လည်(၁၃း၁၅)အချိန် ပြန်လည်စတင်မှာ ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၂)။လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်၊ ကော်မရှင်၊ ကော်မတီဟူသော စကားရပ်များ၏ အနက်အဓိပ္ပါယ်များ ဖော်ပြသင့်ပါသည်။ ဖော်ပြသင့်သော စကားရပ်တို့၏ အဓိပ္ပါယ် ရှင်းလင်းချက် များကို အောက်ပါအတိုင်း ပုဒ်မခွဲ များဖြင့် ထည့်သွင်းသင့်ပါသည်-

ပုဒ်မ ၂။ ယခုပါရှိသော ပုဒ်မခွဲ(က)နှင့် (ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် (က)လွှတ်တော် ဆိုသည်မှာ ရှမ်းပြည်နယ်လွှတ်တော်ကို ဆိုသည်။ (ဃ)လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ဆိုသည်။ ဤသို့ ဖြည့်စွက်ခြင်းကြောင့် လက်ရှိ ဥပဒေပါ ပုဒ်မ(ဂ)သည် ပုဒ်မ(င)အစိုးရအဖွဲ့၊ လက်ရှိ ပုဒ်မ(ဃ)မှာ ပုဒ်မ(စ)ဝန်ကြီးဌာန၏ အဓိပ္ပါယ်အဖြစ် ပြောင်းလဲဖော်ပြရပါမည်။ ထို့နောက် အသစ်ဖြည့် စွက်ရန်ဖြစ်သည့် ပုဒ်မခွဲကို ပုဒ်မခွဲ(ဆ)အဖြစ် ပုဒ်မ(ဆ)ကော်မရှင်၊ ကော်မတီ ဆိုသည်မှာ လွှတ်တော်နှင့် အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန် ပေးအပ်ထားသည့် သက်ဆိုင်ရာ ကော်မရှင်နှင့် ကော်မတီများကို ဆိုသည်။ ဤသို့ဖြည့်စွက်ချက် အတွက် လက်ရှိဥပဒေပါ ပုဒ်မ(င)သည် ပုဒ်မ(ဇ) ဂုဏ်ထူးဆောင်လက်မှတ်၊ လက်ရှိ ပုဒ်မ(စ)သည် ပုဒ်မ(ဈ)ဂုဏ်ထူးဆောင် ပစ္စည်း၏ အဓိပ္ပါယ်အဖြစ် ပြောင်းလဲဖော်ပြ ရမည်ဖြစ်ပြီး လက်ရှိပုဒ်မ (ဆ)သည် ပုဒ်မ(ည)စိစစ်ရေးကော်မတီ၏ ရှင်းလင်းချက်





ကိုယ်စားလှယ်ဆိုတာဟာ ကျွန်တော်တင်ပြလိုတဲ့အချက် နှစ်ချက်မှာ ဒုတိယတစ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၇ နိုင်ငံတော်လို့ဆိုတဲ့အခါမှာ နိုင်ငံတော်မှာ ဥပဒေပြုခွင့်အာဏာနဲ့ စီမံခန့်ခွဲမှုအာဏာ ဒီအာဏာကို ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်း များကိုခေါ်တယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းထားတဲ့ အတွက်ကြောင့် လွှတ်တော်နဲ့ လွှတ်တော် ကိုယ်စားလှယ်ဆိုတာ သီးခြားပြောလို့မရဘူး။ လွှတ်တော်လို့ပြောလိုက်ရင် ကိုယ်စားလှယ် ပါ ပါပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလိုဟာမျိုးကို ခွဲခြားပြီးတော့လည်း သတ်မှတ်ပြဋ္ဌာန်းဖို့ လိုအပ်မည်မထင်ပါဘူး။ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ဒီဥပဒေမှာ ထည့်သွင်းဆောင်ရွက်ရန် မလိုကြောင်း သုံးသပ်တင်ပြ အပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

နောက်တစ်ချက် ကတော့ ကော်မရှင်နဲ့ ကော်မတီဆိုတဲ့ စကားရပ်များဖြစ်ပါတယ်။ ဒီစကားရပ် ကော်မရှင်နဲ့ ကော်မတီ ဆိုတဲ့ လွှတ်တော်နဲ့ အစိုးရအဖွဲ့က ဖွဲ့စည်း တာဝန်ပေးသည့် သက်ဆိုင်ရာ ကော်မရှင်နဲ့ ကော်မတီ ကိုဆိုသည် ဆိုပြီးပြော တာပါ။ ကော်မရှင်ကို တင်ပြလိုပါတယ်။ ကော်မရှင်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၆၇မှာ ပြည်နယ်လွှတ်တော်က ဖွဲ့စည်းလို့ရတဲ့ အဖွဲ့နှစ်ဖွဲ့ရှိပါတယ်။ တစ်ဖွဲ့က ကော်မတီဖြစ်ပြီး တစ်ဖွဲ့က အဖွဲ့ဖြစ်ပါတယ်။ နောက်တစ်ခုက ပြည်နယ်/တိုင်း ဒေသကြီးလွှတ်တော် ပုဒ်မ ၂၁မှာ ကော်မတီ၊ အဖွဲ့ ဖွဲ့စည်းနိုင်တယ် ဆိုပြီး ပြောပါတယ်။ အဲဒီ စကားရပ်မှာ ကော်မရှင်ဆိုတာ ဖွဲ့စည်း ထားခြင်းမရှိပါဘူး။ ဒါကြောင့် ထင်မြင်ယူဆတာက ပြည်နယ် လွှတ်တော် အနေနဲ့ ကော်မရှင်ဆိုတဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ အစည်းဟာ အဖွဲ့ဟာ အင်မတန်မှ ရှားပါးပါလိမ့်မယ်လို ထင်မြင် ယူဆကြောင်း တင်ပြလိုပါတယ်။ နောက်တစ်ချက် ကလည်းဘဲ



D/real(wide) (8

ပြီးခဲ့တဲ့ရက်ပိုင်း ကာလ အတွင်းမှာ ပြည်နယ်အတွင်းမှာ ဖွဲ့ထားတဲ့ ကော်မတီများကို ကိစ္စတစ်ရပ်အနေဖြင့် အစိုးရအဖွဲ့မှ စိစစ်ဆောင်ရွက် ခဲ့ပါတယ်။ ဒီကိစ္စရပ်တွေဟာ ပြန်ကြားရေးဌာနက ကော်မတီ(၂)ရပ်၊ စက်မှုဝန်ကြီးဌာနက ကော်မတီ(၂)ရပ်၊ ယဉ်ကျေးမှုဌာနက ကော်မတီ(၁)ရပ်၊ လူကယ်ပြန်က ကော်မတီ (၁၇) အားလုံးကော်မတီ(၁၉)ရပ် ပြည်နယ်က ပြည်နယ်အစီ အစဉ်အရ ဖွဲ့စည်းထားတာရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနက ဖွဲ့စည်းထားတာ ရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းထားတဲ့ ကော်မတီ ပေါင်းစုံရှိပါတယ်။ ဒီကော်မတီလို့ပြောတဲ့ အတွက်ကြောင့် ရောထွေးယှက်တင်မှုတွေဖြစ်နိုင်တဲ့အတွက် ကြောင့် ဒီကော်မရှင်၊ ကော်မတီဆိုတာဟာလည်းဘဲ ကော်မရှင် ကတော့ အစိုးရအဖွဲ့က တာဝန်ပေးအပ်တယ်ဆိုတာ ကော်မရှင်မှာ အစိုးရအဖွဲ့က ဖွဲ့စည်းထားတဲ့ ကော်မရှင်မရှိပါဘူး။ ဒီအဓိပ္ပါယ် ဖော်ပြချက်ဟာ လိုအပ်နေတဲ့ အကြောင်းတွေ့ရှိရပါတယ်။ အမှန်စင်စစ် လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်ဆိုတဲ့ကိစ္စရပ် တွေမှာကဲ့သို့ ဒီဥပဒေမှာ နှစ်နေရာလောက်သာ သုံးထားတဲ့ အတွက်ကြောင့် ဒီကော်မရှင်၊ ကော်မတီဆိုတဲ့ကိစ္စရပ်ကိုလည်းဘဲ စကားရပ်များအဓိပ္ပါယ် ဖော်ပြချက်အနေဖြင့် ဖော်ပြရန် မသင့်ဘူးဆိုတာ သုံးသပ်တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးပြောကြားတဲ့ ကိစ္စရပ်များကို သဘောတူကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ကော်မတီနဲ့ ကော်မရှင်ဆိုတဲ့ကိစ္စရယ် လွှတ်တော် ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြတာဖြစ် တယ်။ ဒါနဲ့ပတ်သက်လို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှ ပြန်လည် ဆွေးနွေးရန် ရှိပါက ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ။ လေးစား အပ်ပါသော လွှတ်တော်





ဖြစ်လာပြီး ယင်းဖော်ပြချက်၏ (စိစစ်ရေးကော်မတီ ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့က) ဟု ဖော်ပြ ထားသည့် ရှင်းလင်းချက်၌ “ပြည်နယ်”ဟူသည့် စကားရပ် ထည့်သွင်းရန် မလိုအပ်ဘဲ “အစိုးရ အဖွဲ့”ဟု ဖော်ပြလျှင်ပြည့်စုံပါသည်ဟု ဖော်ပြပါရှိပါ တယ်။

ဥက္ကဋ္ဌ။ ဒီပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ ပြောပါ။ သဘောမတူဘူးဆိုရင် မတူဘူးလို့ ပြောပါ။ (လွှတ်တော် သဘောတူပါသလားခင်ဗျား) (၃)ကြိမ်တိုင်တိုင်မေးပါသည်။ (လွှတ်တော်ကသဘောတူပါသည်။) (လွှတ်တော်ကမတူသူရှိ ပါသလား။) လွှတ်တော်က သဘောမတူညီသူရှိလျှင်ဟု မေးမြန်း ရာတွင် ပြည်နယ်ဥပဒေချုပ်မှ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ဒီဥပဒေကို (၄)လခန့်ဆွဲပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ အတည်ပြု ချက်ရပြီးမှ ရှမ်းပြည်နယ်လွှတ်တော်ကို တင်ပြခြင်းဖြစ်ပါတယ်။ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ် ဆိုတဲ့အဓိပ္ပါယ်မှာ မူရင်းတွင် မပါ ပါဘူး။ နောက်တိုးပုဒ်မခွဲများဖြစ်ပါတယ်။ ပုဒ်မခွဲ များကို စိစစ်တဲ့အခါမှာ ရေးထုံးဥပဒေရဲ့ ရေးထုံးအရဆိုရင် အဓိပ္ပါယ် ဖော်တဲ့အခါမှာ မရှင်းလင်းတဲ့ကိစ္စရပ် ဒီဥပဒေမှာ တော်တော်များများ နေရာများများမှာ ဒီစကားလုံးကို သုံးထားလျှင် အဓိပ္ပါယ်ရှင်းလင်း အောင်ဖော်ပြဖို့ တာဝန်ရှိပါတယ်။

ဒီတာဝန်ဟာ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်ဟာ ကော်မတီက ပြင်ဆင်ထားတဲ့ ဥပဒေကို ကြည့်တဲ့အခါမှာ နှစ်နေရာလောက်သာ ဒီစကားလုံးကို သုံးထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့ သက်ဆိုင် တဲ့နေရာမှာ ဖြစ်နိုင်ရင် ရှမ်းပြည်နယ် လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်ဆိုပြီးတော့ ဖော်ပြသင့်ပါ တယ်။ နောက်တစ်ချက်ကလည်း ဒီလိုလွှတ်တော်၊ လွှတ်တော်

ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်ဆွေးနွေးမည့်ခေါင်းစဉ်က ရှမ်းပြည်နယ်ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင် ပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ အတည်ပြုနိုင်ဖို့ ဆွေးနွေးရန် ရည်ရွယ်ကြခြင်း ဖြစ်ပါတယ်။ ခေါင်းစဉ်အရ ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းဆိုတာ ပါတဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် စိတ်ရင်းစေတနာမှန်ဖြင့် တက်ကြွစွာလှုပ်ရှား ဆောင်ရွက် ခဲ့ကြ သောပုဂ္ဂိုလ်များ အကျိုးဝင်နိုင်စေဖို့အတွက် ဆိုပြီးတော့ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်နဲ့ ပတ်သက်ဆက်နွယ် နေတဲ့ ပုဂ္ဂိုလ်များအတွက်ပါ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ကော်မရှင်နဲ့ ကော်မတီဆိုတဲ့ ကိစ္စရပ်ဟာ ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှာ ကြည့်မယ်ဆိုရင် ကော်မရှင်အနေနဲ့ ဖွဲ့စည်းထားတာ မရှိသော်လည်းဘဲ နောက်ပိုင်းမှာ လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်မည့် လုပ်ငန်းသဘောသဘာဝအရ လိုအပ်လာလျှင် ထည့်သွင်း ဆောင်ရွက်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင် ထည့်သွင်း ထားခြင်း သဘောပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဥပဒေ ပြုရေးဆိုင်ရာ ကော်မတီအနေနဲ့ ထင်မြင်ယူဆချက်၊ အကြံပြုချက် အတိုင်းဘဲ သတ်မှတ်တင်ပြလိုပါတယ်။ သို့သော်လည်းဘဲ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို လိုက်နာပါမည်ဖြစ်ကြောင်းတင်ပြ ပါတယ်။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၂)မှာ ပြင်ဆင်ချက်နှင့်ပတ်သက်လို့ လွှတ်တော်ရဲ့ ဆန္ဒရယူပါမည်။ ဥပဒေပြုရေး ဆိုင်ရာကော်မတီ၏ ပြင်ဆင်ချက်အား သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိနေရာမှာ မတ်တပ်ရပ်ပြီးတော့ ဆန္ဒပြုဖို့ဖြစ်ပါတယ်။ အစည်းအဝေးတက်ရောက်တဲ့သူဟာ (၁၂၄)ဦးဖြစ်ပါတယ်။ သဘောတူတဲ့ ပုဂ္ဂိုလ်ကတော့ (၅၆)ယောက်ဖြစ်ပြီးတော့မှ ကျန်တဲ့





ကသဘောတူပါ သလားခင်ဗျား) (၃)ကြိမ် တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူ ပါသည်။)သဘောမတူတဲ့သူ ရှိပါသလား။ မရှိ ပါဘူး။

လွှတ်တော်က သဘောမတူညီသူရှိလျှင်ဟု မေးမြန်းရာတွင် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးမှ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဥပဒေချုပ်ကြီးတင်ပြတဲ့ ကော်မရှင်ဆိုတာ လည်းမပါတဲ့အတွက် ဒီမှာကြတော့ ကော်မရှင်ပြန်ပါနေတဲ့အတွက် ပြည်နယ်ဥပဒေချုပ်ကြီးရှင်းလင်းပေးဖို့ပါ။

ပြည်နယ်ဥပဒေချုပ်။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီကိစ္စရပ်ကို တင်ပြရမည်ဆိုလျှင် ဒီဟာက ရှေ့ကဥစ္စာဖြစ်ပြီး နောက်က ဥစ္စာက ပြန်စရမှာဖြစ်ပါတယ်။ နောက်ကပြဋ္ဌာန်းချက် တွေ ဒီကော်မတီ၊ကော်မရှင်တို့ဖွဲ့ထားတာက နောက်တိုးပုဒ်မ ကြောင့် ထည့်သွင်းဖော်ပြ ရတာဖြစ်ပါတယ်။ နောက်တစ်ချက်က ဘာလဲ ဆိုရင်ပုံစံကို တင်ပြလိုပါတယ်။ဥက္ကဋ္ဌကြီးထံတွင်ရှိမည် ထင်ပါသည်။ ပုံစံတစ်ခု၊နှစ်ခု၊သုံးခု၊လေးခုဆိုပြီးတော့ ပုံစံတွေ ပြောထားပါတယ်။ ပြောထားတဲ့အခါမှာ ဒီပုံစံတွေဟာ ဒီဥပဒေကို ပြုသည့်အတိုင်း အုပ်စုအလိုက်(၃)စုခွဲထားပါတယ်။ပထမက ဝန်ထမ်းတွေဖြစ်ပါတယ်။ဝန်ထမ်းဆိုင်ရာအဖွဲ့အစည်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်း အရာထမ်း မဟုတ်ဘူး၊ တပ်မတော်မဟုတ်လို့ရှိရင် (ဂ)ပုံစံမှာ ဖြည့်ထားရပါမယ်။ (ဂ) ပုံစံကို ဖောင်းပွခြင်းမရှိအောင် (ဂ) မှာထည့် လိုက်ရင်ရပါတယ်။ အကြမ်းဖျဉ်းလျာထားတာက ရှမ်းပြည်နယ် ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌက ကော်မတီဆိုတာဟာလည်း အစိုးရ၊လွှတ်တော်နဲ့ ပြည်နယ်အစိုးရ က ဖွဲ့စည်းထားတဲ့ ကော်မတီဥက္ကဋ္ဌက အကျိုးအကြောင်း

ဖော်ပြထောက်ခံချက်ဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်ရော ဤကော်မတီရော ဒီကပုဂ္ဂိုလ် တွေရော ဒီတတိယကဏ္ဍထဲမှာ ပါသွားမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော် ကိုယ်စားလှယ်တွေကို သီးခြားဆောင်ရွက်စေခြင်း မပြုဘဲနဲ့ ဝန်ထမ်းနှင့်တပ်မတော်သား မဟုတ်ဘဲနဲ့ ကျန်တဲ့ အဖွဲ့တွေကို (ဂ)မှာ ထည့်ထားမှာဖြစ်ပါတယ်။ ဂ ကို ပုံစံကို ပြင်ဆင်လိုက်ရင် ဒီကိစ္စတွေအားလုံး ချောမွေ့သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာလည်းဘဲ ခုနကပယ်ဖျက်ထားတဲ့ ကော်မတီနှင့်ကော်မရှင်၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ဖြစ်သွားတယ်။ ဖြစ်နိုင်ရင်သည်မှာလည်း ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့က ဖွဲ့စည်းထားသော ကော်မတီ။ ကော်မရှင်က ရှိမှ မရှိတာ။ ခုနက အတည်ပြုထားတာ ကော်မတီဆိုပြီး ထည့်လိုက်ရင် အဆင်ပြေပြီ ဖြစ်သည်။ စာလုံးလေးကို စကားရပ်လေး ထည့်လိုက် ရင်ရပါပြီ။

**ဥက္ကဋ္ဌ။ ကော်မတီနှင့်ကော်မရှင် ဖြည့်ရန်မလိုအပ်ဘူးလား။**

ပြည်နယ်ဥပဒေချုပ်။ ကော်မတီရှေ့မှာ ပြည်နယ် လွှတ်တော်နှင့် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းထားသော ကော်မတီဆိုရင် ပြည့်စုံပါပြီ။

**ဥက္ကဋ္ဌ။** ဥပဒေပြုရေးဆိုင်ရာကော်မတီက ဆွေးနွေးရန် ရှိက ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဥပဒေပြု ရေးဆိုင်ရာကော်မတီ၊ **ဥက္ကဋ္ဌ။** အပိုဒ်(၂)မှာ ကတည်းက ကော်မရှင် ဆိုတဲ့ဟာ အကျုံးမဝင်တဲ့ ဆုံးဖြတ်ချက်ဖြစ်ပြီးသားမို့လို့ ဒီစကားလုံးနှင့်ပတ်သက်ပြီးတော့ အထူးဆွေးနွေးတင်ပြရန် မရှိပါဘူး။

**ဥက္ကဋ္ဌ။** ဥပဒေ မူကြမ်းပါ အဆိုပြုချက်ကို လွှတ်တော်က အတည်ပြုရန် **(လွှတ်တော်က သဘောတူပါ**



D/real(wide) (9



**ပုဂ္ဂိုလ်ဟာ(၆၈)ယောက်ဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ချက်ကို သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ကျန်လွှတ်တော် ကိုယ်စားလှယ်ဦးရေထက် နည်းသည့်အတွက် ဥပဒေမူကြမ်းပါ ဖော်ပြချက်သည် အတည်ဖြစ်တဲ့အတွက် ဥပဒေ မူကြမ်းပါ ဖော်ပြ ချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာ ပါတယ်။**

**ဥက္ကဋ္ဌ။ အမှတ်စဉ်(၃)ဖြစ်ပါတယ်။ စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်းဟု ပြင်ဆင်ရပါမည်။ "ကိုယ်ကျင့်တရားကောင်းမွန်ခြင်း"ဟူ၍ တစ် ပြေးညီ ပြင်ဆင်သုံးစွဲသင့်ပါသည် ဆိုပြီးတော့မှ ပြင်ဆင်ထားပါတယ်။**

**ဥက္ကဋ္ဌ။** ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ပြောပါ။ သဘောမတူဘူးဆိုရင် မတူဘူးလို့ ပြောပါ။ **(လွှတ်တော်သဘောတူပါ သလား ခင်ဗျား) (၃) ကြိမ်တိုင်တိုင်မေးပါသည်။ (လွှတ်တော်ကသဘောတူပါသည်။) သဘော မတူ တဲ့သူရှိပါသလား။ မရှိပါဘူး။ သဘောမတူ တဲ့သူမရှိတဲ့အတွက် ဒီပြင်ဆင်ချက်သည် အတည် ဖြစ်သည်။** ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ။ အမှတ်စဉ်(၄)ဖြစ်ပါတယ်။ ဤပုဒ်မ ၁၅(ခ) အစပိုင်း၌ ပြည်နယ်လွှတ်တော်၊ ပြည်နယ်အစိုးရအဖွဲ့ရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်များ နှင့်ကော်မတီဝင်များဟူ၍ ဖြည့်စွက်သင့် ပါသည်။** ဒီပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ။ သဘောမတူ ရင်မတူဘူးလို့ပြောပါ။ **(လွှတ်တော်**

သလားခင်ဗျား) (၃)ကြိမ် တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)သဘော မတူတဲ့ သူရှိပါသလား။ မရှိပါဘူး။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေမူကြမ်းပါ အချက်သည် အတည်ဖြစ်သည်။ ပြင်ဆင်ချက် အတည် ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၅)ဖြစ်ပါတယ်။ လိုအပ်သည့် စာရွက်စာတမ်းများနှင့် အထောက်အထားများကို တင်ပြစေခြင်းဟု ပြင်ဆင်ပြီးရေးသားသင့်ပါသည်။ ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ပြောပါ။ သဘောမတူဘူးဆိုရင် မတူဘူးလို့ ပြောပါ။ (လွှတ်တော်က သဘောတူပါ သလားခင်ဗျား) (၃)ကြိမ် တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။) သဘောမတူတဲ့ သူရှိပါသလား။ မရှိပါဘူး။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဒီပြင်ဆင်ချက် အတည် ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ အမှတ်စဉ်(၆)ဖြစ်ပါတယ်။ အဆိုပါ ပုဒ်မခွဲ(က)၏ အထက်တွင် အောက်ဖော်ပြပါအချက်ကို ပုဒ်မခွဲ အသစ်အဖြစ် ဖော်ပြရန်သင့်ပြီး ထည့်သွင်းဖော်ပြပါက ယခုလက်ရှိပုဒ်မခွဲ(က)မှ (ဃ)အထိ တို့သည် ပုဒ်မခွဲ(ခ)မှ (င)အဖြစ်သို့ ပြောင်းလဲပြင်ဆင်ရပါမည်။ ဒီပြင်ဆင်ချက်ကို သဘောတူ တယ်ဆိုရင်





ဖော်ပြရပါမည်။ ဒီအချက်နှင့်ပတ်သက်လို့ ဒီပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ ပြောပါ။ သဘောမတူဘူးဆိုရင် မတူဘူးလို့ ပြောပါ။ (လွှတ်တော်ကသဘောတူပါ သလားခင်ဗျား) (၃)ကြိမ် တိုင်တိုင်မေးပါသည်။သဘောတူပါတယ်။ သဘောမတူတဲ့သူရှိပါသလား။ သဘောတူပါတယ်။ (၃)ကြိမ်တိုင်တိုင် ဖြေပါသည်။

ပြည်နယ်ဥပဒေချုပ်။ အနည်းငယ် တင်ပြလိုပါတယ် ခင်ဗျား- ဒီပုံစံဟာ ပုံစံ(၁)(၂)(၃)(၄)ကို ဥပဒေမူကြမ်းမှာ သတ်မှတ်ထားပါတယ်။ (၃)က အစိုးရဝန်ထမ်းနှင့် တပ်မတော်သားမဟုတ်သူများအတွက် သတ်မှတ် ထားပါတယ်။ ဥပဒေမူကြမ်းမှာပါတဲ့ ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ တပ်မတော်တို့နှင့် အကျုံးမဝင်သည့် ပြည်ပပုဂ္ဂိုလ်။ ပြည်ပဆိုတာဖြုတ်ပြီး ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများဆိုတာ ပြင်ရပါမည်။ အဖွဲ့အစည်းများ ဘေးနားမှာ ကွင်းစကွင်းပိတ်နဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ပြည်နယ်လွှတ်တော်နဲ့ အစိုးရအဖွဲ့က ဖွဲ့စည်းတဲ့ ကော်မတီများအပါဝင် ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင်ပစ္စည်း ချီးမြှင့် အပ်နှင်းရန် ထောက်ခံတဲ့ပုံစံဆိုရင် ပုံစံဖောင်းပွမည် မထင်ပါဘူး။ ပုံစံ(၃)ကိုယူပြီး ကြားထဲမှာ အဖွဲ့အစည်းများ ကြားထဲမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်နှင့် အစိုးရက ဖွဲ့စည်းထားသော ကော်မတီများ ဆိုပြီး ထည့်ရင် သုံးလို့ရပါတယ်။ သုံးပြီးတဲ့အခါမှာ မူလအပိုဒ်(၆)ပိုဒ်ရှိတာမှာ တစ်ပိုဒ်ထည့်ဖို့လိုအပ်ပါတယ်။ ရှမ်းပြည်နယ် ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်အစိုးရက ဖွဲ့စည်းသည့် ကော်မတီ ဥက္ကဋ္ဌက အကျိုးအကြောင်း



D/real(wide) (9

ဖော်ပြထောက်ခံချက်ဆိုပြီး ထည့်လိုက်ရင် ပုံစံ(၁)တစ်ခု ဆောင်ရွက်ခြင်းမှ ကင်းလွတ်သွားမှာ ဖြစ်ပါတယ်။ ဒီစာသားလေးထည့်လိုက်ပြီးတော့ ဒီအပိုဒ်ငယ်လေး ထည့်လိုက်ရင် ရမှာဖြစ်ပါတယ်။ ခုနက အတည်ပြုသွားတဲ့ဟာလေး အကြံပြုချင်ပါသည်။ သုံးသပ်ပေးပါ။ ဥပဒေတစ်ရပ်ပြဋ္ဌာန်းလျှင် ဥပဒေတစ်ရပ်မှာပါတဲ့ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနဲ့ဆိုင်တဲ့ သဘောထားကို ယူရပါတယ်။ ပုံစံအားဖြင့် ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေရေးဆွဲစဉ်က ရှမ်းပြည်နယ်တရားလွှတ်တော်ချုပ်ကို မေးပါသည်။ ရှမ်းပြည်နယ်စာရင်းစစ်ချုပ် စာရင်းကိစ္စတွေ မေးတဲ့အတွက် ဒီမှာတော့ **Tesk** ဘယ်လိုရေးထားတယ်၊ ဘယ်လိုသဘောထားရှိလဲ မေးပါတယ်။ တတိယရသုံးမှန်းခြေနဲ့ ပတ်သက်ပြီး အခန်း(၁)ခန်းထည့်ထားပါတယ်။ ဒီအခန်းတွေ အတွက် ရသုံးမှန်းခြေဌာနက ညွှန်ကြားထားမှု ဘယ်လိုရှိလဲ၊ ဒီဟာ **(Premium)** ဘယ်လို၊ ထင်မြင်ချက်သုံးသပ်ချက်ပြောပါ။ ပြင်ဆင်စရာရှိရင်ပြောပါဆိုပြီးတော့ သူတို့ဆီက ကျွန်တော်တို့ ယူလာပါတယ်။ ခုနက အပိုဒ်မှာ သတိထားဖို့က ဒုတိယလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အစိုးရဝန်ကြီးချုပ်က တာဝန်ပေးအပ်သူဆိုတာ အစိုးရဝန်ကြီးချုပ်ကို ဒီသဘောထား တင်ပြဖို့လိုပါတယ်။ ဝန်ကြီးချုပ်က ဒီဥစ္စာကို သဘောထား မပေးနိုင်ဘူးဆိုရင် ဒီပြဋ္ဌာန်းချက်က အဟောသိကံ ဖြစ်သွားပါလိမ့်မယ်။ ဒီဥပဒေတစ်ရပ်မပြဋ္ဌာန်း ခင်ကို ဒီဥပဒေနဲ့ပတ်သက်တဲ့ ဆောင်ရွက်တဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်ကို မေးဖို့လိုပါတယ်။ ဒီဥစ္စာကတော့ မဟုတ်ဘူး၊ ဒီဥစ္စာကတော့ သိပ်မဆိုးလှဘူး၊ သဘောထားမှတ်ချက်ပေးရန်မလိုဘူး ထင်တယ် ယူဆတယ် ဆိုရင် ဒီထဲ ထည့်လို့ မရပါဘူး။ နောက်တစ်ခုက ရေးထုံးပိုင်းမှာလည်း လွှတ်တော်ဒုဥက္ကဋ္ဌကဖြစ်စေ၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်ကဖြစ်စေ





တူတယ်လို့ပြောပါ။ သဘောမတူဘူးဆိုရင် မတူဘူးလို့ ပြောပါ။ **(လွှတ်တော်က သဘောတူပါ သလားခင်ဗျား) (၃)ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)** သဘောမတူ တဲ့သူ ရှိပါသလား။ မရှိပါဘူး။ သဘောမတူတဲ့သူ မရှိတဲ့အတွက်လည်း အတည်ဖြစ်သည်။ ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။ စာမျက်နှာ(၉)မှ(၁၄)အထိ အဲဒီကော်မရှင်တွေနဲ့ ကော်မတီတွေကတော့ ခုနက အတိုင်းပဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** အမှတ်စဉ်(၇)ဖြစ်ပါတယ်။ ပြင်ဆင်အကြံပြုချက် ပုဒ်မ ၁၇တွင် အထက်၌ ဖော်ပြခဲ့သည့် ပုဒ်မခွဲ အသစ် ပုဒ်မခွဲ(က)အတွက် ပုံစံပြုစုရန် လိုအပ် ပါသဖြင့် လက်ရှိပုံစံ၏ရှေ့၌(နောက်ဆက်တွဲပုံစံ -၁)ကို ဖော်ပြရန် လိုအပ်လာမည်ဖြစ်ရာ ပုံစံ(၁)ပါလာလျှင် လက်ရှိပုံစံမှာ နောက်ဆက်တွဲ ပုံစံ(၂)(၃)(၄)အဖြစ် ပြင်ဆင်ရမည်ဖြစ်သည့် အတွက် ပုံစံပေါင်း(၄)ခုဖော်ပြရပါမည်။ ပုံစံ အသစ်ဖြစ်လာသည့် (နောက်ဆက်တွဲပုံစံ-၁)ကို သီးခြားစာရွက်ဖြင့် ပြုစုတင်ပြထားရှိပါသည်။ နောက်ဆက်တွဲ ပုံစံ၌ "ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ" ဟု ရေးသား ဖော်ပြချက်ကို ဥပဒေ၏ အမည်ပါရှိသည့်အတိုင်း (များ)ဆိုသော ပုဒ်ကိုဖြုတ်၍ "ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ပစ္စည်း"ဟု ရေးသား



D/real(wide) (9

ဆိုတာ တာဝန်ပေးအပ်ထားသူတို့ ဆိုတာ ၃(က)မှာ ဖြစ်စေ၊ ဖြစ်စေတစ်ခုက တစ်ခုထည့်ရပါမယ်။ ကျန်နေခဲ့တာပါ။လွှတ်တော် ဒုဥက္ကဋ္ဌကဖြစ်စေ၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကဖြစ်စေ စသည်အားဖြင့် ရေးထုံးမှာ ဒီလိုဖြစ်ရပါမည်။ သို့ရာတွင် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ပါနေသည့်အတွက် ဝန်ကြီးချုပ်ရဲ့ သဘောထားဆန္ဒကလည်း ရယူဖို့ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဒါ့ဖြင့်ရင် နောက်ဆက်တွဲပုံစံ(၁)နှင့်ပတ်သက်လို့ နောက်ဆက်တွဲပုံစံရှိပါတယ်။ အဲဒီဟာနဲ့ ပတ်သက်လို့ ပြင်ဆင်လိုတဲ့ အကြောင်းအရာရှိရင်လည်း ထပ်ဆင့်ပြီး ဆွေးနွေးပေးရန် ဖြစ်ပါတယ်။

ပြည်နယ်ဥပဒေချုပ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား-ကျွန်တော် ခုနပြောထားတဲ့ဥစ္စာက ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာကော်မရှင်၊ ကော်မတီများဆိုတာ ကိုယ်တိုင်သွားပြီး မြင်တာက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များပါဘဲ၊ ပြည်နယ် ကိုယ်စားလှယ်များသာ ကျွန်တော်သိရသလောက် (၁၄၃)ယောက် ရှိပါတယ်။ (၁၄၃)ယောက်ကို ကိုယ်စားပြုပြီးတော့ ကျွန်တော့် အမြင်အရ ပုံစံ(၁)ခုအနေဖြင့် သတ်မှတ်ရန်မသင့်ဘူးဆိုတာ ရှေးဦးတင်ပြလိုပါတယ်။ ဘာကြောင့်လည်းဆိုရင် ဝန်ထမ်းနှင့် ဝန်ထမ်းအဖွဲ့အစည်းဟာ ရှမ်းပြည်နယ်တစ်ပြည်လုံး၏ အသိုင်း အဝိုင်းမှာ ထုထည်ရှိတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ တပ်မတော်သား မှာလည်း အများကြီးရှိပါတယ်။ ဒီ(၁၄၀)ကျော်လောက်နဲ့ ဒီပုံစံ(၁)ခုဟာ ကျွန်တော်တို့ဆောင်ရွက်ရန်မသင့်ပါဘူး၊ နောက်တစ်ခုက ဘာလည်းဆိုရင် ရှင်းရှင်းလေး ရေးထားပါတယ်။



D/real(wide) (9



ချီးမြှင့်သင့်ရင် ချီးမြှင့်ထိုက်သူကို ချီးမြှင့်နိုင်ဖို့အတွက် လုပ်ငန်း လိုအပ်ချက်များ ဖြည့်စွက်ပြီး ဆွေးနွေးတဲ့အပိုင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ကြည့်လိုက်တဲ့အခါ အကြံပြုနိုင်ရန် အစည်း အဝေး ထိုင်တဲ့အခါမှာ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူး ဆောင်ဆုပစ္စည်းပေးဖို့ဟာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ကော်မတီများအတွက် မတွေ့မိတဲ့ အနေအထားတွေ ရှိပါတယ်။ ဒါ့ကြောင့်မို့ ဒီထဲမှာ ရှမ်းပြည်နယ် အကျိုးစီးပွားအတွက် ကိုယ်ကျိုးမဖက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့တဲ့ သူများ ဆိုတာ အဲဒီမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် ထဲမှာလည်း ပါနိုင်ပါတယ်။ အစိုးရအဖွဲ့ကနေပြီးတော့ လွှတ်တော်ကနေ ဖွဲ့တဲ့ ကော်မတီထဲမှာလည်း ပါလာနိုင်ပါတယ်။ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင် အောင်ဆိုတဲ့ ရည်ရွယ်ချက်နှင့် ပြင်ဆင်ဖို့ အကြံပြုခြင်း ဖြစ်ပါတယ်။ သို့သော်လည်းဘဲ ခုနက အစိုးရအဖွဲ့ဝင် ပြည်နယ် ဥပဒေချုပ်က ရှင်းလင်းတင်ပြသလို ပုံစံ(၃)မှာ လိုအပ်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ၊ သက်ဆိုင်ရာကော်မတီများ ဆိုတဲ့ဟာ ထပ်ဖြည့်ပြီး သုံးပေးမယ် ဆိုရင်လည်းဘဲ ရည်မှန်းထားသည့်အတိုင်း ပြည့်ပြည့်စုံစုံပါလာနိုင်မှာဖြစ်တဲ့အတွက် ဒီပုံစံ အမှတ်စဉ်နှင့် ပတ်သက်ပြီး ထပ်မံဆွေးနွေးရန် မရှိပါကြောင်းနှင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်အတိုင်းသာ လိုက်နာမည်ဖြစ်ကြောင်း တင်ပြအပ် ပါသည်။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကနေပြီးတော့မှ နောက်ဆက်တွဲပုံစံ(၁)ကို ဆောင်ရွက်ရန် မလိုအပ်ကြောင်းနှင့် နောက်ပြီးတော့မှ ဥပဒေပြုရေးဆိုင်ရာကော်မတီကတော့ နောက်ဆက်တွဲပုံစံ(၁)အစား ပုံစံ(၁)၊ ပုံစံ(၃)မှာလည်းဘဲ ပြင်ဆင်

ပြီးတော့မှ ဖြည့်စွက်နိုင်ကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့်မို့ ယခု ပုံစံ(၁) ပူးတွဲရန် လို/မလို လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။ နောက်ဆက်တွဲပုံစံ(၁)နဲ့ပတ်သက်လို့ ဆောင်ရွက်ရန်နှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ နောက်ဆက်တွဲပုံစံ(၁)ကို သဘောတူသည့် လွှတ်တော်ကိုယ်စားလှယ် မိမိနေရာမှာ မတ်တပ်ရပ်ပြီး ဆန္ဒပြုဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ ဥက္ကဋ္ဌကြီးခင်ဗျား- ကျွန်တော်တစ်ခု တင်ပြပါရစေ။ တကယ်လို့ ပုံစံ(၁)မပါဘဲနှင့် ပုံစံ(၃)နှင့် ဆောင်ရွက်မယ်ဆိုရင် ကျိုးကြောင်းထောက်ခံချက်ပေးတဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌဆိုတာ မလိုအပ်တော့ဘူးလို့ ယူဆပါတယ်။ အများနဲ့ဆိုတော့လွှတ်တော်ဥက္ကဋ္ဌက၊ ဒုဥက္ကဋ္ဌက ဘယ်လိုနည်းနှင့်မျှ ဆုံးဖြတ်ပေးနိုင်မှာ မဟုတ်ပါဘူး၊ လွှတ်တော် ဒုဥက္ကဋ္ဌဆိုတာ လွှတ်တော်ကိုယ်စားလှယ်အတွက်ဘဲ သက်ဆိုင်တယ်လို့ ယူဆပါတယ်။ ဒါတွေကလည်း ထည့်စဉ်းစားသင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ပြည်နယ်ဥပဒေချုပ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား- ကျွန်တော်ရဲ့တင်ပြချက်က ဒီလိုပုံစံမဟုတ်ပါဘူး၊ ဒီပုံစံ(၃)မှာ လိုအပ်လျှင် လိုအပ်သလိုသုံးလို့ရအောင် အကယ်၍ လိုအပ်က ဆိုတဲ့ဟာကို ဆိုကြပါစို့ ကျွန်တော်တို့အဲဒီမှာ ထောက်ခံချက်တွေ ရှိပါတယ်။ လိုအပ်လျှင် မြို့နယ်စီမံခန့်ခွဲရေး ထောက်ခံချက်တောင်းလို့ ရတယ်။ (၂)က ခရိုင်စီမံခန့်ခွဲရေး လိုအပ်လို့ရှိရင် လိုအပ်လျှင် ဆိုတဲ့ ကွင်းစကွင်းပိတ်နှင့် ထည့်ပေးလို့ရတယ်။ နောက်နံပါတ်(၅)မှာ ကျတော့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌ တို့က အကျိုးအကြောင်းဖော်ပြ ထောက်ခံချက်ဆိုတာ ဒါကလွှတ်တော်





ဝန်ထမ်း(သို့မဟုတ်)တပ်မတော်သား မဟုတ်ရင် ပုံစံ(၃)ကို သုံးလို့ရပါတယ်။ ပုံစံ(၃)ကို လွှတ်တော်ကိုယ်စားလှယ်များပါတဲ့ ကော်မတီတွေပါလာသည့်အတွက်ကြောင့် ခုနတုန်းကလို ကြားဖြတ်ထည့်သွင်းလို့ရှိရင် ပုံစံ(၃)မှာ အစားထိုးတဲ့ စာလုံးထည့်လိုက်ရင် ရပြီဖြစ်ပါတယ်။ ပုံစံအားဖြင့် ရှမ်းပြည်နယ်အတွင်းရှိ အစိုးရဌာနအဖွဲ့အစည်း၊ အစိုးရအဖွဲ့အစည်း၊ တပ်မတော်သားတို့နှင့် အကျုံးမဝင်သည့်ပုဂ္ဂိုလ်၊အဖွဲ့အစည်းများ၊ ကွင်းစကွင်းပိတ်မှာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်နှင့် အစိုးရအဖွဲ့ကဖွဲ့စည်းသည့် ကော်မတီများအပါအဝင် ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံဆိုပြီး ပုံစံ(၃)မှာ အဲဒီစာသားလေး ထည့်လိုက် လို့ရှိရင် ရသွားပြီဖြစ်ပါတယ်။ ဒီအောက်မှာရှိတာ မြို့နယ်စီမံခန့်ခွဲရေး၊ ခရိုင်စီမံခန့်ခွဲရေး လိုရင်ထည့် မလိုရင်မထည့်နဲ့၊ အရေးကြီးဆုံးက ဒီရဲ့ခေါင်းဆောင်တွေ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် ကော်မတီဥက္ကဋ္ဌဖွဲ့ထားတဲ့ ကော်မတီဥက္ကဋ္ဌတွေက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်ပေးလို့ရှိရင် စိစစ်ရေးကော်မတီကနေပြီး ဝေဖန်သုံးသပ်နိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ လက်ရှိကော်မတီက ပြင်ဆင်ချက်ပုံစံ(၁)ဟာ ပုံစံ(၃)ကို **(Modify)** ပြင်ဆင်လိုက်ရင် (၁)ကဆောင်ရွက်ရန်မလိုဘဲ (၃)အတိုင်းသွားရင် ရကြောင်းတင်ပြအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** နောက်ဆက်တွဲပုံစံ(၁)နှင့်ပတ်သက်လို့ ဥပဒေပြုရေးဆိုင်ရာကော်မတီက ဆွေးနွေးရန် ရှိက ဆွေးနွေးနိုင်ပါတယ်။

ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဥပဒေပြုရေးဆိုင်ရာကော်မတီ၊ **ဥက္ကဋ္ဌ။** စောစောပိုင်းက အမှတ်စဉ်(၂)မှာ ဆွေးနွေးတုန်းက တင်ပြဆွေးနွေးသလို **ယခုဆွေးနွေးနေသည့်အကြောင်းအရာလေးက ဂုဏ်ပြုသင့်ရင် ဂုဏ်ပြုထိုက်သူ ကို**

ကိုယ်စားလှယ်များနှင့် ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီဟာဖြုတ်လို့ မဖြစ်ပါဘူး၊ လွှတ်တော်ကိုယ်စားလှယ်ကို စိစစ်မှုပေးတာ ဒီမှာဥပဒေက ဒုဥက္ကဋ္ဌ ဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒုဥက္ကဋ္ဌရဲ့ သဘောထားမှတ်ချက်မပါရင် ဆောင်ရွက်လို့မရပါဘူး၊ ဖြုတ်လို့ မရပါဘူး၊ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဒါဖြင့် ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဥပဒေချုပ်က ရှင်းလင်းတဲ့အတိုင်း လွှတ်တော်က ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ (လွှတ်တော် က သဘောတူပါသလားခင်ဗျား) (၃)ကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင် ဖြေပါသည်။ သဘောမတူတဲ့သူရှိပါသလား။ မရှိပါဘူး။ သဘောမတူတဲ့သူ မရှိတဲ့အတွက် လွှတ်တော်က သဘောမတူသူမရှိသည့်အတွက် မူရင်းဖော်ပြချက်မှာ ပါရှိတဲ့ အတိုင်း ဒီဥပဒေ၊ ဥပဒေရဲ့အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာ ပါတယ်။



D/real(wide) (9



ဥပဒေတစ်ရပ်လုံးကို အတည်ပြုရန်အတွက် လွှတ်တော်ရဲ့အဆုံး အဖြတ် ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဂုဏ်ထူးဆောင်လက်မှတ် နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း (လွှတ်တော်ကအတည် ပြုရန် သဘောတူပါသလားခင်ဗျား)(သုံးကြိမ်တိုင်တိုင်မေးပါ သည်။)(လွှတ်တော်ကသဘောတူပါသည်။)(သုံးကြိမ်တိုင်တိုင်ဖြေပါ သည်။)သဘောမတူတဲ့သူရှိပါသလား။မရှိပါဘူး။ သဘောမတူ တဲ့သူ မရှိတဲ့အတွက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆု ပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား ပြင်ဆင်ထား သည့်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း) နှင့်စပ်လျဉ်းပြီးဥပဒေကြမ်းပါ ဖော်ပြချက်နှင့်ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်ချက်များအား တစ်ခုချင်းလွှတ်တော်ရဲ့ ဆန္ဒရယူသွားမှာ ဖြစ်ပါတယ်။

အမှတ်စဉ်(၁)။ ကော်မတီ၏ပြင်ဆင်အကြံပြုချက် ခေါင်းစီးဖြစ်၍ ဤဥပဒေ၌ ပုဒ်ထီးခြား၍ မရေးရပါ။ရှမ်းပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေဟုရေးရပါမည်။ဒီပြင်ဆင်ချက်ကို သဘော တူတယ်ဆိုရင် တူတယ်လို့ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ ပြောပါ။ (လွှတ်တော်က သဘောတူပါသလားခင်ဗျား) (၃)ကြိမ် တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်။) (၃)ကြိမ် တိုင်တိုင်ဖြေပါ သည်။ သဘောမတူတဲ့သူ ရှိပါသလား။ မရှိပါဘူး။

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၂)။ ၁၇၇၆ ခုနှစ်၊** ၂၀၁၄ ခုနှစ်ဟူ၍ ပြင်ဆင်ဖော်ပြရပါမည်။ ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်က သဘောတူပါသလားခင်ဗျား) (၃) ကြိမ်တိုင်တိုင် မေးပါသည်။လွှတ်တော်က သဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင် ဖြေပါသည်။ သဘောမတူတဲ့သူ ရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်သည် အတည်ဖြစ်တဲ့အတွက် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၃)။** ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းသည်ဟူ၍ ရေးသားရပါမည်။ ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်ကသဘောတူပါသလားခင်ဗျား) (၃) ကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်က သဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့သူ ရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။





## ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ပထမနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုရန်အတွက် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကို ဖိတ်ခေါ်ပါတယ်။**

ပြည်နယ်ဥပဒေချုပ်။ လေးစားအပ်သောလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရန် တင်သွင်းအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ဥပဒေမူကြမ်းပါ ဖော်ပြချက်နှင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်အကြံပြုချက်များကို တစ်ခုချင်းလွှတ်တော် အဆုံးအဖြတ် များကို ရယူခဲ့ပြီး ဖြစ်ပါတယ်။ ယခုရှမ်းပြည်နယ်** လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၄၄)၊ပုဒ်မခွဲ(က)အရ

**အမှတ်စဉ်(၄)။** ယင်းအသုံးအနှုန်းများကို ဖြုတ်ပယ်၍ ပုဒ်ထီးဖြင့်ခြားပြီးအဆုံး၌ကိုဆိုသည်ဟု ရေးသားခြင်းက စကားလုံး ပိုမို ကျစ်လစ်စေပါမည်။ ဥပမာ- ပုဒ်မ ၂(စ)သားပေါက် ကောင်များ၊ မျိုးစေ့များ ရေတွင်ပေါက်ပွားသည့် အပင်များ၊ ယင်းတို့၏အပင်များ အပင်ပေါက်ပင်များနှင့် မျိုးစေ့များကိုဆိုလိုသည်။ ဟူ၍ ပြင်သင့်ပါသည်။ ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ် လို့ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်က သဘောတူပါသလားခင်ဗျား) (၃) ကြိမ်တိုင်တိုင် မေးပါသည်။လွှတ်တော်က သဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင် ဖြေပါသည်။ သဘောမတူတဲ့သူ ရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤပြင်ဆင်ချက် သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ဒီပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာ ပါတယ်။

**အမှတ်စဉ်(၅)။** ငါးဖမ်းရေယာဉ်ဆိုသည်မှာ ငါးဖမ်း ယာဉ်များ၊ ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ် များနှင့် ငါးဖမ်း ရေယာဉ်များကို အထောက်အကူပြုသည့် ယာဉ်များကိုဆိုသည်ဟု ပြင်ထားပါသည်။ ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ် လို့ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **လွှတ်တော်က (သဘောတူပါသလားခင်ဗျား) (၃)ကြိမ် တိုင်တိုင် မေးပါသည်။)(၃)ကြိမ်တိုင်တိုင် ဖြေပါသည်။ သဘောမတူတဲ့သူ ရှိပါသလား။**

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ ဥက္ကဋ္ဌကြီး ခင်ဗျား။အမှတ်စဉ်(၅)မှာ ငါးဖမ်းရေယာဉ်ဆိုသည်မှာ ဆိုတဲ့ Definition ဖွင့်ဆိုချက်မှာ ငါးဖမ်းရေယာဉ် ဆိုသည်မှာ ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်သည့်ရေယာဉ်များနှင့်**





**ငါးဖမ်းလုပ်ငန်းမှာ အထောက်အကူပြုနေတဲ့ အနေ့ယာဉ်များ ကလည်း ပါပါတယ်။ အဲဒီမှာ အားလုံးအကျုံးဝင်သွားအောင် စကားလုံးကျစ်လစ်မှုရှိအောင် ဆိုပြီး ငါးဖမ်းရေယာဉ်ကို အထောက် အကူပြုသည့် ယာဉ်များကို ဆိုပြီး အဲဒီစကားလုံးကို ကျစ်ကျစ် လစ်လစ်ထည့်ပေးလိုက်ခြင်း ဖြစ်ပါတယ်။ ခုနက လွှတ်တော် ကိုယ်စားလှယ် အကြံပြုသလိုဘဲ စကားလုံး ပိုမို ကျစ်လစ်အောင် သုံးလိုက်ခြင်းဘဲ ဖြစ်ပါတယ်။**

စိုင်းနော်ခမ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး၊လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ဖြည့်စွက်ရှင်းလင်း ခွင့်ပြုပါ။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ထားတဲ့ ငါးဖမ်းရေယာဉ်ဆိုသည်မှာ ငါးဖမ်းရေယာဉ်များ၊ ငါးလုပ်ငန်း လုပ်ကိုင်သည့် ရေယာဉ်များသည် ငါးဖမ်းရေယာဉ်ကို အထောက် အကူပြုသည့် ယာဉ်ကိုဆိုသည် ဆိုတဲ့နေရာမှာ ပို့ဆောင်ရေး ဝန်ကြီးဌာန ထုတ်ထားသည့်ဥပဒေရယ်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ထားသည့် ဥပဒေ(၂)ရပ်ထဲမှာလည်း အတိအကျပါ ထားပြီးသားလည်း ဖြစ်ပါတယ်။ အထောက် အကူပြုတဲ့ ယာဉ်ဆိုတဲ့ နေရာမှာ အခုဥပဒေကြမ်းမှာ ဥပဒေမှာ အငြင်းပွားခြင်းမပြုဘဲနှင့် နည်းဥပဒေရေးဆွဲတဲ့ နေရာမှာ အထောက်အကူပြုယာဉ်သည် မည်သည့်အမျိုးအစားကို ဆိုတဲ့အရာကို နည်းဥပဒေမှာ တိတိကျကျ ဖော်ပြရေးဆွဲလိုက်မယ် ဆိုရင် ယခုဥပဒေကြမ်းက ရေးဆွဲထား သည့်အတိုင်းဟာ ပြည့်စုံလုံလောက်တယ်လို့ ထင်မြင်ယူဆ ကြောင်း ဖြည့်စွက်ဆွေးနွေး လိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ဆွေးနွေးတဲ့လွှတ်တော်ကိုယ်စားလှယ် သဘော ပေါက်တယ်နော်။

**ဦးစိုင်းလွင်၊ လင်းခေးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ဟုတ်ကဲ့ ခင်ဗျ။**

**ဥက္ကဋ္ဌ။ ဒီပြင်ဆင်ချက်ကို သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤပြင်ဆင်ချက်သည် အတည်ဖြစ်သည်။**ပြင်ဆင်ချက် အတည် ဖြစ်တဲ့ အတွက် ၎င်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၆)။** ပြုပြင်မွမ်းမံခြင်းဆိုသည်မှာ ငါးများအား ကိုယ်တိုင်စားသုံးရန်မှတစ်ပါး မူလအခြေအနေမှ နည်းအမျိုးမျိုး သုံးပြု၍ ပြုပြင်ပြောင်းလဲထုတ်လုပ်ဆောင်ရွက်သော ငါးပိ၊ ငါးခြောက်၊ ပုဇွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုဇွန်ချဉ်၊ ငါးဆားနယ်၊ **ငါးကြပ်တိုက်ခြင်း စသည့်လုပ်ငန်းများကို ဆိုသည်-ဟူ၍ ပြင်ဆင်သင့်ပါသည်။**

ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်က သဘောတူပါသလားခင်ဗျား) (၃) ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့သူ ရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဤပြင်ဆင်ချက် သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ၎င်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၇)။** တင်ဒါလိုက်စင်နောက်၌ (၊-ပုဒ်ထီး)ခြား ပေးပါ။

ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်က**



D/real(wide) (9



ငါးဖမ်းရေယာဉ်ကို အထောက်အကူ ပြုသည့်ယာဉ်များကိုဆိုသည် ဟု **Definition** ဖွင့်တဲ့အခါမှာ နောက်ဆုံးမှာပါတဲ့ ငါးဖမ်း ရေယာဉ်ကို အထောက်အကူပြုတဲ့ယာဉ်များဆိုတဲ့ ဟာကဘဲ ယာဉ်ကို ဆိုလိုသလဲဆိုတာအဓိပ္ပါယ်တိတိကျကျ မရှိပါဘူး။ ငါးဖမ်း ရေယာဉ်ကို အထောက်အကူပြု တယ်ဆိုရင် တကယ်လို့ငါးဖမ်း စက်လှေကို ဒီလောင်စာဆီလာပို့တဲ့ ယာဉ် (၁)မျိုးမျိုးဆိုရင်ကော ဒါငါးဖမ်း စက်လှေကို အထောက်အကူပြုတဲ့ယာဉ်ထဲမှာ ပါပါတယ်။ ငါးဖမ်းစက်လှေ၊ ငါးဖမ်းရေယာဉ်ကို အထောက် အကူပြုတဲ့ ယာဉ်လို့ဆိုလိုသာထက် ငါးဖမ်းရေယာဉ်နှင့်တွဲလျက်ရှိသည့် ယာဉ်ဆိုရင် ပိုပြီးတော့မှ သင့်တော်မည် ထင်ပါသည်။

ဥက္ကဋ္ဌ။ ငါးဖမ်းရေယာဉ်နှင့်တွဲလျက် ရှိသည့်ယာဉ်ဆိုတာ ဟုတ်ပါသလား။

ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ။ ဟုတ်ပါတယ်။

ဥက္ကဋ္ဌ။ ဒါနှင့်ပတ်သက်လို့ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ က ရှင်းလင်းပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းနု၊ ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဥပဒေ ပြုရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ။ ဟုတ်ကဲ့ပါခင်ဗျား။ မူလက ငါးဖမ်း ရေယာဉ်များဆိုသည်မှာ ငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင် သည့် ရေယာဉ်များဆို ပြီးတော့ပါပါတယ်။ ဒီမှာငါးဖမ်းရေယာဉ်ကို အထောက်အကူပြုတဲ့ယာဉ်များဆိုတဲ့ဟာက ငါးဖမ်းလုပ်ငန်း လုပ်ကိုင်တဲ့ယာဉ်ဟာ ရေထဲမှာသွားတာလဲရှိပါတယ်။ ရေထဲမှာ ဖမ်းပြီးတဲ့ငါးတွေကို တစ်ခါလိုအပ်တဲ့နေရာ အရောက်ပို့ဖို့ ဒါလည်း အဲဒီရေယာဉ်နှင့်တွဲလျက်ပါတဲ့ ယာဉ်တွေဖြစ်ပါတယ်။ အလားတူ

**သဘောတူပါသလားခင်ဗျား) (၃) ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့သူ ရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ၄င်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၈)။** ပုဒ်မ-၂ "(မ) တင်ဒါဆိုသည်မှာ ငါးလုပ်ငန်းဌာနမှ ငါးဖမ်းလုပ်ကိုင်ခွင့်ပြုသော ပိုက်တန်းခွင့် ရှိသည့် ပိုက်ချက်နေရာ လုပ်ကွက်ကို ဆိုသည်။"

ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်ကသဘောတူပါ သလားခင်ဗျား) (၃ ကြိမ်တိုင်တိုင်မေးပါသည်။)**

**ဦးဇော်ဇော်၊ မဘိမ်းမဲဆန္ဒနယ်အမှတ်(၂)။ ဥက္ကဋ္ဌကြီးခင်ဗျား- ဒီပိုက်ချက်ဆိုသည်မှာ ငါးလုပ်ငန်းဌာနမှ ငါးဖမ်းလုပ်ကိုင်ပြုသော ပိုက်တန်းခွင့်ရှိသည့် နေရာဆိုတဲ့နေရာမှာ ကျွန်တော်တို့က ရေထဲကငါးကို ဖမ်းရတာ ဖြစ်သည့်အတွက် ပိုက်တစ်မျိုးတည်းနှင့် ဖမ်းလို့မရပါဘူး။ ပိုက်တန်းခွင့်ရှိသည့်နေရာလို့ ထည့်လိုက်ခြင်း အားဖြင့် ဒီတင်ဒါလုပ်ကိုင်ခွင့်ရရှိသူဟာ ပိုက်တစ်မျိုးဘဲတန်း ရမယ်မှာ ဖြစ်ပါတယ်။ တစ်ခြားဟာနဲ့ ဖမ်းလို့မရပါဘူး၊ဒါ့ကြောင့် ဒီအချက်ကလေးကို တော့ နည်းနည်းပြန်ပြီး တစ်ခြား ငါးဖမ်း ကိရိယာအသုံးပြုခွင့်လေးကို ပြန်ထည့်ပေးမယ် ဆိုရင်တော့ ပိုအဆင်ပြေပါတယ်ဗျ။ ပိုက်တန်းခွင့်ရှိသည်လို့ဘဲ ထည့်ထားသည့်အတွက် တစ်ခြားဟာနှင့် ဖမ်းခွင့် မရတော့ဘူးဆိုတဲ့ တစ်မျိုးဘဲ တန်းရမှာဖြစ်ပါတယ်။**



D/real(wide) (9



**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဤပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ၄င်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၉)။** ဤဥပဒေ ပုဒ်မ-၃ ဟု ပြင်ဆင်ဖော်ပြရမည်။ (၂)အစား(၃)ဟု ပြင်ဆင်ဖော်ပြပါမည်။ ဒါနဲ့ပတ်သက်လို့ ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်ကသဘောတူပါသလားခင်ဗျား) (၃) ကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်ကသဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့သူရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ၄င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ၄င်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၁၀)။** ပုဒ်မ-၂၈။ အထက်အခန်း(၈) ပုဒ်မ-၂၇ ပါ စစ်ဆေးခြင်း/အရေးယူခြင်းတို့နှင့် စပ်လျဉ်း၍ အယူခံဝင်ရာတွင် ဟူ၍ ဖွင့်ဆိုပြီးမှ ပုဒ်မခွဲ(က)မှ(စ)အထိ ဆက်လက်ဖော်ပြပေးသင့်ပါသည်။

ဒီပြင်ဆင်ချက်နှင့်ပတ်သက်လို့ သဘောတူတယ်ဆိုရင် တူတယ်လို့ ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(၃) ကြိမ်တိုင်တိုင်မေးပါသည်။လွှတ်တော်ကသဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့သူရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ၄င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ၄င်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၁၁)။** ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း(၃၀) အတွင်း ဟုပြင်ဆင်ပါက ကာလစည်းကမ်း သတ်မှတ်ချက် ဥပဒေ အသုံးအနှုန်း ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိပါမည် ဟု ပြင်ဆင် ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်က သဘောတူပါ သလားခင်ဗျား) (၃)ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)(၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့ သူရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ၄င်းပြင်ဆင်ချက် သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ၄င်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။

**အမှတ်စဉ်(၁၂)။** ပုဒ်မ-၂၉။ နှစ်ရှည်အငှားဂရန် သို့မဟုတ် နိုင်ငံခြားငွေဖြင့် လုပ်ကိုင်သည့် ငါးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေပုဒ်မ-၈(က)(ခ)နှင့် ၂၄(ဃ)အရ ဆောင်ရွက်ချက်အပေါ် အယူခံဝင်ရာတွင် ဟူ၍ ဖွင့်ဆိုပြီးမှ ပုဒ်မခွဲ-(က)မှ(ဂ)အထိ ဆက်ဖော်ပြသင့်ပါသည်။

ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်က သဘောတူပါသလားခင်ဗျား) (၃) ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့သူရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ၄င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ၄င်းပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်း ဖြစ်ကြောင်း ကြေညာပါတယ်။



D/real(wide) (1



ဒါလေးကိုတော့ နည်းနည်းငါးဖမ်းလို့ရသည့် ကိရိယာနှင့် အဲဒီလို မျိုးလေး ထည့်ပေးမယ်ဆိုရင် ပိုပြီး သင့်လျော်ပါတယ်။

ဥက္ကဋ္ဌ။ ဒါနဲ့ပတ်သက်လို့ ဥပဒေပြုရေးဆိုင်ရာကော်မတီ ရော၊ နောက်ပြီး ဝန်ကြီးဌာနကပါ ရှင်းပေးဖို့ လိုမယ် ထင်ပါတယ်။

ဦးစိုင်းနု၊ ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်(၂)၊ ဥပဒေပြုရေး ကော်မတီဥက္ကဋ္ဌ။ ဥက္ကဋ္ဌကြီးခင်ဗျား-ဒီတင်ဒါချက်ဆိုတဲ့ အသုံး အနှုန်းနှင့်ပတ်သက်ပြီး ကော်မတီအစည်းအဝေးထိုင်တဲ့အခါ ဇဝေဇဝါဖြစ်ခဲ့ရပါတယ်။ ဒါ့ကြောင့်မို့ ငါးလုပ်ငန်းဦးစီးဌာနကို ပင့်ဖိတ်ပြီး တင်ဒါချက်ရဲ့ **Definition** ကို မေးရပါတယ်။ ငါးလုပ်ငန်း ဦးစီးဌာနမှာ တာဝန်ရှိပုဂ္ဂိုလ်၏ ရှင်းလင်းပြောကြား ချက်အရ တင်ဒါချက်ဆိုသည်မှာ ငါးဖမ်းလုပ်ကိုင် ခွင့်ပြုသော ပိုက်တန်းခွင့် ရှိသည့် ပိုက်ချက်နေရာလုပ်ကွက်ကို ကိုဆိုသည်ဟု ဆိုပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနရဲ့ အသုံးအနှုန်းအရ ဖြစ်ပါတယ်။ အမှန်ကတော့ ဒီအသုံးအနှုန်းအရ ပိုက်တန်းခွင့်ဆိုတဲ့ဟာ ထည့်သွင်းထားခြင်း ဖြစ်ပါတယ်။ အမှန်က ဒီအသုံးအနှုန်းအရ ငါးဖမ်းခွင့်ရှိတယ် ဆိုတဲ့ဟာ ဖြစ်ပါတယ်။ သဘောသက်ရောက်မှု အတူတူပဲဖြစ် ပါတယ်။

ဥက္ကဋ္ဌ။ သဘောကတော့ ပိုက်တန်းခွင့်ရှိတဲ့နေရာသည် ငါးဖမ်းခွင့်ရှိသည့်နေရာနှင့် အတူတူဘဲ ဖြစ်ပါတယ်။

ဦးစိုင်းနု၊ ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်(၂)၊ ဥပဒေပြုရေး ကော်မတီဥက္ကဋ္ဌ။ ဟုတ်ပါတယ်။ ဒီဟာသည် ငါးလုပ်ငန်းဦးစီး ဌာန၏ ကိုယ်ပိုင်အသုံးအနှုန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ဆွေးနွေးတဲ့ကိုယ်စားလှယ် သဘောပေါက်တယ် နော်။

ဦးဇော်ဇော်၊ မဘိမ်းမဲဆန္ဒနယ်အမှတ်(၂)။ ဟုတ်ကဲ့ခင်ဗျ။

**အမှတ်စဉ်(၁၃)။** ၂၉(က)။ ပြည်နယ်ဦးစီးဌာနမှူးက ဤဥပဒေပုဒ်မ-၂၄(ဃ)အရ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်ဆိုပြီး ဖော်ပြထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူတယ်ဆိုရင် တူတယ်လို့ ပြောပါ။ မတူဘူးဆိုရင် မတူဘူးလို့ပြောပါ။ **(လွှတ်တော်က သဘောတူပါ သလားခင်ဗျား) (၃) ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။) (၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့သူရှိပါသလား။ မရှိပါဘူး။**

**ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် ၎င်းပြင်ဆင်ချက်သည် အတည်ဖြစ်သည်။** ပြင်ဆင်ချက်အတည် ဖြစ်တဲ့အတွက် ၎င်းပြင်ဆင်ချက်သည် ဤဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာပါတယ်။





**ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)တစ်ရပ်လုံး ကို ပြင်ဆင်ထားသည့်အတိုင်း (လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား(၃)ကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည် ။ (၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူတဲ့သူရှိပါသလား။ မရှိပါဘူး။**

**သဘောတူသည့်အတွက် ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း** ဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာအပ်ပါတယ်။

## ၂၀၄

### ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ် မဲဆန္ဒအမှတ်(၂)၏ ရှမ်းပြည်နယ်တွင်တိုင်းရင်းသား များစွာ နေထိုင်ပြီး လူမျိုးတစ်မျိုးနှင့်တစ်မျိုး နေရာတစ်နေရာနှင့်တစ်နေရာ ယဉ်ကျေးမှုများ ဓလေ့ ထုံးတမ်းအစဉ်အလာများ မတူညီဘဲ ကွဲပြားနေပြီး ထူးခြားသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထိုသို့သောဓလေ့ထုံးစံများအကြားတွင် လက်ထပ် ထိမ်းမြားခြင်းနှင့် ဆိုင်သောကိစ္စများ ဘိုးဘွားပိုင်မြေ များ အမွေကိစ္စများ များစွာရှိပါသည်။ ထို့ကြောင့်ရှမ်းလူမျိုးနှင့်ရှမ်းပြည်နယ်တွင် နေထိုင်သော တိုင်းရင်းသားများ ဓလေ့ထုံးတမ်း ဆိုင်ရာ ဥပဒေတစ်ခုပြုစုပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆောင်ရွက်ရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ မိုင်းတုံမြို့နယ်မဲဆန္ဒ အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦးက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်တဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်- ကျွန်တော်ကတော့ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ၊ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမြတ်ဦး ဖြစ်ပါတယ်။ တိုင်းရင်းသားများဓလေ့ထုံးတမ်း ဥပဒေနှင့် ပတ်သက်ပြီးတော့ အဆိုတစ်ခု တင်သွင်းသွားမှာဖြစ်ပါ တယ်။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။



D/real(wide) (1



## ၂၀၂

### ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို အတည်ပြုပေးရန် အဆိုတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ဒုတိယနေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေ(မူကြမ်း) တစ်ရပ်လုံးကို  အတည်ပြုရန်အတွက် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ကို ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား- ရှမ်းပြည်နယ်တွင် ရေချိုငါးလုပ်ငန်းဥပဒေပြဋ္ဌာန်းဆောင်ရွက်နိုင်ဖို့အတွက် ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ (မူကြမ်း)အား အတည်ပြု ပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဥပဒေမူကြမ်းပါ ဖော်ပြချက်နှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ပြင်ဆင်အကြံပြုချက်များကို တစ်ခုချင်းလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူခဲ့ပြီး ဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၁၄၄)၊ ပုဒ်မခွဲ(က)အရ ဥပဒေကြမ်းတစ်ရပ်လုံးကို  လွှတ်တော်က အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။

ရှမ်းပြည်နယ်အတွင်းမှာ တိုင်းရင်းသားပေါင်းများစွာ နေထိုင်ပြီး ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများ ကွဲပြားခြားနားစွာ တည်ရှိနေပါတယ်။ ၎င်းတိုင်းရင်း သားဒေသများမှာ လက်ရှိ တည်ဆဲဥပဒေနှင့် မဖြေရှင်းနိုင်တဲ့ ပြဿနာပေါင်း မြောက်မြားစွာ လည်းရှိနေပါတယ်။ ဥပမာလက်ထပ်ထိမ်းမြားခြင်းနှင့်ဆိုင်သော ပြဿနာများမှာ မြန်မာစကားတွင် ပုဆိုးတန်းတင်အကြင်လင်မယား လို့ ဆိုခဲ့ပေမယ့်လည်း တရားရုံးတွင် လက်မှတ်ထိုးမှ၊ မင်္ဂလာဆောင်မှ တရားရုံးတွင် တရားဝင်တယ်လို့ သိရပါ တယ်။ တိုင်းရင်းသားများတွင်လည်း ကြက်တစ်ကောင်၊ ဆန်တစ်ပြည်နှင့် ရွာလူကြီးကို ကန့်တော့ယုံဖြင့် လင်မယား အရာမြောက်ကြတာ လည်း ရှိပါတယ်။ ထို့ပြင်လယ်ထဲယာထဲမှာ ဖြစ်ပေါ်လေ့ရှိတဲ့ ပြဿနာများလည်း ဥပဒေနှင့် ဖြေရှင်းနိုင်ရန် ခက်ခဲလှပါတယ်။ ၁၉၇၆ ခုနှစ်မှာ ဆရာကြီးဦးမြစိန်ရေးသားသော မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေကို တရားရုံးတွင် စံအဖြစ် ကိုးကား အသုံးပြု နိုင်ကြောင်း သတ်မှတ်ခဲ့ပါတယ်။ ၎င်းဥပဒေမှာ တိုင်းရင်းသား များနှင့်ဆိုင်သော ဓလေ့ထုံးတမ်းဥပဒေများ ထည့်သွင်းရေးဆွဲထား ပါသော်လည်း ပြည့်စုံမှုမရှိခြင်း၊ တိုင်းရင်းသားများ ကိုယ်တိုင် ပါဝင်ရေးဆွဲခဲ့မှုမရှိခြင်း၊ လက်တွေ့အသုံးချနိုင်ရန် တိတိကျကျ သတ်မှတ်ထားမှုမရှိခြင်းတို့ကြောင့် တိုင်းရင်းသားဒေသများမှာ အခက်အခဲပေါင်းများစွာ ကြုံတွေ့နေရပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ- ၂၂(က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စာ၊စကား၊စာပေ၊အနုပညာ၊ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု ရေးသားထားသော ကြောင့် ဤအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ အဆိုပါ ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားများစွာ နေထိုင်ပြီး ရှမ်းလူမျိုးတစ်မျိုးနှင့်တစ်မျိုး နေရာတစ်နေရာနှင့် တစ်နေရာ





ဥက္ကဋ္ဌ။ ၎င်းအဆိုကို လက်ခံဆွေးနွေးရန်(လွှတ်တော်က သဘောတူပါသလား၊ (၃)ကြိမ်တိုင်တိုင် မေးပါ သည်။ သဘောတူ ပါသည်။(၃)ကြိမ်တိုင်တိုင်ဖြေပါသည်။ သဘောမတူသူရှိပါသလား။ မရှိပါဘူး။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသူမရှိသည့် အတွက် ဦးစိုင်းဝင်းမြတ်ဦး၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ မိုင်းတုံ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦး တင်သွင်းသည့် အဆိုကို ၂၀၁၄ ခုနှစ်၊စက်တင် ဘာလ(၄)ရက်၊ ကြာသပတေးနေ့မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အစည်းအဝေးရပ်နားသည့်အခါမှာ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ
## ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး
## ဆိုင်ရာအစီရင်ခံစာကို လွှတ်တော်သို့
## ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။အစီအစဉ်(၁၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များခင်ဗျား- ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာအား လွှတ်တော်သို့ ပေးပို့ လာပါတယ်။ ဒါကြောင့်မို့ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးက ရှင်းလင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်

ယဉ်ကျေးမှုများ ဓလေ့ထုံးတမ်းအစဉ်အလာများ မတူညီဘဲ ကွဲပြားနေပြီး ထူးခြားသည့် ပြည်နယ် တစ်ခုဖြစ်ပါသည်။ ထိုသို့သောဓလေ့ထုံးစံများအကြားတွင် လက်ထပ် ထိမ်းမြားခြင်းနှင့် ဆိုင်သောကိစ္စများ ဘိုးဘွားပိုင်မြေများ အမွေကိစ္စများ၊ ရွှေ့ပြောင်း တောင်ယာကိစ္စများတို့တွင် ဥပဒေနှင့်မဖြေရှင်းနိုင်သော ကိစ္စ များစွာရှိပါသည်။ ထို့ကြောင့် ရှမ်းလူမျိုးနှင့် ရှမ်းပြည်နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားများ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေ တစ်ခု ပြုစုပေးနိုင်ပါရန် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား များအားလုံး၏ကိုယ်စား ဤအဆိုအား တင်သွင်းအပ်ပါသည်။ ကျေးဇူးတင်ပါသည်။

ဥက္ကဋ္ဌ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ ဦးစိုင်းဝင်းမြတ်ဦး တင်သွင်းသည့် အဆိုကို ထောက်ခံမည့်သူရှိပါ သလား။

ဦးစိုင်းသူရိန်ဦး၊ နမ့်ဆန်မြို့နယ်အမှတ်(၁)။ ဦးစိုင်းဝင်းမြတ်ဦး တင်သွင်းသည့် အဆိုကို ထောက်ခံကြောင်း တင်ပြသွားပါတယ်။

ဥက္ကဋ္ဌ။ ဦးစိုင်းဝင်းမြတ်ဦး တင်သွင်းသည့် အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွား ပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားများစွာ နေထိုင်ပြီး လူမျိုး တစ်မျိုးနှင့်တစ်မျိုး နေရာတစ်နေရာနှင့် တစ်နေရာ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ မတူညီဘဲ ကွဲပြားနေပြီး ထူးခြားသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထိုသို့သောဓလေ့ ထုံးစံများအကြားတွင် လက်ထပ်ထိမ်းမြားခြင်းနှင့် ဆိုင်သောကိစ္စ ရပ်များ ဘိုးဘွားပိုင်မြေများ အမွေ ကိစ္စများစွာ ရှိပါသည်။ ထို့ကြောင့် ရှမ်းလူမျိုးများနှင့် ရှမ်းပြည်နယ်တွင် နေထိုင်သော တိုင်းရင်းသား များ၏၊ ဓလေ့ ထုံးတမ်းဆိုင်ရာ ဥပဒေတစ်ခု ပြုစုပေးရန်ဖြစ်ပါတယ်။ ယခုအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူသွားမှာဖြစ်ပါတယ်။





ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေ။ ကောင်းမွန်တဲ့လိုအင် ဆန္ဒများပြည့်ဝကြ ပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရ လျှပ်စစ်နှင့်စက်မှုလက်မှု ကိစ္စရပ်နှင့်ပတ်သက်ပြီး ရှမ်းပြည်နယ်အတွင်း လျှပ်စစ်ဓါတ်အားရရှိရေး အကောင်အထည် ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြအစီရင်ခံ သွားမှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်၊ ဇွန် လအထိ ကျေးလက်မီးလင်းရေး ဆောင်ရွက် ပြီးစီးမှုအခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ကျေးရွာပေါင်း (၁၂၃၇၅)ရှိပြီး၊ မီးလင်းပြီးကျေးရွာက(၃၂၁၁)ရှိပြီး၊ ကျန်သည့်ကျေးရွာ (၉၁၂၈)ကျန်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ဌာနအလိုက် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ တင်ပြခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ခရိုင်အလိုက် ကျေးလက်မီးလင်းရေး ဆောင်ရွက်ထားရှိမှုအခြေ အနေများ တင်ပြခြင်း ဖြစ်ပါတယ်။ ကျေးရွာပေါင်းရယ်၊ မီးလင်းပြီး ကျေးရွာရယ်၊ မီးလင်းရန်ကျန်တဲ့ ကျေးရွာတွေ ဖော်ပြထားခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ဓါတ်အားလိုင်းမိုင်တိုးတက်မှု ၊ ၂၀၁၁-၂၀၁၂ ခုနှစ် နှင့် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ် နှိုင်းယှဉ်ထားချက် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်း လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးပေးထားသော ဓါတ်အားခွဲရုံ တိုးတက်မှု၊ ၂၀၁၁-၂၀၁၂ ခုနှစ် နှင့် ၂၀၁၄-၂၀၁၅ ခုနှစ် နှိုင်းယှဉ်ချက် ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အတွင်း ဓါတ်အားလိုင်းနှင့် (၂)မိုင် ပတ်လည်အတွင်း ဆောင်ရွက်မှု၊

ဂျက်ကာ (**JACA**) အစီအစဉ်ဖြင့် ဆောင်ရွက်မှု၊ ပြည်သူလူထုမှ ကိုယ့်အား ကိုယ်ကိုးဖြင့် ကျေးရွာမီးလင်းရေးအား လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ဆောင်ရွက်နေတဲ့ အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဓါတ်အားစနစ်မှ ကျေးရွာမီးလင်းရေးဆောင်ရွက်နိုင်မည့် ကျေးရွာစာရင်းကို တင်ပြထားခြင်း ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဝန်ကြီးဌာနမှ တိုက်ရိုက်တာဝန်ယူဆောင်ရွက်ခဲ့သော ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံနှင့် ကျောက်မီးသွေးသုံးရေနွေး ငွေ့ဓါတ်အားပေးစက်ရုံ တည်ဆောက်ပြီး လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးပေးတဲ့ စက်ရုံများကို ဖော်ပြထားခြင်း ဖြစ်ပါတယ်။ အဓိကတော့- ဇော်ဂျီအမှတ်(၁)(၁၈)မဂ္ဂါဝပ်၊ ဇော်ဂျီအမှတ်(၂)က(၁၂)မဂ္ဂါဝပ်၊ ကျိုင်းတောင်းရေအား လျှပ်စစ်က(၅၄)မဂ္ဂါဝပ်၊ တီကျစ် ကျောက်မီးသွေးသုံးဓါတ်အားပေးစက်ရုံက(၁၂၀)မဂ္ဂါဝပ်၊ ရွှေလီ(၁)ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံက(၆၀၀)မဂ္ဂါဝပ် ဖြစ်ပါတယ်။ ၎င်းနောက် ဓါတ်အားပေးစက်ရုံ (၁)ခုချင်းအလိုက် သက်ဆိုင်ရာ စက်ရုံများ၏ အချက်အလက်များကို မှတ်တမ်းဓါတ်ပုံများဖြင့် ဖော်ပြရှင်းလင်း တင်ပြအပ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ဝန်ကြီးဌာနမှ တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်သည့် လျှပ်စစ်စီမံကိန်းများ၏ ယခုလက်ရှိ တည်ဆောက်ဆဲပဲ အခြေအနေများကို တင်ပြအပ်ပါတယ်။ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်က(၅၁)မဂ္ဂါဝပ်၊အထက်ရဲရွာ ရေအားလျှပ်စစ်က(၂၈၀)မဂ္ဂါဝပ်၊ ရွှေလီမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ရွှေလီသုံးရေအား လျှပ်စစ်က (၁၀၅၀)မဂ္ဂါဝပ် ဖြစ်ကြောင်းနှင့် ၎င်းနောက်ဓါတ် အားပေးစက်ရုံ တစ်ခုချင်းအလိုက်



D/real(wide) (1



တော့မှာ ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နားရှိ (၅၂၀)မဂ္ဂါဝပ်ဖြစ်ပါတယ်။ ရှမ်းအရှေ့တွင် နမ့်လွေရေအားလျှပ်စစ်စီမံကိန်းမှာ ကျိုင်းတုံ(၉၆) မဂ္ဂါဝပ်၊ဝမ်တာပိန်း(၂၅)မဂ္ဂါဝပ်၊ ဆိုလူး(၁၆၅) မဂ္ဂါဝပ်၊မိုင်းဝ(၅၀) မဂ္ဂါဝပ်၊ ကျိုင်းယမ်း(၂၈)မဂ္ဂါဝပ်၊ရှီဦးက(၈၈)မဂ္ဂါဝပ်ဖြစ်ပြီး၊ စုစုပေါင်း(၄၅၂)မဂ္ဂါဝပ် ထွက်ရှိမယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ပြီးတော့နမ့်ခရေအားလျှပ်စစ်စီမံကိန်းအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှာဘဲ ရှိပါတယ်။(၂၀၀)မဂ္ဂါဝပ် ထွက်ရှိမှာ ဖြစ်ပါတယ်။ အထက်သံလွင် မိုင်းတုံရေအားလျှပ်စစ် စီမံကိန်းမှာ **MOU, MOA** လုပ်ပြီးသားဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးနဲ့ (၇၁၀၀)မဂ္ဂါဝပ် ထွက်ရှိမှာ ဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ပိုင်ခွင့်ရှိတဲ့ ရှမ်းပြည်နယ်အတွင်း အသေးစားရေအားလျှပ်စစ်စက်ရုံများကို ပထမအရင်တုန်းက လွှတ်တော်အစည်းအဝေးမှာ တင်ပြပြီး ဖြစ်ပါတယ်။ သိရှိအောင် ထပ်လောင်းပြီး တင်ပြခြင်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ဆိုရင် တပ်ကြီး ရေအားလျှပ်စစ်စက်ရုံ ရှိတယ်။ ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ လုပ်ကိုင်ခွင့်ဖြစ်ပါတယ်။ အဆိုပါ ရေအားလျှပ်စစ်စက်ရုံကို ပုဂ္ဂလိကငှားရမ်းပြီး ပြင်ဆင်စက်လည်သွားမှာ ဖြစ်ပါတယ်။ လောလောဆယ် စက်ပျက်နေပါတယ်။ ကွန်ဟိန်းရေအားလျှပ်စစ်စက်ရုံကတော့ ပုဂ္ဂလိက ယူထားပြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ နမ့်ခမ်းမာန်အောင် ရေအားလျှပ်စစ်၊ ကွတ်ခိုင်နားမှာ ကောင်းခါးနမ့်မူးငွန်ရေအား လျှပ်စစ်စက်ရုံ၊ ချင်းရွှေဟော်မှာဆိုရင် ပါဂျပ်ဟော်ရေအား လျှပ်စစ် စက်ရုံရှိပါတယ်။ ဟိုပန်တွင် နမ့်ဆောင်ချောင်းရေအား လျှပ်စစ် စက်ရုံ လားရှိုးတွင် နမ့်မျှော်ရေအားလျှပ်စစ်စက်ရုံ၊ ကျောက်မဲတွင် နမ့်စောင်းငေါင်းရေအားလျှပ်စစ်စက်ရုံ ရှိတဲ့အကြောင်း တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ရေအားလျှပ်စစ်စက်ရုံ (၂)ခုရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ(၆)ခု၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်တွင် မယ်ပန်ရေအားလျှပ်စစ်စက်ရုံ၊ ကျိုင်းတုံမှာ နမ့်မုတ်ရေအားလျှပ်စစ်နှင့် နမ့်လတ်ရေအားလျှပ်စစ် စက်ရုံရှိပါတယ်။ အားလုံး(၁၁)ရုံရှိပါတယ်ဆိုတဲ့အကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျာ။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။အစီအစဉ်(၁၄)ဖြစ်ပါတယ်။** ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမ အကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ ၄ ရက်၊ (ကြာသပတေးနေ့)နံနက်(၁၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။





သက်ဆိုင်ရာစက်ရုံများ၏ အချက်အလက်များကို မှတ်တမ်း ဓါတ်ပုံများဖြင့် ဖော်ပြရှင်းလင်းတင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်း အသစ်တည်ဆောက်သည့် ကျောက်မီး သွေးသုံးဓါတ်အားပေးစက်ရုံများ အနေဖြင့် တာချီလိတ်မြို့ရှိ မင်းခေတ်သစ်သတ္တုတူးဖော်ရေးကုမ္ပဏီမှ ရှမ်းပြည်နယ်အစိုးရနှင့် (၂၅-၇-၂၀၁၄)ရက်နေ့မှာ နားလည်မှု စာချွန်လွှာရေးပြီး ဖြစ်ပါတယ်။ (၁၀)မဂ္ဂါဝပ်(၂)လုံးတည်ဆောက်မှာ ဖြစ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။ ကျိုင်းတုံရှိ လျှံဖုန်တမ်ကုမ္ပဏီကနေ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် (၁-၁၀-၂၀၁၃)ရက်နေ့မှာ နားလည်မှုစာချွန်လွှာရေးပြီး ဖြစ်ပါတယ်။ အဲဒါကတော့ (၆၆၀)မဂ္ဂါဝပ် ထည့်ဖို့လိုသွားတာ ဖြစ်ပါတယ်။ အထက် ဘီလူးချောင်းစီမံကိန်းဆိုင်ရာအချက်အလက်များ၊ အမှတ်(၁)ဓါတ်အားပေးစက်ရုံအနေဖြင့် အဲဒီဟာကတော့ အင်းအဝင်၊ အင်းတိမ်နားမှာ ရှိပါတယ်။(၃၀. ၄)မဂ္ဂါဝပ် ရှိပါတယ်ဆိုတဲ့အကြောင်း မှတ်တမ်းဓါတ်ပုံများဖြင့် တင်ပြအပ် ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာန၊ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက် **JP BOT** စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက် သည့် စီမံကိန်းများ ဖြစ်ပါ တယ်။ တည်ဆောက်ဆဲဖြစ်ပါတယ်။ အထက်သံလွင်၊ ကွမ်းလုံရေအားလျှပ်စစ်ဟာ(၁၄၀၀)မဂ္ဂါဝပ်ဖြစ် ပါတယ်။ နောင်ဖရေအားလျှပ်စစ်ဟာ သံလွင်မြစ်ပေါ်မှာ တည်ရှိပြီး (၁၂၀၀)မဂ္ဂါဝပ်ဖြစ်ပါတယ်။ မန့်တောင်း ရေအားလျှပ်စစ်ကတော့ နမ့်မမြစ်ပေါ်တွင် တည်ရှိပြီး (၂၂၅)စက်တပ်စင်အား ဖြစ်ပါတယ်။ ရွှေလီမြစ်ရေအားလျှပ်စစ် စီမံကိန်းကိုလည်း စတင်တည်ဆောက်

## ရှမ်းပြည်နယ်
## ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်
## ဒသမပုံမှန်အစည်းအဝေး (တတိယနေ့)မှတ်တမ်း
## ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၁၁)ရက်
## ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ (၄) ရက်
## [ **ကြာသပတေးနေ့** ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေး ခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမ ပုံမှန် အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး (လွှတ်တော်ရုံး အကြီးအမှူး)က ဆောင်ရွက်ပါသည်။

အခမ်းအနားမှူး။ မကြာမီအချိန်အတွင်း ပထမ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး တတိယနေ့အား ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။





ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့
အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေပုဒ်မ(၄)၊နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ ပေးထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက
ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင် သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့အစည်းအဝေး မတက်ရောက် နိုင်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးဇော်ဇော်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။အားလုံး မင်္ဂလာပါ။**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။



D/real(wide) (1

ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးဇော်ဇော် ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး တတိယနေ့သို့ အကြောင်းအမျိုးမျိုးနဲ့ မတက်ရောက်နိုင်သည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း(၄)ဦးသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့် အတွက် ကင်းလွတ်ခွင့်ပြု ပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုကို ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါသည်-

(၁) ဦးစိုင်းသန်းမောင်၊ ကျောက်မဲဆန္ဒနယ်အမှတ်(၂)၊ နေပြည်တော်သင်တန်း ခွင့်(၂)ရက်

(၂) ဦးမောင်ကျော်(ခ)ဦးထွန်းကျော်၊ နမ့်ဆန် မဲဆန္ဒနယ်အမှတ်(၁)၊ အစည်းအဝေးတက်၊ ခွင့်(၂)ရက်

(၃) ဦးသိန်းထွန်း၊ရွာငံမဲဆန္ဒနယ်၊ကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၂)ရက်

(၄) ဗိုလ်မှူးမျိုးထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ကျန်းမာရေးမကောင်းပါသဖြင့်(၂)ရက်

စုစုပေါင်း (၄)ဦးရှိကြောင်းတင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါသလားခင်ဗျား။ (သုံးကြိမ် တိုင်တိုင် မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။) သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။



D/real(wide) (1



## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။ အားလုံး ထိုင်နိုင် ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး တတိယနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၀)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် စုစုပေါင်းရဲ့(၈၉ ဒသမ ၂၉) ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၀)၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ(၃၄)၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးထ မြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ပုဒ်မ(၃၅)၊ နည်းဥပဒေခွဲ (ဂ)၊ တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။

ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေးတတိယနေ့ကို တက်ရောက်ခွင့် ရှိတဲ့ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယခင် ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ယနေ့ခွင့် ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၅)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ၊ ယခုလွှတ်တော် ကိုယ်စားလှယ် များရဲ့ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး တတိယနေ့ တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။( သုံးကြိမ်တိုင်တိုင် မေးပါသည်၊ လွှတ်တော်က အတည်ပြုပါသည်။)

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို





ရေရရှိနိုင်ပြီး ရေခမ်းခြောက်မှု၊ ရေပြတ်လပ်မှု၊ ရေရရှိမှုအခက် အခဲများ တစ်ကြိမ်တစ်ခါမျှ ကြုံတွေ့ခဲ့ရခြင်းမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ရွှေလီမြစ်ရေဟာ တရုတ်- မြန်မာနယ်စပ် ရွှေလီချိုင့်ဝှမ်းတစ်လျှောက်ရှိ ရေဆိုး၊ ရေညစ်များ စီးဝင်ခြင်း၊ နှစ်နိုင်ငံ အတွင်း၌ တည်ရှိသော စက်ရုံအလုပ်ရုံများ၏ စွန့်ပစ်ဓါတုပစ္စည်းများ ၊ ဥပမာအားဖြင့်- တရုတ်နိုင်ငံဘက်ပိုင်း၊ မန့်မုံကျေးရွာ၊ ရွှေလီမြစ်ကမ်းဘေးနှင့် ကပ်လျက်ရှိတဲ့ စက္ကူစက်ရုံမှ စွန့်ပစ်အက်စစ်ရေများကြောင့် မြစ်အတွင်းမှ ငါးများသေဆုံးမှု မကြာခဏဖြစ်ပွားခြင်း စတဲ့အညစ်အကြေးများရှိခြင်းကြောင့် ရွှေလီမြစ်ရေကို သန့်စင်ပြီး သောက်သုံးရေအဖြစ် ရေပေးဝေရေးကို ပြည်သူများအနေဖြင့် လက်ခံနိုင်ခြင်းမရှိပါ၊ လေ့လာသိရှိ ရသလောက် ဖွံ့ဖြိုးတိုးတက်နေသော တရုတ်နိုင်ငံသည် ရွှေလီမြစ်ရေကို မြို့ရေးပေးဝေရေးအဖြစ် အသုံးပြုကြလာမှာ တွေ့ရှိရ ပါတယ်။ လသာသာကုမ္ပဏီကို မေးကြည့်တော့လည်း မြန်မာတစ်နိုင်ငံလုံးတွင် ဘယ်နေရာရာမှ မလုပ်သေးပါပဲ၊ နမ့်ခမ်းမြို့တွင် ပထမဆုံးအနေဖြင့် ပြုလုပ်ခြင်းဖြစ်သည်ဟု သိရပါတယ်။ အစမ်းသပ်ခံ သဘောမျိုး သက်ရောက်နေသည်ကို တွေ့ရပါတယ်ခင်ဗျား၊ လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား- ရွှေလီမြစ်ရေကို သိုလှောင်ပြီး သောက်သုံးရေး အဖြစ် ရေပေးဝေပြီး ဆောင်ရွက်လာပါက မြစ်ရေတိမ်ကောသွားနိုင်ပြီး သဘာဝ ပတ်ဝန်းကျင်နှင့်ရေအရင်းအမြစ် များပျက်စီးနိုင်ခြင်း၊ လယ်ယာမြေ များရေရရှိမှုကိုထိခိုက်နိုင်ခြင်း၊ ရွှေလီရေအားလျှပ်စစ် စက်ရုံသို့ ရေပေးဝေနိုင်မှုမှ လျော့နည်းလာခြင်းကြောင့် လျှပ်စစ်မီးရရှိနိုင်မှုကို ထိခိုက်စေနိုင်ခြင်း၊ စတဲ့ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- နမ့်ခမ်းမြို့မှာ (၃၀-၁-၂၀၁၄)ရက်နေ့ မူဆယ်မြို့ ဝန်ကြီးချုပ်ခရီးစဉ်၌သော်လည်းကောင်း၊ (၂-၂-၂၀၁၄)

ရက်နေ့၌ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီမှ ဝန်ကြီးချုပ်သို့ လိပ်မူ၍ သော်လည်းကောင်း၊ (၃-၆-၂၀၁၄)ရက်နေ့၌ စီမံကိန်းနှင့်နီးစပ်သော ကျေးရွာသူကျေးရွာသားများ၊ နမ့်ခမ်းမြို့သူ၊ နမ့်ခမ်းမြို့သားများ လက်မှတ်ကောက်ယူ၍ စီမံကိန်းကို ကန့်ကွက်ကြောင်း တင်ပြထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဓါတုပစ္စည်း အညစ်အကြေးများ ပါဝင်လျက်ရှိသော ရွှေလီမြစ်ရေကို သိုလှောင်ပြီး နမ့်ခမ်းမြို့နယ်အတွင်း သောက်သုံးရေပေးဝေရေး စီမံကိန်း ဆောင်ရွက် ရန် လသာသာကုမ္ပဏီ စီစဉ်ဆောင်ရွက်ခြင်းကို ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ပေးမှုကို သိရှိလိုပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းလှဝင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးမေးမြန်းသွားတဲ့ "နမ့်ခမ်းမြို့နယ်တွင် သောက်သုံးရေ လုံလောက်စွာ ရရှိနေသည်ကလည်းကောင်း၊ ဆိုးကျိုးများ ရှိလာနိုင်သည်ဟု ယူဆသောကြောင့်လည်းကောင်း၊ ထို့ကြောင့်ရွှေလီ မြစ်ရေတင်ပြီး နမ့်ခမ်းမြို့နယ်တွင်းသို့ ရေပေးဝေမည့် လသာသာ ရေပေးဝေရေးလုပ်ငန်းကို ပြည်သူများ ကန့်ကွက်နေကြရာ ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်း"နှင့် ပတ်သက်ပြီး ကျွန်တော် ဦးစိုင်းလှဝင်း၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးမှ တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- နမ့်ခမ်းမြို့၊ မြို့နယ်ရေပေးရေးလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်မှုအပြင် ပုဂ္ဂလိက





မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက မေးမြန်းတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရ အဖွဲ့ဝင်များမှ ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦး၊ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော် နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ "နမ့်ခမ်းမြို့နယ်တွင် သောက်သုံးရေလုံလောက်စွာရရှိနေသည်ကလည်းကောင်း၊ ဆိုးကျိုးများ ရှိလာနိုင်သည်ဟု ယူဆသောကြောင့်လည်းကောင်း၊ ထို့ကြောင့်ရွှေလီမြစ်ရေတင်ပြီး နမ့်ခမ်းမြို့နယ်တွင်းသို့ ရေပေးဝေမည့် လသာသာရေပေးဝေရေး လုပ်ငန်းကို ပြည်သူများ ကန့်ကွက်နေကြရာ ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်း" ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လသာသာ ကုမ္ပဏီမှ နမ့်ခမ်းမြို့အတွင်းသို့ ရွှေလီမြစ်ရေအား အသုံးပြုပြီး မြို့တွင်းသောက်သုံးရေပေးဝေရေးစီမံကိန်းပြုလုပ်ဖို့ ရှမ်းပြည်နယ် အစိုးရထံတင်ပြ၍ ခွင့်ပြုချက် တောင်းခံနေတယ်လို့ သိရှိရပါတယ်။ နမ့်ခမ်းမြို့နယ်အတွင်းမှာ ရှေးယခင်ကတည်းက သောက်သုံးရေများ လွယ်ကူစွာရရှိနိုင်ပါတယ်။ မြေအောက်သို့(၁၀)ပေခန့် တူးဖော်လျှင်

အသေးစားရေပေးရေးလုပ်ငန်း(၆)ခုတို့မှလည်း ပါဝင်ဆောင်ရွက်လျက်ရှိရာ အိမ်သွယ်ရေတိုင် (၂၃၂၃)တိုင်၊ အများသုံးရေတိုင်(၆)ခု၊ အများသုံးရေကန်(၄)ကန်တို့ရှိပြီး မြို့နေလူထု၏ ကိုယ်ပိုင်တွင်းတိမ်ရေတွင်း (၁၈၆၆)တွင်း၊ တွင်းနက်ရေတွင်း (၈၈)တွင်းတို့မှရေကို လူဦးရေ(၁၀၃၄၃)တို့မှ ရယူသုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။

နမ့်ခမ်းမြို့၊ မြို့ရေပေးရေး ပိုမိုစနစ်တကျရှိစေရေး၊ နွေရာသီတွင် ရေပြတ်လပ်မှုမရှိစေရေးတို့အတွက် လသာသာ ကုမ္ပဏီလီမိတက်မှ ရေပေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးကို နမ့်ခမ်းမြို့နယ်၊ စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး ကော်မတီတို့၏ ညှိနှိုင်း ဆွေးနွေး ဆုံးဖြတ်နှင့်အတူ တင်ပြလာသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှလည်း မူအားဖြင့် သဘောတူခဲ့ပြီး ဖြစ်ပါသည်။

ဒါ့ပေမယ့်လည်း လသာသာကုမ္ပဏီလီမိတက်မှ နမ့်ခမ်းမြို့ ရေပေးရေးလုပ်ငန်း ဆောင်ရွက်မည့်ကိစ္စကို ဒေသခံပြည်သူများက သဘောတူညီမှုမရှိကြောင်း သိရှိရပါတယ်။ ယင်းစီမံကိန်းကို ရပ်ဆိုင်းထားစေလိုကြောင်း လည်းသိရှိရပါတယ်။ သို့ပါ၍ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်မှုမပြုဘဲ လက်ရှိ မြို့နယ်စည်ပင် သာယာရေးကော်မတီ၏ မူလရေပေးရေး လုပ်ငန်းများကိုသာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား- ယနေ့ခေတ်ကာလမှာ နိုင်ငံတော်၏ မူဝါဒအရ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူကိုဗဟိုပြု၍ ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်လျက်ရှိတာနှင့်အညီ နမ့်ခမ်းမြို့၊ ပုဂ္ဂလိကရေပေးရေး လုပ်ငန်းအား ရှမ်းပြည်နယ်





နေသလို ကျိုင်းတုံမြို့မှာရှိတဲ့ ကုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသည် လျှပ်စစ်မီး ရရှိနေတာဟာ အချိန်အကန့်အသတ်ဖြင့် ရရှိနေလျက်ရှိပါတယ်။ ဒါ့ကြောင့် ညအချိန်အခါမှာ မမျှော်မှန်းနိုင်တဲ့ အရေးပေါ်လူနာတွေ ရောက်ရှိလာတဲ့အခါမှာ လျှပ်စစ်မီးမရှိသည့် အတွက် အဲဒီလူနာကို အချိန်မီ ဆေးဝါးကုသပေးရန် အခက်အခဲ များစွာရှိနေကြောင်း သတင်းရရှိထားပါတယ်။ သွားရောက်စုံစမ်း သည့် အခါမှာလည်း ဒီအတိုင်း ဖြစ်နေတာကို တွေ့ရတဲ့အတွက် လူထုတွေတော့ အေအုပ်စုဘီအုပ်စုဆိုပြီး မနက်တစ်ကြိမ်၊ ညတစ်ကြိမ် လျှပ်စစ်မီးပေးတာ အဆင်ပြေနေပေမယ့် အချိန်မရွေး ရောက်ရှိလာတဲ့ လူနာတွေကုသဖို့ဆိုရင် ကျိုင်းတုံမြို့ရှိ ကုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအား (၂၄)နာရီ အချိန်ပြည့် လျှပ်စစ်မီး ရရှိနေမှသာ အဆင်ပြေမယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့် ကျိုင်းတုံမြို့၊ ပြည်သူ့ဆေးရုံကြီးကို (၂၄)နာရီ အချိန်ပြည့်လျှပ်စစ်မီး ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိကို မေးမြန်း တင်ပြရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားဖာ၏ “ ကျိုင်းတုံမြို့ရှိ ကုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးအား (၂၄)နာရီအချိန်ပြည့် လျှပ်စစ်မီးရရှိနိုင်အောင် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ” သိရှိလိုသည့် မေးခွန်းကို ပတ်သက်ပြီး ကျွန်တော် ဦးစိုင်းထွန်းရင်၊ ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ကျိုင်းတုံ စွမ်းအင်ကုမ္ပဏီအား (၁-၄-၂၀၁၄)ရက်နေ့မှစ၍ ခါတ်အား

ထုတ်လုပ်/ဖြန့်ဖြူးပေးစေလျက်ရှိပြီး ကုမ္ပဏီအနေဖြင့် အစဉ်တစ်စိုက်ဆောင်ရွက်လျက်ရှိရာတွင် ကျိုင်းတုံခွဲရုံ၌ 33/11KV,2.5MVA Transformer အသစ်တိုးချဲ့၍ တပ်ဆင်ပြီး၊11KV Feeder အသစ်(၂)ခု အား တိုးချဲ့၍ တည်ဆောက်ခဲ့ပါကြောင်း၊ ကျိုင်းတုံမြို့ ကုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးအား (၁-၈-၂၀၁၄) ရက်နေ့မှစ၍ 11KV ဆေးရုံကြီး Feeder လိုင်းအသစ်ဖြင့် ဓါတ်အားဖြန့်ဖြူးပေးထားခဲ့ပါကြောင်း၊ အကြောင်း အမျိုးမျိုးကြောင့် လိုင်းအပြစ် ဖြစ်ချိန်မျိုးနှင့်လိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ချိန် ခေတ္တဓါတ်အားပိတ်မှုမျိုးမှအပ ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးကို (၂၄)နာရီ ဓါတ်အားပြည့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမုန့် မှ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးမှာ ပြည်သူများအမှန်တကယ်လိုအပ်ပြီးတော့ ပြည်သူတို့၏လိုအင်ဆန္ဒ ရှိသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်မှာ မြန်မာ့လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ ဒီဇယ်၊ အင်ဂျင်စက်ဖြင့် (၁)ည(၃)နာရီ မီးလင်းပေးလျက် ရှိပါတယ်။ သို့သော်ကျန်သည့်ပြည်သူများကို (၂၄)နာရီ





အစိုးရအဖွဲ့ အနေဖြင့် မူအားဖြင့် သဘောတူပြီး ဖြစ်သော်လည်း စီမံကိန်းကို ဆက်လက် ဆောင်ရွက်မည်၊ ဒါမှမဟုတ် ဆောင်ရွက်ခြင်းမပြုခြင်းများကို နမ့်ခမ်းမြို့နယ်၏ ပြည်သူ့အဖွဲ့အစည်းများဖြစ်သည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့နှင့် ပြည်သူများ၏ သဘောထားညှိနှိုင်းဆုံးဖြတ်၍ ဆောင်ရွက်သွားသာ ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအားဖာ၏ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ " ကျိုင်းတုံမြို့၊ ကုတင်(၂၀၀)ဆံ့ ပြည်သူ့ ဆေးရုံကြီးအား (၂၄)နာရီအချိန်ပြည့် လျှပ်စစ်မီးရရှိနိုင်အောင် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံမြို့ဝန်းကျင်မှာ ကျိုင်းတုံစွမ်းအင် ကုမ္ပဏီမှ တာဝန်ယူ ဖြန့်ဖြူးပေးလျက်ရှိတဲ့နေရာမှာ ကျိုင်းတုံမြို့ပေါ်ကို အေအုပ်စုနှင့်ဘီအုပ်စု ဆိုပြီး (၂)ပိုင်းခွဲပြီး မနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့(၂)ကြိမ်စီ အချိန်အကန့်အသတ်ဖြင့် လျှပ်စစ်မီးပေးနေပါတယ်။ ထို့အတူပဲ များမကြာခင် (၂၄)နာရီအချိန်ပြည့် လျှပ်စစ်မီးမရှိတော့ဘဲ ကုမ္ပဏီဘက်မှဦးစားပေးဆောင်ရွက်နေပါတယ်လို့ လေ့လာသိရှိရပါတယ်။ ပြည်သူလူထုတွေကို အေအုပ်စုနှင့်ဘီအုပ်စု အချိန်အကန့်အသတ်ဖြင့် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် လျှပ်စစ်မီးပေး

လျှပ်စစ်မီးရရှိရေးအတွက် စိတ်ဆန္ဒပြင်းပြလျက်ရှိနေသည့်အပြင် လျှပ်စစ်မီး(၂၄)နာရီ ရရှိပါက စက်မှုလက်မှု လုပ်ငန်းများ တိုးတက်ထွန်းကားလာမည် ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်တွင် ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် မိုင်းခတ်မြို့နယ်နှင့် (၉)မိုင်ခန့်ကွာဝေးသော၊ ကျိုင်းခေါင်၊ ကျောင်းဟိုး၊ ၁၉၉၆ ခုနှစ်တွင်မြန်မာ့လျှပ်စစ်ဓါတ်အားလုပ်ငန်း(ရုံးချုပ်)မှ လည်းကောင်း၊ (၇-၈-၂၀၀၉)ခုနှစ်တွင် ပညာရှင်များပါဝင်သော ကန်လုံ ကုမ္ပဏီမှ လည်းကောင်းလာရောက်တိုင်းတာတွက်ချက်ပြီး (၆၅၀)ကီလိုဝပ်ထွက်ရှိနိုင်မည်ကိုလည်းကောင်း၊ မိုင်းခတ်မြို့နှင့် (၆)မိုင်ခန့်ကွာဝေးသော မိုင်းနူန်းကျေးရွာအုပ်စု၊ တပ်မိုင်ရွာဟောင်း၊ နမ့်နူန်းချောင်းတွင် (၇-၁၂-၂၀၀၉)ရက်နေ့တွင် ပညာရှင်များ ပါဝင်သော ကန်လုံကုမ္ပဏီမှ လာရောက်တိုင်းတာတွက်ချက်ပြီး လျှပ်စစ် ဓါတ်အား(၂၅၀)ကီလိုဝပ် ထွက်ရှိမည်ဟုလည်းကောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ မိုင်းခတ်မြို့နယ်တွင် လျှပ်စစ်မီး (၂၄)နာရီရရှိရေး ကျိုင်းခေါင်ကျေးရွာနှင့် မိုင်းနူန်း(တပ်မိုင်ကျေးရွာ) တွင် ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံ (၁)ရုံ တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို၍ မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမုန့်၏ “ မိုင်းခတ်မြို့နယ် လျှပ်စစ်မီး(၂၄)နာရီ ရရှိရေးအတွက် ကျိုင်းခေါင်(သို့မဟုတ်)မိုင်းနူန်း(တပ်မိုင်)တွင် ရေအားလျှပ်စစ်ဓါတ်အားပေးစက်ရုံ(၁)ခုကို တည်ဆောက်ရန်





ပြည်သူများအမှန် တကယ်လိုအပ်နေသော ပြည်သူတို့၏ ဆန္ဒတစ်ခုကို တင်ပြမေးမြန်း သွားမှာ ဖြစ်ပါတယ်။ မိုင်းခတ်မြို့နယ်၊ မိုင်းညှင်းကျေးရွာအုပ်စုသည် မိုင်းခတ်မြို့နှင့် (၂၂)မိုင်ကွာဝေးသော ဒေသဖြစ်ပါတယ် မိုင်းခတ်မြို့ နှင့်ဆက်သွယ်ထားသော နွေရာသီ သာ သွားလာနိုင်သည့် မြေသားလမ်းတစ်ခုဖြစ်ပြီး၊ ရပ်ကွက်/ကျေးရွာ အုပ်စု(၁၈)ခုရှိသည့်အနက် မိုင်းညှင်းဒေသတွင် ကျေးရွာအုပ်စု (၆)ခုသာရှိပြီး လူဦးရေပေါင်း (၆၀၀၀)ခန့် ဆက်သွယ်သွားလာ နိုင်သော လမ်းဖြစ်ပါတယ်။ မိုးရာသီတွင် ကားများမသွားလာနိုင်ပါ၊ ထိုသို့ ကားများမသွား လာနိုင်သည့် မိုးရာသီတွင် ပိုပြီး ဈေးနှုန်းများ ဈေးကြီး၍ ပေးရလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မိုင်းခတ်-မိုင်းညှင်း ကားလမ်းအား ရာသီမရွေး သွားလာနိုင်သော ကားလမ်းအဖြစ် အဆင့်မြှင့်တင် ပေးသင့်ပါသည်။ ယခုနှစ်ကုန်အထိမှာ မိုင်းခတ်မှ (၂၂)မိုင်ဝေးသော မိုင်းညှင်းကားလမ်းအား ရာသီမရွေးသွားလာ နိုင်သော ကားလမ်းအဖြစ် အဆင့်မြှင့်တင် ပေးနိုင်/မပေးနိုင်နှင့် အဆင့် မြှင့်တင်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် အဆင့်မြှင့်တင် ပေးမည်ကို သိရှိလိုပါ၍ မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးယာကုပ် မေးမြန်းထားသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။



D/real(wide) (1

မိုင်းခတ်မြို့နယ်မှ (၂၂)မိုင်ကွာဝေးသော မိုင်းညှင်းကျေးရွာအုပ်စုကို ဆက်သွယ်သော မိုင်းခတ်-ပင်းကွေ့- ဖာလိုင်းလမ်းသည် ကျိုင်းတုံ-မိုင်းခတ် လမ်းမကြီးနှင့်ဆက်သွယ်နိုင်သော လမ်း(၁)လမ်း ဖြစ်ပြီး မိုင်းခတ်-ပင်ကွေ့ လမ်းပိုင်းအရှည်(၄)မိုင်မှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းပိုင် လမ်းဖြစ်ပါသည်။

ပင်ကွေ့-ဖာလိုင်းလမ်းပိုင်းအရှည် (၁၈)မိုင်မှာ မြေသားလမ်း ဖြစ်ပြီး ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်(၂၃. ၂၇၄)သန်းဖြင့် ကတ္တရာလမ်း(၀/၂. ၆)မိုင် အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ပင်ကွေ့-ဖာလိုင်လမ်းပိုင်း အရှည်(၁၈)မိုင်အနက် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ကတ္တရာလမ်း (၁)မိုင်ခန့်မှန်းကုန်ကျငွေကျပ်(၉၂. ၇၂)သန်း၊ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း(၄)မိုင် ခန့်မှန်းကုန်ကျငွေ ကျပ်(၃၇၀. ၈၈)သန်းတို့အား ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက် ထားရှိပြီး ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြ သော ပင်ကွေ့- ဖာလိုင်းလမ်းအရှည်(၁၈/၀)မိုင်အား ကတ္တရာလမ်း အဖြစ် ဆောင်ရွက်မည်ဖြစ်ပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၆၆၈. ၉၆) သန်းခန့် ကုန်ကျမည်ဖြစ်ပြီး ဘဏ္ဍာရေးနှစ်အလိုက်၊ လမ်းပိုင်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး အတွက် ခွင့်ပြုရန်ပုံငွေ ရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ တင်ပြ၍ ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ် ပါသည်။





အစီအစဉ် ရှိ/မရှိ” သိရှိလိုသည့် မေးခွန်းကို ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ်အစိုးရအဖွဲ့တွင် ပြည်နယ်လျှပ်စစ် နှင့်စက်မှု လက်မှုဝန်ကြီး၊ ဦးစိုင်းထွန်းရင်မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မိုင်းဆတ်မြို့၏ အနောက်ဘက်(၆)မိုင်ခန့်အကွာ မိုင်းနွှန်း ကျေးရွာအုပ်စု၊ တပ်မိုင်ကျေးရွာအနီးရှိ နမ့်နွှန်းရေအားလျှပ်စစ် စက်ရုံတည်ဆောက်ရေးလုပ်ငန်းသည် ၂၀၀၉ ခုနှစ်တွင် ကန်လုံ ကုမ္ပဏီမှ တိုင်းတာတွက်ချက်ခဲ့သည့် လုပ်ငန်းများဖြစ်ကြောင်း သိရှိ ရပြီး၊ မိမိတို့၏ဝန်ကြီးဌာန အနေဖြင့် တိုင်းတာမှုမပြုရသေးသည့် လုပ်ငန်းသာ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လိုအပ်သည့် ရေအားလျှပ်စစ် ဆိုင်ရာအချက်အလက်များရရှိရေး စူးစမ်း တိုင်းထွာမှုပြုနိုင်ရန် သက်ဆိုင်ရာရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဌာနမှ ဆောင်ရွက်နိုင်ရေး ဆက်လက်၍ တင်ပြ ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း လေးစားစွာ တင်ပြ အပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးယာကုပ် မှ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးယာကုပ်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များ၊ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းကြပါ စေကြောင်း ပဏာမဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော် ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးယာကုပ် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ

## ၂၂၉

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုးမိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းဆန်ကွယ် က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းဆန်ကွယ်၊ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)။ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်စိတ်နှစ်ပါးရွှင်လန်းကြပါစေကြောင်း ပဏာမဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးမိတ် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်ရှိ ကျေးရွာ(၁၆)ရွာတွင် ဆိုလာမီးများ ရရှိနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- မိုးမိတ်မြို့နယ်ပတ်ဝန်းကျင်ရှိ ကျေးရွာငယ်များ ဖြစ်သော ပြောင်းပြန်ရွာ၊ ပုန်းထွန်ရွာ၊ သရက်တောရွာ၊ ကင့်နွယ်ရွာ၊ သဲကြီးကုန်းရွာ၊ ကွမ်းတောအင်းရွာ၊ ညောင်နီရွာ၊ သရက်ချိုရွာ၊စင့်ကင်ရွာ၊ ပင်ရှားစေးရွာ၊ ပူလားအင်းရွာ၊ ဘုရားကုန်းရွာ၊ လွယ်ဝိန်းရွာ၊ ဆည်ဦးရွာ၊ တောင်တော်ရွာ၊ မိုင်းနင်းရွာ စသည့် ကျေးရွာငယ်များ(၁၆)ရွာ၊ အိမ်ခြေ(၉၆၀)ခန့်ရှိပြီး ပတ်ဝန်းကျင်ရှိ ကျေးရွာ ငယ်များ ဖြစ်ပါသည်။ သို့ပါ၍ ဆင်းရဲနွမ်းပါးသော ကျေးရွာငယ်များဖြစ်၍ မီးပေးရန် မီးစက်လည်းမရှိပါသဖြင့် အမှောင်ထဲတွင် နေနေရပါသည်။ ၎င်းကျေးရွာငယ်များအား ဆိုလာမီးများပေးရန် အမှန်တကယ်လိုအပ် နေပါသည်။ သို့ဖြစ်ပါ၍





## ၂၃၁

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် လွှတ်တော်နဝမပုံမှန်အစည်းအဝေး (တတိယနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သောရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းပြီး ဥပဒေမူကြမ်းပါ ဖော်ပြချက်နှင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်အကြံပြုချက်များအား (၁)ခုချင်း လွှတ်တော်ရဲ့ ဆန္ဒကို ရယူသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)အပေါ် ဥပဒေပြုရေးဆိုင်ရာကော်မတီ ပြင်ဆင် အကြံပြုချက်ဇယားဖြစ်ပါတယ်၊ ဒီနေရာမှာ အမှတ်စဉ်ကို ဖော်ပြပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်-

အမှတ်စဉ်(၁)။ ဥပဒေအမည်အောက်ရှိ ခုနှစ်၊ သက္ကရာဇ် ဖော်ပြချက် ၁၃၇၅ ခုနှစ်၊၂၀၁၃ခုနှစ် အစား “ ၁၃၇၆ခုနှစ်၊ ၂၀၁၄ ခုနှစ် ” ဟု ပြင်ဆင် ဖော်ပြရပါမည်။ ဥပဒေအဖွင့် စကားချီးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မများကို ဖော်ပြရေးသားရန် မလိုအပ်ဘဲ “ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်” ဟုရေးသားရပါမည်။



D/real(wide) (1

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ် လို့ပြောပါ၊ မတူရင်မတူဘူး ဟုပြောပါ။

(သဘောတူပါသလားခင်ဗျား-) -သုံးကြိမ် တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်) - သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့ အတွက် ယင်းသည်ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၂)။ ပုဒ်မ ၂ (စ) တွင် - ကုန်တင်ကုန်ချလုပ်ငန်း ဆိုသည်မှာ ------ (မီးရထားဘူတာရုံ၊အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်နှင့် )ဟူသောစကားရပ်များအစား“မီးရထား ဘူတာရုံ၊ကားကြီးကွင်း၊ ကားဂိတ်၊ စက်လှေဆိပ်၊ ပွဲရုံနှင့် ” ---- ဟူ၍ ဖြည့်စွက် ဖော်ပြသင့်ပါသည်။ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ ပြောပါ၊မတူရင်မတူဘူးဟုပြောပါ။

လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာ ကော်မတီမှပြင်ဆင် ထားသည့် နေရာမှာ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ် ဆိုတဲ့ နေရာများမှာ ကားကြီးကွင်း၊ ကား



D/real(wide) (1



ဆင်းရဲနွမ်းပါးသော ကျေးရွာငယ်များ(၁၆)ရွာ၊ အိမ်ခြေပေါင်း (၉၆၀)အိမ်အား ဆိုလာမီးများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ မိုင်းမိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဆန်ကွယ် မေးမြန်းထားသည့် မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

မိုးမိတ်မြို့နယ်ပတ်ဝန်းကျင်ရှိ ကျေးရွာငယ်များဖြစ်သော ပြောင်းပြန်ရွာ၊ ပုန်းထွန်ရွာ၊ သရက်တောရွာ၊ ကင့်နွယ်ရွာ၊ သဲကြီးကုန်းရွာ၊ ကွမ်းတောအင်းရွာ၊ ညောင်နီရွာ၊ သရက်ချို့ရွာ၊ စင့်ကင်ရွာ၊ ပင်ရှားစေးရွာ၊ ပူလားအင်းရွာ၊ ဘုရားကုန်းရွာ၊ လွယ်ဝိန်းရွာ၊ ဆည်ဦးရွာ၊ တောင်တော်ရွာ၊ မိုင်းနင်းရွာ စသည့် ကျေးရွာ(၁၆)ရွာရှိ အိမ်ခြေ(၉၅၆)အိမ်အား ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် (၂၈၆. ၈၀)သန်းခန့် ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်မှ အဆိုပြုတင်ပြသော မိုးမိတ်မြို့နယ်ပတ်ဝန်းကျင်ရှိ ကျေးရွာ(၁၆)ရွာတွင် ဆိုလာစနစ်ဖြင့် မီးလင်းရေးလုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ခန့်မှန်း ကုန်ကျစရိတ်ငွေကျပ်(၂၈၆. ၈၀)သန်းအား ရန်ပုံငွေရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဘဏ္ဍာရေးနှစ်အလိုက် အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြား အပ်ပါတယ်။

ဂိတ်၊ စက်လှေဆိပ်၊ ပွဲရုံနှင့်ဟူ၍ ပြန်လည် ပြင်ဆင်ထားသော်ငြား လည်း ကားကြီးကွင်း ဆိုတဲ့နေရာမှာ အဝေး ပြေးယာဉ်ရပ် နားစခန်း လို့ သုံးမယ်ဆိုလျှင် ပိုပြီး သင့်တော်ပါ တယ်။ ကားကြီးကွင်းဆိုတဲ့နေရာမှာ ကုန်စည်ပို့ဆောင်သည့် ကားကြီး များကို ဆိုလို တာဖြစ်ပါတယ်။ အဝေးပြေးယာဉ် ရပ်နားစခန်းသည် ကုန်တင် ကားကြီးများ၊ အဝေး ပြေးခရီးသည် ပို့ဆောင် ရေးယာဉ် များမှာ ပါရှိနေသည့် အတွက် အဝေးပြေး ယာဉ်ရပ်နားစခန်း လို့သုံး မယ်ဆိုရင်ပိုမို သင့်တော်ကြောင်း ဖြည့် စွက်တင်ပြအပ်ပါ တယ်။





သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)-

သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူမရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့ အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၄)။ ပုဒ်မ ၄ (စ) တွင် -မှတ်ပုံ(တင်ဝင်) ကုန်တင် ကုန်ချအလုပ်သမားဟူ၍ ဖော်ပြထားခြင်း မှာ ပုဒ်မ၂ (ဠ) စကားရပ်အဓိပ္ပါယ်နှင့် ညီညွတ်စေရန် မှတ်ပုံ “ဝင်” ကုန်တင် ကုန်ချ အလုပ်သမားဟုပြင်ဆင်ရပါမည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟု ပြောပါ။

(သဘောတူပါသလားခင်ဗျား-)-

သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)-

သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့

အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၅)။ ပုဒ်မ ၇ တွင် -------- လစ်လပ်ပါက ရက်ပေါင်း (၆၀)အတွင်းခန့် ထားရမည်



D/real(wide) (1

ဟူသည့်စာသားအစား " ရက်ပေါင်း (၆၀) အတွင်းခန့်ထားရန်ဆောင်ရွက် ရမည် " ဟုပြင်ဆင်ဖော်ပြသင့်ပါသည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟု ပြောပါ။

(သဘောတူပါသလားခင်ဗျား-) - သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)- သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၆)။ ပုဒ်မ ၈(ခ) တတိယစာကြောင်း၌ (ကန့်ကွက်ချက်) ဟုရေးသားချက်ကို "ကန့်ကွက်ခြင်း"ဟုပြင်ဆင်ရပါမည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူး ဟု ပြောပါ။(သဘောတူပါသလားခင်ဗျား-)- သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)- သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။



D/real(wide) (1



ဥက္ကဋ္ဌ။ အဆိုပါပြင်ဆင်ချက်ကိုလွှတ်တော်မှသဘောတူပါသလား- သုံးကြိမ်တိုင်တိုင် မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)- သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ လွှတ်တော်မှသဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၃)။ ပုဒ်မ ၂ (ဈ၊ ည)တို့တွင် - ကုန်တင်ကုန်ချကော်မတီ၊ ကုန်တင်ကုန်ချကော်မတီရုံးဟု သာဖော်ပြထားပြီး အလားတူ စကားရပ်များကို စာမျက်နှာ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊၁၂နှင့် ၁၃ တို့တွင်လည်း ရေးသားဖော်ပြထားရှိချက်များ၌ (လုပ်ငန်း) ဟူသောစာသား ကျန်ရှိနေခဲ့သည်ကိုများစွာတွေ့ရှိရပါသည်။ သို့ဖြစ်၍ "ကုန်တင်ကုန်ချလုပ်ငန်းကော်မတီ၊ကုန်တင်ကုန်ချလုပ်ငန်းကော်မတီရုံး" ဟူ၍ဖော်ပြပါ စာမျက်နှာများတွင် ဖြည့်စွက်ပြင်ဆင်ရေးသားရန်လိုအပ်ပါသည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟု ပြောပါ။

(သဘောတူပါသလားခင်ဗျား-)-

အမှတ်စဉ်(၇)။ ပုဒ်မ ၈(ည) ဖော်ပြပါ (လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး) အစား "လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး" ဟုပြင်ဆင် ပါကဆက်လက်ရေးသား ထားသည့် " မဖြစ် ပွားစေရေးတို့အတွက် စနစ်တကျ ဆောင်ရွက်စေခြင်း" ဆိုသည့် စကားနှင့် ညီညွတ်ပါမည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟု ပြောပါ။(သဘောတူပါသလားခင်ဗျား-)

- သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)-

သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့ အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၈)။ ပုဒ်မ ၉(ခ) မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သ(များ) ဟုဖော်ပြချက်မှ (၂) ကိုဖြုတ်ပြီး" အလုပ်သမား " ဟု ပြင်ရေး ရပါမည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟု ပြောပါ။

(သဘောတူပါသလားခင်ဗျား-) -

သုံးကြိမ်တိုင်တိုင်မေးပါသည်။





ပြောပါ။(သဘောတူပါသလားခင်ဗျား-)

- သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)-

သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူမရှိသည့်အတွက် ယင်းပြင် ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၁၁)။ ပုဒ်မ ၉(စ) ပုဒ်မခွဲ၏ ဒုတိယစာကြောင်းတွင် (ဥက္ကဋ္ဌမှတာဝန်ယူရေးဆွဲ ပြည်နယ် ကုန်တင်ကုန်ချ)အစား " ဥက္ကဋ္ဌမှ တာဝန်ယူရေးဆွဲပြီး ပြည်နယ် ကုန်တင်ကုန်ချ"ဟု (ပြီး) ဟူသောစာလုံး ကိုဖြည့်စွက်သင့်ပါသည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊မ တူရင်မတူဘူးဟု ပြောပါ။(သဘောတူပါသလားခင်ဗျား-)

- သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)-

သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၁၂)။ ပုဒ်မ-၁၇၌ ပုဒ်မ ၁၆ အရ ဟူသော စာသားအစား "အထက်ပါပုဒ်မ ၁၆ အရ



D/real(wide) (1

” ဟူ၍ ဖော်ပြသင့်ပါသည်။
ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊မတူရင် မတူဘူးဟု ပြောပါ။(သဘောတူပါသလားခင်ဗျား-) - သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)- သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၁၃)။ ပုဒ်မ ၂၀ ဒုတိယစာကြောင်း၌ (မှတ်ပုံတင်ကုန်တင်ကုန်ချ) အစား မှတ်ပုံ“ဝင်”ကုန်တင်ကုန်ချဟုပြင်ဆင်ရပါမည်။
ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊မတူရင် မတူဘူးဟု ပြောပါ။
(သဘောတူပါသလားခင်ဗျား-)- သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)- သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။



D/real(wide) (1



လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)- သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၉)။ ပုဒ်မ ၉(ဂ) ပထမစာကြောင်းတွင် အများဆုံးသတ်မှတ်(ချက်)အစား အများဆုံးသတ်မှတ်“ခြင်း” ဟုပြင်ရပါမည်။
ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟု ပြောပါ။
(သဘောတူပါသလားခင်ဗျား-) - သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)- သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၁၀)။ ပုဒ်မ ၉(ဃ) ပုဒ်မခွဲ ၏ဆဋ္ဌမစာကြောင်းပါ (ပြန်လည်ခွင့်ပြုတင်ပြချက်ရယူပြီး) အစား “ ပြန်လည်တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ” ဟုပြင်ဆင်ရပါမည်။
ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟု

အမှတ်စဉ်(၁၄)။ (ပုဒ်မ ၂၃ ပါ) ဟူသော စာသားအစား
“ အထက်ပါပုဒ်မ ၂၃ ၏”ဖော်ပြသင့်ပါ
သည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင်တူ
တယ်လို့ ပြောပါ၊မတူရင်မတူဘူးဟု
ပြောပါ။

(သဘောတူပါသလားခင်ဗျား-) -
သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)-
သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဉက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၁၅)။ ပုဒ်မ ၂၅ ပထမစာကြောင်းရှိ( အန္တရာယ်
ရှိ မီးလောင်ပေါက်ကွဲ လွယ်သော )
အစား-“ အသက်၊ ခန္ဓာကိုယ်နှင့်
အခြားဘေးအန္တရာယ်ဖြစ်စေနိုင်သည့်
မီးလောင် ပေါက်ကွဲ လွယ်သော” ဟု
ဖြည့်စွက်ပြင်ဆင် သင့်ပါသည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင်တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟုပြောပါ။

(သဘောတူပါသလားခင်ဗျား-) -
သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)-



D/real(wide) (1



တူတယ်လို့ပြောပါ ၊မတူရင်မတူဘူးဟု
ပြောပါ။(သဘောတူပါသလားခင်ဗျား-)
- သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)-
သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဉက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် ယင်းပြင်ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ<br>ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)<br>တစ်ရပ်လုံးကို အတည်ပြုပေးရန်<br>အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏<br>အဆုံးအဖြတ်ရယူခြင်း။

ဉက္ကဋ္ဌ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ နဝမပုံမှန်အစည်းအဝေး (တတိယနေ့)မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေ(မူကြမ်း) တစ်ရပ်လုံး အတည်ပြုနိုင်ရန်အတွက် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးမှ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာမျိုးထွန်း။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် နဝမအကြိမ်အစည်းအဝေး(တတိယနေ့)မှာ ရှမ်းပြည်နယ်ကုန်တင် ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)ကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ပါရန် လုပ်ထုံးလုပ်နည်း များနှင့် အညီ ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့တင်ပြပြီး ဖြစ်ပါသည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး(တတိယနေ့)မှာလည်း ဥပဒေပြု ရေးကော်မတီမှ ပြန်လည် ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်များကို လွှတ်တော် ကိုယ်စားလှယ်များက အတည်ပြုပြီး ဖြစ်သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရှမ်းပြည်နယ် ကုန်တင် ကုန်ချလုပ်ငန်း ဥပဒေအား အတည်ပြု ပေးနိုင်ပါရန် ရှမ်းပြည်နယ် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ (မူကြမ်း)မှာ ဖော်ပြချက်နှင့် ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ ပြင်ဆင်အကြံပြုချက်များကို တစ်ခုချင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး အတည်ပြုပြီး သည့်အတွက် ယခုရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၁၄၄)၊ ပုဒ်မခွဲ(က)အရ ဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ သွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရှမ်းပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်းဥပဒေ(မူကြမ်း)တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုရန် သဘောတူပါ သလားခင်ဗျား- (သုံးကြိမ်တိုင်တိုင်မေးပါသည်။)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။- (သုံးကြိမ်တိုင်တိုင်ဖြေပါသည်။)

ဥက္ကဋ္ဌ။ သဘောတူညီတဲ့အတွက် ရှမ်းပြည်နယ်ကုန်တင် ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)အား ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏"ရှမ်းပြည်နယ်တွင် တိုင်းရင်းသားများစွာနေထိုင်ပြီး လူမျိုးတစ်မျိုးနှင့်တစ်မျိုး နေရာ





သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူမရှိသည့်အတွက် ယင်းပြင် ဆင်ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၁၆)။ ပုဒ်မ ၂၉ ၏ပထမစာကြောင်းရှိ (ပုဒ်မ ၂၈ ဖော်ပြပါ) အစား " အထက်ပါ ပုဒ်မ ၂၈ ၌ ဖော်ပြပါဟု" ပြင်ဆင်သင့်ပါသည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင် တူတယ်လို့ပြောပါ၊ မတူရင်မတူဘူးဟု ပြောပါ။

(သဘောတူပါသလားခင်ဗျား-) - သုံးကြိမ်တိုင်တိုင်မေးပါသည်။

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်)- သုံးကြိမ်တိုင်တိုင်ဖြေပါသည်။

ဥက္ကဋ္ဌ။ သဘောမတူသူမရှိသည့်အတွက် ယင်းပြင်ဆင် ချက်သည် ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် ယင်းသည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း ကြေညာအပ်ပါတယ်။

အမှတ်စဉ်(၁၇)။ ပုဒ်မ ၃၁ (ခ) ၏ ဒုတိယစာကြောင်းရှိ (သက်သောချောင်ချိရေး)နှင့် ပုဒ်မအဆုံးသတ်၌(အလွဲသုံးစားပြုခြင်း) ဟုဖော်ပြချက် များတွင် သက် " သာ " နှင့် အ "လွဲ" သုံးစားဟူ၍ စက်ရိုက်အမှားအဖြစ် ပါရှိနေသော(ေ)နှင့်( ု )တို့ကိုပယ်ဖျက် ရန်လိုအပ်ပါသည်။

ယင်းပြင်ဆင်ချက်ကို သဘောတူရင်

တစ်နေရာနှင့်တစ်နေရာ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများ မတူညီဘဲကွဲပြားနေပြီး ထူးခြားသည့် ပြည်နယ်ဖြစ်ပါသည်။ ထိုသို့သော ဓလေ့ထုံးစံများအကြားတွင် လက်ထပ်ထိမ်းမြားခြင်းနှင့်သက်ဆိုင်သောကိစ္စများ၊ ဘိုးဘွားများပိုင်မြေများ၊ အမွေကိစ္စများ များစွာရှိပါသည်။ ထို့ကြောင့် ရှမ်းလူမျိုးနှင့် ရှမ်းပြည်နယ်တွင် နေထိုင်သော တိုင်းရင်းသားများ ဓလေ့ထုံးတမ်း ဆိုင်ရာ ဥပဒေတစ်ခု ပြုစုပေးနိုင်ပါရန်” အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးဖို့ အမည်စာရင်း ပေးသွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိပါဘူး။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး ဥပဒေနှင့်ပတ်သက်တဲ့ လေ့လာသုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ပြန်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

## ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

ဒုတိယဥက္ကဋ္ဌ။ လေးစားစွာသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား၊ အားလုံးကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခုကဲ့သို့ ကျွန်တော့်အား အဆိုတင်သွင်းလာပြီး ဓလေ့ထုံး တမ်းစဉ်လာ ပြုစုရေးနှင့် ပတ်သက်လို့ ရှင်းလင်းတင်ပြခွင့်ပြုသည့် အတွက် အထူးဝမ်းမြောက် ဂုဏ်ယူမိပါတယ်။





ထုဆစ်ပေးရမယ့်သူတွေဟာ ဘယ်သူတွေလဲဆိုရင် အစည်းအဝေး တက်ရောက်နေတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးဘဲဖြစ်ပါတယ်။ဥပဒေပြုပြီးတော့ ဒီဥပဒေအတိုင်း အကောင်အထည်ဖော်မယ့် ပုဂ္ဂိုလ်များကတော့ အုပ်ချုပ်မှုအပိုင်းနှင့် ပြည်သူများအပိုင်း ဖြစ်ပါတယ်။ အုပ်ချုပ်သူချည်းအကောင် အထည်ဖော်လို့မရပါဘူး၊ ပြည်သူများကပါ အကောင်အထည်ဖော် ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန်မှ လှပတဲ့ ယမင်း ရုပ်ထုကို ထုထားပေးမယ့် အကောင်အထည် မဖော်ဘူးဆိုလို့ရှိရင် ဤလှပတဲ့ယမင်းရုပ်ကလေးဟာ လှုပ်ရှား လာမှာ မဟုတ်ပါဘူး၊ ဒါ့ကြောင့်မို့လို့ မိမိမှာ တာဝန်ရှိတဲ့အတိုင်း လွှတ်တော် ကိုယ်စားလှယ်တိုင်းမှာ တာဝန်ရှိတယ်ဆိုတာကို ခံယူရမည် ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ကျင့်သုံးနေတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဖွဲ့စည်းပုံအရ ဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့ နေရာမှာ တိုက်ရိုက်ဒီမိုကရေစီကျင့်သုံးနေတာ မဟုတ်ပါဘူး၊ ကိုယ်စားပြု ဒီမိုကရေစီကျင့်သုံးနေတာ ဖြစ်ပါတယ်။ တစ်နည်း အားဖြင့် ဆိုလိုချင်တာကတော့ ကျွန်တော်တို့ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်(၁၄၃)ဦး ထဲရယ်လို့မမြင်ဘဲနှင့် မိမိ၏နောက်ဘက်မှာ ပြည်သူ့ ကိုယ်စားမဲဆန္ဒရှင်တွေ အများကြီးရှိနေတယ်ဆိုတာကို ခံယူစေလိုပါတယ်။ ဒါကြောင့် မိမိတာဝန်ဟာ မိမိမလုပ်ရင် မိမိနောက်မှာရှိတဲ့ ပြည်သူတွေရဲ့ ခံစားမှုဟာ ရရှိမှာမဟုတ်ပါဘူး။ ဒါ့ကြောင့်မို့လို့ ပြည်သူတွေကလည်း အရည်အချင်းရှိတဲ့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်တင်မြှောက်လာတဲ့ အတွက် ပြည်သူ့မျက်နှာကို ထောက်ရှု ပြီးတော့ ရှမ်းပြည်နယ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဥပဒေပြုရမယ့် ဇယား(၂)ပါ ဥပဒေအတိုင်းဘဲ တင်သွင်းပြီးတော့ ဆောင်ရွက်စေချင်ပါတယ်။ တိုင်းဒေသကြီးနှင့်

ပြည်နယ်လွှတ်တော်တွေကို ကြည့်မယ်ဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ် (၂၀)ကျော်သာရှိတဲ့ လွှတ်တော်ရှိသလို ကျွန်တော်တို့လွှတ်တော်ဟာ လွှတ်တော်ကိုယ်စားလှယ်အများဆုံး ပါဝင်တဲ့လွှတ်တော် ဆိုတာလည်း အားလုံးသိရှိပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဆွေးနွေးတင်ပြလို တာကတော့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ မိမိပြုစုရမယ့် ဇယား(၂)ပါ ဥပဒေအတိုင်း အခြေခံဥပဒေနှင့် ဆန့်ကျင်ကွဲလွဲခြင်းမရှိစေဘဲနဲ့ လေ့လာဖို့၊ တင်သွင်းဖို့ ဖိတ်ခေါ်ခြင်း ဖြစ်ပါတယ်။ ယခု မိုင်းတုံ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းဝင်းမြတ်ဦး တင်သွင်းထားတဲ့ အဆိုဖြစ်တဲ့ "ရှမ်းပြည်နယ်တွင် တိုင်းရင်းသား များစွာနေထိုင်ပြီး လူမျိုးတစ်မျိုးနှင့်တစ်မျိုးနေရာတစ်နေရာနှင့် တစ်နေရာ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းစဉ်လာများ မတူညီဘဲ ကွဲပြားနေပြီး ထူးခြားသည့်ပြည်နယ်ဖြစ်ပါတယ်။ဒါ့ကြောင့် ဓလေ့ထုံးစံများ အကြားတွင်လက်ထပ်ထိမ်းမြားခြင်း နှင့်သက်ဆိုင်သောကိစ္စများ၊ ဘိုးဘွားများပိုင်မြေများ၊ အမွေကိစ္စများ များစွာရှိပါတယ်။ ထို့ကြောင့်ရှမ်းလူမျိုးနှင့် ရှမ်းပြည်နယ်တွင် နေထိုင်သော တိုင်းရင်းသားများ ဓလေ့ထုံးတမ်းဆိုင်ရာ ဥပဒေတစ်ခု ပြုစုပေးနိုင်ပါရန်" အဆို တင်သွင်းလာပါတယ်။ ကျွန်တော်တို့ လေ့လာသုံးသပ်ရေးကော်မရှင် အနေနဲ့ ပြန်လေ့လာပြီးတော့ ဇယား(၂)မှာ ဒီထုံးတမ်းစဉ်လာနှင့်ပတ်သက်သည့်ဥပဒေပြုစုဖို့ မပါဝင်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်နေသည့်အတွက် ဒီအဆိုကို ကျွန်တော့အနေနဲ့ ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အမြဲတမ်း မပြင်ဆင်ဘဲ နေတာမဟုတ်ပါဘူး၊ နောင်တစ်ချိန်မှာ ပြောင်းလဲလာမယ်ဆိုရင် ဒီဖွဲ့စည်းပုံအခြေခံ ဥပဒေဇယား(၂)မှာ ဓလေ့ထုံးတမ်း ဥပဒေနှင့်ပတ်သက်တဲ့ ကိစ္စများ ပြည်နယ်အဆင့်က ဥပဒေပြုခွင့် ရှိလာခဲ့မယ် ဆိုလို့ရှိရင် ဆောင်ရွက်



D/real(wide) (1



လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- လွှတ်တော်ဥက္ကဋ္ဌကြီး အဖွင့်မိန့်ခွန်း မိန့်ကြားခဲ့သလိုပါပဲ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ဟာ ဥပဒေပြုတဲ့နေရာမှာ အင်မတန်မှ အားနည်းနေသေးသည် ဆိုတာကို ကြားသိ မှတ်သားရပါတယ်။ အခုလို မိုင်းတုံမြို့နယ်မဲဆန္ဒနယ်မြေမှ ဦးစိုင်းဝင်းမြတ်ဦးက ဥပဒေပြုဖို့အဆို တင်သွင်း လာတဲ့အတွက် ဥပဒေလေ့လာသုံးသပ်ရေးကော်မရှင် အနေဖြင့်သော်လည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ အနေဖြင့်သော်လည်းကောင်း အများကြီးကြိုဆိုမိပါတယ်။ အခြားလွှတ်တော်ကိုယ်စားလှယ်များလည်း ဤကဲ့သို့ လွှတ်တော်မှာ ဥပဒေပြုဖို့ တင်သွင်းကြပါလို့ လွှတ်တော်ရဲ့ ကိုယ်စား၊ ဥပဒေလေ့လာသုံးသပ်ရေးကော်မရှင် ကိုယ်စား ဖိတ်ကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား- ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)မှာ ဖော်ပြထားတဲ့ အခြေခံ ဥပဒေပုဒ်မ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၈၈)၊ ဇယား(၂)ပါ ဥပဒေပြုစာရင်းမှာသော်လည်းကောင်း၊ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေခွဲပုဒ်မ (ခ) အရ နည်းဥပဒေပုဒ်မ(၁၃၄)၊ပုဒ်မခွဲ(ခ)မှအပ နည်းဥပဒေပုဒ်မ(၁၃၄)၊ပုဒ်မခွဲ(ဂ)မှာ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)ပါ ဖော်ပြထားသော ပြည်နယ်ဥပဒေပြုစာရင်းပါများအတိုင်း နည်းဥပဒေခွဲ(ခ)မှ(ဃ)ကျန်ကိစ္စရပ်များကို ဥပဒေကြမ်းတင်သွင်းခွင့်ရှိပါတယ်လို့ ဖော်ပြပါရှိပါတယ်။ ဒါ့ကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်များကို အဲဒီအတိုင်း ကြိုဆိုခြင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-ဥပမာအနေနဲ့ တင်ပြရမည် ဆိုလို့ရှိရင် ရှမ်းပြည်နယ်ကြီးကို ယမင်းရုပ်ပုံသဏ္ဍာန်ထားပြီး ကြည့်ကြမည်ဆိုရင် ရှမ်းပြည်နယ်လှပဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့၊ ယမင်းရုပ်လှပ ဖွံ့ဖြိုးတိုးတက်ဖို့ အကောင်အထည်ဖော်

နိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကနေ ဒီအဆိုကို မှတ်တမ်းတင်ပေးဖို့ ကျွန်တော် အဆိုကိုဆွေးနွေး တင်ပြရခြင်း ဖြစ်ပါတယ်။

ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-ကျွန်တော်ရဲ့အဆိုမှာ တိုင်းရင်းသားများအတွက် မရှိမဖြစ် လိုအပ်နေပါတယ်။ ကျွန်တော့်ရဲ့အဆိုကို ကန့်ကွက်မယ်ဆိုရင် တိုင်းရင်းသား များရဲ့ အခွင့်အရေးကို လှစ်လျူရှုရာ တန်ဖိုးမထားရာလည်း ကျနေပါတယ်။ တိုင်းရင်းသားများရဲ့ စာပေယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာများကို အလေးမထား၊ ဂရုမစိုက်ရာလည်း ရောက်နေပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသား ဒေသအများစုဟာ ဖွံ့ဖြိုးမှုနောက်ကျနေပြီး အသိပညာ၊အတတ်ပညာများလည်း နိမ့်ကျလှပါတယ်။ ဥပဒေဆိုလည်း နားလည်သူ နည်းပါးလှပါတယ်။ ဒါ့ကြောင့် မသိနားမလည်တဲ့ တိုင်းရင်းသားများရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ ရည်ရွယ်ပြီး ဥပဒေကိုပြုစုပေးရန် အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ဇယား(၂)မှာ ကျွန်တော့်ရဲ့ တင်သွင်းတဲ့ ဥပဒေကိုပြုစုနိုင်မှုမရှိတဲ့ အတွက် လွှတ်တော်က မှတ်တမ်းတင်ထားမယ်ဆိုရင်လည်း ကျေနပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ မိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဦးစိုင်းဝင်းမြတ်ဦး တင်သွင်းတဲ့ အဆိုနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရှမ်းပြည်နယ်လွှတ်တော်မှာ မှတ်တမ်းတင်ထားခွင့်ကို သဘောတူပါသလားခင်ဗျား- (သုံးကြိမ်တိုင်တိုင်မေးပါသည်)။ လွှတ်တော်ကိုယ်စားလှယ်များ-(သဘောတူပါတယ်။) (သုံးကြိမ်တိုင်တိုင်ဖြေပါသည်)။

လွှတ်တော်က သဘောတူညီတဲ့အတွက် ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာအပ်ပါတယ်။





# ရှမ်းပြည်နယ်

# ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော်

# ဒသမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှတ်တမ်း

# ၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၁၂)ရက်

# ၂၀၁၄ ခုနှစ်၊ စက်တင်ဘာ လ (၅) ရက်

# [ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်း အဝေး (စတုတ္ထနေ့)အစီအစဉ်ကို နံနက်(၁၀း၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးစိုင်းသော်ဝင်း၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ လွှတ်တော်ရုံးအကြီးအမှူး က ဆောင်ရွက်ပါသည်။

## ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီ အချိန်အတွင်း ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများမှာ နေရာယူ ပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။



D/real(wide) (1

ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား ။

[ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်]

**အခမ်းအနားမှူး။** အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား ။

ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး စတုတ္ထနေ့မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၄၀)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို(၁၂၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် စုစုပေါင်း၏ (၈၇ ဒသမ ၁၄) ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံ ထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၈၀)၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ (၃၄)၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၃၅)၊ နည်းဥပဒေခွဲ(ဂ)၊ တို့အရအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။



D/real(wide) (1



ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးစတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ယခုပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန် အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်း အဝေးစတုတ္ထနေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ(၅)ရက်နေ့ သောကြာနေ့ နံနက်(၁၀း၀၀) နာရီအချိန်တွင် ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွါပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ(၄)၊ နည်းဥပဒေခွဲ(ခ) အရ ပထမအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ကို ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၄၄)၊ နည်းဥပဒေ ခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးဇော်ဇော်၊ မဘိမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။အားလုံး မင်္ဂလာပါ။**လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။





များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၄၀)ဦး၊ ယခင်ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ (၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ စုစုပေါင်း ခွင့်ပြုထားသူ (၁၈)ဦးရှိပြီး၊ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄)၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ၊ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို ပြည်နယ် လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

( သုံးကြိမ်တိုင်တိုင်မေးပါသည်၊ လွှတ်တော်က သဘောတူပါသည်။)

ပြည်နယ်လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို ပြည်နယ်လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ပြည်နယ်လွှတ်တော် သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၇)ဦးက မေးမြန်းထားတဲ့မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ပထမဦးစွာ နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းတင်ဦးက မေးခွန်း(၁ နှင့် ၂) ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦး၊နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းတဲ့ မေးခွန်းကတော့ -

ဥက္ကဋ္ဌကြီးခင်ဗျား။ " နမ့်ခမ်းမြို့နယ်အတွင်းရှိ လယ်ယာခြံမြေများ၊ ဆည်များ၊ လမ်းများ၊ တံတားများ ပျက်စီး စေသည့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းများကိစ္စ" နှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။ အဆိုပါ မေးခွန်းကို ပြီးခဲ့သော နှစ် ၂၀၁၃





ကျွန်တော်ကတော့ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးဇော်ဇော် ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ အကြောင်း အမျိုးမျိုးနဲ့ မတက်ရောက်နိုင်သည့် ပြည်နယ် လွှတ်တော် ကိုယ်စာလှယ် စုစုပေါင်း (၃)ဦးသည် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီမှ စိစစ်တွေ့ရှိရသည့်အတွက် ကင်းလွတ်ခွင့်ပြုပေးနိုင်ပါရန် လျှောက်ထားတင်ပြလာမှုကို ခွင့်ယူသူအားလုံးရဲ့ ကိုယ်စားအဖြစ် တင်ပြတောင်းခံအပ်ပါသည်-

(၁) ဦးစိုင်းနု၊ ကွန်ဟိန်းမဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်
(၂) ဦးထူးကိုကို၊ ပင်းတယမဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၁)ရက်
(၃) ဗိုလ်မှူးကျော်ဇေယျ၊ တပ်မတော်သား ကိုယ်စားလှယ်၊ ကျန်းမာရေးမကောင်းပါသဖြင့် ခွင့်(၁)ရက်

စုစုပေါင်း(၃)ဦး ရှိကြောင်းတင်ပြအစီရင်ခံအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုရန် သဘောတူပါလားခင်ဗျား။

(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည် )

သဘောတူတဲ့အတွက် ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုကြောင်းကြေညာပါတယ်။ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်

ခုနှစ်၊ စက်တင်ဘာလ(၁၂)ရက် ရှမ်းပြည်နယ်လွှတ်တော် သတ္တုမပုံမှန်အစည်း အဝေးမှာ(၁)ကြိမ် တင်ပြဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်တွင် သတ္တုတူးဖော်ရေးလုပ်ငန်း ကုမ္ပဏီများက ကျောက်တောင်များကို စက်ယန္တရားကြီးများဖြင့် ဖြိုချပြီး သတ္တုရိုင်းကျောက်တုံးကျောက်ခဲများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချ ပေးလျက်ရှိပါတယ်၊ လုပ်ငန်းခွင်မှ ထွက်လာသည့် မလိုလားအပ်သည့် ကျောက်ခဲများ၊ကျောက်စ၊ ကျောက်မှုန့်များက မိုးရွာချိန်တွင် ကျောက်ခဲ၊သဲ၊ ရွှံ့နွံများအဖြစ် တောင်ကျချောင်း ရေများနှင့်အတူ နမ့်စလီး ချောင်းအတွင်းသို့ စီးဝင်သွားပါတယ်။ ကျောက်ခဲ၊ သဲ၊ ရွှံ့နွံများသည် နမ့်စလီးချောင်းအတွင်းမှာ ပြည့်လျှံပိတ်ဆို့ပြီး ချောင်းကမ်းဘေးတစ်လျှောက် လယ်ယာ၊ခြံ၊ မြေများအတွင်းသို့ ဝင်ရောက်ဖုံးလွှမ်းသွားပြီး၊ချောင်းမှာ တိမ်ကော သွားသဖြင့် စီးဝင်လာသည့် သဲ၊ရွှံ့နွံများမာကျစ်လာမှု ကြောင့် လယ်ယာခြံမြေများလည်း ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ယခုနှစ် မိုးရာသီတွင် ကျောက်တူးတောင်ဖြိုလုပ်ငန်းကြောင့် လယ်ယာခြံ မြေပျက်စီးခြင်း၊ ရေသဘာဝ အရင်းအမြစ်များဆုတ်ယုတ်ခြင်း၊ မြစ်ချောင်းများ တိမ်ကော၍ ဆည်များအများအပြားပျက်စီးခြင်း၊ လမ်းများ၊ တံတားများ ပျက်စီးသော အခြေအနေမှာ ပြီးခဲ့ သည့်နှစ်များထက် များစွာသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက် ရှိပါသည်။ ကျောက်သယ်ကားများ၏ဝန်နှင့်လမ်းခံ နိုင်အားတို့ မမျှမှုကြောင့် လမ်း၊တံတားများ ပျက်စီးစေမှု၊ တခြားနိုင်ငံသား များနှင့်ကားများ ဝင်ရောက်နေမှုကြောင့် ဒေသခံ ပြည်သူများ၏ အလုပ်အကိုင်အခွင့် အလမ်းများ မရရှိကြပါဘဲ ဆိုးကျိုးများ ကိုသာရရှိနေပါတယ်။ ကျောက်မှုန့်များ၊ ကျောက်စ၊ ကျောက်န များကြောင့် အနက်(၁၀)ပေကျော်ရှိ နမ့်စလီးချောင်းသည်





ကျွန်တော်၏ နောက်ထပ် ဒုတိယမေးခွန်းကတော့ “နမ့်ခမ်းမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ မန်နားတွင် တည်ရှိသော ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနရုံး မြေနေရာကိစ္စ” နှင့် စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။ နမ့်ခမ်း မြို့နယ်၊ အမှတ်(၁၂) ရပ်ကွက်၊ မန်နားရပ်အတွင်း၌ တည်ရှိပြီး ဧရိယာပေါင်း(၇. ၅)ဧကရှိ လယ်ယာ ခြံမြေများကို ၁၉၈၉-၉၀ ခုနှစ်၊ ယခင်အစိုးရလက်ထက် မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ ဥက္ကဋ္ဌ၊ ဗိုလ်မှူး မောင်မောင်နိုင် လက်ထက်တွင် သိမ်းယူပြီး သတ္တုတွင်းဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေ ရေးကွင်းဆင်းယာယီ အခြေစိုက်စခန်းအဖြစ် အသုံးပြုခဲ့တာကြောင့် မြေယာများ သိမ်းယူခဲ့စဉ်က မြေပိုင်ရှင်များအား ခွင့်တောင်းခြင်း၊ မြေလျော်ကြေး နှင့်သီးနှံလျော်ကြေးများ ပေးအပ်ခဲ့ခြင်းမရှိဘဲ၊ လုံးဝညှိနှိုင်းမှု မရှိဘဲ ယာယီအသုံးပြုမည်ဆိုသော်လည်း ယခုမှာအုတ်တံတိုင်းဖြင့် အခိုင်အမာဝန်းခတ်ကာကာရံထားပြီး၊ မတရား အပိုင် သိမ်းဆည်း ခဲ့သည်မှာ (၂၄)နှစ်တိုင်တိုင်ကြာခဲ့ပြီ ဖြစ်ပါ၍ တောင်သူများ အထူးနစ်နာခဲ့ရပါကြောင်း၊ ထိုအချိန် ကာလတွင် မည်သူမျှလည်း ကန့်ကွက်ခြင်းမရှိခဲ့ပါ။ ယခင် ဤလယ်ယာခြံမြေများပေါ်တွင် တောင်သူများသည် ဘိုးဘွား စဉ်ဆက် ဆန်စပါး၊လက်ဖက်နှင့်ဒေသ သုံးဝါးပင်များကို စိုက်ပျိုး ဖြစ်ထွန်းခဲ့ပါတယ်။ ယခုအခါ ဤအခြေစိုက်စခန်းပေါ်တွင် လုပ်ငန်း များ ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများ နေထိုင်ခြင်း လုံးဝ မတွေ့ရှိရဘဲ သတ္တုတွင်းဝန်ကြီးဌာနသည်လည်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဤစခန်းကို အသုံးပြုခြင်း မရှိပါကြောင်း တွေ့ရှိရပါတယ်။ အခြားသောတောင်သူများထံသို့လည်း အခကြေး ငွေယူပြီး အငှားချထားခြင်းသာ ပြုလုပ်ကြောင်း ၊ မြေငှားချထားခြင်း



D/real(wide) (1

သဘောတူစာချုပ်က သက်သေအဖြစ် ရှိနေပါတယ်။ (၉-၈-၂၀၁၃) ရက်နေ့နှင့်(၂-၁၂-၂၀၁၃)ရက်နေ့များတွင် (၂)ကြိမ်တိုင်တိုင် ရည်ညွှန်းချက်ပါစာဖြင့် ပြည်ထောင်စု လွှတ်တော်၊ လယ်ယာမြေနှင့် အခြားမြေများမတရား သိမ်းဆည်းခံရမှုကော်မရှင်၊နေပြည်တော်သို့ လယ်ယာမြေ လုပ်ပိုင်ခွင့်အထောက်အထား မြေခွန်ပြေစာနှင့် စပါးကြိုတင် စာချုပ်ချုပ်ဆိုမှုမှတ်တမ်းကတ်ပြားမိတ္တူများနှင့် ပူးတွဲ၍ တင်ပြခဲ့ ပါတယ်။ သို့ဖြစ်ပါ၍ ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် စီမံကိန်းများ ဆောင်ရွက်ခြင်း မပြုတော့သောကြောင့် နိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာအောင် တစ်ထောင့်တစ်နေရာမှ ပံ့ပိုးပေးနိုင်ရန်နှင့် တောင်သူလယ်သမားများ စားဝတ်နေရေး ပြေလည်စေရန် အလို့ငှာ လယ်ယာခြံမြေများကို မူလလယ်ယာမြေ လုပ်ကိုင်ခွင့် ရရှိထားပြီး ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများ ရှိသော တောင်သူလယ်သမားများထံသို့ ပြန်လည်ပေးအပ်နိုင်ရေး အတွက် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကို တင်ပြလာသော တောင်သူလယ်သမားများကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီး။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှာဖြာကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းတင်ဦး မေးမြန်းတဲ့ မေးခွန်းနဲ့ပက်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်





ယခုလယ်ကွက်များ လမ်းနှင့်တစ်ပြေးညီ တည်းရှိနေပြီး ချောင်းတိမ်ကောကာ ရေစီးချောင်းမရှိပဲ ရေများ ပရမ်းပတာစီးနေ ပါကြောင်း၊ လယ်ကွက်များသို့ ရောက်ရှိသွားသော ကျောက်စကျောက်မှုန့်များအားလုံးကို ကုမ္ပဏီမှ ဖယ်ရှားပေးရန်နှင့် နမ့်စလီးချောင်းအတွင်းသို့ ရောက်ရှိသွားသည့် ကျောက်များကို ဖယ်ရှားပေးရန် ဝန်ကြီးဌာနမှ ညွှန်ကြားခဲ့ပါသော်လည်း ဖယ်ရှားပေးခဲ့ခြင်းမရှိခဲ့ပါ။ ရှမ်းပြည်နယ်အစိုးရ အနေဖြင့် သတ္တုကုမ္ပဏီ များကို သဘောထားမှတ်ချက် ပေးတော့မည်ဆိုပါက လုပ်ကွက် အနီးရှိ ဒေသခံရွာသား အိမ်ထောင်စုအနည်းဆုံး(၁၅)စုမှ သဘောတူမှသာလျှင် ဆက်လက်သဘောထားထောက်ခံပေးမည် ဆိုပါက သတ္တုတွင်းတူးဖော်မှုနှင့်ဆက်စပ်သော ဆိုးကျိုးများကို တစ်လျှောက်လုံး ထိခိုက်နစ်နာဆုံးရှုံးခဲ့ရတဲ့ ပြည်သူများကို ထည့်သွင်းစဉ်းစားချင့်ချိန်ပေးရန် လိုအပ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ် လ ၂၈ ရက်နေ့တွင် သတ္တုတူးဖော်မှုကို ရပ်ဆိုင်း ပေးဖို့ကို ပြည်သူများ၏ လက်မှတ်(၇၀၀၀)ကျော်ဖြင့် သမ္မတဆီကို စာတင်ထားခဲ့ပြီး ဖြစ်ပါတယ်။ ယခုကျွန်တော် ကြားသိရတာ ကတော့ နမ့်ခမ်းမြို့ဟာ ပြည်သူများနဲ့ တောင်သူများက ကျောက်တူးမှုလုပ်ငန်းကို ရပ်ဆိုင်းပေးရန်အတွက် ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြတောင်းဆိုဖို့ မြို့နယ်ရဲစခန်းကို ခွင့်ပြုချက်တင်ထားပြီး ဒီကနေ့ (၅-၉-၂၀၁၄)ရက်နေ့ တွင် ငြိမ်းချမ်းစွာစုဝေးဆန္ဒပြမည်ဟု သိရှိရပါတယ်။ ဒါ့ကြောင့် ဒေသခံများအတွက် ကောင်းကျိုးမပေးသော ဆိုးကျိုးများသာ ဖြစ်ပေါ်စေလျက်ရှိသည့် သတ္တုတူးဖော်ရေး လုပ်ငန်းများအား ပြန်လည်ကွင်းဆင်းစစ်ဆေးပြီး လုံးဝရပ်ဆိုင်း သွားစေရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့တားမြစ် ပိတ်ပင်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို၍ ဒုတိယအကြိမ် မေးခွန်း တင်ပြအပ်ပါတယ်။



D/real(wide) (1

သစ်တောနှင့်သတ္တုဝန်ကြီး၊ ကျွန်တော် ဦးစိုင်းအိုက်ပေါင်းမှ ဖြေကြားပေးပါမယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-

ပထမဦးစွာ နမ့်ခမ်းမြို့နယ်အတွင်းရှိ လယ်ယာခြံမြေများ ပျက်စီးစေခြင်း၊ မြစ်ချောင်းရေအရင်းအမြစ်များ တိမ်ကောပျက်သုန်းစေခြင်း၊ ဆည်များ၊ လမ်း၊ တံတားများ ပျက်စီးစေခြင်းသည် ပြီးခဲ့သောနှစ်ထက်ပို၍ များသောဆုံးရှုံးမှု ဆိုးကျိုးများကို ဖြစ်ပေါ်စေလျက်ရှိသော သတ္တုတူးဖော်ရေးလုပ်ငန်းများအား ပြန်လည်ကွင်းဆင်း စစ်ဆေးပြီး လုံးဝရပ်ဆိုင်းသွားရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ တားမြစ်ပိတ်ပင်ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်-

နမ့်ခမ်းမြို့နယ်အတွင်း အောက်ပါကုမ္ပဏီလီမိတက် (၂)ခုအား သတ္တုတူးဖော်ခွင့်လိုင်စင် ခွင့်ပြုမိန့် ထုတ်ပေးထားပါသည်-

(က) အစိမ်းရောင်ဗျူဟာသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်သို့ မြေဧရိယာ(၉၉၂. ၃၈)ဧကတွင် သလင်းကျောက်အကြီးစားထုတ်လုပ်ရန် (၁၀)နှစ်သက်တမ်း (၁၈-၁-၂၀၁၁ မှ ၂၂-၄-၂၀၂၁ အထိ) ခွင့်ပြုထားပါသည်။

(ခ) ငွေကမ္ဘာကျော်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် သို့ မြေဧရိယာ(၄၉. ၉)ဧကတွင် သလင်း ကျောက်စမ်းသပ်တိုင်းတာရန် (၁)နှစ်သက်တမ်း (၂၃-၄-၂၀၁၄ မှ ၂၂-၄-၂၀၁၅)အထိ ခွင့်ပြု ထားပါသည်။



D/real(wide) (1



ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းပြီး လိုအပ်သလို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဦးစိုင်းအိုက်ပေါင်း၊ သစ်တောနှင့်သတ္တုဝန်ကြီး။ဥက္ကဋ္ဌကြီးခင်ဗျား- နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး မေးမြန်းသွားသည့် မေးခွန်းနံပါတ်(၂)ကို ဆက်လက်ဖြေကြားသွားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစိုင်းတင်ဦး မေးမြန်းသည့် မေးခွန်းမှာ နမ့်ခမ်းမြို့နယ်အမှတ်(၁)ရပ်ကွက်၊မန့်နား တွင် တည်ရှိသော ဘူမိဗေဒလေ့လာရေးနှင့်ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနရုံး မြေနေရာဧရိယာဧကပေါင်း (၇. ၅) သည် ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများရှိသော တောင်သူလယ်သမားများထံမှ ယခင်အစိုးရ လက်ထက်၌ သိမ်းယူထားရာ မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဘူမိဗေဒလေ့လာရေးနှင့် ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာနသည် ၁၉၈၉ ခုနှစ်မှစ၍ နမ့်ခမ်းမြို့နယ်၊ နမ့်ဆာခ၊ ပြင်လုံးဝန်းကျင်ဒေသများ၌ ကျောက်မျက်ရတနာစမ်းသပ်တိုင်းတာရေးလုပ်ငန်း ဝန်ထမ်းအင်အားများစွာဖြင့် ဆောင်ရွက်ခဲ့ရာ ဝန်ထမ်းများနေထိုင်သွားလာ တည်းခိုနိုင်ရေးအတွက် နမ့်ခမ်းမြို့၊ ဟိုနောင်ရပ်၊ မ/၈၉(က)တွင် ငှားရမ်း၍ ရုံးဖွင့်နေထိုင်ခဲ့ပါသည်။ ၁၉၉၀ ခုနှစ်တွင် နိုင်ငံတော်မှ ပြင်လုံနဝရတ်ရတနာနယ်မြေစီမံကိန်းအဖြစ် သတ်မှတ်ခဲ့ပြီး စီမံကိန်းအတွက် ဘူဒိုဇာ၊ ဘက်ဟိုး၊ ထရပ်ကား၊ လွန်တူးစက်များဖြင့် ဝန်ထမ်းများအလုံးအရင်းဖြင့် ဆောင်ရွက်ခဲ့ရာ

မူလငှားရမ်းနေထိုင်သည့် နေအိမ်တွင် နေထိုင်ရန်မဖြစ်နိုင်တော့သဖြင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့ရာ မြေလွတ်၊မြေရိုင်းဖြစ်သော မန့်နားရပ်ကွက်တွင် နေရာချထားပေးခဲ့ပါသဖြင့် (၂၃-၇-၁၉၉၃)ရက်နေ့တွင် မြေငှားဂရန်လျှောက်ထားပြီး စက်ပစ္စည်းများ၊ ဝန်ထမ်းများဖြင့် ရုံးဖွင့်ဆောင်ရွက်ခဲ့ပါ သည်။ အဆိုပါ မြေဂရန်လျှောက်ထားမှုအပေါ် နမ့်ခမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၇-၁၂-၁၉၉၃)ရက်စွဲပါစာအမှတ်၊ ၁၁၃၁/၁-၉/ထွေအုပ်/၂၂၁၈ ဖြင့် (၂၇-၁၂-၁၉၉၃ မှ ၁၁-၁-၁၉၉၄)ရက်နေ့အထိ ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း မည်သူမျှ ကန့်ကွက်ခဲ့ခြင်း မရှိခဲ့ပါ။ ထို့နောက်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ(၈-၃-၁၉၉၄)ရက်စွဲပါစာအမှတ်၊ ၁၁၃၁/၁-၉/ ထွေအုပ်/၄၈ ဖြင့် မြေစာရင်းဦးစီးဌာနသို့ မြေရာဇဝင်မေးမြန်းစာထုတ်ခဲ့ပါသည်။ မြေစာရင်းဦးစီးဌာနမှ အချက်(၁၁)ချက်ဖြင့် မြေရာဇဝင်ပြန်ကြားခဲ့ရာ မြေရာဇဝင်လျှောက်ထားသောမြေသည် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဘူမဗေဒရုံးမြေနေရာအဖြစ် သတ်မှတ်ပေးထားကြောင်း၊ပုံစံ(၁-က) တွင်လည်း ဘူမိဗေဒရုံးခွဲ မြေဟု ဖော်ပြထားကြောင်း၊ နိုင်ငံတော်မှ ချထားပိုင်ခွင့်ရှိသော မြေဖြစ်ကြောင်း၊ လျှောက်ထားသော မြေပေါ်တွင် ကျူးကျော်နေထိုင်သူများ မရှိကြောင်း၊ လျှောက်ထားသောနေရာတွင် အခြားမည်သူကမျှ မြေပုံကူးယူ လျှောက်ထားခြင်းမရှိကြောင်း၊ နိုင်ငံတော်က အသုံးပြုရန်လည်းသတ်မှတ်ထားခြင်းမရှိ၊ ဂရန်အငှားလိုင်စင်များ ထုတ်ပေးထားခဲ့ခြင်းမရှိကြောင်း၊ လျှောက်ထားသောမြေအတွက် ၁၉၉၃ ခုနှစ်မှစ၍ မြေငှားဥပဒေအရ မြေငှားခနှုန်းများ စည်းကြပ်ခဲ့ခြင်းမရှိကြောင်း၊ လျှောက်ထားမြေသည် အစိုးရအဖွဲ့အစည်းဖြစ်သဖြင့် စည်းကြပ်ရန် မြေငှားခသင့်ငွေ တွက်ချက်ရန်မရှိကြောင်း ခိုင်ခိုင်မာမာတင်ပြ



D/real(wide) (1



ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိမှသာ သလင်းကျောက်များကို ထုတ်လုပ်ရောင်းချခွင့်ရှိပြီး စမ်းသပ်တိုင်းတာရန် ခွင့်ပြုမိန့် ရရှိသူသည် သလင်းကျောက်ထုတ်လုပ်ရောင်းချခွင့်မရှိပါ။ စာချုပ်ပါ စည်းကမ်းချက်အရ သလင်းကျောက် ထုတ်လုပ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပိုင်ရှင်အား ကုမ္ပဏီမှ လျော်ကြေး ပေးဆောင်ရမည် ဖြစ်ပါသည်။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ၁၃(င)၌ ခွင့်ပြုမိန့်ရရှိသူမှ လိုက်နာရမည့်အချက်များတွင် ဓါတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန် စီမံဆောင်ရွက်ထားခြင်းဟု ပြဌာန်းထားပါသည်။ မြန်မာ့သတ္တုတွင်းနည်းဥပဒေ၌ ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် မန်နေဂျာသည် ဓါတ်သတ္တုလုပ်ငန်းမှ ထွက်ရှိသည့် အရည်များ၊ စွန့်ပစ်မြေဇာများ၊ အဖြုန်းများကို စွန့်ပစ်ရာတွင် ပတ်ဝန်းကျင်ရှိ လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု မရှိစေရန် စနစ်တကျ စွန့်ပစ်ရမည်ဟု ဖော်ပြထားပါသည်။ ဖောက်ဖျက်ကျူးလွန်ပါက မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၂၈ နှင့် အညီ ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊ ခွင့်ပြုမိန့်ပယ်ဖျက်ခြင်း တို့အား စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း ပြုလုပ်နိုင်ပါသည်။ သတ္တုတွင်းဥပဒေပုဒ်မ ၃၂ တွင် ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၁၃နှင့် စပ်လျဉ်းသည့် နည်းဥပဒေ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၁)နှစ်ထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်(၁၀၀၀၀ိ/-)အထိဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်ဟု ပြဌာန်းထားပါသည်။ သို့ဖြစ်ပါ၍ နမ့်ခမ်းမြို့နယ်သို့ မြေပြင်အခြေအနေမှန် စိစစ်တင်ပြလာနိုင်ရေးအတွက် သတ္တုတွင်း ဝန်ကြီးဌာနမှ အရာထမ်းများနှင့် ဒေသခံအုပ်ချုပ်ရေးပုဂ္ဂိုလ်များ ပါဝင်သော

ထားသည်ကို တွေ့ရှိရပါသည်။(၂၅-၇-၁၉၉၄)ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်းကွင်းဆင်းခဲ့ပြီး ကျူးကျော်မှုတစ်စုံတစ်ရာ မတွေ့ရှိခဲ့ရပါကြောင်း၊ မြေကြီးမြေပုံကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသဖြင့် (၁-၁၁-၁၉၉၄)ရက်စွဲဖြင့် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့ပါသည်။ ထို့နောက် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အဆင့်ဆင့် တင်ပြခဲ့ပြီး မြေငှားခ နှုန်းထားများ ထပ်မံတွက်ချက်ပြီး(၂-၉-၁၉၉၈)ရက်နေ့တွင် ပုံစံ(၁၀၅) ရရှိခဲ့ပြီး (၅-၇-၂၀၁၁) ရက်စွဲဖြင့် ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)ရန်ကုန်မြို့သို့ ပေးပို့ခဲ့ပါသည်။

အဆိုပါလျှောက်ထားမှုမှာ ကြန့်ကြာနေသည့်အတွက် (၈-၇-၂၀၁၀)ရက်နေ့တွင် ထပ်မံလျှောက်ထားခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကန့်ကွက်လွှာခေါ်ယူခြင်း အပါအဝင် မြေရာဇဝင်စစ်ဆေးခြင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပြီး (၁၆-၈-၂၀၁၀)ရက်စွဲဖြင့် နမ့်ခမ်းမြို့နယ်၊ ကောင်းဆာအုပ်စု၊ မန့်နား ကျေးရွာ၊ အကွက်အမှတ်(ကွင်းပြင်ပ)၊ အစိုးရမြေ၊ ဦးပိုင်အမှတ် (၁)၊ ဧရိယာ(၃. ၈၈)ဧကအား အဆောက်အဦမြေနေရာနှင့် ဦးပိုင်အမှတ်(၁/က)၊ဧရိယာ(၃. ၅)ဧကအား ရုံးဝန်ထမ်းအဆောက် အဦများ ဆောက်လုပ်ရန် မြေနေရာအဖြစ် သတ်မှတ်ပေးခဲ့ပြီး ရုံးနှင့်ကပ်လျက်ရှိ မန့်နားဘုန်းတော်ကြီးကျောင်း ဂေါပကအဖွဲ့ဝင် ဦးအိုက်အေးမောင်၊ ရုံးအရှေ့ကပ်လျက်နေထိုင်သူ ဦးသန်းမြင့်၊ ကောင်းဆာကျေးရွာအုပ်စုအေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်၊ ရာအိမ်မှူး ဦးစိုင်းအောင်မြတ်၊ ကောင်းဆာရယကဥက္ကဋ္ဌ ဦးစိုင်းဝင်းမြင့် တို့မှ မြို့နယ် အုပ်ချုပ်ရေးမှူးရှေ့တွင် ထွက်ဆိုချက်များဖြင့် ကန့်ကွက်ရန် မရှိကြောင်း အခိုင်အမာထွက်ဆိုခဲ့ပြီး နမ့်ခမ်း မြို့နယ်အေးချမ်း





လွတ်လွတ် ကင်းကင်းရှိ၍သာ မြေဂရန်လျှောက်ထားခြင်း ဖြစ်ပါသည်။ နမ့်ခမ်းမြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိသော်လည်း နယ်မြေအခြေအနေအရ ခေတ္တစောင့်ဆိုင်းနေခြင်းဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ်များထားရှိပြီး ဖြစ်ပါသည်။ ရုံးဝင်းအတွင်းအခိုင်အမာ အဆောက်အဦများ ဆောက်လုပ်ထားရှိပြီး အုတ်တံတိုင်းကာရန်ထားခြင်းအပါအဝင် ခြံစည်းရိုးလည်းအခိုင်အမာ ဆောက်လုပ်ထားရှိပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းတင်ဦးက တတိယမေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦး၊နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ ။ ကျွန်တော် တတိယမေးခွန်းဖြစ်တဲ့ “ နမ့်ခမ်းမြို့နယ်အတွင်း အများပိုင် စပါးအထူးအထွက်တိုး စခန်းအဆောက်အဦကိစ္စ” နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- နမ့်ခမ်းမြို့နယ်အတွင်း စပါးအထူးအထွက်တိုးစခန်းများဖြစ်သော အမှတ်(၅)ရပ်ကွက်၊ကောင်းနောင်မို့၌တည်ရှိသော မြို့နယ်စပါး အထူးအထွက်တိုးစခန်း၊ အမှတ်(၁)ရပ်ကွက်၊ မန့်ခမ်း၌တည်ရှိသော အမှတ်(၁)မြို့နယ်စပါးအထူး အထွက်တိုးစခန်း၊ အမှတ်(၄)ရပ်ကွက် ဟိုကပ်၌

တည်ရှိသော အမှတ်(၂)စပါးအထူးအထွက်တိုးစခန်း၊ အမှတ်(၁၁) ရပ်ကွက်၌ ပေါက်တိုက်၌ တည်ရှိသော အမှတ်(၃)စပါး အထူးအထွက်တိုးစခန်း၊ အမှတ်(၁၂)ရပ်ကွက် မန့်ခမ်း၌ တည်ရှိသော အမှတ်(၄)စပါးအထူး အထွက်တိုးစခန်းများသည် နမ့်ခမ်းမြို့နယ် အတွင်းရှိ တောင်သူလယ်သမားများ၏ မြေကွက်လှူဒါန်းခြင်း၊ အဆောက်အဦပြီးနေသည်အထိ လယ်မြေ(၁)ကေလျှင် (၁၆၀/-) နှုန်းဖြင့် ရန်ပုံငွေထည့်ဝင်ခြင်းနှင့် ကာယလုပ်အားများဖြင့် တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ယခင်အစိုးရဟောင်းလက်ထက်တွင် မြို့နယ်စခန်းကိုတရားမဝင် ရောင်းချခြင်းနှင့် ကျန်စခန်းများလည်း တောင်သူလယ်သမားများနှင့် သက်ဆိုင်မှုမရှိ သကဲ့သို့ ကင်းကွာ နေခဲ့ပါတယ်။ လယ်သမားများ ပြန်လည် အသုံးပြုနိုင်ရေးအတွက် (၂၅-၆-၂၀၁၄)ရက်နေ့၌ သမ္မတသို့ လိပ်မူ၍ စာတင်ထားပါတယ်။ (၃၀-၁၂-၂၀၁၃)ရက်နေ့၊ ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမ ပုံမှန် အစည်းအဝေးမှာ တင်ပြထားခဲ့သည့်အပြင် နမ့်ခမ်းမြို့နယ် တောင်သူလယ်သမား များ၏လက်မှတ်(၅၀၀၀)ကျော်ဖြင့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်၊ နေပြည်တော်သို့ ၂၀၁၄ ခုနှစ်၊ဇန်နဝါရီလ(၅)ရက်နေ့၌ စာတင်ထားခဲ့ပြီး ဖြစ်ပါတယ်။ ယခုအချိန်ထိ ဘာမျှတုံ့ပြန်မှုမသိ ရသေးသည့်အတွက် တောင်သူလယ်သမားများတင်ပြလာမှုမှာ သူတို့ရဲ့ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ စပါး အထူးထွက်တိုး စခန်းအားလုံးကို မူလပိုင်ရှင်များဖြစ်တဲ့ တောင်သူလယ်သမားများ စခန်းများအဖြစ် တောင်သူ လယ်သမားများပိုင် မြေနေရာအဖြစ် အသုံးပြုခွင့်ပြုနိုင်ရန် ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးမည် သိရှိလို၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။





သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်ဖြင့် တင်ပြခဲ့ရာ ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ (၂၅-၁၀-၂၀၁၀)ရက်စွဲပါစာအ မှတ်၊ ၂၀၂၆/၂-၆/ပယက(ရှမ်း)(မပ) (၁၇၀၃)ဖြင့် မြေပေးမိန့် ထုတ်ပေးခွင့်ပြုကြောင်း အကြောင်းကြား ချက်အရ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၂၆-၁၀-၂၀၁၀) ရက်စွဲပါစာအမှတ်၊ ၂/၃-၃၅/ခယက-မဆ/(၁၄၄၂)ဖြင့် မြေဂရန် ရရှိရေး သတ်မှတ်နေရာချထားပေးခဲ့ပြီး (၁-၁၁-၂၀၁၀မှ ၁-၁၁-၂၀၄၀)ရက်နေ့ထိ နှစ်(၃၀)ဂရန် ချထား ပေးခဲ့ခြင်း ဖြစ်ပါသည်။

ဘူမိဗေဒလေ့လာရေးနှင့်ဓါတ်သတ္တုရှာဖွေရေးဦးစီးဌာန သည် သတ္တုတွင်းဝန်ကြီးဌာန၏ လက်အောက်ခံ အစိုးရဌာန တစ်ခုဖြစ်ပြီး ပုဂ္ဂလိကပိုင်ဆိုင်သော အဖွဲ့အစည်းတစ်ခုမဟုတ်ပါ၊ ဌာနမှစီမံကိန်း အရ ပြင်လုံနဝရတ် ရတနာနယ်မြေစီမံကိန်း စီမံကိန်း လုပ်ငန်းများ လုပ်ဆောင်စဉ် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သတ်မှတ် ပေးသောနေရာတွင် ဝန်ထမ်းများ၊ ဘူဒိုဇာ၊ ဘက်ဟိုး၊ တစ်ပါ စသည့်ယန္တရားကြီးများဖြင့် လုပ်ငန်းများ လုပ်ဆောင်ရန် အခြေစိုက်စခန်းအဖြစ် နေထိုင်ခဲ့ပြီး ဂရန်ရရှိရေး အထက်ဖော်ပြပါ အတိုင်း အဆင့်ဆင့်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါ သည်။ မြေစာရင်းဦးစီး ဌာန၏ မြေရာဇဝင်အရလည်း ၁၉၃၉ ခုနှစ်မှစတင်၍ မြေငှားဥပဒေ အရ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မြေငှားခနှုန်းများ ကောက်ခံခြင်း မရှိခြင်း၊ မည်သူမျှလည်း လျှောက်ထားခဲ့ခြင်း မရှိကြောင်း တင်ပြထားခဲ့ပြီး မြေမှာလည်း မူလပိုင်ရှင်အမည်ပေါက် မရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဘူမိဗေဒလေ့လာရေးနှင့်ဓါတ်သတ္တုရှာဖွေရေး ဦးစီးဌာနမှ မြေသိမ်း/ယာသိမ်းကိစ္စကဲ့သို့ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသအာဏာပိုင်များမှသင့်တော်၍ ချမှတ်ပေးထားသောနေရာ တွင်

ဥက္ကဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ မှ ဖြေကြားပေးပါမယ်။

လွှတ်တော်ကိုယ်စားလှယ် မေးခွန်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ စစ်ဆေးစေခဲ့ရာ အောက်ပါအတိုင်း တင်ပြလာပါတယ်-

(က) မြို့နယ်စပါးအထူးထွက်တိုးစခန်းအမှတ်(၁)။ ၎င်းမြေနေရာသည် နမ့်ခမ်းမြို့နယ်၊ မန့်ခမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၅)၊ မန့်ခမ်းအရှေ့ကွင်း အတွင်း၊ ဧရိယာ(၀. ၅)ဧကပါဝင်သည့် ၎င်းမြေပေါ်တွင် (၃၆×၁၈)ပေ ထရန်ကာ၊ သွပ်မိုးတစ်ထပ် အဆောက်အဦဖြစ်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီလက်ထက်တွင် စပါးအထူးအထွက်တိုး စိုက်ပျိုးရေးပညာပေးစခန်းများအဖြစ် တောင်သူ လယ်သမားများ စုပေါင်း၍ ၁၉၈၂ ခုနှစ်တွင် ဆောက်လုပ်ထားခဲ့ပါကြောင်း၊ ယခုလက်ရှိတွင် မန့်ခမ်းအုပ်စုမှ အဆောက်အဦ ပျက်စီးယိုယွင်းမှုမရှိ စေရန် ရွာသားတစ်ဦးအား မန့်ခမ်းကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့မှ နေထိုင်ခွင့်ပြုထားပါသည်။





ဧရိယာ(၀. ၁၂၉)ဧကရှိ မြေနေရာ ဖြစ်ပါသည်။ ၁၉၈၂ ခုနှစ်၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ပါတီလက်ထက် စပါး အထူးအထွက်တိုး စိုက်ပျိုးရေးပညာရေးစခန်း အဖြစ် တောင်သူလယ်သမားများ၏ ထည့်ဝင် ငွေဖြင့် သက်ကယ်မိုး၊ ထရံကာဖြင့် ဆောက်လုပ် ထားပြီး၊ ၁၉၉၃ ခုနှစ်၊ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှာ ဌာနရန်ပုံငွေဖြင့် (၃၆×၁၈)ပေ သွပ်မိုးနံကပ် တစ်ထပ်အဆောက်အဦဖြစ်ပြီး ၊ စိုက်ပျိုးရေးဦးစီး ဌာနမှဝန်ထမ်း (၁)ဦးအား အစောင့်အဖြစ် နေထိုင် စေခဲ့ပါသည်။ နမ့်ခမ်းမြို့နယ် စပါးအထူးအထွက်တိုးစခန်း အမှတ်(၁)သည်သာ တောင်သူများ စုပေါင်း ဆောက်လုပ်ထားပြီး၊ မန့်ခမ်းရွာသားများ နေထိုင်လျက်ရှိပါသည်။ နမ့်ခမ်းမြို့နယ်စပါး အထူးအထွက်တိုးပညာပေးစခန်းအမှတ်(၂)၊ (၃)၊(၄)တို့မှာ စိုက်ပျိုးရေးဦးစီးဌာနပိုင်ငွေဖြင့် သွပ်မိုးနံကပ်အဖြစ် တည်ဆောက်ထားခြင်း ဖြစ်သဖြင့်သာ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းအား မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး၏ ခွင့်ပြုချက်ဖြင့်သာ အစောင့်အဖြစ် ထားရှိခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်း အဆောက်အဦများ ပြန်လည်ရရှိ အသုံးပြုလိုပါက အထောက်အထား အပြည့်အစုံဖြင့် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားစေသင့်ပါကြောင်း ဖြေကြားအပ်ပါသည်။



D/real(wide) (1

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ဦးစိုင်းတင်ဦးက မေးခွန်းအမှတ်စဉ် (၄နှင့်၅)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းတင်ဦးနမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ ။ ကျွန်တော့်ရဲ့ မေးခွန်းနံပါတ်(၄)ဖြစ်တဲ့ “မြန်မာ-တရုတ်နယ်စပ်ဖြတ်သန်းသွားလာရာတွင် မြန်မာနိုင်ငံပြည်သူများအား တရုတ်နိုင်ငံရဲများက နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (စာအုပ်နီ)ပါရှိသော်လည်း ဆီးစစ်ဆေးရာမှ မူးယစ်ဆေးဝါး သုံးစွဲကြောင်း အထောက်အထားခိုင်လုံမှုမရှိဘဲ အကြောင်းမဲ့ဖမ်းဆီးပြီး တရုတ်နိုင်ငံများသို့ အပ်နှံကာ အလုပ်ကြမ်း ခိုင်းစေခြင်းကို ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း”နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ် တစ်လျှောက်မှာ တရုတ်နိုင်ငံဘက်ပိုင်းသို့ သွားရောက်ကြသော မြန်မာနိုင်ငံသားများကို တရုတ်ရဲများက နယ်စပ်ဖြတ်သန်းခွင့် စာအုပ်နီကို အဓိကထားစစ်ဆေးမှုမပြုပါဘဲ ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဆီးစစ်ခိုင်းရာမှ မူးယစ်ဆေးဝါးသုံးစွဲကြောင်း အထောက်အထားများ ခိုင်လုံမှုမရှိဘဲ အကြောင်းမဲ့ဖမ်းဆီးသော ဖြစ်စဉ်ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့သော ၂၀၁၄ ခုနှစ်၊ဇွန်လပိုင်း၌ တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံသားများကို ဖမ်းဆီးထားသည်မှာ အယောက်(၆၀၀) ကျော်ရှိတယ်လို့ သိရှိရပါတယ်။ ယခုလည်းဆက်၍ ဖမ်းဆီး





(ခ) မြို့နယ်စပါးအထူးထွက်တိုးစခန်းအမှတ်(၂)။ ၎င်းမြေနေရာသည် နမ့်ခမ်းမြို့ အမှတ်(၄) ရပ်ကွက်၊ ဟိုကပ်ရွာ၊အကွက်အမှတ်(၃၀)၊ ဦးပိုင်အမှတ် (၁၄)၊ဧရိယာ(၀. ၀၃၂)ဧကရှိ မြို့မြေ ဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မှ ဌာနရန်ပုံငွေဖြင့် (၃၆×၃၈)ပေ သွပ်မိုးနံကပ် တစ်ထပ် ဆောက်လုပ်ထားပါ သည်။ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဌာနပိုင်ငွေဖြင့် ဆောက်လုပ်ထားခြင်းဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း(၁)ဦး၏ မိသားစု အား နေထိုင် စောင့်ရှောက်လျက် ရှိပါသည်။

(ဂ) မြို့နယ်စပါးအထူးအထွက်တိုးစခန်းအမှတ်(၃)။ ၎င်းမြေနေရာသည် နမ့်ခမ်းမြို့ အမှတ်(၁၁) ရပ်ကွက်၊ ပေါက်တိုက်ရပ်၊ ကွင်းအမှတ်(၆၇)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀. ၁၇၄)ဧကရှိ မြေနေရာဖြစ်ပါသည်။ ၁၉၈၁ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ လက်ထက် စပါး အထူးအထွက်တိုး စိုက်ပျိုးရေး ပညာရေးစခန်းအဖြစ် တောင်သူများ၏ ထည့်ဝင်ငွေဖြင့် သက်ကယ်မိုး၊ ထရံကာဖြင့် ဆောက်လုပ်ထားပြီး ၁၉၉၉ ခုနှစ်တွင် မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှ ၎င်းရန်ပုံငွေဖြင့် (၃၆×၁၈)ပေ သွပ်မိုးနံကပ် တစ်ထပ်အဆောက် အဦ ဆောက်လုပ် ထားပြီး အစောင့်အဖြစ် မြို့နယ်ဦးစီးမှူး၊ စိုက်ပျိုးရေး ဦးစီးဌာန၏ ခွင့်ပြု ချက်ဖြင့် နေထိုင်ပါသည်။

(ဃ) မြို့နယ်စပါးအထူးအထွက်တိုးစခန်းအမှတ်(၄)။ ၎င်းမြေနေရာသည် နမ့်ခမ်းမြို့ အမှတ်(၁၂) ရပ်ကွက်၊ မန့်နားရပ်၊ ကွင်းအမှတ်(၇၆)၊ ဦးပိုင်အမှတ်(၃၈)၊

နေတာကြောင့် ဒီထက်ပို၍ အရေအတွက်များ မည်ဟုယူဆမိပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- နမ့်ခမ်းမြို့နယ် တစ်ခုတည်းမှာ ဖမ်းဆီးခံရသူများသည် ကျွန်တော်ဆီမှာ ရရှိထားစာရင်းသည် အရေအတွက် (၄၀)ဦးလောက် ရှိနေပါတယ်။ သူတို့ဖမ်းဆီးထားသူများသည် အကျင့်စာရိတ္တကောင်းမွန်ကြပြီး သမာရိုးကျ လုပ်ကိုင်နေသောသူများဖြစ်ပါသည်။ ဖမ်းဆီးခံရသူများကို တရားရုံးသို့ အမှုတင်စစ်ဆေးခြင်းမပြုဘဲ တရုတ် ကုမ္ပဏီများအတွက် အလုပ်ကြမ်း နှင့်ထောင်ဒဏ် (၂)နှစ် တန်းချတယ်လို့ သိရပါတယ်။ လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား-နမ့်ခမ်းမြို့နယ်ရှိ ဒေသခံများသည် စီးပွားကူးသန်းရောင်းဝယ်ကြရာမှာ တရုတ်နိုင်ငံနှင့်မည်သူကမျှ မလွတ်ကင်းနိုင်ကြပါ။ တရုတ်နယ်စပ်များ၌ (၅)ရက်တစ်ဈေး ဈေးပတ်အရောင်းလိုက်ကြ သူများ၊ တရုတ်နိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ကြသူများသည် များပြားလျက်ရှိကြ ပါတယ်။ ယခုတရုတ်ရဲများဖမ်းဆီးလာမှုဖြစ်စဉ်များ ရှိလာကြတဲ့အခါ တရုတ်နိုင်ငံဘက်ပိုင်းသို့သွားရောက်ခဲ့ကြ တာကို ကြောက်လန့်လာကြပြီး၊ စီးပွားရေးအကြပ်အတည်းများ ရှိလာကြပါတယ်။ ဖမ်းဆီးခံရသူများအပေါ်အနက် မှီခိုအားထား နေကြသော မိသားစုများ၏ လူနေမှုဘဝနှင့်စားဝတ်နေရေးတို့ ထိခိုက် ဆုတ်ယုတ်နေရပါတယ်။ သို့ဖြစ်ပါ၍ဖမ်းဆီးခံရသူများ ပြန်လည်လွတ်မြောက်နိုင်ဖို့နှင့် မြန်မာနိုင်ငံသားများ တရုတ်နိုင်ငံအတွင်းသို့ စိုးရိမ်ကြောင့်ကြမှုကင်းစွာစီးပွားကူးသန်း သွားလာလည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် တရုတ်အစိုးရအဖွဲ့တို့ အမြန်ဆုံးညှိနှိုင်း ဆောင်ရွက်ပေးမှုအပေါ်မှာ မှီတည်နေပါတယ်။ မြန်မာနိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ပေးရမည့် တာဝန်ရှိနှင့်အညီ အမြန်ဆုံးပြေလည်အောင် ညှိနှိုင်းဆောင်ရွက်ပေးဖို့ ရှမ်းပြည်နယ်အစိုးရကတစ်ဆင့်



D/real(wide) (1



ဥပဒေစိုးမိုးရေးဟာ ဘယ်ရောက်နေပြီလဲလို့ အားငယ်စိုးရိမ်ကြောက်လန့်မှုတွေ ဖြစ်နေကြရပါတယ်။ ပြည်သူလူထုဟာကျိုးလန့်စာစား နေကြရပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊စိတ်ဓါတ်ရေးရာများ ဆုတ်ယုတ်နေကြရပါတယ်။ (၂၃-၇-၂၀၁၄) ရက်နေ့က ဖြစ်ပွားခဲ့တဲ့ နမ့်ခမ်းမြို့၊ ပေါက်လုံရပ်နေ စိုင်းပေါင်းပေါင်း(ခ)စိုင်းရန်အောင်ရှင်းကို မန့်ပါပြည်သူ့စစ်မှ သေနတ်ပစ်ခတ်၍ သေဆုံးရသောအမှုနှင့် (၂၉-၇-၂၀၁၄)ရက်နေ့ နောင်ပဲ့ဒါကျေးရွာအနီး ဗိုလ်ကြီးတစ်ဦးနှင့် တပ်ကြပ်တစ်ဦး အသတ်ခံရသည့်အမှုမှာ အမှုမှန်မပေါ်သေးသလို အမှုနှင့်ပတ်သက်၍ နောင်ပဲ့ဒါအုပ်ချုပ်ရေးနှင့် ရွာလူကြီးများကို ခေါ်ယူစစ်ဆေး ရိုက်နှက်ခဲ့မှုကြောင့် ခုချိန်ထိရွာလူကြီးများဟာအိမ်မပြန်ရဲပဲဒုက္ခရောက်နေကြ ရပါတယ်။ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို လက်ရှိလုပ်ကိုင်နေသောလုပ်ငန်းစီမံချက် များရဲ့ အားသာချက်၊ အားနည်းချက်များကိုလက်တွေ့ ကျကျနဲ့ ထိရောက်သည့်နည်းလမ်းများ၊ စီမံချက်များရေးဆွဲပြီး ဖိဖိစီးစီး အရေးယူဆောင်ရွက်ကြဖို့ အထူးလိုအပ်လှပါတယ်။လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား-နမ့်ခမ်းမြို့နယ်မှာတစ်ပတ်အတွင်းလူသတ်မှုနှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ခြင်း၊လုယက်မှုများပိုမိုများပြားလာခဲ့ခြင်းတို့ကြောင့် ဘဝလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ ပြည်သူများ ကြားဖြစ်ပေါ်လျက်ရှိရာနမ့်ခမ်းမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးရရှိအောင်ရှမ်းပြည်နယ် အစိုးရမှ မည်ကဲ့သို့ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို၍ မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော် ကိုယ်စားလှယ်ဦးစိုင်းတင်ဦး ရဲ့ မြန်မာ-တရုတ်နယ်စပ်ဖြတ်သန်းသွားလာရာတွင် မြန်မာနိုင်ငံ ပြည်သူများအား တရုတ် နိုင်ငံရဲများက နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်(စာအုပ်နီ)ပါရှိသော်လည်း ဆီးစစ်ဆေးရာမှ မူးယစ် ဆေးဝါး သုံးစွဲကြောင်း အထောက်အထားခိုင်လုံမှုမရှိဘဲ အကြောင်းမဲ့ဖမ်းဆီးပြီး တရုတ်နိုင်ငံများသို့ အပ်နှံကာ အလုပ်ကြမ်း လုပ်စေခြင်းကို ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ ဖြေရှင်း ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း” နှင့် စပ်လျဉ်းသည့် မေးခွန်းကို အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ကျွန်တော် ဗိုလ်မှူးကြီးအောင်သူမှ ဖြေကြား သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်နယ်တစ်ခု ဖြစ်သော ရှမ်းပြည်နယ်သည် အရှေ့ဘက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ကုန်းပိုင်းနယ်နိမိတ် ဘီပီ ၅၃/၅ မှ ၁၀၅/၂ ထိ (၆၉. ၁၁)မိုင် ထိစပ်လျက် ရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် အစိုးရတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက် အပေါ်အခြေပြုလျက် အိမ်နီးချင်းကောင်းပီသ၍ ချစ်ကြည် ရင်းနှီးသောဆက်ဆံရေးတို့ကို ပိုမိုတိုးတက်ခိုင်မာစေရန် ဆန္ဒ ရှိကြသည်နှင့်အညီ နယ်စပ်ဒေသများတွင် နေထိုင်သည့် နှစ်နိုင်ငံပြည်သူများ၏ စားဝတ်နေရေးနှင့် အပြန်အလှန်လည်ပတ်


D/real(wide) (1



ပြည်ထောင်စုအစိုးရကို တိုက်တွန်းပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ယခုလက်ရှိဖြစ်ပေါ် နေသော အခြေအနေနှင့် မြန်မာနိုင်ငံသားများကို တရုတ်နိုင်ငံမှ ဖမ်းဆီးနေမှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးနေသည်ကို သိရှိလို၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။

ကျွန်တော့်ရဲ့ မေးခွန်းနံပါတ်(၅)ဖြစ်တဲ့ “နမ့်ခမ်းမြို့တွင် တစ်ပတ်အတွင်း လူသတ်မှုနှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ခြင်း၊ လုယက်မှုများ ပိုမိုများပြားလာခြင်းကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်ခင်ဗျား။”

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- ရပ်ရွာအေးချမ်းသာယာရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုတဲ့အချက်(၂)ချက်ဟာ ဒွန်တွဲလျက်ရှိနေပါတယ်။ ရပ်ရွာတည်ငြိမ်အေးချမ်းပြီး တရားဥပဒေ စိုးမိုးမှုမရှိတဲ့ ဒေသတွေဟာ ဒေသဖွံ့ဖြိုးတိုးတက်မှာ ဧကန်မလွဲပါဘူး၊ တည်ငြိမ် အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှု မှာလည်း နောက်ကျကျန်ခဲ့မှာ ဖြစ်ပါတယ်။ နမ့်ခမ်းမြို့နယ်ဟာ နယ်စပ်မြို့လေးဖြစ်တာကြောင့် ကူးသန်းရောင်းဝယ် ရာမှာသော်လည်းကောင်း၊ စီးပွားရေးအရမှာ သော်လည်းကောင်း အသင့်အတင့်အဆင်ပြေလျက်ရှိပြီး ဆန်၊ရေ၊ စပါးပေါများတဲ့ဒေသ လည်းဖြစ်ပါတယ်။ လူမှုဝန်းကျင် ယဉ်ကျေးမှု အသိုက်အဝန်းနှင့်ရှိပြီး ပြည်သူတိုင်းရင်းသား များဟာ အေးအေး ချမ်းချမ်းနှင့်ဖိနှိပ်ချုပ်ချယ်မှု ကင်းပြီး လွတ်လပ်လုံခြုံစွာ နေလိုကြ ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား- နမ့်ခမ်းမြို့၏ လတ်တလော အခြေအနေကို ကြည့်မည်ဆိုလျှင် မူးယစ် ဆေးဝါးများ ပေါများပြီး၊ လူငယ်လူရွယ်များ အကျင့်စာရိတ္တ ပျက်ပြားကာ ခိုး၊ ဆိုး၊ လုယက်ပေါများလှပြီး မြို့တွင်းမှာ တစ်ပတ် အတွင်း လူသတ်မှု (၂)ကြိမ်ဖြစ်လိုက်တော့ ပြည်သူတွေအတွက် လုံခြုံရေးနှင့်တရား

နိုင်ရေး၊ ချစ်ကြည်ရင်းနှီးမှု ပိုမို ခိုင်မြဲစေရေးအတွက်“ မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ သဘောတူစာချုပ်” ကို ၁၉၉၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် ချုပ်ဆိုထားရှိပါကြောင်း၊ စာချုပ်၏သက်တမ်းမှာ (၁၀)နှစ်ကာလအတွက် အတည်ဖြစ်ကြောင်း၊ သက်တမ်းမကုန်မီ(၆)လအလိုတွင် စာချုပ်အာရပ်ဆိုင်းလိုကြောင်း၊ မေတ္တာရပ်ခံခြင်းမပြုလျှင်(၁၀)နှစ်ပြည့်သည့်အခါတိုင်း အလိုအလျှောက် သက်တမ်းတိုးခြင်း ဖြစ်ရာ ယခုအချိန်ထိ အတည်ဖြစ်လျက်ရှိပါသည်။

စာချုပ်တွင် “ နယ်စပ်တွင်နေထိုင်သူများ” ဟူသည့် စကားရပ် သည် စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံ၏ နယ်စပ် ဒေသများတွင် အမြဲတမ်း နေထိုင်ကြသူများကို ဆိုလိုသည်ဟု ပါရှိပါကြောင်း၊ နှစ်နိုင်ငံဒေသ ဆိုင်ရာ အာဏာပိုင်များ၏ လုပ်ငန်းတာဝန် (၅)ချက်တွင်“ နယ်စပ်ဒေသ များတွင် ဥပဒေစိုးမိုးရေးနှင့်ငြိမ်ဝပ်ပိပြားမှုကို ထိန်းသိမ်းရန် အတွက် နယ်နိမိတ်အားကျော်လွန်လာသည့် ပြစ်မှုများ မပြန့်ပွားစေရန် ကာကွယ်ခြင်းနှင့် နှိမ်နင်းခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရန်” ဆိုသည့် အချက်တစ်ချက်လည်း ပါဝင်ပါသည်။

စာချုပ်ဝင် နှစ်နိုင်ငံနယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေကြသည့် ပုဂ္ဂိုလ်များ(သို့မဟုတ်) နယ်စပ်တွင် နေထိုင်သူများအား နှစ်ဘက်သဘောတူသွားလာ ဝင်ထွက်ခွင့်လက်မှတ်များဖြင့် သတ်မှတ်ထားသည့် လူဝင်/လူထွက်နေရာများနှင့် ယာယီဖြတ်သန်း ခွင့်ပြုရာနေရာများအား ဖြတ်သန်းသွားလာနိုင်ရန် သဘောတူထား ပါကြောင်း၊ သွားလာဝင်ထွက်ခွင့်လက်မှတ်တွင် ကိုင်ဆောင်သူ၏ အမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊





ဆေးဝါးသုံးစွဲထားကြောင်းကို စစ်ဆေးသည့်ကိရိယာ အမျိုးမျိုး ရှိပါကြောင်း၊ ဆီးစစ်ဆေးရာမှ ခိုင်လုံမှုမရှိဘဲ ဖမ်းဆီးခံ နေရသည် ဆိုသည့်ကိစ္စနှင့် ပတ်သက်ပြီး ဖမ်းဆီးသူတွင် ခိုင်လုံသော အကြောင်း ပြချက်ရှိနိုင်ပါကြောင်း၊ ကိစ္စတစ်ခုချင်းအပေါ် စိစစ်ရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ သို့သော် ဖမ်းဆီးပြီး တရုတ်ကုမ္ပဏီများသို့ အပ်နှံကာ အလုပ်ကြမ်း လုပ်စေခြင်းရှိသည် ဆိုသည့် အကြောင်းအရာမှာ ဥပဒေနှင့်အညီ ဆောင်ရွက်မှုမျိုး မဖြစ်နိုင်ဟု ယူဆရပါကြောင်း၊ ဖမ်းဆီးပါကလည်း ဥပဒေနှင့်အညီ အရေးယူ အပြစ်ပေးခြင်းမျိုးသာ ဖြစ်သင့်ပါကြောင်း၊ သို့ဖြစ်၍ အဆိုပါကိစ္စကို နှစ်နိုင်ငံနယ်ခြား ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးညှိနှိုင်းရန် မှတ်သား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မိမိနိုင်ငံသားများကို အကြောင်းမဲ့ဖမ်းဆီးခြင်းမပြုလုပ်ရေး၊ စာချုပ်ပါ စည်းကမ်းချက်တစ်ခုခုကို ဖောက်ဖျက်ခြင်းအပေါ် ခိုင်လုံ၍ ဖမ်းဆီးပါကလည်း တရုတ်နိုင်ငံ၏ဥပဒေနှင့်အညီ ဆောင်ရွက် နိုင်ရေး၊ ဥပဒေမဲ့ ခိုင်းစေခြင်း၊ အပြစ်ပေးခြင်းမျိုး မပြုလုပ်ရေး စသည်တို့ကို ဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ မြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေး၊ ခရိုင်အဆင့်နယ်ခြားကော်မတီ အစည်းအဝေးအဆင့်ဆင့်၌ ဆွေးနွေးညှိနှိုင်းပြီး ဆက်လက်၍ ပြုလုပ်နေဦးမည် ဆိုပါက နှစ်နိုင်ငံသံတမန် လမ်းကြောင်းမှတရားဝင် ကန့်ကွက်လွှာ ပေးပို့ကာ နိုင်ငံအဆင့် ညှိနှိုင်းသွားရမည် ဖြစ်ပါသည်။

ဒေသခံပြည်သူများ အနေဖြင့်လည်း တရားဝင် ဝင်/ထွက် သွားလာရေး၊ တရားမဝင်ဝင်/ထွက်သွားလာမှု မပြုလုပ်ရေး၊ တရားဝင်သွားရောက်ပါကလည်း တစ်ဘက်နိုင်ငံ၏ တည်ဆဲဥပဒေများကို သိရှိလိုက်နာရေး၊ နယ်စပ်ဖြတ်ကျော် မှုခင်းများ မဖြစ်

စေရေးတို့နှင့် ပတ်သက်ပြီး အသိပညာပေးခြင်းများ ကိုလည်း ပြည်သူ့ကိုယ်စားလှယ်များမှ ပြည်သူသို့ အသိပညာပေးရေး ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ သက်ဆိုင်ရာ ဌာန အသီးသီးမှလည်း လူထုအား ရှင်းလင်းဆွေးနွေးချပြရေး တို့ကိုလည်း တစ်ဘက်မှ ဆောင်ရွက်သွားခြင်းဖြင့် ဖြေရှင်းသွားမည် ဖြစ်ပါကြောင်း၊ ခရိုင်အတွင်းမှာ လက်ရှိအခြေအနေ အရ နှစ်နိုင်ငံသံတမန်လမ်းကြောင်းမှ တရားဝင်ကန့်ကွက်လွှာ ပေးပို့ပြီး ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့ ဖွဲ့စည်းပြီး တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများကို ဖမ်းဆီး၍ ဥပဒေနှင့်အညီ ဖမ်းဆီး စစ်ဆေးထောင်ချခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထိုသို့ပြုလုပ်သည့် အတွက် တစ်ဖက် နိုင်ငံမှ မိမိနိုင်ငံသား များအား ပြန်လည်လွှဲပြောင်း ပေးအပ်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦး ရဲ့ နမ့်ခမ်းမြို့ တွင် တစ်ပတ်အတွင်း လူသတ်မှုနှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ခြင်း၊ လုယက်မှုများ ပိုမိုများပြားလာခြင်းကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်း” နှင့် စပ်လျဉ်းသည့် မေးခွန်းကို ဆက်လက် ဖြေကြားသွားမှာ ဖြစ်ပါ တယ်။

နမ့်ခမ်းမြို့နယ်တွင် တစ်ပတ်အတွင်းလူသတ်မှု(၂)ကြိမ် တိုင်တိုင်ဖြစ်ပွားခဲ့ခြင်း၊ လုယက်မှုများပိုမိုများပြား လာခြင်းတို့ကြောင့် ဘဝလုံခြုံရေးအတွက် စိုးရိမ်ပူပန်မှုများ ပြည်သူများအကြားတွင် ဖြစ်ပေါ်လျက်ရှိရာ နမ့်ခမ်း မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး





နေရပ်လိပ်စာ၊နယ်စပ်အားဖြတ်သန်းရသည့် အကြောင်းကိစ္စ၊ သွားလာမည့်မြို့တို့ကို ဖော်ပြရပြီး သွားလာဝင်/ထွက် ခွင့်လက်မှတ်သည် ခိုင်လုံ၍ အတည်ဖြစ်သည့် သက်တမ်းရှိရန် လိုအပ်ပြီး ကိုင်ဆောင်သူ၏ ဓါတ်ပုံပါရှိရပါကြောင်း၊ အဆိုပါ သွားလာ ဝင်/ထွက်ခွင့်လက်မှတ်(ဒေသအခေါ် နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်-(Border Pass)ကို ကိုင်ဆောင်ပြီး သတ်မှတ်ထားသော ဝင်/ထွက်ပေါက်မှ တရားဝင် ဝင်/ထွက်သွား လာရပါမည်။ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(စာအုပ်အနီ) ပါရှိသော်လည်း၊ တရားဝင်သတ်မှတ်ထားသော ဝင်/ထွက် ပေါက်မှ ဝင်ထွက်ခြင်း မပြုလုပ်ပါကတရားမဝင် ဝင်/ထွက်မှုဖြစ်သွား နိုင်ကြောင်း၊ တရားမဝင် ဝင်/ထွက်ပါက နှစ်နိုင်ငံ၏ ကျင့်သုံးဆဲ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် အညီ အရေးယူခြင်း ခံကြရမည်ဖြစ်ပါ ကြောင်း၊ မိမိနိုင်ငံသား အနေဖြင့် နှစ်နိုင်ငံသဘောတူ သတ်မှတ်ထားသည့် နယ်စပ်ဖြတ်သန်းခွင့် လက်မှတ် (BP စာအုပ်အနီ ) ဖြစ်ရန် လိုအပ်ကြောင်း၊ ဌာနမှထုတ်ပေး ထားသော BP စာအုပ် အစစ် မဟုတ်ဘဲ BP စာအုပ်အနီ (အတုပြုလုပ်ကိုင် ဆောင်ပါက) ဖမ်းဆီးရမည်ဖြစ်ကြောင်း၊ BP စာအုပ်အနီသည်လည်း သက်တမ်းရှိရန် လိုအပ်ကြောင်း၊ BP စာအုပ်၏ သက်တမ်းမှာ (၁)နှစ်ဖြစ်ပါကြောင်း၊ သက်တမ်းရှိသော BP စာအုပ်ဖြင့် သတ်မှတ်ထားသော ဝင်/ထွက်ပေါက်မှ တရားဝင် ဝင်ရောက် လာခြင်း ဖြစ်ကြောင်းကို စစ်ဆေးခံနိုင်ရန်အတွက် လဝကမှ အထွက် တံဆိပ်တုံး ရိုက်နှိပ်ပြီးဖြစ်ရန် လိုအပ်ပါကြောင်း၊ သတ်မှတ်ထားသော (၆)ညအိပ်(၇)ရက်ထက်ပိုမို၍ နေထိုင်ခွင့်မရှိပါ။

အထက်တင်ပြပါအကြောင်းအရာတစ်ခုခုနှင့် မကိုက်ညီ၍သာ ဖမ်းဆီးခံရခြင်းဖြစ်နိုင်ပါကြောင်း၊ ဖမ်းဆီးခံ ရခြင်းမှာ ဖြစ်စဉ်တစ်ခုနှင့်တစ်ခု တူချင်မှတူမည် ဖြစ်ပါကြောင်း၊ မူးယစ်

ရရှိအောင် မည်ကဲ့သို့ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးနိုင်မည် မေးခွန်းနှင့်ပတ်သက်၍ နမ့်ခမ်းမြို့နယ်အတွင်း လူသတ်မှု (၂)ကြိမ်ဖြစ်ပွားရခြင်းမှာ မှန်ကန်ပါသည်။ ထိုသို့ဖြစ်ပွား ရခြင်းမှာ (၂၃-၇-၂၀၁၄)ရက်နေ့ ၁၉၁၀ အချိန်တွင် နမ့်ခမ်းမြို့၊ နောင်စန့်ရပ်ကွက်နှင့် နောင်စန့်ကုန်းလမ်းဆုံတွင် ရှေ့တန်းတမခ(၈၈)နှင့် မြို့မပြည်သူ့စစ်အဖွဲ့ ကင်းပုန်းဝပ်ဆောင်ရွက်စဉ် ဆိုင်ကယ်တစ်စီးအား စစ်ဆေးရန် တားဆီးရာ ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းပြေးသဖြင့် ပြည်သူ့စစ်အဖွဲ့ဝင် ချိန်ချိမှ ခြောက်လှန့်ပစ်ခတ်မှုကြောင့် ဆိုင်ကယ်စီးလာသူ ရန်အောင်ရှင်း(ခ) ပေါင်းပေါင်း သေဆုံး၍ နမ့်ခမ်းမြို့မရဲစခန်း(ပ) ၆၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး အမှုမှတရားခံ ချိန်ချိအား ရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူကာ ဥပဒေနှင့်အညီ တရားစွဲတင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ကျန်(၁)မှုမှာ ၂၉-၇-၂၀၁၄ ရက်နေ့ ၁၁၄၅ အချိန် တရုတ်နယ်စပ် နယ်ခြား ၅၈/၁ မှတ်တိုင်အနီး ပြောင်းခင်းတွင် ရှေ့တန်းခလရ(၁၀)မှ ဗိုလ်ကြီးဝင်းသူရထွန်းနှင့် တပ်ကြပ်သန်းဇော်တို့ (၂)ဦးအား သောင်းကျန်းသူများမှ လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်၍ သေဆုံးသွားသဖြင့် ကွမ်ဟိုင်းနယ်မြေရဲစခန်း (ပ)၂/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အမှုစုံးစမ်းထောက်လှမ်းချက်အရ ပြစ်မှုကျူးလွန်သူ တရားခံမှာ SSA ရင်း(၇၀၁)မှ စွမ်မိန်း ဆိုသူဖြစ်ကြောင်း သိရှိရပြီး တရားခံမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းမှ ဖြစ်သဖြင့် လုံခြုံရေးကန့်သတ်ချက်အရ ရဲတပ်ဖွဲ့မှ ဖမ်းဆီးနိုင်ခြင်းမရှိ သေးကြောင်းနှင့် တရားခံပြေးဖြင့် တရားစွဲတင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ တစ်ပတ်အတွင်း လူသတ်မှု(၂)ကြိမ် ဖြစ်ပွားခြင်းမှာ ပြည်သူ့စစ်မှ စစ်ဆေးရန်တားဆီးစဉ် ပစ်ခတ်သေဆုံးခြင်း



D/real(wide) (1



ပြဿနာများ ယခုချိန်မှာ ဖြစ်ပေါ်လျက် မရှိကြောင်း ဖြေကြားအပ်ပါတယ်။ ထို့ပြင်နယ်စပ်မြို့ ဖြစ်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်များ လှုပ်ရှားမှု နှင့်ပတ်သက်၍ ယနေ့အချိန်မှာ TNLA အဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့များ တိုက်ပွဲဖြစ်ပွားလျက်ရှိကြောင်း ပြန်လည်ဖြေရှင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ထွဏ်းက မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို ကြွရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လုပ်ဖော်ကိုင်ဖက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး၊ ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး ပြည်သူများကိုယ်စား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ဆန်မြို့သည် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရုံးစိုက်ရာမြို့ဖြစ်ပါတယ်။ နမ့်ဆန်မြို့ကို ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့ကစပြီး (၆၆)ကေဗွီအေမဟာဓါတ်အားလိုင်း(၁)လိုင်း သွယ်တန်းထားရှိပြီး ဖြစ်ပါတယ်။ မဂ္ဂါဝပ်အားဖြင့် (၅)မဂ္ဂါဝပ်ဖြစ်ပါ တယ်။ လက်ရှိမှာ နမ့်ဆန်မြို့ပေါ်(၆)ရပ်ကွက်နှင့်

ကျေးရွာ(၁၃)ရွာ၊ စုစုပေါင်း ရပ်ကွက်/ကျေးရွာအုပ်စု(၁၉)ခုကို လျှပ်စစ်ဓါတ်အား ပို့လွှတ်နေပြီး ဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာ (၁၉)ခု၏ လျှပ်စစ်သုံးစွဲမှုပမာဏသည် (၀. ၇)မဂ္ဂါဝပ်ပဲ ရှိနေသေးတဲ့အတွက် မဂ္ဂါဝပ်(၄. ၃)လောက် ပိုလျှံနေပါသည်။ နမ့်ဆန်မြို့နယ် အနေဖြင့် လျှပ်စစ် ဓါတ်အား ပိုနေသေးတယ်လို့ တွေ့ရပါတယ်။ ဒါ့ကြောင့် ကျန်ရှိသည့်ရွာများသို့ ၎င်းပိုလျှံတဲ့ လျှပ်စစ်ဓါတ်အားများကို ဖြန့်ဝေပြီး လူထုမှသုံးစွဲဖို့အတွက် မျှော်လင့်တောင်းတနေပါသည်။ လျှပ်စစ်ဓါတ်အားလိုင်းကို ကျေးရွာအနှံ့ဖြန့်ဝေ ခြင်းအားဖြင့် ထင်း၊ လောင်စာအစား လျှပ်စစ်ကို အသုံးပြုတဲ့အတွက် သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်တဲ့အပြင် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာ လည်းရောက်ရှိပါတယ်။ ဓါတ်အားလျှော့ရသည့်အတွက် နိုင်ငံတော် အစိုးရအနေနဲ့ ဝင်ငွေရရှိလာမှာဖြစ်ပြီး၊ လျှပ်စစ်မီးမရရှိသေးတဲ့ ကျေးရွာအတော်များများကလည်း လျှပ်စစ်ဓါတ်အားလိုင်းရရှိရေးအတွက် မျှော်လင့်ကြီးစွာစောင့်စားနေကြသလို လျှပ်စစ်ဓါတ်အား သွယ်တန်းမှုကုန်ကျငွေ ကိုလည်း ရွာအလိုက် စုဆောင်းထားရှိပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယခင်ဘဏ္ဍာနှစ်များကဆိုလျှင် မဟာ ဓါတ်အားလိုင်းကို ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲဆောင်ရွက်ပေးတာဖြစ်ပါတယ်။ National Grid လို့ခေါ်သည့် (၂)မိုင်အတွင်း သွယ်တန်းလို့ရသည့် ကွန်ယက်ကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေအဖြစ်လည်းကောင်း၊ (၂)မိုင် ကျော်လျှင် လူထုပါဝင်ငွေတစ်ဝက်ဖြင့်လည်းကောင်း၊ ကျန်တစ်ဝက်ကို ပြည်ထောင်စုအစိုးရက ကျခံသည့် စနစ်ဖြင့် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကစပြီး (၃၃)ကေဗွီအောက်ဖြစ်တဲ့ (၁၁)ကေဗွီအေ လိုင်း၊ (၄၀၀)ဗို့လိုင်းနှင့်



D/real(wide) (1



(၁)ကြိမ်နှင့် သောင်းကျန်းသူများ လက်နက်ကိုင်အဖွဲ့အစည်းများ၏ တိုက်ခိုက်မှုကြောင့် တပ်မတော်သား(၂)ဦးသေဆုံးခြင်း (၁)ကြိမ်၊ စုစုပေါင်း(၂)ကြိမ် ဖြစ်ပါသည်။ နမ့်ခမ်းမြို့နယ်အတွင်း ၁-၁-၂၀၁၄ ရက်နေ့မှ ၃၁-၈-၂၀၁၄ ရက်နေ့အထိ လုယက်မှုဖြစ်ပွားခြင်း မရှိခဲ့ပါ။ မူခင်းကြိုတင်ကာကွယ်မှု အနေဖြင့် လက်နက်ပုန်း(၂)မှု၊ မူးယစ်ဆေးဝါးဖမ်းဆီးမှု (၆၇)မှု၊ ယစ်မျိုးဥပဒေအရ အရေးယူမှု(၆)မှု၊ ခြေချုပ်နှင့်ခံဝန်ဥပဒေအရ အရေးယူမှု(၁၀)မှု၊ ဒိုးမှုမသင်္ကာမှု ၃၇၉/၅၄ အမှု(၁၀)မှု ၊စုစုပေါင်းကြိုတင်ကာကွယ်မှု (၉၇)မှုတို့အား ရဲတပ်ဖွဲ့မှ ဖမ်းဆီးအရေးယူ နိုင်ခဲ့ပါသည်။ ၎င်းအပြင် နမ့်ခမ်း မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးစီမံချက်၊ မှုခင်းကျဆင်းရေး စီမံချက်များရေးဆွဲ၍ စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး မြို့ပေါ်ရပ်ကွက်များတွင် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများအား နေ့/ည ဆောင်ရွက်ခြင်း၊ ဧည့်စာရင်းများစစ်ဆေးခြင်း၊ အချက်အချာကျသောနေရာ များတွင် ပိတ်ဆို့ရှာဖွေခြင်းများ ဆောင်ရွက်ခြင်း၊ မြို့နယ်မှူး၊ စခန်းမှူးတို့မှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ တရား ဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နယ်မြေ အခြေအနေအရ နယ်စပ်မြို့ဖြစ်သဖြင့် KIA/TNLA/SSA ရင်း(၇၀၁) တိုင်းရင်းသား လက်နက်ကိုင်များ နယ်စပ်တစ်လျှောက် လှုပ်ရှားမှုများရှိနေသဖြင့် မြို့လုံခြုံရေး နှင့်တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ရှေ့တန်းတမခ(၈၈)၊ ဒေသခံပြည်သူ့စစ်၊ မြို့နယ်/ရပ်ကွက်/ ကျေးရွာ အုပ်ချုပ် ရေးမှူးများ၊ အရံမီးသတ်များ၊ မြို့နယ် အထောက်အကူပြု အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ ပြည်သူလူထုများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ထို့ပြင် တပ်မတော်သား သေဆုံးမှုနှင့် ပတ်သက်ပြီး တမခ(၈၈)တပ်မမှူး ကိုယ်တိုင် သက်ဆိုင်ရာ ကျေးရွာများသို့ ကွင်းဆင်းပြီး စစ်ဆေးလျက်ရှိသည့်အတွက်

ထရန်စဖော်မာများကို ပြည်နယ်အစိုးရဘတ်ဂျတ်နဲ့ စီမံခန့်ခွဲဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။ နမ့်ဆန်တွင် ပိုလျှံသည့်ဓါတ်အားများကို (၁၁)ကေဗွီအေလိုင်းအဖြစ် ကျေးလက်တောရွာအနှံ့ လျှပ်စစ်မီး သွယ်တန်းပေးလိုပါ၍ သွယ်တန်းရရှိရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ရမည်၊ ပြည်နယ်အစိုးရဘတ်ဂျတ်မှ မည်ကဲ့သို့ ကျခံပေးမည်ဆိုသည်ကို သိရှိလိုပါသဖြင့် လူထုကိုယ်စားမေးမြန်း ရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းထွန်းရင်၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော ရှမ်းပြည် နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ သက်ရှည်ကျန်းမာလိုရာဆန္ဒပြည့်ဝ ပါစေကြောင်း ဆုမွန် ကောင်းတောင်းဂါရဝပြုအပ်ပါတယ်။ နမ့်ဆန် မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွဏ်း၏ နမ့်ဆန်မြို့တွင် ပိုလျှံလျက်ရှိသည့် ဓါတ်အားလိုင်း များကို (၁၁)ကေဗွီအေလိုင်းအဖြစ် ကျေးလက် တောရွာအနှံ့ လျှပ်စစ်သွယ်တန်းရရှိရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်ရမည်၊ ပြည်နယ်အစိုးရဘတ်ဂျတ်မှ မည်ကဲ့သို့ ကျခံပေးနိုင်မည်ကို သိရှိလိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး မှ ဖြေကြားပေးမှာဖြစ်ပါတယ်။

နမ့်ဆန်မြို့နယ်တွင် ကျေးရွာများ လျှပ်စစ်ဓါတ်အားရရှိရေးအတွက် ဌာနနှင့်ကျေးရွာ ပူးပေါင်းဆောင်ရွက်မှု ဖြင့် ၂၀၁၃-၁၄





ဗို့လိုင်း-(၀.၆)မိုင်၊ (၂၀၀)ကေဗွီအေထရန် စဖော်မာ(၁)လုံး၊ (ဃ)နမ့်ဆန်(မ)မြို့၊ နမ္မဝေါ်ရပ်ကွက်နှင့်မင်္ဂလာ ရပ်ကွက်များတွင် ဓါတ်အားစနစ် ကောင်းမွန်စေရေးအတွက် ၁၁ကေဗွီလိုင်း (၂၂၅၀)ပေ နှင့် ၁၁/၀.၄ကေဗွီ(၁၀၀)ကေဗွီအေ ထရန်စဖော်မာ (၂)လုံး တည်ဆောက်ရန် ၂၀၁၄-၂၀၁၅ ပြည်နယ်အစိုးရဘတ်ဂျတ်(RE)တွင် လျာထားတင်ပြထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမုန့်က မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းမုန့်၊ မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)။ ရိုသေလေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ လိုအင်ဆန္ဒပြည့်ဝပြီး ကိုယ်ရောစိတ်ပါကျန်းမာချမ်းသာပါစေလို့ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်းပဏာမ ဆုတောင်း မေတ္တာပို့အပ်ပါတယ်။ ကျွန်တော်ကတော့မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသောပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ပြည်သူများအမှန်တကယ် လိုအပ်ချက်၊ ပြည်သူတို့ရဲ့လိုအင်ဆန္ဒကို တင်ပြ၍မေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်။ မိုင်းခတ်မြို့နှင့်(၂)မိုင်ခန့်ကွာဝေးသောဝမ်ခုတ်ကျေးရွာ နမ့်လွေချောင်းကူးတံတား(၁)စင်း တည်ဆောက်ရန် လိုအပ်ကြောင်း ပြည်သူများမှ တင်ပြတောင်းခံထားတာဖြစ်ပါတယ်။ နမ့်လွေချောင်းအကျယ်မှာ ပန်ခုတ်ရွာထိပ်ပေ(၅၀)ခန့်ရှိပြီး၊ ပန်ခုတ်ရွာအထက် (၂)မိုင်ခန့်အကွာအကျယ်ပေ(၃၁၀)ခန့်ရှိပါတယ်။ တံတားလျာထားသည့်

နေရာ(၂)ခုစလုံးသည် (၂၈-၆-၂၀၁၄) ရက်နေ့တွင် ကျိုင်းတုံခရိုင်ဆောက်လုပ်ရေးအင်ဂျင်နီယာမှူးနှင့် အဖွဲ့မှ လာရောက်တိုင်းတာပြီး ဖြစ်ပါတယ်။ ၄င်းတံတား(၁)ခုခု တည်ဆောက်ပေးမည်ဆိုပါက မိုင်းခတ်မြို့နယ်ရှိ နမ့်လွေချောင်း အရှေ့ဘက်(၆)အုပ်စုနှင့် နမ့်လွေချောင်းအနောက်ဘက် (၈)အုပ်စု အပြင် မိုင်းပေါက်ဒေသနှင့်လည်း တစ်ဆက်တည်း သွားလာနိုင်မည် ဖြစ်၍ ကုန်စည် ကူးသန်းရောင်းဝယ်ရာတွင် လွယ်ကူစေမည် ဖြစ်သည့်အတွက် ဝမ်ဟုတ်ကျေးရွာ နမ့်လွေချောင်းကူးတံတား (၁)စင်း အမှန်တကယ် လိုနေတာ ဖြစ်ပါတယ်။ သို့အတွက်ကြောင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းလိုတာ ကတော့ ဝမ်ဟုတ် ကျေးရွာတွင် နမ့်လွေချောင်းကူးတံတား(၁)စင်း တည်ဆောက် ပေးမည်ဆိုပါက ဆောက်လုပ်ပေးမည့် အချိန် ကာလတွင် ဆောင်ရွက် ပေးမည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။လေးစား အပ်ပါသောရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းအပ်ပါတယ်။မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမုန့် မေးမြန်းတဲ့ ဝမ်ခုတ် ကျေးရွာတွင် နမ့်လွေချောင်းကူးတံတား(၁)စင်း တည်ဆောက်ရန် နှင့် ဆောက်လုပ်မည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက် ပေးမည်ကို သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်



D/real(wide) (1



ဘဏ္ဍာရေးနှစ်တွင် တောင်မ၊ တောင်မဲ၊ တပ်မင်းသား၊ မန်မိုင် ကျေးရွာနှင့် လွယ်ဆိုင်တောင် ဘုရားသို့ ဓါတ်အားရရှိရေးအတွက် (၁၁)ကေဗွီလိုင်း(၁၀)မိုင်အား နိုင်ငံတော်ဘတ်ဂျတ်မှ ကျခံ တည်ဆောက်ပေးခဲ့ပြီး ကျေးရွာအတွင်း (၄၀၀)ဗို့လိုင်းနှင့် ၁၁/၄၀၀ ဗို့လိုင်းထရန်စဖော်မာများအား ကျေးရွာကုန်ကျစရိတ်ဖြင့် တည်ဆောက် အသုံးပြုခဲ့ပြီး ဖြစ်ပါသည်။

၆၆/၁၁ကေဗွီ(၅)အမ်ဗွီအေဓါတ်အားခွဲရုံမှ ထပ်မံ ဓါတ်အားဖြန့်ဖြူးပေးနိုင်မည့် ကျေးရွာများမှာ- ဓါတ်အားခွဲရုံ (၂)မိုင်အတွင်း ကျေးရွာ(၃)ရွာ-(၁)ကျောက်ဖြူကျေးရွာ၊ အိမ်ခြေ- (၁၂၄)၊ (၁၁)ကေဗီလိုင်း-(၂)မိုင်၊ ၊ ၄၀၀ ဗို့လိုင်း-(၁)မိုင်၊ ၁၁ ကေဗွီ(၁၆၀) ကေဗွီအေ ထရန်စဖော်မာ(၁)လုံး၊ (၂)ပန်းစမိန်း ကျေးရွာ- အိမ်ခြေ-(၁၂၅)၊ (၁၁)ကေဗီလိုင်း-(၂)မိုင်၊ ၊၄၀၀ ဗို့လိုင်း- (၁)မိုင်၊ (၂၀၀)ကေဗွီအေထရန်စဖော်မာ(၁)လုံး၊ (၃)ကယားလမ်း ကျေးရွာ- အိမ်ခြေ-(၁၃၈)၊ (၁၁)ကေဗွီလိုင်း-(၂)မိုင်၊ ၊ ၄၀၀ ဗို့လိုင်း- (၁)မိုင်၊ (၂၀၀)ကေဗွီအေထရန်စဖော်မာ(၁)လုံး၊ (ခ) ၆၆/၁၁ ကေဗွီဓါတ်အား ခွဲရုံမှ ၁၁ကေဗွီလိုင်း(၁၃)မိုင်သွယ်တန်း၍ ဓါတ်အားပေးနိုင်သော ကျေးရွာများမှာ- (၁) တောင်သုံးဆယ် ကျေးရွာ၊ ကွမ်ဟယ်ကျေးရွာ၊ မန်နောင်ကျေးရွာ၊(ဂ)ဇယန်း(မြောက်) ကျေးရွာနှင့် ဟိုချစ်(ခ) စခန်းသာကျေးရွာများ ဓါတ်အားရရှိရေး အတွက် အောက်ဖော်ပြပါလုပ်ငန်းများအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကျေးရွာမီးလင်းရေး ငွေလုံးငွေရင်း အသုံးစရိတ်မှာ သုံးစွဲရန် လျာထားခွင့်ပြုပြီး ဖြစ်ပါသည်။ (၁)ဇယန်း (မြောက်)ကျေးရွာ-(၁၁)ကေဗီလိုင်း-(၁. ၇)မိုင်၊ ၊ ၄၀၀ ဗို့လိုင်း-(၀. ၆)မိုင်၊ (၂၀၀) ကေဗွီအေ ထရန်စဖော် မာ(၁)လုံး၊ (၂)ဟိုချစ်(ခ)စခန်းသာကျေးရွာ-(၁၁)ကေဗီလိုင်း-(၁)မိုင်၊ ၊ ၄၀၀

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး၊ ဦးစိုင်းဆာလူ မှ ဖြေကြားသွားမှာဖြစ်ပါတယ်။

မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသော နမ့်လွေချောင်းသည် ကျေးရွာအနီးတွင် ချောင်းအကျယ်(၅၀၀)ပေခန့်ရှိပြီး လက်ရှိအခြေအနေတွင် အရှည်(၅၀၀)ပေရှိ ဝါးတံတားဖြင့် ဖြတ်သန်းသွားလာ လျက်ရှိပြီး လက်ရှိဝါးတံတား၏ အထက်ဘက်(၂)ဖာလုံခန့်အကွာတွင် ခပ်ဝေးသောနေရာတွင် ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်ရန် သင့်တော်မည် ဖြစ်ပါသည်။ အဆိုပါနေရာတွင် ချောင်းကူးကွန်ကရစ်တံတား (၁)စင်း တည်ဆောက်မည်ဆိုပါက အရှည်(၃၅၀)ပေ၊ အကျယ်(၁၄)ပေ၊ အမြင့်(၁၄)ပေရှိ တံတား(၁)စင်း တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပြီး တံတားတည်ဆောက်နိုင်ရေး အတွက် စနစ်တကျကွင်းဆင်း တိုင်းတာ၍ ခန့်မှန်းခြေကုန်ကျစရိတ် တွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး အတွက် ခွင့်ပြုရန်ပုံငွေရရှိနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။ အဆိုပါတံတား တည်ဆောက်ပြီးပါက နမ့်လွေချောင်းပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စု (၉)အုပ်စု၊ ကျေးရွာ(၁၀၉)ရွာနှင့် အိမ်ခြေ(၂၆၆၆)အိမ်၊ လူဦးရေ (၁၄၆၇၀)ဦးအား အကျိုးပြုနိုင်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ် ပါတယ်။





နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ပြီးတော့ ရောင်းဝယ် ဖောက်ကားတဲ့ စီးပွားရေးလုပ်ငန်း တွေ၊ ခရီးသွားလာရမည့် လုပ်ငန်းတွေမှာ မသွားနိုင်၊မလာနိုင် ဖြစ်ပေါ်နေပါတယ်။ ဒါ့ကြောင့် မည်သည့်အတွက်ကြောင့် တာပင် ကျေးရွာအုပ်စုတွင် နေထိုင်ကြသည့် ဒေသခံပြည်သူတွေကို နိုင်ငံသား စိစစ်ရေး ကတ်ပြား ပြုလုပ်ပေးနိုင်ခြင်းနှင့် မည်သည့် အချိန်မှာ ပြုလုပ် ပေးနိုင်မည် ဆိုသည်ကို မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအားဖာ မေးမြန်းတဲ့ ကျိုင်းတုံမြို့နယ်၊ တာပင်ကျေးရွာအုပ်စုနေ ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ မှ ဖြေကြား သွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား၊ တာပင်ကျေးရွာအုပ်စုတွင် အသက်(၁၀)နှစ်အောက် ကလေး ကျား(၂၆၁)ဦး၊ မ(၂၇၇)ဦး၊ ပေါင်း(၅၃၈)ဦး ရှိပါကြောင်း၊ အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ကြား ကျား(၂၀၀)ဦး၊ မ(၁၉၄)ဦး၊ ပေါင်း(၃၉၄)ဦး ရှိပါကြောင်း၊ အသက်(၁၈)နှစ်အထက်



D/real(wide) (1

ကျား(၆၉၀)ဦး၊ မ(၆၅၃)ဦး၊ ပေါင်း(၁၃၄၃)ဦးရှိပါကြောင်း၊ လူဦးရေပေါင်း(၂၂၅၇)ဦး အပေါ် လူမျိုး အလိုက်ခွဲခြားမည်ဆိုပါက ရှမ်းလူမျိုး(၂၄၅)ဦး၊ အာခါလူမျိုး(၆၀၃)ဦး၊ လွယ်လူမျိုး(၁၁၄၂)ဦး၊ လားဟူလူမျိုး (၁၁၄၂)ဦး၊ လားဟူလူမျိုး(၁၁၁)ဦး၊ ဗမာလူမျိုး(၁၆၁)ဦး၊ ကချင်လူမျိုး(၂)ဦး၊ ရခိုင်လူမျိုး(၁၁)ဦး ဖြစ်ပါကြောင်း၊ အသက်(၁၀-၁၈)ကြား (၃၉၄)ဦးအနက် ကျား(၁၈)ဦး၊ မ(၁၆)ဦး၊ ပေါင်း(၃၄)ဦးကို အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး ထားပါကြောင်း၊ စာရင်းအရထုတ်ပေးရန်ကျန်(၃၆၀)ဦး ဖြစ်ပါကြောင်း၊ အသက်(၁၈)နှစ် နှင့်အထက်(၁၃၄၃)ဦးမှာ ကျား(၅၃၇)ဦး၊ မ(၅၃၂)ဦး၊ ပေါင်း(၁၀၆၉)ဦးကို နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးပြီးဖြစ်၍ စာရင်းအရထုတ်ပေးရန် ကျန်မှာ (၂၇၄)ဦးဖြစ်ပါကြောင်း၊ ၁၃/ကတန(နိုင်) ကုတ်နံပါတ် များဖြင့် ယခင်ထုတ်ပေးထားခြင်း ဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် တာပင်ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၁၆)ရွာ ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ (၁-၉-၂၀၀၄)ရက်စွဲပါစာအမှတ်၊ ၁၀၀/၂၃/၃၂၅/ဦး၁ပါ စာအရ မိုင်းလားမြို့နယ် အတွင်း၌ ပါရှိသွားပါကြောင်း၊ ယခုအခါ ကျိုင်းတုံမြို့နယ်အတွင်း မဟုတ်တော့သဖြင့် ထပ်မံဆောင်ရွက်ပေးရမည့် ကုတ်နံပါတ်မှာ မိုင်းလားမြို့ကုတ်နံပါတ်ဖြင့် ဆောင်ရွက်ရမည့် ကုတ်နံပါတ်ဖြစ်ပါကြောင်း၊ သို့သော် မိုင်းလားမြို့၌ လဝကရုံး ဖွင့်၍ မရသေးသည့် အခြေအနေဖြစ်နေသေးသဖြင့် လောလောဆယ် အခက်အခဲ ရှိနေခြင်း ဖြစ်ပါကြောင်း၊ ကျေးရွာအုပ်စုဖွဲ့စည်းပုံအရ မဲဆန္ဒနယ်မြေခွဲ သည့်အခါ တာပင်းကျေးရွာအုပ်စုသည် မိုင်းလားမြို့နယ် အတွင်း၌ပင် ရှိနိုင်ပါကြောင်း၊ မြေပြင်အခြေအနေအရ တာပင်း



D/real(wide) (1



ဉက္ကဋ္ဌ။ ဆက်လက်ပြီး ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအားဖာက မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးအားဖာ၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဉက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျာ၊ ကျွန်တော်က ကျိုင်းတုံ မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအားဖာ ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော် ဉက္ကဋ္ဌကြီးခင်ဗျား- ကျိုင်းတုံမြို့နယ်၊ မြို့မရပ်ကွက် (၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၃၁)အုပ်စု၊ စုစုပေါင်း (၃၆)ခုနှင့် ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာပေါင်း(၃၆)ခု ထဲမှာ တာပင်ကျေးရွာအုပ်စု ပါပါတယ်။ အဆိုပါ ကျေးရွာအုပ်စု တွင် ရှမ်းတိုင်း ရင်းသား၊ အာခါ၊ လားဟူ၊ လွယ်နှင့် ဗမာတိုင်းရင်း သားများ ပျံနှံ့ နေထိုင်ကြပါတယ်။ ကွင်းဆင်းလေ့လာသည့်အခါမှာ ပြည်သူတွေ အများစုသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိကြဘူးလို့ သိရှိရပါ တယ်။ အသက်(၄၀)အထက်ရှိတဲ့ လူကြီးများအပိုင်းမှာသာ နိုင်ငံ သားစိစစ်ရေးကတ်ပြားရှိပြီး၊ (၄၀)အောက်ရှိ ဒေသခံ ပြည်သူများ ဟာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိကြပါဘူး၊ မရှိသည့်အတွက် ဆိုင်ရာလဝကရုံးသို့ နိုင်ငံသား စိစစ်ရေးကတ်ပြား ပြုလုပ်လိုကြောင်း လာရောက်လျှောက်ထားသော်လည်း လက်ခံဆောင်ရွက်ပေးခြင်း မရှိဘူးလို့ သိရပါတယ်။ ထို့အပြင် နိုင်ငံတော်မှာ မိုးပွင့်အဆင့် စီမံချက်ဆိုပြီး ဆောင်ရွက်နေတာ အဆင့်(၆)ရောက်ရှိနေသော်လည်း ကျိုင်းတုံမြို့နယ်၊ တာပင်းကျေးရွာ အုပ်စုတွင် တစ်ခါမျှ မိုးပွင့်အဆင့် စီမံချက်ဆိုပြီး လာရောက်လုပ် ပေးခြင်း မရှိပါသဖြင့် တာပင်းကျေးရွာအုပ်စုမှာ နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားတွေက

ကျေးရွာအုပ်စုသည် နမ့်လွေချောင်း၏ အနောက်ဘက်ခြမ်း၊ ကျိုင်းတုံဘက်နှင့်နီးသော်လည်း ပြည်ထဲရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအရသာဖြစ်နိုင်ပါကြောင်း၊ သို့သော် တာပင်းကျေးရွာ၌ နေထိုင်သူ တိုင်းရင်းသားများမှာ မွေးရာပါနိုင်ငံသားအခွင့်အရေးကို ရရှိသူများဖြစ်၍ မိုင်းလားမြို့ ၌ လဝကရုံးမဖွင့်နိုင်သေးမီ ကာလအတွင်း မည်သို့ဆောင်ရွက်ရမည်ကို နည်းလမ်းရှာရမည် ဖြစ်ပါကြောင်း၊ သို့ပါ၍ မိုင်းလားမြို့နယ်အတွင်း ဖြစ်နေသော တာပင်းကျေးရွာအုပ်စုအတွင်းရှိ တိုင်းရင်းသားများကို မိုးပွင့်အဆင့်(၆) ကာလအတွင်း၌ ကျိုင်းတုံကုတ်နံပါတ်ဖြင့် ထုတ်ပေးနိုင်ရေး(သို့မဟုတ်) မိုင်းလားကုတ်နံပါတ်ဖြင့် ကျိုင်းတုံမြို့နယ်ရုံးမှ လုပ်ငန်းဆောင်ရွက်ပေးနိုင်ရေး (သို့မဟုတ်) မိုင်းလားမြို့နယ်လဝကရုံးကို ကျိုင်းတုံမြို့နယ်၌ တွဲဘက်ပြီး ဖွင့်လှစ်ကာ ဆောင်ရွက်ပေးနိုင်ရေး အဖြေတစ်ခုခုရရှိအောင် အဆင့်ဆင့်တင်ပြပြီး ခွင့်ပြုချက်ရယူကာ ဆောလျင်စွာ သီးခြား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လဝက ဌာနမှ ကွင်းဆင်း ဆောင်ရွက်ပေးသည့်ကာလတွင် ဝန်ထမ်းများ လမ်းခရီးသွားလာရေး၊ နေထိုင်စားသောက်ရေးတို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် တစ်ပါတည်း မေတ္တာရပ်ခံ တင်ပြလိုပါကြောင်း ဖြေကြားအပ်ပါသည်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်တင်မေထွန်း က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်တင်မေထွန်း၊ တာချီလိတ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ





ရပ်ကွက်(၃)ခုအဖြစ် မကြာမီက ခွဲခြားသတ်မှတ် ပေးလိုက်တဲ့အတွက် ယခုအခါ အဆိုပါ ဟောင်လိတ်ကျေးရွာ အုပ်စုသည် ရပ်ကွက်(၃)ခုအဖြစ် ဖွဲ့စည်း ဖြစ်ပေါ်လာပြီး ဖွဲ့စည်းပေးတဲ့ ရပ်ကွက်များအလိုက် အုပ်ချုပ်ရေးပိုင်းကစပြီး ရပ်ကွက် အဖွဲ့နှင့်ပြည်သူများရဲ့ သွားလာလှုပ်ရှားမှုနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာပြီကို မြင်တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ မိုင်းကိုးကျေးရွာအုပ်စု အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အကျိုးကျေးဇူးများ ပြည့်ဝစွာ ခံစားရရှိနိုင်ရန် ကျေးရွာအလိုက် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားဆိုင်ရာ များကို ထိရောက်စွာဆောင်ရွက် နိုင်ရန် အတွက် ဧရိယာကျယ်ပြန့်သည့် မိုင်းကိုးကျေးရွာအုပ်စုအား ကားလမ်းမကြီး၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းဟူ၍ ကျေးရွာ အုပ်စု(၂)ခုအဖြစ် ခွဲခြားပေးသင့်ပါကြောင်းနှင့် ခွဲခြား သတ်မှတ်ပေး၍ ရ/မရ သိလို၍ မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း မေးမြန်းတဲ့ “ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာ အုပ်စုအား အုပ်စု(၁)ခုတည်း သတ်မှတ်ထားရာမှ အုပ်စု(၂)ခုအဖြစ် ခွဲခြားသတ်မှတ်ပေး၍ ရ/မရ” သိရှိလိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော် ပြည်နယ်လုံခြုံရေးနှင့်

နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူမှ ဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့်မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ တွင် “ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိသော ကျေးရွာ၊ကျေးရွာအုပ်စု၊ရပ်ကွက်၊မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည် ဟု ပါရှိပါသည်။ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်များပြင်ဆင်ခြင်း၊ အသစ်ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲခြင်းတို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်အောင် အမှုတွဲပြုစုရန် လိုအပ်ပါသည်-

(က) ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာ စာထုတ်ပြန်ပြီးသော မြို့ရွာတည်ရှိမှုစာရင်း နောက်ဆုံးထုတ် Notify စာအုပ်ကိုသာ အခြေခံ၍ အသုံးပြုရန်၊

(ခ) ဖွဲ့စည်းလိုသည့် မြို့ရွာ၏ မူလမြေပုံ (A4 စာရွက်တွင် ကွန်ပျူတာစာစီ၊ ကာလာမြေပုံကို သင့်လျော်သော စကေးဖြင့် အချက်အလက် ပြည့်စုံစွာ ရေးဆွဲရန်)





အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းခံအပ်ပါတယ်။ ကျွန်မကတော့ တာချီလိတ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပသည့် အစည်းအဝေးမှာ “တာချီလိတ်မြို့နယ်၊ မိုင်းကိုး ကျေးရွာအုပ်စုအား အုပ်စု(၁)ခုတည်း သတ်မှတ်ထားရာမှ အုပ်စု(၂)ခုအဖြစ် ခွဲခြားသတ်မှတ်ပေး၍ ရ/မရ” စပ်လျဉ်းသည့် မေးခွန်းနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ရှင့်- တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်အတွင်း မှာ ကျေးရွာအုပ်စု(၇)စု ရှိတဲ့အနက် မိုင်းကိုးကျေးရွာအုပ်စုဟာ နယ်မြေအကျယ်ပြန့်ဆုံးနှင့် လူနေကျေးရွာ အများဆုံးဖြစ်ပြီး တာချီလိတ်၊ ကျိုင်းတုံ၊ တောင်ကြီးကားလမ်းမကြီးဟာ ယင်းအုပ်စု အလယ်မှ ဖြတ်သန်းသွားရပါတယ်။ အဆိုပါကားလမ်းမကြီး၏ အရှေ့ဘက်ခြမ်းမှာ ကျေးရွာ(၃၉)ရွာ၊ အိမ်ခြေ(၁၁၃၈)လုံး၊ လူဦးရေ(၁၁၀၃၃)ဦး နေထိုင်ကြပြီး ကားလမ်းမကြီး၏ အနောက်ဘက်ခြမ်းမှာ ကျေးရွာ(၄၂)ရွာ၊ အိမ်ခြေ(၁၈၀၄)လုံး၊ လူဦးရေ (၈၈၅၀)ဦး နေထိုင်ကြပါတယ်။ မိုင်းကိုးကျေးရွာအုပ်စုဟာ နယ်မြေကျယ်ဝန်းသည့်အပြင် တောင်ပေါ် ကျေးရွာများနှင့် မြေပြန့် ကျေးရွာများသို့လည်း တစ်ရွာနှင့်တစ်ရွာ အလှမ်းဝေးကွာစွာ တည်ရှိသည့်အတွက် ရာသီမရွေးသွားလာဆက်သွယ်ရာတွင် ခက်ခဲမှုများနှင့် ကြုံတွေ့နေရလျက် ရှိပါတယ်။ တာချီလိတ်မြို့နယ်မှာ ယခင်က ဧရိယာကျယ်ပြန့်ပြီး မြို့မရပ်ကွက်နှင့် နီးကပ်စွာ တည်ရှိသည့် ဟောင်လိတ် ကျေးရွာအုပ်စု တစ်ခုရှိရာ ယင်းကျေးရွာ အုပ်စုကို

(ဂ) ဖွဲ့စည်းလိုသည့် မြို့ရွာ၏ ပြုပြင်ဖွဲ့စည်းပြီးမြေပုံ (A4 စာရွက်တွင် ကွန်ပျူတာစာစီ၊ ကာလာမြေပုံကို သင့်လျော်သော စကေးဖြင့် အချက်အလက်ပြည့်စုံစွာ ရေးဆွဲရန်)

(ဃ) သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင်၏ မူလမြေပုံ (A4 စာရွက်တွင် ကွန်ပျူတာစာစီ၊ ကာလာမြေပုံကို သင့်လျော်သော စကေးဖြင့် အချက်အလက်ပြည့်စုံစွာ ရေးဆွဲရန်)

(င) သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင်၏ပြုပြင်ဖွဲ့စည်းပြီး မြေပုံ (A4 စာရွက်တွင် ကွန်ပျူတာစာစီ၊ ကာလာမြေပုံကို သင့်လျော်သော စကေးဖြင့် အချက်အလက်ပြည့်စုံစွာ ရေးဆွဲရန်)

(စ) မြေပုံများပေါ်တွင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူးတို့၏ အတည်ပြုလက်မှတ် ပါရှိရန်။

(ဆ) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး တို့၏ ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ

(ဇ) ပြုပြင်ဖွဲ့စည်းသည့် မြို့နယ်၊မြို့နယ်ခွဲ၊ရပ်ကွက် ကျေးရွာ အုပ်စု၊ကျေးရွာ အလိုက်အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေနှင့် သက်ဆိုင်ရာမြို့ရွာ၏ ဧရိယာအကျယ်အဝန်းများ စာရင်း၊

(ဈ) တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစည်းအဝေး မှတ်တမ်း။





အခါသမယ ဖြစ်ပါတယ်ရှင် ။ ကျွန်မကတော့ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး ဖြစ်ပါတယ်။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ လုံခြုံရေးနှင့်ပတ်သက်သည့် မေးခွန်း(၁)ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ နယ်မြေတွင်တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် လုံခြုံရေးဆောင်ရွက်ဖို့အတွက် နမ္မတူမြို့နယ်မှာ မြို့မရဲစခန်းကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှာ ဖွင့်လှစ်ခဲ့ကြောင်း သိရှိရပါတယ်။ နမ္မတူမြို့ မြို့မရဲစခန်းအတွင်းမှာဆိုရင် အိုမင်းနေတဲ့ အထပ်နှစ်ထပ်ဆောင် တွေ့ရမှာဖြစ်ပါတယ်။ အဲဒီ(၂)ထပ်ဆောင် ရဲ့အပေါ်ထပ်သည် အချုပ်ခန်းဖြစ်ပြီး၊ အောက်ထပ်တွင် စခန်းမှူးရုံးခန်း၊ အမှုစစ်အခန်း၊ ဂတ်စာရေးအခန်းနှင့် စတိုခန်းများ တည်ရှိနေပါတယ်။ အပေါ်ထပ်စခန်းမှာ အချုပ်တရားခံကို ထားရှိသည့် အတွက်ကြောင့် CCTV ကင်မရာများတပ်ဆင်ပြီး တရားခံများလုံခြုံမှုအတွက် ကိုယ်ကိုယ်ကို အစုံ စီရင်ခြင်းမရှိအောင် တပ်ဆင် နေသလားလို့ စောင့်ကြည့်နေသလားလို့ ထင်ရမှာဖြစ်ပါတယ်။ တကယ်တမ်း ကျတော့ နမ္မတူရဲစခန်းဟာ လိုအပ်ချက်များစွာ ရှိနေပါတယ်။ အပေါ်ထပ်အချုပ်ခန်းရဲ့ အပြင်လျှောက်လမ်း အပြင်ဘက်ပတ်လည်မှာရှိသည့် အကာအရန်များဟာ (၂)ငါးမူး၊ (၄)ပေချောင်းများဖြင့်သာ လေးကွက်ကြား ကာရန်ထားပါတယ်။ အဲဒီသစ်သားများ ဟောင်းနွမ်းဆွေးမြေ့လို့ရှိနေပါတယ်။ တရားခံတွေကို အကြောင်း အမျိုးမျိုးကြောင့် အချုပ်ခန်း ဝင်ပေါက်/ထွက်ပေါက်မှာ ထုတ်တဲ့အချိန်မှာ အစောင့်ရဲတပ်ဖွဲ့ဝင်ကို

တွန်းထိုး/အကြမ်းဖက်၍ သစ်သားများကို ရိုက်ချိုးပြီး ထွက်ပြေးခုန်ချသွားနိုင်သည့် အခြေအနေဖြစ်နေပါသည်။ သို့ဖြစ်ပါ၍ ၄င်းသစ်သားများအစား ပိုမို ခိုင်ခန့်သော သစ်သား သို့မဟုတ် (၃)မူးဆိုဒ်သံပန်းလုံးများဖြင့် ကာရန်ဖို့ လိုအပ်နေပါတယ်။ နမ့္မတူရဲစခန်းမှာ ရွှေ့လျားမရတဲ့ ကား(၁)စီးပေးထားပါတယ်။ အဆိုပါကားကို လွှတ်တော် မတိုင်ခင် ထုတ်ယူသွားသည့်အတွက် အဆိုပါကား အစား အခြားကား ပေးမည်ဟု ထင်ပါသည်။ ဒါပေမယ့် ကျွန်မတို့ နိုင်ငံတွင် သက်ဆိုင်ရာဌာနကို ပြန်လည်ချပေးသော ဆိုင်ကယ်(သို့မဟုတ်) ကားများသည် ပြန်လည်ပြုပြင် ထိန်းသိမ်းနေရသည့်အတွက်ကြောင့် သက်ဆိုင်ရာ ဌာနကို ဝန်ထုတ်ဝန်ပိုး ဖြစ်စေပါတယ်၊ အဲဒါအတွက် ကြောင့် အကယ်၍ ကားချမှတ်ပေးမည် ဆိုလျှင် ပြင်ဆင်ဖို့ မလိုအပ်သည့် ကားဖြစ်ဖို့ လိုအပ်ပါတယ်။ တရားခံတွေကို လိုက်လံ ဖမ်းဆီးမယ် ၊ဒါမှမဟုတ်ရင် တရားရုံးထုတ်မယ် ဆိုလို့ရှိရင် အချုပ်ကား၊ ရဲတပ်ဖွဲ့မှူးရုံး အသုံးပြုရန်ယာဉ်၊ ဒါမှမဟုတ်ရင် မြို့မ ရဲစခန်း ရဲလုပ်ငန်း ဆောင်ရွက်ရန် အတွက် ယာဉ်တစ်စီးတစ်လေမှ မရှိသည့်အတွက်ကြောင့် ရဲတပ်သားတွေဟာ ခြေကျင်သွားလာ လှုပ်ရှားနေရ ပါတယ်။ ဒါ့အပြင် တရားခံတွေကို တရားရုံးထုတ်လို့ ရှိလျှင်လည်း တရားရုံးထုတ်အချုပ်ခန်း၊ ဆေးရုံများသွားရန် အတွက် ဆေးရုံတက်အချုပ်ခန်း ဆောက်လုပ်ထားခြင်း မရှိသေးပါဘူး၊ တိုင်းဒေသကြီး/ပြည်နယ်များရှိတဲ့ ရဲစခန်း အသီးသီးဟာ ဖမ်းဆီး ထိန်းသိမ်းထားတဲ့ တရားခံတွေဟာ နည်းမျိုးစုံဖြင့် ထွက်ပြေး လွတ်မြောက်တဲ့ ဖြစ်စဉ်များလည်း မကြာခဏ ဖြစ်ပွားလျက် ရှိနေပါသဖြင့် တရားရုံးထုတ် အချုပ်ခန်း ကျား/မနှင့် ဆေးရုံတက် အချုပ်ခန်းများ မရှိမဖြစ် လိုအပ်နေပါတယ်။ ဒါ့အပြင်



D/real(wide) (1



(ည) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်၏ ထောက်ခံချက်

(ဋ) အမိန့်ကြော်ငြာစာ(မူရင်း)

(ဌ) အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအချက်အလက်များ၊

နိုင်ငံတော်သမ္မတရုံးမှ စိစစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ သဘောထားပြန်လည်တင်ပြရန် ညွှန်ကြားချက် ရရှိပါက ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်၊ ထောက်ခံချက်များဖြင့် နိုင်ငံတော်သမ္မတရုံးထံ ပြန်လည်တင်ပြရပါသည်။ နိုင်ငံတော်သမ္မတရုံးမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ အမှာစာကို အမှုတွဲများ အပြည့် အစုံဖြင့် ပြုစုတင်ပြရပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘော တူကြောင်း ဆုံးဖြတ်ချက်ရရှိပါက ပြည်ထဲရေးဝန်ကြီးဌာနမှ အမိန့် ကြော်ငြာစာ ထုတ်ပြန်သွားမည်ကြောင်း၊ သို့ဖြစ်ပါ၍ အထက်ပါ ညွှန်ကြားချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျေးရွာ၊ ကျေးရွာ အုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်ခွဲ၊ ခရိုင်များပြင်ဆင်ခြင်း၊ အသစ်ဖွဲ့စည်း ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား အပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နမ့္မတူမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နန်းခမ်းအေး က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါ်နန်းခမ်းအေး၊ နမ့္မတူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ကြွရောက်လာကြသော လူကြီးမင်းများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံတဲ့

မြို့မရဲစခန်းမှာရှိတဲ့ ရဲတပ်သား အင်အားသည်လည်း လုံလောက်မှု မရှိပါဘူး၊ ရှိတဲ့အင်အားနဲ့ မန်ဆိုင်ရဲကင်းစခန်း၊ ဘော်တွင်းရဲကင်း စခန်း၊ နမ့်ဆန်နှင့် ဂတ်စ်ပိုင်းလိုင်းမှာရှိသည့် ပန့်စတေရှင်၊ နောက်မိုင်း ပတ်တွေ၊ ရဲကင်းတွေကို ပို့ဆောင်ပြီး တာဝန် ထမ်းဆောင်နေရပါ တယ်။ အဲဒီရဲကင်းစခန်းများသည် ဥပမာ-မိုင်းပတ်ရဲစခန်းတွေဟာ လုံခြုံမှုမရှိသည့် အတွက်ကြောင့် လက်နက်ကိုင်များ၏ ဝင်ရောက်ပစ်ခတ်မှုဒဏ်ကို ရဲတပ်သားများ နှစ်ကြိမ်ခံရပြီး ဖြစ်ပါတယ်။ နမ္မတူမြို့မှ ရဲတပ်သားများသည် လိုအပ်ချက်တွေ များစွာ ရှိနေသည့်အတိုင်း တာဝန်ထမ်းဆောင် နေကြရပါတယ်။ တရားခံ ဖမ်းမိပါက အမှု(၁)မှုအတွက် နမ္မတူမြို့နယ်မှ ခရိုင်ရုံး ကျောက်မဲသို့ အနည်းဆုံး(၃)ခေါက်သွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ချမှတ်ပေးပါသော ခရီးစရိတ်၊ သယ်ယူပို့ဆောင်ခ စရိတ်နှင့် အခြားသောစရိတ်များဟာ ခေတ်ကာလ နှင့်ကိုက်ညီမှု မရှိသည့်အတွက်ကြောင့် တရားခံ ဖမ်းမိသူကသာ ကုန်ကျစရိတ် ကျခံနေရပါတယ်။ ရဲမိသားစုများသည် မိမိ စားဝတ်နေရေး အတွက်တောင် ပြေလည်အောင် ဖြေရှင်းနိုင်မှုမရှိသည့် ကြားထဲက ကုန်ကျခံနေရသည့် အတွက်ကြောင့် တရားခံ ဖမ်းမိရမှာကို စိုးရိမ် နေကြရပါတယ်။ နိုင်ငံတော်မှချမှတ်ပေးပါသော စရိတ်များ ဆိုတာကလည်း အမှန်တကယ် မြို့နယ်ရုံးများကို ရောက်ရှိဖို့ လိုအပ်ပါတယ်။ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များရဲ့ အရှိန်အဟုန်ကို မြှင့်တင်ဆိုတဲ့အချက်တွေများစွာအနက် မှားယွင်း နေတဲ့ Policy တွေကို ပြန်လည်ရေးဆွဲသင့်ပါပြီ။ ဝန်ထမ်းများ ကိုလည်း Facility အပြည့်အဝ ဖြည့်ဆည်းပေးဖို့ လိုအပ် နေပါတယ်။ ရဲစခန်းဆိုင်းဘုတ်ရှေ့မှာ တွေ့မြင်နေပါသော ကူညီ ပါရစေဆိုတဲ့ စကားလုံးဟာ လိုအပ်ချက်များစွာရှိနေပါသော



D/real(wide) (1



ဗိုလ်မှူးကြီးအောင်သူ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ္မတူ မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး မေးမြန်းတဲ့ ၁၉၈၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက် နေ့တွင် နမ္မတူမြို့နယ်ရဲစခန်းအတွက် လိုအပ်သည့် “ (၁) တရားခံ များ တရားရုံးထုတ်အချုပ်ခန်း၊ (၂) တရားခံများ ဆေးရုံတက် အချုပ်ခန်း၊ (၃) ရဲစခန်းအချုပ်ခန်းအပြင် လျှောက်လမ်း၊ အပြင်ဘက် ပတ်လည်ရှိ ဆွေးမြေ့နေသော သစ်သားချောင်းများ၊ အကာအရန် များအစား ပိုမိုခိုင်ခန့်ပါသော သစ်သားများ(သို့မဟုတ်)သံလုံးများ၊ (၄) နမ္မတူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအသုံးပြုရန် ယာဉ်(၁)စီးနှင့် (၄)နမ္မတူမြို့မရဲစခန်း ရဲလုပ်ငန်း ဆောင်ရွက်ရန်အတွက် ယာဉ်(၁)စီးအား ဖြည့်ဆည်း ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့် အချိန် ကာလတွင် ဖြည့်ဆည်းပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်း” နှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ကျွန်တော်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သူ မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စား လှယ်မှ မေးမြန်း သည့် နမ္မတူရဲစခန်းနှင့်ပတ်သက်၍ (၁)တရားခံများတရားရုံးထုတ် အချုပ်ခန်းအတွက် နမ္မတူမြို့တွင် လက်ရှိတရားရုံးသည် ရဲစခန်းနှင့် ကိုက်(၁၀၀)ခန့်သာ ကွာဝေးသဖြင့် တရားရုံးထုတ် စစ်ဆေးချိန် များတွင် ရဲစခန်းမှ သွားရောက်ပို့ဆောင်ခြင်းများ ဆောင်ရွက်

ပေးလျက် ရှိပါသည်။ နမ္မတူတရားရုံးအသစ်အား ဆောက်လုပ်ရန် ရှိပြီး အဆိုပါတရားရုံးအသစ် ဆောက်လုပ်ပါက တရားရုံး အချုပ်ခန်းအား တစ်ပါတည်း ဆောက်လုပ်ပေးရန် အတွက် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ (၂)တရားခံများအား ဆေးရုံတက်အချုပ်ခန်းအတွက် မြို့နယ် ပြည်သူ့ဆေးရုံတွင် နေရာအခက်အခဲကြောင့် ဆေးရုံသီးသန့်အချုပ်ခန်းထားရှိ ပေးနိုင်ခြင်း မရှိသဖြင့် ဆေးရုံ တက်ရောက်ကုသရသော တရားခံ များအတွက် ရဲစခန်းမှလုံလောက်သောအင်အား ထုတ်နုတ်၍ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆေးရုံအချုပ်ခန်း အနေဖြင့် နေ့စဉ်အချုပ်သား ရှိခြင်းမရှိသည့် အတွက် လုံခြုံရေး အင်အား လုံလောက်လျက်ရှိပါသည်။ (၃) ရဲစခန်းအချုပ်ခန်း အပြင် လျှောက်လမ်း၊ အပြင်ပတ်လမ်းရှိ ဆွေးမြေ့ နေသော သစ်သား ချောင်းများ၊ အကာအရန်များအစား ပိုမိုခိုင်ခံ့သော သစ်သားများနှင့် ပတ်သက်၍ နမ္မတူရဲစခန်း အချုပ်ခန်း၏ အပြင်လျှောက်လမ်း အပြင်ဘက် ပတ်လည် အကာ များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာန ချုပ်၏ ညွှန်ကြားချက်ဖြစ်သော အုတ်များဖြင့် ကာရန်ဆောက်လုပ် ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့ ဆောက်လုပ်နိုင်ခြင်း မရှိသေးခင်ကာလအတွင်း ခိုင်ခန့်သော သစ်သားချောင်းများဖြင့် အစားထိုးလဲလှယ် ဆောက်လုပ်နိုင်ရေး မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာနှင့် တွက်ချက်မှုဖြင့်ဆောက်လုပ်သွားရန် စီစစ် ဆောင်ရွက်လျက် ရှိပါသည်။(၄)နမ္မတူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲတပ်ဖွဲ့စခန်း ရဲလုပ်ငန်းဆောင်ရွက်ရန် မော်တော်ယာဉ်(၁)စီး ဖြည့်ဆည်း ပေးရန်နှင့်ပတ်သက်၍ နမ္မတူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် နမ္မတူမြို့မရဲ စခန်းတို့တွင် ရဲလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်





ရဲစခန်းကိုရည်ညွှန်းနေသလား။ ဒါမှမဟုတ်ရင် ပြည်သူ့အတွက် ရည်ညွှန်း နေသလားလို့ ဝေခွဲမရဖြစ်နေပါတယ်။ အဲဒါအပြင် နမ္မတူတရားရုံးဟာ ကိုယ်ပိုင်ရုံး မဟုတ်တဲ့အတွက်ကြောင့် အငှားနဲ့သာ ရုံးဖွင့်ထားရပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကိုယ်ပိုင်တရားရုံး ဆောက်လုပ် ပါက ရဲခန်းများ၊ တရားရုံးထုတ် အချုပ်ခန်း ဆောက်လုပ်ထားရန် စီစဉ်ထားလျက်ရှိပါကြောင်းဆိုတဲ့ ဖြေကြောင်းဖြေပါလိမ့်မယ်။ ဒီ(၃)နှစ်လွှတ်တော် သက်တမ်းမှာ ပုံသေနည်းဆန်တဲ့အဖြေတွေ ဖြေကြားမည့်အစား မြို့နယ်၏ လိုအပ်ချက်များကို မြို့နယ်မှတစ်ဆင့် ပြည်နယ် ပြည်နယ်မှတစ်ဆင့် နိုင်ငံတော်အတွက်ပါ အရေးပါတဲ့ လုံခြုံရေးကိစ္စကိုတော့ ဆောင်ရွက်ပေးစေချင်ပါတယ်။ သို့ဖြစ်ပါ၍ နမ္မတူမြို့နယ်ရဲစခန်း အတွက် (၁)တရားခံများ တရားရုံးထုတ်အချုပ်ခန်း၊ (၂) တရားခံများ ဆေးရုံတက်အချုပ်ခန်း၊ (၃)ရဲစခန်းအချုပ်ခန်းအပြင် လျှောက်လမ်း၊ အပြင်ဘက်ပတ်လည်ရှိ ဆွေးမြေ့နေသော သစ်သားချောင်းများ၊ အကာအရန်များအစား ပိုမိုခိုင်ခန့်ပါသော သစ်သားများ(သို့မဟုတ်) သံလုံးများ၊ (၄)နမ္မတူမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အသုံးပြုရန် ယာဉ် (၁)စီးနှင့် (၅)နမ္မတူမြို့မရဲစခန်း ရဲလုပ်ငန်း ဆောင်ရွက်ရန်အတွက် ယာဉ်(၁)စီးအား ဖြည့်ဆည်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန် ကာလတွင် ဖြည့်ဆည်းပေးမည်ကို သိရှိလိုပါ ကြောင်း မေးမြန်းအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

မော်တော် ယာဉ်များ ထုတ်လုပ်ပေးထားခြင်းမရှိပါကြောင်းနှင့် မော်တော်ယာဉ်များ ရရှိရေးအတွက် တင်ပြတောင်းခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မော်တော်ယာဉ်များ ရရှိခဲ့လျှင်လည်း ယခုပေးနေသည့် မော်တော်ယာဉ်အားလုံးသည် အသစ်အကုန်လုံး ဖြစ်နေပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်း က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လူကြီးမင်းများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ်ခါတ်သုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းပန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)က ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ “ မိုင်းပန်မြို့နယ် ပြည်သူများ မြေငှားဂရန်ရရှိရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့် လျှောက်ထားရာတွင် အဘယ့်ကြောင့်ကြန့်ကြာ နေရသည်ကို သိရှိလိုသည့် မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးခင်များ။ မိုင်းပန်မြို့နေ ပြည်သူများ One-A အမည်ပေါက် မြေငှားဂရန်ရရှိရန်အတွက် အင်မတန်စိတ်ဝင်စားပြီး မြေငှာဂရန်လိုချင်ကြပါတယ်။ မြေငှားဂရန် ရရှိမှသာလျှင် မိမိအတွက် ငှင်းမြေသည် ကိုယ့်အတွက် အာမခံမှုရှိမည်ကို သိကြပါတယ်။ ဒါပေမယ့် မြေငှားဂရန် ရရှိရန်အတွက်





အတွက် ကျွန်တော် လျှောက်ထားသည်မှာ (၁)နှစ်ကျော်ကြာခဲ့ပြီး ယနေ့အထိ ဘာမျှမသိရသေးသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တောင် ဒီလောက်ကြာတာတောင် ဘာမှမသိရသေးတဲ့ အတွက် သူတို့လို ပြည်သူများဆိုရင် ပိုတောင် မလွယ်ဘူးဟု ကျွန်တော်အား လာရောက်ပြောနေကြပါတယ်။ အစိုးရ၏ မူအရဆိုလျှင် (၂၄)ရက်အတွင်း မြေငှားဂရန် ဆောင်ရွက်ပေးနိုင်သည့် အကြောင်းကြားသိရပါတယ်။ဒီလို ကြန့်ကြာမှုတွေရှိနေရင် နိုင်ငံတော် အခွန်ငွေ ရရှိမှုအတွက်လည်း ထိခိုက်ပြီး၊ ပြည်သူများ၏ ယုံကြည် ကိုးစားမှုလျော့နည်းကာ ယနေ့နိုင်ငံတော်က ပြုပြင်ပြောင်းလဲရေး အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များနှင့်ကိုက်ညီမှု မရှိပါကြောင်း တင်ပြရင်း မြေငှားဂရန်ရရှိရန်အတွက် မြေစာရင်း ပုံစံ(၁၀၅) လျှောက်ထားရာတွင် မည်သည့်နေရာဌာနတွင် အဘယ် ကြောင့် ကြန့်ကြာနေသည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာပြည်နယ်အစိုးရ အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

ဦးစိုင်းဆာလူ၊ ပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း မေးမြန်းတဲ့ “ မိုင်းပန်မြို့နယ်ပြည်သူများ မြေငှားဂရန်ရရှိရန် အတွက် မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်

လျှောက်ထားရာတွင် အဘယ်ကြောင့်ကြန့်ကြာနေရသည်ကို သိရှိလိုသည့် မေးခွန်း” ဖြစ်ပါတယ်။ မြေစာရင်းပုံစံ(၁၀၅) လျှောက်ထားလာပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ စည်ပင်သာယာရေးဌာနတို့ပါဝင်သော အဖွဲ့ဖြင့် ကွင်းဆင်း စိစစ်စေပါတယ်။ ကွင်းဆင်းစိစစ်ရာတွင် (၁)ကာယကံရှင်၏ မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့် လျှောက်လွှာ၊ (၂)မြေရာဇဝင်စိစစ် တင်ပြချက်(မြို့နယ်နှင့်ခရိုင်)( ၃)သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ် ရေးမှူး၏ ထောက်ခံချက်၊ (၄)မှတ်တမ်းဓါတ်ပုံ(မြေနှင့်အဆောက် အဦ ဓါတ်ပုံ)၊ (၅)လျှောက်ထားသူ၏မှတ်ပုံတင်မိတ္တူ၊ (၆) လျှောက် ထားသူ၏ အိမ်ထောင်စုဇယားမိတ္တူ၊ (၇)အနားလေးရပ်ပေအရှည်၊ (၈)တည်နေရာပြမြေပုံကြမ်း၊ (၉) အနားလေးရပ်ရှိ ပတ်ဝန်းကျင်မှ ကန့်ကွက်ရန်မရှိကြောင်းသဘောတူညီကြောင်း ထွက်ဆိုချက်၊ (၁၀)မြို့နယ်စိစစ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်၊ (၁၁)မြို့နယ်အစည်းအဝေးမှတ်တမ်း ကောက်နုတ်ချက်၊ (၁၂)ခရိုင်စစ်ဆေးရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်၊ (၁၃)မြို့နယ်အစည်းအဝေးမှတ်တမ်းကောက်နုတ်ချက်၊ (၁၄)ခရိုင်စစ်ဆေးရေး အဖွဲ့၏ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်၊ (၁၅)ခရိုင်အစည်းအဝေးမှတ်တမ်း စသည်ဖြင့် မှတ်တမ်းများပါရင် ရှမ်းပြည်နယ်မြို့ပြစနစ်စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်း အဝေးသို့ တင်ပြကာ ထုတ်ပေးသင့်မသင့် ဆွေးနွေးဆုံးဖြတ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးသို့ တင်ပြအတည်ပြု ချက်ရယူကာ သက်ဆိုင်ရာ မြေစာရင်းဦးစီးဌာနသို့ မြေစာရင်းပုံစံ (၁၀၅)ရေးကူးခွင့် ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ပါ တယ်။



D/real(wide) (1



ပြည်သူများအနေဖြင့် အခက်အခဲများ၊ ကြန့်ကြာမှုများ ကြုံတွေ့နေရပါတယ်။ လိုချင်ပေမယ့်လည်း မတွေးရဲတဲ့ အရာ တစ်ခုဖြစ်နေတယ် ဆိုတဲ့အကြောင်း တင်ပြပါတယ်။ မြေငှားဂရန် ရရှိရန်အတွက် ပြည်သူများ၏ အခက်အခဲများကို ကြုံတွေ့နေရတယ် ဆိုတဲ့အကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မြေငှားဂရန်ရရှိရန်အတွက် ကျွန်တော်နှင့် ပြည်သူ(၄)ဦး (၅-၈-၂၀၁၃)ရက်စွဲပါစာဖြင့် ရှမ်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်ထံသို့ လျှောက်ထားတင်ပြခဲ့ပါတယ်။ (၂၂-၈-၂၀၁၃)ရက်စွဲပါစာဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးရုံးမှ လင်းခေးခရိုင်သို့ ၄င်းမြေအား မြေရာဇဝင်စိစစ်တင်ပြရန် အကြောင်းကြားခဲ့ပြီး လင်းခေးခရိုင် မြေရာဇဝင်စိစစ်ရေးအဖွဲ့မှ မိုင်းပန်မြို့နယ်မြေရာဇဝင်စိစစ်ရေးအဖွဲ့ သို့ (၁၇-၉-၂၀၁၃)ပါစာဖြင့် ပေးပို့လာခဲ့ပြီး မိုင်းပန်မြို့နယ် မြေရာဇဝင်စိစစ်ရေးအဖွဲ့က ၄င်းမြေများအား ကွင်းဆင်းစိစစ်ပြီး (၂၅-၁၀-၂၀၁၃)ရက်စွဲပါစာဖြင့် ခရိုင်မြေရာဇဝင်စိစစ်ရေးအဖွဲ့ထံသို့ ပူးတွဲပါ ဘေးပတ်ဝန်း ကျင်များ ထောက်ခံချက်အပြည့်အစုံဖြင့် ခရိုင်မြေရာဇဝင်စိစစ်ရေးအဖွဲ့ထံသို့ ပြန်လည်ပေးပို့ တင်ပြထား သည်ကို လေ့လာသိရှိပါတယ်။ ကြယ်ပွင့်ပြမေးခွန်း(၄)ခု မေးပြီး သည်အထိ ဘာမျှမသိရသေးပါကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်သည် ပြည်သူ့ကိုယ်စားလှယ်(၁)ဦး ဖြစ်နေသည့် အတွက် မြေငှားဂရန်လျှောက်လိုသော ပြည်သူများက ကျွန်တော်၏ မြေငှားဂရန်လျှောက်ထားမှုကို စိတ်ဝင်တစားစောင့်ကြည့် နေကြပါတယ်။ ကျွန်တော်၏ မြေငှားဂရန်ရရှိလျှင် ၄င်းတို့လည်း လိုက်လံလျှောက်ထားမည်ဟု ပြောကြပါတယ်။ မြေငှားဂရန်ရရှိရန်

သက်သေခံမြေပုံ မြေရာဇဝင်ရေးကူးခြင်းလုပ်ငန်းသည် အငြင်းပွားမှု မရှိသည့် သာမန်ကိစ္စများတွင် မြေစာရင်းဦးစီးဌာနမှ ကွင်းဆင်း စစ်ဆေးခြင်း၊ မြေပုံမြေရာဇဝင်များ တိုက်ဆိုင်စစ် ဆေးခြင်း၊ မြေပုံရေးကူးခြင်း ကိစ္စရပ်များအပါအဝင် လုပ်ငန်း ဆောင်ရွက်ရန် လျှောက်လွှာလက်ခံရရှိသည့် နေ့မှစ၍ မြေပုံ မြေရာဇဝင်များ ပြန်လည်ထုတ်ပေးသည့် နေ့အထိ အချိန်ကာလအားဖြင့် အနည်းဆုံး(၁၅)ရက်အတွင်းပြီးစီးအောင် ရေးကူးဆောင်ရွက် ပေးရန် ပြည်နယ်/ ခရိုင်/မြို့နယ်မြေစာရင်းဦးစီး ဌာနများသို့ ညွှန်ကြား ထားပြီး ဖြစ်ပါသည်။(၂၃-၈-၂၀၁၄)ရက်နေ့ ရှမ်းပြည်နယ် မြေစာရင်း ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာန၏ ၂၀၁၄- ၂၀၁၅ ခုနှစ် ပထမ(၆)လပတ် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး တွင်လည်း ပြည်သူဗဟိုပြု ဝန်ဆောင်လုပ်ငန်းများကို ဌာနအနေဖြင့် မှန်မှန်ကန်ကန်နှင့်မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးရေး လမ်းညွှန် မှာကြားထားပြီး ဖြစ်ပါသည်။ ရှမ်းပြည်နယ် အတွင်းရှိ ခရိုင်/မြို့နယ် မြေစာရင်းဦးစီးဌာနများ အနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြေစာရင်းပုံစံ (၁၀၅)လိုအပ်ချက်များကိုလည်း ခရိုင်နှင့်မြို့နယ် မြေစာရင်းဦးစီး ဌာန၏ တင်ပြတောင်းခံမှုအပေါ် စိစစ်၍ ပြည်နယ်မြေစာရင်းဦးစီး ဌာနမှ စဉ်ဆက်မပြတ် ထုတ်ပေးလျက်ရှိပါကြောင်းနှင့် မြေစာရင်း ပုံစံ(၁၀၅)မိတ္တူရေးကူး ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ လျှောက်ထားသည့် အကြောင်းအရာအလိုက် အချက်အလက် အထောက်အထား ပြည့်စုံစွာ ပါရှိပါက လျှောက်လွှာလက်ခံသည့် နေ့မှ (၁၅)ရက်အတွင်း ရှမ်းပြည်နယ် အတွင်းရှိ မိုင်းပန်မြို့နယ်





ရှမ်းပြည်နယ်အစိုးရအဖွဲ့၏
ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော
ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု
ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်
စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ
ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုပေးရန်
အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်
ရယူခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အစည်းအဝေး ပထမနေ့ (၂-၉-၂၀၁၄)ရက်နေ့မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် မရှိတဲ့အတွက် အစီအစဉ်(၇)ကို ဆက်လက် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား- ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်း ခဲ့သော ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာန အဖွဲ့အစည်းများ၏ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက် ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးမှ အတည်ပြုပေးရန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ အဆိုတင်သွင်းပေးဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခွန်သိန်းမောင်၊ ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးခွန်သိန်းမောင် ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေမှာ ပါဝင်တဲ့ဌာနအဖွဲ့အစည်းများရဲ့ ၂၀၁၄- ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒသမပုံမှန်အစည်းအဝေးပထမနေ့မှာ အတည်ပြုပေးရန် အဆိုပြုလွှတ်တော်ကို တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေနှင့် ပတ်သက်ပြီး ဖြည့်စွက် ခွင့်ပြုရန်ပုံငွေကို လွှတ်တော်ကိုယ်စားလှယ်များမှလည်း ဖြည့်စွက်ဆွေးနွေးရန် မရှိတော့သည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် အဆိုတင်သွင်းမှုကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဘဏ္ဍာရေးဝန်ကြီးက တင်သွင်းခဲ့သည့် **ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏** ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။





အပါအဝင် မြို့နယ် မြေစာရင်းဦးစီးဌာနမှ ကြန့်ကြာမှုမရှိဘဲ မြေစာရင်းပုံစံ (၁၀၅)ရေးကူး ဆောင်ရွက် ပေးလျက်ရှိပါကြောင်းနှင့် ဦးစိုင်းအောင်ခမ်း တင်ပြတဲ့ ၄င်းမြေစာရင်းပုံစံ(၁၀၅)ရေးဆွဲခွင့် သည် မေ လ ကတည်းက လင်းခေးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အကြောင်းကြားပြီး၊ သက်ဆိုင်ရာ ဂရန်လျှောက်ထားသည့် ကာယကံရှင်များ လာရောက်ဆက်သွယ်ထုတ်ယူရန် အကြောင်းကြားထားပြီး ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာရတဲ့ အကြောင်းကတော့ ကျွန်တော်တင်ပြတဲ့ အချက်(၁၅)ချက် ပြည့်စုံမှုမရှိတာတွေကို ပြန်စစ်တာအတွက်ကြောင့် ဖြစ်ပါတယ်။ တကယ်လို့ လျှောက်လွှာ လိုအပ်ချက် (၁၅)ချက် ပြည့်စုံစွာ တင်ပြလာရင် (၁၅)ရက်အတွင်း ထုတ်ပေးမည်ဖြစ်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် တင်ပြထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း။

ဆွေးနွေးရန် ကိုယ်စားလှယ် အမည်စာရင်း ပေးသွင်း လာခြင်း မရှိပါ။

**ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက် ခွင့်ပြုငွေစာရင်းကို အတည်ပြုရန် လွှတ်တော်မှ (သဘောတူပါသလားခင်ဗျား) (သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်က သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့မှာ တင်သွင်းခဲ့သော **ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်** ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ **၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်၊** ဖြည့်စွက်ခွင့်ပြုငွေစာရင်းကို လွှတ်တော်မှ အတည်ပြု ကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကြီးဟာ မကြာမီ ကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ဒီအစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၁၇)ဦးရဲ့ မေးခွန်းပေါင်း(၃၃)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး၊ အဆို(၂)ခုကို လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက တင်သွင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ နဝမပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ဥပဒေကြမ်း (၃)ခုလည်း ဒီအစည်းအဝေးမှာ အတည်ပြုနိုင်ခဲ့သလို ရှမ်းပြည်နယ်





(ဂ) ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး ဥပဒေ၊

(ဃ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးဥပဒေ၊

(င) သဘာဝဓါတ်မြေသြဇာ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေ၊

(စ) ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ၊

(ဆ) ရှမ်းပြည်နယ်၏ ရေချိုငါးလုပ်ငန်းဥပဒေ၊

(ဇ) ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေတို့ဖြစ်ကြပြီး၊ ၄င်းနှင့်သက်ဆိုင်သော နည်းဥပဒေများ ထပ်မံရေးဆွဲရန် လိုအပ်လျက်ရှိပါတယ်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်ပါ ဇယား(၂)ပါ တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များက ဥပဒေပြု ခွင့်ရှိသည့် ကဏ္ဍကြီး(၈)ရပ်မှာ ဖော်ပြထားတဲ့ဥပဒေများကိုလည်း ရေးဆွဲဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

အထူးသဖြင့် ဥပဒေနှင့်ပတ်သက်တဲ့လေ့လာသုံးသပ်ရေးကော်မရှင်က တိုက်တွန်းအကြံပြုထားတဲ့ အဋ္ဌမ ပုံမှန်အစည်းအဝေးမှာ ဥပဒေကြမ်းရေးဆွဲရန် တင်ပြခဲ့တဲ့ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍမှ အသေးစားချေးငွေ လုပ်ငန်းဥပဒေကြမ်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍမှ စိုက်ပျိုးရေးချေးငွေဥပဒေကြမ်း၊ လူမှုရေးကဏ္ဍမှ ပြည်ထောင်စုကချမှတ်ထားသည့် တိုင်းရင်းသားတိုင်းရင်းဆေးဆိုင်ရာမူဝါဒများနှင့်ဆန့်ကျင်သော တိုင်းရင်းဆေး ဆိုင်ရာ ဥပဒေကြမ်းတို့ကို ရေးဆွဲပြုစုဖို့အတွက် ထပ်လောင်းဖော်ပြ ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအတွက်

Capicity Building အနေဖြင့် ဒသမပုံမှန်အစည်းအဝေး အကြိုကာလမှာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်က ကြီးမှူးပြီး UNDP အစီအစဉ်နဲ့ ပြုလုပ်သည့် ဥပဒေနှင့်ပတ်သက်သည့် Seminar ကို မုံရွာမြို့ကို ပြုလုပ်ရာ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီဝင်(၅)ဦးနှင့် ရုံးအဖွဲ့(၁)ဦး တို့ဟာ စစ်ကိုင်း၊ မန္တလေး၊မကွေး၊ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သလို လွှတ်တော်အစည်းအဝေးကာလမှာ မန္တလေးမှာမန္တလေးတိုင်း ဒေသကြီးက ကြီးမှူးပြီး ပြုလုပ်တဲ့ ဘတ်ဂျတ်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲကိုလည်း လွှတ်တော် ဘတ်ဂျတ်စိစစ်ရေးကော်မတီ (၅)ဦးတက်ရောက်ပြီး အတွေ့အကြုံ ဖလှယ်ခဲ့ကြောင်း တင်ပြအပ် ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- ပြည်သူများဟာ ကိုယ်တိုင်ရင်ဆိုင်ဖြတ်သန်းခံစား လာခဲ့ကြတဲ့ ဘဝတွေ၊ အတွေ့အကြုံတွေ ဘဝအတွေ့အကြုံကပေးအပ်တဲ့ အသိတရား၊ မှန်ကန်တဲ့ အသိတရား အပေါ် အခြေခံသည့် ဆန္ဒများရှိကြပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူများရဲ့အကျိုး အတွက် ပြည်သူများကို အခြေပြုပြီး ပြည်သူများရဲ့ရွေးချယ်မှုနှင့် ပေါ်ပေါက်လာတဲ့အဖွဲ့အစည်းများ ဖြစ်တဲ့အတွက် ပြည်သူ များရဲ့အသံ၊ ပြည်သူများရဲ့ ဆန္ဒ၊ ပြည်သူများရဲ့မျှော်လင့်ချက်ကို သိရှိအောင် ကြိုးပမ်းပြီး အချိန်အခါအလိုက်ဖြည့်ဆည်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်နဲ့ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ဖော်ဆောင် ရမယ့် အလို့ငှာ



D/real(wide) (1



အစိုးရအဖွဲ့က တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ **၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေး နှစ်၊** ဖြည့်စွက်ခွင့်ပြုငွေစာရင်းကိုလည်း အတည်ပြု နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အစီရင်ခံစာအနေဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး(၂)ဦးတို့က မိမိတို့ တာဝန်ယူဆောင်ရွက်နေရသည့် ဌာနများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကို ရှင်းလင်းတင်ပြနိုင်ခဲ့ပါတယ်။

လွှတ်တော်ဆိုတာ အစိုးရအဖွဲ့က အကောင်အထည် ဖော်ရန် လိုအပ်တဲ့ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော် အစည်း အဝေးများ၌ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပူးပေါင်းဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ဒါဟာ ဥပဒေပြုရေးရဲ့ ပင်မတာဝန်ဖြစ်ပါတယ်။ ဒီဒသမပုံမှန်အစည်း အဝေးကာလ အထိ လွှတ်တော်ကိုတင်သွင်းခဲ့တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အောက်ပါအတိုင်း ခွဲခြား တင်ပြလိုပါတယ်-

(က) ဒေသန္တရစီမံကိန်းနှင့်သက်ဆိုင်သော ဥပဒေ(၄)ခု၊
(ခ) ဘဏ္ဍာရန်ပုံငွေနှင့်သက်ဆိုင်သော ဥပဒေ(၆)ခု၊
(ဂ) ငွေစာရင်းကိစ္စများ(၄)ခု၊
(ဃ) ဇယား(၂)ပါဥပဒေများ (၈)ခု တို့ဖြစ်ပါတယ်။

ယနေ့အထိ လွှတ်တော်မှ အတည်ပြုပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သော ဇယား(၂)ပါ ဥပဒေများကို ဖော်ပြလိုပါတယ်-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရှမ်းပြည်နယ်ကျေးရွာ ထင်းစိုက်ခင်းဥပဒေ၊
(ခ) ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ၊

လွှတ်တော်ကိုယ်စားလှယ်၏ တူညီသော ရည်မှန်းချက်များ ဖြစ်ပါတယ်။ တူညီသော ရည်မှန်းချက် အတွက် တာဝန် ထမ်းဆောင်သည့်အခါမှာ ပုဂ္ဂိုလ်စွဲ၊ဒေသစွဲ၊ပါတီစွဲ၊ လူမျိုးစွဲ၊ဘာသာစွဲမထားဘဲ ဆောင်ရွက်ကြဖို့ လိုအပ်တယ်ဆိုတာကို တိုက်တွန်းပြောကြားရင်း နောင်ကျင်းပမည့် လွှတ်တော် အစည်းအဝေးမှာ ယခုလိုဘဲ စုံစုံညီညီကိုယ်စိတ် နှစ်ဖြာကျန်းမာ ချမ်းသာစွာဖြင့် ပြန်လည်ဆုံတွေ့ကြပါစို့လို့ ပြောကြားရင်းနိဂုံးချုပ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမမပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်ပြီးဆုံးကြောင်းနှင့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ပြီးဆုံးပါပြီ။ သို့ဖြစ်ပါ၍ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။

အခမ်းအနားမှူး။ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။



D/real(wide) (1



**ပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် မျှစ်စို့များကို စီးပွားဖြစ်နယ်စပ်သို့ တင်ပို့ထုတ်လုပ်ခြင်းကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းပေးနိုင်ပါရန်" အဆိုအား** ပြန်လည်ရုပ်သိမ်းကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၆၂-၁/၂၀၁၄။ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ(မူကြမ်း)ကို လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း(၁၀)ရက်(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ **ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေ(မူကြမ်း)**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

**ဆုံးဖြတ်ခြင်းအမှတ် ၆၃-၁/၂၀၁၄။ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း(၁၁)ရက်(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ခြင်းအမှတ် ၆၄-၁/၂၀၁၄။ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သောဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား လွှတ်တော်မှ အတည်ပြုကြောင်းဆုံးဖြတ်ခြင်း

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း(၁၂)ရက်(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ **ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာနအဖွဲ့အစည်းများ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်း**အား လွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်သည်။





**ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်**

**ဒသမပုံမှန်အစည်းအဝေး**

**ဆုံးဖြတ်ခြင်း**

ဆုံးဖြတ်ခြင်းအမှတ် ၆၁-၁/၂၀၁၄။ "ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေအတွက် မျှစ်စို့များကို စီးပွားဖြစ် နယ်စပ်သို့ တင်ပို့ထုတ်လုပ်ခြင်းကို ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းပေးနိုင်ပါရန်" အဆို အားလွှတ်တော်မှ အတည်ပြုကြောင်း ဆုံးဖြတ်ခြင်း။

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း (၉) ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့၌ ဒေါ်နန်းခမ်းအေး၊ နမ္မတူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း တိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရှမ်း**

## မှတ်တမ်းတင်ခြင်း

**မှတ်တမ်းတင်ခြင်းအမှတ်၆၇-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ဒသမပုံမှန်အစည်းအဝေး ပထမနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦးရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၆၈-၁/၂၀၁၄။ ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ပြောကြားသည့် မိန့်ခွန်းအားမှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြည်နယ်လွှတ်တော်သို့ ပြောကြားသည့် မိန့်ခွန်းအား မှတ်တမ်းတင်သည်။





**မှတ်တမ်းတင်ခြင်းအမှတ် ၇၁-၁/၂၀၁၄။ ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၏အဆိုကို ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်ခြင်း။**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့၌ ဦးစိုင်းဝင်းမြတ်ဦး၊ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ရှမ်းပြည်နယ်တွင် တိုင်းရင်းသားများစွာ နေထိုင်ပြီး လူမျိုးတစ်မျိုးနှင့်တစ်မျိုး နေရာတစ်နေရာနှင့် တစ်နေရာ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်း အစဉ်အလာများ မတူညီဘဲ ကွဲပြားနေပြီး ထူးခြားသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ထိုသို့သော ဓလေ့ထုံးစံများအကြားတွင် လက်ထပ်ထိမ်းမြားခြင်းနှင့်ဆိုင်သော ကိစ္စများ၊ ဘိုးဘွားပိုင်မြေများ၊ အမွေကိစ္စများ များစွာရှိပါသည်။ ထို့ကြောင့် ရှမ်းလူမျိုးနှင့် ရှမ်းပြည်နယ်တွင် နေထိုင်သော တိုင်းရင်းသားများ ဓလေ့ထုံးတမ်းဆိုင်ရာဥပဒေတစ်ခု ပြုစုပေးနိုင်ပါရန်** "အဆိုကို ရှမ်းပြည်နယ်လွှတ်တော်မှ မှတ်တမ်းတင်သည်။



D/real(wide) (1

**မှတ်တမ်းတင်ခြင်းအမှတ် ၇၂-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။



D/real(wide) (1



**မှတ်တမ်းတင်ခြင်းအမှတ် ၆၉-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

**မှတ်တမ်းတင်ခြင်းအမှတ် ၇၀-၁/၂၀၁၄။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုကို မှတ်တမ်းတင်ခြင်း**

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄၀ ဦး ရှိပြီး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး ရှိ၍ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို မှတ်တမ်းတင်သည်။

## လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း

**အမှတ် ၃၆-၁/၂၀၁၄။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ပုဂ္ဂလိက လုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်သည့် ( Public Private Partnership) လုပ်ငန်းအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်) တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပထမနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ **စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏ ပုဂ္ဂလိက လုပ်ငန်းရှင် ပူးပေါင်းဆောင်ရွက်သည့်( Public Private Partnership)လုပ်ငန်းအား** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။



D/real(wide) (1



## ဥပဒေထုတ်ပြန်ခြင်း

**ဥပဒေအမှတ် ၄-၁/၂၀၁၄။ ရှမ်းပြည်နယ်ရေချိုငါး လုပ်ငန်း ဥပဒေ(မူကြမ်း)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်ရေချိုငါးလုပ်ငန်း ဥပဒေ(မူကြမ်း)အား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေအမှတ် (၄/၂၀၁၄)အဖြစ် (၁၈-၉-၂၀၁၄)ရက်နေ့တွင် ထုတ်ပြန်သည်။

**ဥပဒေအမှတ် ၅-၁/၂၀၁၄။ ရှမ်းပြည်နယ်ကုန်တင်ကုန်ချ လုပ်ငန်း ဥပဒေ(မူကြမ်း)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး တတိယနေ့၌ ရှမ်းပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ(မူကြမ်း)အား အတည်ပြုချက်ရယူပြီး ရှမ်းပြည်နယ်လွှတ်တော်၏ ဥပဒေအမှတ် (၅/၂၀၁၄)အဖြစ် (၄-၉-၂၀၁၄)ရက်နေ့တွင် ထုတ်ပြန်သည်။

D/real(wide) (1



အမှတ် ၃၇-၁/၂၀၁၄။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအင် ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာအား လွှတ်တော်သို့ ရှင်းလင်းတင်ပြခြင်း**

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)တွင် ကျင်းပသည့် ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ **ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာအား** လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ကန့်သတ်



ကန့်သတ်

D/real(wide) (I